# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# (၁၅)ကြိမ်မြောက်ပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၂ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၂ |
| (၅) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၅ |
| (၆) | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၇ |
| (က) | ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာနခွဲများတွင် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးသည့် မီးပြင်းဖို (Incinerator)များ တပ်ဆင်အသုံးပြုသွားရန် အစီအစဉ်ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၇ |
| ( ခ) | ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ၏ **"မူဆယ်၊ လားရှိုး၊ ကျောက်မဲ၊ မိုးမိတ်ခရိုင်အပြင် ပလောင်နှင့်ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ပါဝင်သော မြို့နယ်တရားရုံးများတွင် မတရားအသင်းဆက်သွယ်မှု ပုဒ်မ- ၁၇(၁) ဖြင့် တရားရင်ဆိုင်နေရသော အမှုနှင့် တရားခံအရေအတွက်များကို သိရှိလိုပါသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၁ |

( ဂ) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"သီပေါမြို့နယ်၊ နမ့်လန်နယ်မြေ မီးသတ်တပ်ဖွဲ့စခန်းတွင် (၁၀၀×၄၀× ၂၃)ပေ (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၄

(ဃ) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့နယ်(ခွဲ)၊ နာဘော်ခိုင်အခြေခံပညာမူလတန်းကျောင်းတွင် (၆၀ × ၃၀) ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆

( င) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **"ပင်းတယမြို့နယ်၊ ကျိုးကျေးရွာအုပ်စု၊ ကျိုးကျေးရွာနှင့် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာတွင် မီးသတ်နယ်မြေစခန်း အဆောက်အဦနှင့် မီးသတ်ယာဉ်များ ရရှိရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇

(၂) **"ရှမ်းပြည်နယ်အတွင်းရှိ တောင်ဆင်းတောင်တက် အကွေ့အကောက်များသည့် လမ်းမများ၏ လမ်းဘေးဝဲယာတွင် အကာအရံအတားအဆီးအဖြစ် မည်သို့စီမံ ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈

(၃) **"ရွာငံမြို့နယ်၊နန်းခုံကျေးရွာအုပ်စု၊နန်းခုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မြေထိန်းနံရံ ပြုလုပ်ရန် လိုအပ်နေသော ဘိလပ်မြေအိတ်(၃၀၀) ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂

( စ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုင်းကိုင်မြို့နယ်၊ လွယ်ကုန်ကျေးရွာအုပ်စု၊ လွယ်နမ့်တောက်ကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃

(၂) **"မိုင်းကိုင်မြို့နယ်၊ ဟိုနားကျေးရွာအုပ်စု၊ ဟိုနားကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၇)မိုင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(၃) **“မိုင်းကိုင်မြို့နယ်၊ခေးအုံအွေ့ကျေးရွာအုပ်စု၊ခေးအုံအွေ့ ကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင် ဆောင်ရွက် ပေးရန်အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(၄) **“မိုင်းကိုင်မြို့နယ်၊ ဟိုခဲကျေးရွာအုပ်စု၊ လုံစံကျေးရွာ အတွက် စိမ့်စမ်းရေသွယ်(၅)မိုင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅

(ဆ) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်း ပြည်နယ်အတွင်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာန၊ ပြည်နယ်နှင့်ခရိုင်ရုံးများအတွက် ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင်သည့်ယာဉ်အား လျာထားပေးရန်အစီအစဉ် ရှိ/ မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၇

( ဇ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏**“သိန္နီ မြို့နယ်၊ မီးသတ်ဦးစီးဌာနတွင် လိုအပ်လျက်ရှိသည့် မီးငြိမ်း သတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများ အား ၂၀၁၉–၂၀၂၀ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ခွဲဝေ ချထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉

(ဈ) ဦးအေးမောင်၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“နမ့်ခမ်း မြို့၊ အမှတ်(၁၃)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (မန်နား) ကျောင်းဆောင်တွင် စာသင်ခန်းများ လုံလောက်မှု မရှိပါသဖြင့် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀

(ည) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏**“မဘိမ်း မြို့ မီးသတ်စခန်းတွင် ခေတ်မီမီးသတ် ရေသယ်ယာဉ်တစ်စီး အစားထိုးလဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၂

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်း ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၃၃

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ် များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၃၄

(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၃၆

**( ခ) (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၇

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၈

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၃၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၃၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၄၀

(က) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု၊ ဆွန်ခိုင်းကျေးရွာအတွင်းရှိ တန့်စီကျိုင်းဆည်မှာ ပြိုကျပျက်စီးသွားပါသဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၀

( ခ) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအားစီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၂

( ဂ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုနှင့် ယန်းကျိန်ကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ထူကိုယ်ထလက်ရိုက်ဆည်(၆)ခုအား ကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၄

(ဃ) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မြို့နယ်အဆင့်အငယ်တန်းဝန်ထမ်းများရွေးချယ်ရာတွင် သက်ဆိုင်ရာဌာန အကြီးအကဲများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့၊ မြို့နယ်အဆင့်ဖြင့်သာ ရွေးချယ်သွားနိုင်ရေး အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၁

(၂) **"သီပေါမြို့နယ်၊ကျင်သီကျေးရွာအုပ်စု၊ ပုံဖမ်း-တွန်ဆောက် မြေသားလမ်းအရှည်(၂)မိုင်အား ကောင်းမွန်သည့်မြေသား လမ်းအဖြစ် ပြန်လည်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၅

(၃) **"သီပေါမြို့နယ်၊ပန်စောက်မိန်းကျေးရွာအုပ်စု၊မြို့ဟောင်း ကျေးရွာ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမအနီး ကမ်းပါးရံ တွင် မြစ်ကမ်းပါးမြေထိန်းနံရံ၊ မြေကာနံရံတစ်ခု တည် ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၅၆

(င) ဒေါ်နန်းစံပွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေ ဘာသာစကားသင် ဆရာ/ဆရာမ နေ့စားလစ‌ပေး Teaching Assistant များအား တရားဝင်ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၀

(စ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"နမ့်ဆန်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက အချိန်မီငြိမ်းသတ်နိုင်ရေးအတွက် မြို့ပတ်လမ်းဖောက်လုပ် ပေးမည့်အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၂

(၂) **"ရှမ်းပြည်နယ်အတွင်းရှိ လုပ်သက်ရင့် အစိုးရဝန်ထမ်း များအတွက် တန်ဖိုးသင့်အိမ်ရာများကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်"**နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၆၃

(ဆ) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းယောင်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အခြေခံပညာမူလ တန်းကျောင်းရှိ (၁)ထပ်ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း ပြီး (၉၀'×၃၀')ပေ နှစ်ထပ်ကျောင်းဆောင်အသစ် ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၈

( ဇ) ဦးစိုင်းမြင့်ထူး၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ **"မိုင်းရယ်မြို့နယ် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်စခန်းတွင် လိုအပ်သည့် ရေသယ်ယာဉ်(၁)စီးနှင့် ပစ္စည်းကိရိယာများ ချထားပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၀

(ဈ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွက် လိုအပ်နေသော မြေယာခွန် ဥပဒေနှင့် ပတ်သက်၍ မည်သည့်ဌာနမှ တာဝန်ယူရေးဆွဲနေသည်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၇၂

(ည) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများဖွင့်ချိန်တွင် ငွေကြေးကောက်ခံမှု"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၇၆

(၂) **"ရှမ်းပြည်နယ်အတွင်း ရေသန့်ထုတ်လုပ်သော စက်ရုံ မည်မျှရှိပြီး၊ ရေသန့်များသည် သတ်မှတ်စံချိန်စံညွှန်း မီ/မမီ စစ်ဆေးစီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၇၆

( ဋ) ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းဖြတ်မြို့နယ်၊ နမ့်ကုန်းကျေးရွာအုပ်စုရှိ နမ့်ဟွေခွန် ရေသွယ်မြောင်းအား ခိုင်မာသော ရေသွယ်မြောင်းအဆင့်ထိ ပြုလုပ်ပေးရန်အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၉

( ဌ) ဦးမြင့်ဆွေ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"နောင်ချိုမြို့နယ်၊ ဘန့်ဘွေးနယ်မြေ မီးသတ်စခန်း အဆောက်အဦနှင့် မီးသတ်ယာဉ်(၁)စီး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၁

(၆) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၈၂

(၇) ရှမ်းပြည်နယ် တရားလွှတ်တော်က ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။ ၈၆

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၉၅

**( ဂ) (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၉၆

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၉၇

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၉၇

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၉၇

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၉၉

(က) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ခိုင်းမွန်နှင့် ပန်လောင်ကျေးရွာချင်းဆက်လမ်း အရှည်(၃)မိုင်ကျော်အား မြေသားလမ်းအဖြစ်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၉

(၂) **"သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပန်လောင်ကျေးရွာအနီးရှိ နမ့်ပန်ချောင်းကူးသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(၃) **"သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပန်လောင်နှင့် ပုံလျှန်းကျေးရွာအကြားရှိ နမ့်ပါချီးသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၁

( ခ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မိုင်းခတ်မြို့နယ်၊ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်းကောင် ကျေးရွာချင်းဆက်မြေသားလမ်း (၆)မိုင်အနက် ကျန်ရှိနေသည့် (၂.၆)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၃

( ဂ) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ **“မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုး၊ ဝမ်မန်းနှင့် ဝမ်ကောင်းကျေးရွာအုပ်စုရှိ ကိုယ်ထူကိုယ်ထ သစ်ရိုက် နမ့်ခပ်ချောင်းဆည်အား အခိုင်အမာတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၅

(ဃ) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ **“မဘိမ်းနှင့် မိုးမိတ်မြို့နယ်ကြားရှိ ရွှေလီမြစ်ကူးတံတားသို့သွားလာရန် ကတ္တရာလမ်းဆုံမှ မြစ်ဆုံရွာအထိ(၉)မိုင်ခန့်အတွင်းရှိ လမ်းနှင့်တံတားများကို ပြင်ဆင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၈

( င) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) **“ညောင်ရွှေမြို့နယ်၌ မိုးရာသီတွင် ရေကြီးရေလျှံချောင်းတာဘောင် ကျိုးပေါက်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် သန်းထောင်(၅)မြောင်းအား စီမံဆောင်ရွက်ထားမှု”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၁

(၂) **“ရှမ်းပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား စီမံချက်ဖြင့်ဆောင်ရွက်နေမှု”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၄

( စ) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏**“သီပေါမြို့နယ်၊ မန်ဟဲနှင့် ဘော်ကြိုကျေးရွာအုပ်စု ချင်းဆက်လမ်းရှိ နမ့်ဟူးနွဲ့- ကောင်းခါး မြေသားလမ်း အရှည်(၂)မိုင်(၄)ဖာလုံအား ကောင်းမွန်သည့် မြေသားလမ်းအဖြစ် ပြန်လည်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၆

(ဆ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စုရှိ ဆိုင်းခေါင် (ရွာသစ်)နှင့် အောက်ပုန်းထွန်ကျေးရွာ (၂)ရွာအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၈

(၂) **"သိန္နီမြို့နယ်၊ နောင်ဆိုင်– မိုင်းပါး– ကောင်းအိုင်– ကောင်းမှူးဖိတ်မှ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာ အထိ ဆက်သွယ်ထားသောလမ်းပေါ်တွင် နမ့်တောင် ချောင်းကူးတံတားအား ဆောင်ရွက်ပေးမည့် အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၀

( ဇ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စုမှ ဝါတရာကျေးရွာ၊ တမဲကျေးရွာအုပ်စုမှ နန်းပလန်နှင့် ရှားပြား ကျေးရွာ၊ကူးကော်ကျေးရွာအုပ်စုမှ ကျောက်ကျားနှင့်ကုန်းသာ ကျေးရွာများသည် ရေရှားပါးသဖြင့် ရေရရှိရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်"**နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၂၃

(ဈ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုင်းကိုင်မြို့နယ်၊ ကုံးလုံးကျေးရွာအုပ်စု၊ ကောင်းဖယ် ကျေးရွာနှင့် လွယ်ကုန်ကျေးရွာအုပ်စု၊ လုတ်ကန်း ကျေးရွာချင်းဆက် မြေသားလမ်း(၆)မိုင် ဖောက်လုပ် ပေးရန်အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၅

(၂) **"လဲချား– မိုင်းကိုင်ကားလမ်းမှ ပုန်းယမ်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေး မြေသားလမ်း (သို့မဟုတ်) ကျောက်ချောလမ်း(၃)မိုင် ဖောက်လုပ်ပေးရန် အစီ အစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၈

(ည) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံ မြို့ဈေးအသစ် ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၀

( ဋ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန်မြို့နယ်၊ နမ့်ဆန်– လီလုတံတား ချဉ်းကပ်လမ်း နှစ်ဖက်တွင် သတိပေး(မီးဝါ) ဆိုလာမီး(၆)တိုင်၊ တံတား တစ်လျှောက် ဆိုလာမီးအလင်းတိုင်(၂၄)တိုင် ထွန်းညှိပေး ရန်အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၃

(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၃၇

**(ဃ) (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၃၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၃၉

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၃၉

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၃၉

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း– ၁၄၁

(က) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မိုင်းရှူးမြို့၊ မြို့မဂေါက်ကွင်း သာယာလှပရေးအတွက် အသစ်ပြန်လည် တည်ဆောက်မည့်ဆိုင်ခန်းများကိစ္စ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၁

(ခ) ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၏**“အိမ်နီးချင်းနိုင်ငံများနှင့် လယ်/ယာထွက်ကုန်သီးနှံများ တင်ပို့ရောင်းချရာတွင် အစိုးရအနေဖြင့် ကူညီဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၄၅

(ဂ) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“သီပေါမြို့နယ် မီးသတ်စခန်းအတွက် ရှာဖွေ ကယ်ဆယ်ရေးပစ္စည်း(၄)မျိုးပါဝင်သော Hydraulic Rescue Tools Complete Set တစ်စုံအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၈

(၂) **"သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပုံလျန်း ကျေးရွာရှိနမ့်လာချောင်းပေါ်တွင် ကွန်ကရစ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၀

(ဃ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"နမ့်ခမ်းမြို့နယ်ရှိ ဟိုနားကျေးရွာ (ပန်ခါး)မှ ပန်ခါး ကျေးရွာအထိ (၆)မိုင်ခန့်ရှည်လျားသော မြေသားလမ်း ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၅၂

(င) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အင်းလေး ဇုန်ဝင်ခွင့်နှင့် စပ်လျဉ်း၍ ရငွေ လျာထားချက်၊ လေလံအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုမှုအရ လေလံ ကြေးနှင့် စာချုပ်ပါအတိုင်း ဆောင်ရွက်ထားရှိခဲ့မှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၄

(၂) **"ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁- ၂၀၁၂ မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ အပိုဒ်(၃၁)၊ အပိုဒ်ခွဲ(ဃ)အရ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ မှကုမ္ပဏီ(၃)ခုသို့ ချေးငွေများ ထုတ်ပေးမှု"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၅

(၃) **"ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များ တွင် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်စာရင်း များစိစစ်တွေ့ရှိချက် အစီရင်ခံစာအပိုဒ်(၁၇)မှ ရှမ်း ပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းရမည့် ကျန်ငွေ များကိုပေးသွင်းမှု ရှိ/ မရှိ ကြီးကြပ်ဆောင်ရွက် နေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၆

(စ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"နမ့်စန်မြို့နယ်ရှိ မြို့လယ်တွင် ဖြတ်သန်းစီးဆင်း နေသောနမ့်လတ်ချောင်း မြေထိန်းနံရံတည်ဆောက်** ၁၆၄

ခြင်း၊ ချောင်းပိုင်းသဲနုန်းတူးဖော်ခြင်း၊ ရေတားတမံ ငယ် Weir တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင် ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) “လှိုင်လင်မြို့နယ်၊ တောင်နောက်အုပ်စု၊ လှိုင်လင် တောင်ကြောတစ်လျှောက်ရှိ အဖိုးတန်ရေထွက်များ ရေထွက်လျော့နည်းခြင်း၊ ငုတ်လျှိုးပျောက်ကွယ်ခြင်း မရှိစေရေး” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၇

(၃) “နမ့်စန်မြို့နယ်၊ ဝမ်နောင်နှင့် လွိုင်လကျေးရွာအုပ်စု အတွင်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၉

(ဆ) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) “မိုင်းယောင်းမြို့နယ်၊ မိုင်းယောင်း–ပါမုန်၊ နားဖန်း၊ ယမ်းမွန်းနှင့် ဟိုရမ်းကျေးရွာချင်းဆက် မြေသား လမ်းနှင့် ကျောက်ကြမ်းလမ်း(၃)မိုင် (၆.၆၅)ဖာလုံ ကိုကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီ အစဉ် ရှိ/ မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၆

(၂) “မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးနှင့် ဝမ်မန်းကျေးရွာ အုပ်စုအတွင်းရှိ ဝမ်ဘိုး၊ ဝမ်မန်း၊ ဝမ်တုံ၊ ကော်လုန်း၊ ဝိန်းကျိုင်းနှင့် ဝမ်ခိုးကျေးရွာချင်းဆက် မြေသား လမ်း(၆)မိုင် (၄)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၇

(ဇ) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ “မိုင်းပန်မြို့နယ်၏တောင်ဘက်ရှိ နမ့်ဟောင်တိုင်(တောင် ချောင်း) လယ်ရေသွင်းမြောင်းအား ၂၀၁၉– ၂၀၂၀ ဘဏ္ဍာ ရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် လျာထားပေးရန်အစီအစဉ် ရှိ/ မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၀

၆။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၈၂

၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၁၈၇

၈။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတို့၏ အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။ ၁၈၈

၉။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၁၈၉

၁၀။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးစီး ကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၁၉၂

– ဆုံးဖြတ်ချက်များ ၁၉၃

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
# ၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
# ၂၀၁၉ ခုနှစ်၊ ဇွန် လ ၁၀ ရက်
# [တနင်္လာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဥ၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၅)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ

အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၀-၆-၂၀၁၉ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၂) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၄) ဦးကျာကဖော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၅) ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၆) ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၈) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၁၀) ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၁၁) ဦးစိုင်းကျော်ဇေယျ(ခ) ဦးစိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၂) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၃) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၄) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ယခုလို စုံစုံညီညီပြန်လည် ဆုံတွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်းနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ယခုဆိုရင် လွှတ်တော်သက်တမ်းဟာ (၃)နှစ်ကျော်ကာလကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ဖြတ်ကျော်ခဲ့တဲ့ကာလတွေမှာ ကြုံတွေ့ရတဲ့ လွှတ်တော်အတွေ့အကြုံများကိုအခြေခံပြီး ရှေ့ဆက်ရမည့် လွှတ်တော်ခရီးလမ်းမှာ မှန်ကန်တဲ့ ယုံကြည်ချက်တွေနဲ့ လျှောက်လမ်းနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ယခုကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးတို့က ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း(၆၂)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ရှိပြီး၊ ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ ဥပဒေကြမ်းတစ်ခုကိုလည်း တင်သွင်းခြင်းအစီအစဉ်ပါရှိပါတယ်။ ကိုယ်စားလှယ်များ မေးမြန်းတဲ့မေးခွန်းများ၊ တင်သွင်းတဲ့အဆိုများနဲ့ ဥပဒေကြမ်းတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရရှိတဲ့အချိန်ပေါ်မူတည်ပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဖြေကြားဆွေးနွေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း တင်သွင်းခြင်းနဲ့ လွှတ်တော်ရဲ့အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်နိုင်ဖို့ အဓိကထားပြီး ဒီပုံမှန်အစည်းအဝေးကို ခေါ်ယူတာဖြစ်ပါတယ်။

၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ် ကျပ် ၁,၄၉၂.၆၀၅ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၅,၉၅၈.၉၆၂ သန်း၊ စုစုပေါင်း ကျပ် ၁၇,၄၅၁.၅၆၇ သန်းအား (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ အတည်ပြုခဲ့ပါတယ်။ ယခု ထိုဖြည့်စွက်ခွင့်ပြုငွေအနက်မှ သာမန်အသုံးစရိတ် ကျပ် ၉၀၇.၄၆၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၇,၃၅၉.၉၁၆ သန်း၊ စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၈,၂၆၇.၃၈၀သန်းဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား

လွှတ်တော်ကအတည်ပြုဖို့အတွက် လွှတ်တော်ကိုတင်သွင်းမှာဖြစ်ပါတယ်။ ဒါကိုရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများက ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်မှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိမိတို့ ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းစဉ်များကို အောင်မြင်အောင်နှင့် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီဖြစ်အောင် ကျင့်သုံးဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဥပဒေများ၊ နည်းဥပဒေများ အခိုင်အမာပြဋ္ဌာန်းနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့ဟာ ဥပဒေပြုရေးတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင် လေ့လာကြပြီး၊ တစ်ဖက်ကလည်း အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ကို ဥပဒေနှင့်အညီ တတ်နိုင်သမျှ စိစစ်ထိန်းညှိနိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

လွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်းသည့် ကိစ္စနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၄ နှင့် နည်းဥပဒေ ၁၃၅ ပါ ဥပဒေကြမ်းပေးပို့ခြင်းနှင့် ဥပဒေကြမ်းပေးပို့ရန် ကာလသတ်မှတ်ခြင်းတို့ကို ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကိုတင်သွင်းပြီးနောက် လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း၊ ဥပဒေကြမ်းကို ဆွေးနွေးခြင်း၊ ဥပဒေကြမ်းပြင်ဆင်ချက် အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းကို အတည်ပြုခြင်းစသည်တို့ကို အဆင့်ဆင့်ဆောင်ရွက်ရန် နည်းဥပဒေ ၁၃၆မှ နည်းဥပဒေ ၁၄၄ အထိ ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဥပဒေကြမ်းကို အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဖီလာကျော်လွန်ခြင်းမရှိစေဘဲ တင်သွင်းသည့် ဥပဒေကြမ်းနှင့် ဆက်စပ်ပတ်သက်သည့် ဝန်ကြီးဌာနနှင့် ဥပဒေချုပ်ရုံးတို့၏ ဆွေးနွေးအကြံပြုချက်များကို ပေါင်းစပ်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းဟာ အများပြည်သူနှင့် သဟဇာတဖြစ်ရေးအတွက် ပြည်သူ့အသံကိုပါ နားထောင်နိုင်ပါက ပိုမိုပြည့်စုံမှာ ဖြစ်ပါတယ်။ ဒါကြောင့် အလွှာပေါင်းစုံ၏ ဥပဒေကြမ်းအပေါ် တွေ့ရှိချက်များနှင့် ဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် ကျွန်တော်တို့ ကြားနာပွဲများကို ရံဖန်ရံခါ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်၏ အခန်းကဏ္ဍကို နားမလည်သည့် စိန်ခေါ်မှုများ၊ နားလည်သော်လည်းပဲ လွှတ်တော်နှင့် လွှတ်တော်

ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို မှေးမှိန်အောင် လုပ်ဆောင်နေမှုတို့ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ကြုံတွေ့ရတတ်ပါတယ်။ ဒါကို ကျွန်တော်တို့က စိတ်ရင်း စေတနာမှန်ကို အရင်းခံပြီး မိမိတို့ရဲ့ မှန်ကန်မျှတသောလုပ်ရပ်များဖြင့် ရင်ဆိုင်ကျော်လွှား နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်သက်တမ်း (၃)နှစ်ကျော်လာတာနဲ့အမျှ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဆောင်ရွက်စရာရှိတာတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက် ကြဖို့ အရေးကြီးကာလသို့ ရောက်ရှိလာပြီဖြစ်သလို၊ ကြီးမားလှတဲ့တာဝန်များကို စနစ်တကျ ချင့်ချင့်ချိန်ချိန် ဝေဖန်သုံးသပ်ဆောင်ရွက်နိုင်ကြမှသာလျှင် မှန်ကန်သော ဆုံးဖြတ်ချက်၊ ခိုင်မာ သောရလဒ်ကောင်း ထွက်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စံနမူပြ ဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာကြသူ များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံကြီးများ၊ ပုဂ္ဂလိကဆေးခန်းများ၊ ကျန်းမာရေးဌာနများတွင် မီးပြင်းဖို (Incinerator)များ ထားရှိအသုံးပြုသွားရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်အဆင့်/ ခရိုင်အဆင့် ဆေးရုံကြီးများ၊ ပုဂ္ဂလိကဆေးရုံများ၊ မြို့နယ်ဆေးရုံကြီးများ၊ တိုက်နယ် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာနခွဲများတွင် ဆေးရုံသုံးပစ္စည်း များကို အမှိုက်ကားများဖြင့် စွန့်ပစ်ခြင်း၊ တွင်းတူးပြီးစွန့်ပစ်ခြင်း၊ မီးပုံရှို့ခြင်း စသည်ဖြင့် နည်းလမ်းမျိုးစုံဖြင့် စွန့်ပစ်နေကြသည်ကို လေ့လာတွေ့ရှိရပါတယ်။

ဆေးရုံနှင့် ဆေးပေးခန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား အမှိုက်အိတ်များ ဖြင့်စနစ်တကျထုတ်ပိုး စွန့်ပစ်ခြင်းရှိသလို၊ နည်းအမျိုးမျိုးဖြင့်စွန့်ပစ်ကြရာတွင် မတော်တဆ ဆေးထိုးအပ်စူးမိခြင်း၊ ဖန်ပုလင်းကွဲများကြောင့်ပြတ်ရှခြင်း၊ ကူးစက်ရောဂါများ ရရှိနိုင်ခြင်း စသည့် မလိုလားအပ်သော ဆိုးကျိုးပြဿနာများ ဖြစ်ပေါ်ကြုံတွေ့နိုင်ပါတယ်။ ဟင်းလင်းပြင် များတွင် မီးရှို့ခြင်း၊ တွင်းတူးပြီး မီးရှို့ခြင်းဖြင့်လည်း စွန့်ပစ်ပစ္စည်းများမှ ထွက်ပေါ်လာသော အနံ့အသက်များကြောင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များအတွက် ဆိုးရွားလှသည့် လေထု ညစ်ညမ်းမှုဒဏ်ကိုလည်း ခံစားရပါတယ်။ လေ့လာတွေ့ရှိရသလောက်ဆိုရင် လဲချား၊ ဆီဆိုင်၊ ပင်လောင်း၊ ရပ်စောက်၊ မိုင်းပန်၊ မိုးနဲ၊ ကျိုင်းတောင်းနဲ့ ကလောမြို့နယ် အစရှိတဲ့ မြို့နယ် အသီးသီးရှိ တိုက်နယ်ဆေးရုံများတွင် (Incinerator)များ အသုံးပြုခြင်းမရှိတာကို လေ့လာ တွေ့ရှိရပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျောက်တန်းတိုက်နယ်ဆေးရုံနဲ့ နမ့်ခုတ်၊ လိုဟေး၊ နောင်ခိုး၊ အိုင်းစီ (Sub– center)လေးတွေမှာသာလျှင် (Incinerator) အနည်းငယ် ထားရှိ အသုံးပြုတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဆေးရုံမှထွက်ရှိသော စွန့်ပစ်အမှိုက်များကို နိုင်ငံတကာ စံချိန်စံနှုန်းများ အတိုင်း လုံခြုံစိတ်ချစွာဖြင့် မီးရှို့ဖျက်ဆီးနိုင်သည့် မီးပြင်းဖို(Incinerator)များကို အထူးသဖြင့် ပြည်နယ်အဆင့်ရှိ ပြည်သူ့ဆေးရုံကြီးများ၊ ခရိုင်နှင့် မြို့နယ်ဆေးရုံကြီးများ၊ ပုဂ္ဂလိကဆေးခန်း ကြီးများနှင့် ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာနခွဲများတွင် တပ်ဆင်အသုံးပြုသွားရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်အသုံးပြုသွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းလင်းမြတ်ရဲ့ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း လုံခြုံစိတ်ချစွာဖြင့် မီးရှို့ဖျက်ဆီးသည့် မီးပြင်းဖို (Incinerator)များ တပ်ဆင်အသုံးပြုသွားရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည် မေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ အောက်ဖော်ပြပါ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာကော်မတီများဖွဲ့၍ ဆောင်ရွက်လျက်ရှိပါတယ် –

- National Health Policy (အမျိုးသားကျန်းမာရေးမူဝါဒ)
- National Environment Policy ( အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ)
- Public Health Law (ပြည်သူ့ကျန်းမာရေးဥပဒေ)
- Private Health Care Law (ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဥပဒေ)
- Chemical Safety Law (ဓာတုပစ္စည်းထိန်းချုပ်ရေးဥပဒေ)
- Environmental Conservation Law (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ)
- CDC Laws (ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာဥပဒေ)
- Environmental Conservation Rules (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစည်းမျဉ်းများ)
- Hospital Guidelines (ဆေးရုံဆိုင်ရာလမ်းညွှန်)
- Hospital Infection Control Guidelines (ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောပိုးမွှားရောဂါများ ထိန်းချုပ်ရေးဆိုင်ရာလမ်းညွှန်)
- International Conventions (နိုင်ငံတကာသဘောတူညီချက်)များဖြစ်တဲ့
  - (၁) Stock holm
  - (၂) Basel
  - (၃) Minamata
  - (၄) International nuclear treaties (နိုင်ငံတကာ အဏုမြူစွမ်းအင်ဆိုင်ရာ သဘောတူစာချုပ်) တို့ဖြစ်ပါတယ်။

လက်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျင့်သုံးနေသည့် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့် နည်းစနစ်များမှာ General Waste – သာမန်အန္တရာယ်မရှိသော ဆေးရုံစွန့်ပစ္စည်းများကို Secured Burial Pit (လုံခြုံစိတ်ချရသော အမှိုက်ကျင်း)တွင် စနစ်တကျ မြေမြှုပ်ခြင်းနည်းကိုအသုံးပြုနေပါတယ်။ စနစ်တကျမြေမြှုပ်ခြင်းဆိုသည်မှာ မြေမြှုပ်နေရာသည် ရေထွက်ပင်ရင်းနှင့် အနည်းဆုံး မီတာ(၅၀)အကွာတွင် ရှိရပါမယ်။ အမှိုက်ကောက်သူများ၊ တိရစ္ဆာန်မဝင်နိုင်အောင် စည်းရိုးကာထားရပါမယ်။ မိုးရေစိမ့်ဝင်မှုမှ ကင်းဝေးစေရန် ဖုံးအုပ်ကာကွယ်

ထားရပါမယ်။ မြေမြုပ်ခြင်း၏ အောက်ခြေနှင့် ဘေးနံရံများတွင် စွန့်ပစ်ရေဆိုး စိမ့်ထွက်မှု ဘေးမှ ကာကွယ်နိုင်သည့် အစီအမံများ ပြုလုပ်ထားရပါမယ်။

Infection Waste – ကူးစက်နိုင်သော ဆေးရုံစွန့်ပစ္စည်းများကို မစွန့်ပစ်မီ ပိုးသန့်စင်ခြင်း၊ Disinfectious ဖြစ်အောင် Chemical(ဓာတုဆေး)စိမ်ခြင်း၊ (es.0.5 Chlorine, 5% Lysol solution, 1% Hypachlorine၊ Autoclave (ပေါင်းစက်ဖြင့် ပိုးသတ်ခြင်း))နည်းဖြင့် ရောဂါ မကူးစက်အောင် ပြုလုပ်ပြီးမှ Secured Burial Pit (လုံခြုံစိတ်ချရသောအမှိုက်ကျင်း)တွင် စနစ်တကျ မြေမြုပ်ခြင်းနည်းကို အသုံးပြုနေပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် Path Myanmar တို့ပူးပေါင်း၍ Sharp Waste Management (စူးရှချွန်ထက်သောအရာများ စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း) စံပြမြို့နယ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နှင့် ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်တွင် ၂၀၁၈ ခုနှစ်မှစ၍ Protected Sharps Burial Pit (စူးရှချွန်ထက်သောအရာများမြုပ်သည့် ကာရံထားသော အမှိုက်ကျင်း) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခုတင်(၅၀၀)ဆံ့ စဝ်စံထွန်းဆေးရုံကြီးနှင့် ခုတင်(၂၀၀)ဆံ့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် စွန့်ပစ်ပစ္စည်းများကို Incinerator တပ်ဆင်အသုံးပြု လျက်ရှိပါတယ်။ ကျန်မြို့နယ်ဆေးရုံများအနက် (ဟိုပုံး၊ ဆီဆိုင်၊ ကလော၊ မိုင်းရှူး) မြို့နယ် ဆေးရုံများတွင် Incinerator ရှိသော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှု မရှိခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုရှိခြင်းတို့ကြောင့် ပုံမှန်အသုံးပြုနိုင်မှုမရှိပါ။ Incinerator (စံမီ မီးရှို့စက်)သည် အောက်ဖော်ပြပါ စံချိန်စံညွှန်းရှိရမှာ ဖြစ်ပါတယ်–

- အကန့်၂ကန့်ပါဝင်ရပါမည်။
- အနိမ့်ဆုံး(၈၅၀ ℃ )ဖြင့် မီးရှို့ရမည်။
- မီးခိုးခေါင်တိုင်သည် အနီးဆုံးရှိ ခေါင်မိုးများထက် ပို၍ မြင့်ရမည်။
- လူနေအိမ်ခြေများနှင့် အနည်းဆုံး မီတာ(၅၀၀)အကွာတွင် ရှိရမည်။
- မီးရှို့စက်မှထွက်ရှိသောပြာများကို စနစ်တကျမြုပ်နှံနိုင်သောကျင်းရှိရမည်။

သို့ရာတွင် Incinerator အသုံးပြု၍ ထွက်လာသော အငွေ့များထဲတွင် ကာဗွန်ဒိုင် အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် အငွေ့ပျံပစ္စည်းများ၊ အမှုန့်များသည် လေထု အတွင်းပျံ့နှံ့ခြင်း၊ ၎င်းမီးရှို့စက်မှ ပြာများထွက်လာခြင်းစသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆိုးကျိုး များရှိပါသဖြင့် Incinerator အသုံးပြုမှုကို ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းနှင့် အညီအသုံးပြုရန် စီစဉ်လျက်ရှိပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ခုတင်(၂၀၀)ဆံ့ ကျိုင်းတုံဆေးရုံကြီးတွင် ဆေးရုံမှ စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်စီးရန် Incinerator တပ်ဆင်ပြီး အသုံးပြုနေပြီ ဖြစ်ပါတယ်။ ခုတင်(၁၀၀)ဆံ့ တာချီလိတ်ဆေးရုံ၊ ကျိုင်းလပ်၊ တာလေ၊ ဝမ်ပုံတိုက်နယ်ဆေးရုံတို့တွင် Incinerator တပ်ဆင်အသုံးပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်ဆေးရုံအချို့တွင် Incinerator ရှိပြီးဖြစ်သကဲ့သို့ မရှိသေးသော မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင်လည်း Incinerator တည်ဆောက်ရန်အတွက် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် တင်ပြတောင်းခံထားပြီး Incinerator တပ်ဆင်အသုံးပြုရန် စီစဉ်လျက်ရှိပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံကြီးများ၊ တိုက်နယ်ဆေးရုံများတွင် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးသည့် မီးပြင်းဖို Incinerator များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြ၍ NGO/ INGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့်(၂၀၁၇–၂၀၁၈)ဘဏ္ဍာရေးနှစ်၊ ကျေးလက်ကျန်းမာရေးဌာန (၆၂)ခုအတွက် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် တပ်ဆင်အသုံးပြုနေပြီဖြစ်ပါတယ်။ (၂၀၁၈–၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၆)ခုတို့၌လည်း တပ်ဆင်အသုံးပြုနေပြီဖြစ်ပါတယ်။ မတပ်ဆင်ရသေးသော ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများအတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် Incinerator တပ်ဆင်အသုံးပြုသွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်ခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မိုးမိတ်ခရိုင်အပြင် ပလောင်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင်ပါဝင်သော မြို့နယ်အလိုက် တရားရုံးများတွင် မတရားအသင်းဆက်သွယ်မှု ပုဒ်မ– ၁၇(၁)ဖြင့် တရားရင်ဆိုင်နေရသော အမှုအရေ

အတွက်နှင့် တရားခံအရေးအတွက်များကို သိရှိလိုသည့်ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် လက်နက်ကိုင်အဖွဲ့အစည်းများ သွားလာလှုပ်ရှားရာဒေသဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခဖြစ်ရာဒေသလည်း ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများကြားတွင် အရပ်သားပြည်သူများသည် မြေစာပင်ဘဝသို့ ရောက်ရှိနေရသည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းများသွားလာလှုပ်ရှားနေသော ဒေသများတွင် ပြည်သူများအနေဖြင့် အဖွဲ့အစည်းတိုင်းလိုလိုပင် ဆက်ဆံနေကြရတာဖြစ်ပါတယ်။ အဆိုပါ အနေအထားများသည် မလွန်ဆန်နိုင်တဲ့ အနေအထားမျိုးကနေ ဆက်ဆံနေရတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အချို့မြို့နယ်များမှာဆိုရင် ဒေသခံပြည်သူအချို့ကို လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဆက်သွယ်တယ်၊ ထောက်ပံ့တယ်၊ ကူညီတယ်ဆိုပြီးတော့မှ ဖမ်းဆီးမှုများရှိနေသည့်အပြင် သက်ဆိုင်ရာ ရဲစခန်းများသို့ လွှဲအပ်ကာ မတရားအသင်းဆက်သွယ်မှုပုဒ်မ ၁၇ (၁)ဖြင့် တရားစွဲဆိုမှုများ ဖြစ်ပေါ်နေတာကိုလည်း ကျွန်တော်တို့ များစွာတွေ့နေရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့မှာဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားအားလုံးငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်နေတဲ့ကာလဖြစ်တာနဲ့အညီ အေးအတူ၊ ပူအမျှတိုင်းရင်းသားများအားလုံး စစ်မှန်ပြည့်ဝသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ကြိုးစားတည်ဆောက်နေသောအချိန်ကာလဝယ် အထက်ပါတင်ပြထားသော ပုဒ်မ ၁၇(၁) ကိစ္စရပ်များဟာဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအတွက် အထူးစိုးရိမ်ရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူဆယ်ခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မိုးမိတ်ခရိုင်အပြင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင်ပါဝင်သော မြို့နယ်အလိုက်တရားရုံးများတွင် မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇(၁)ဖြင့် တရားရင်ဆိုင်နေရသော အမှုအရေအတွက်နှင့် တရားခံအရေအတွက်များကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားသူကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် မေးမြန်းတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်ခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မိုးမိတ်ခရိုင်အပြင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့တွင်ပါဝင်သော မြို့နယ်အလိုက်တရားရုံးများတွင် မတရားအသင်းဆက်သွယ်မှု ပုဒ်မ- ၁၇(၁)ဖြင့် တရားရင်ဆိုင်နေရသော အမှုအရေအတွက်နှင့် တရားခံအရေအတွက်များကို သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ် ကျွန်တော် ဦးကြွယ်ကြွယ်က ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်အတွင်းရှိ တရားရုံးများတွင် မတရားအသင်းအက်ဥပဒေ ပုဒ်မ- ၁၇(၁)/ ၁၇(၂) အရ တရားစွဲဆိုထားသော အမှုပေါင်း(၁)မှုရှိပြီး တရားခံ (၁)ဦး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်အတွင်းရှိ တရားရုံးများတွင် မတရားအသင်းအက်ဥပဒေပုဒ်မ- ၁၇(၁)/ ၁၇(၂)အရ တရားစွဲဆိုထားသော အမှုပေါင်း(၃)မှုရှိပြီး တရားခံစုစုပေါင်း (၅)ဦးဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်အတွင်းရှိ တရားရုံးများတွင် မတရားအသင်းအက်ဥပဒေပုဒ်မ- ၁၇(၁)/ ၁၇(၂) အရ တရားစွဲဆိုထားသော အမှုပေါင်း(၇)မှုရှိပြီး တရားခံစုစုပေါင်း(၈)ဦး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျန်ခရိုင်များနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ မတရားအသင်းအက်ဥပဒေအရ တရားစွဲဆိုထားသော အမှုများမရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ တရားရုံးများတွင် မတရားအသင်းအက်ဥပဒေပုဒ်မ- ၁၇(၁)/ ၁၇(၂) တို့အရ တရားစွဲဆိုထားသော အမှုပေါင်းမှာ (၁၁)မှုဖြစ်ပြီး တရားခံစုစုပေါင်းမှာ (၁၄)ဦးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မတရားအသင်းအက်ဥပဒေ ပုဒ်မ- ၁၇ (၁)/ ၁၇ (၂)တို့အရ တရားစွဲဆိုထားသော အမှုများ၏ အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

မူဆယ်မြို့နယ်တရားရုံးတွင် အမှုအရေအတွက်(၁)မှု၊ တရားခံအရေအတွက် (၁)ယောက်၊ လားရှိုးမြို့နယ်တရားရုံးတွင် အမှုအရေအတွက်(၂)မှု၊ တရားခံအရေအတွက် (၃)ယောက်၊ သိန္နီမြို့နယ်တရားရုံးတွင် အမှုအရေအတွက်(၁)မှု၊ တရားခံအရေအတွက် (၂)

ယောက်၊ ကျောက်မဲမြို့နယ်တရားရုံးတွင် အမှုအရေအတွက်(၅)မှု၊ တရားခံအရေအတွက် (၅) ယောက်၊ နောင်ချိုမြို့နယ်တရားရုံးတွင် အမှုအရေအတွက်(၁)မှု၊ တရားခံအရေအတွက် (၁) ယောက်၊ နမ့်ဆန်မြို့နယ်တရားရုံးတွင် အမှုအရေအတွက်(၁)မှု၊ တရားခံအရေအတွက် (၂) ယောက်၊ စုစုပေါင်း အမှုအရေအတွက် (၁၁)မှု၊ တရားခံအရေအတွက် (၁၄)ယောက်တို့ ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီပေါမြို့နယ်၊ နမ့်လန်နယ်မြေမီးသတ် တပ်ဖွဲ့စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် ဝန်ထမ်း အိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုဟာ အိမ်ခြေ ပေါင်း(၃၀၀၀)ကျော်၊ လူဦးရေပေါင်း(၁၆၄၇၈)ဦးနေထိုင်လျက်ရှိပြီး အခြေခံပညာအထက်တန်း ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းအပါအဝင် စာသင်ကျောင်းပေါင်း (၈)ကျောင်း၊ (၂၅)ခုတင်ဆံ့ ဆေးရုံ(၁)ရုံ၊ တပ်ရင်း(၃)ရင်း၊ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်း၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့စခန်းစသည့် ဌာနဆိုင်ရာရုံးများ (၁၀)ရုံးခန့် ဖွင့်လှစ်ထားရှိပါတယ်။ နမ့်လန်ကျေးရွာ အုပ်စုဟာ ရပ်ကွက်ပေါင်း (၁၁)ရပ်ကွက်နှင့် ရွာ (၅)ရွာဖြင့် ဖွဲ့စည်းထားသည့် ကျေးရွာအုပ်စု ကြီးတစ်ခုဖြစ်ပါတယ်။ အိမ်ခြေ၊ လူဦးရေ ထူထပ်များပြားခြင်း၊ စီးပွားရေးလုပ်ငန်း ကောင်းမွန် ခြင်းတို့ကြောင့် ယခင်အခါက အရံမီးသတ် တပ်ဖွဲ့ဝင်များဖြင့်သာ မီးဘေးအန္တရာယ်ကို ကာကွယ်တားဆီးခဲ့တဲ့အတွက် အင်အားမလုံလောက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် နမ့်လန် ဈေးကြီးတစ်ခုလုံး မီးဘေးသင့်ခဲ့ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရမှ မီးသတ်တပ်ဖွဲ့စခန်း တစ်ခု ဖွင့်လှစ်တည်ထောင်ခဲ့ပြီး ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား (၉)ဦးအထိ ခန့်ထားရန် ရှိကြောင်း သိရှိရပါတယ်။ ယနေ့အချိန်တွင် ဝန်ထမ်း (၆)ဦးသာ ခန့်ထားပြီး၊ ထို(၆)ဦးတွင်

အိမ်ထောင်သည်မိသားစုများ ပါဝင်လျက်ရှိပါတယ်။ မီးသတ်စခန်း၏ ရုံးခန်းများအတွင်းနှင့် မီးသတ်ကားများ၊ ရေသယ်ယာဉ်များထားရာနေရာများတွင် ဖြစ်သလိုနေထိုင်ချက်ပြုတ်စားသောက်နေ ကြရပါတယ်။ ဒီလိုနေထိုင်ကြရသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ မီးဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်စွာသွားရောက်ကယ်ဆယ်ငြိမ်းသတ်နိုင်ရေး အဆင်ပြေချောမွေ့စေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ၏ လက်ရှိ မီးသတ်တပ်ဖွဲ့စခန်းမြေနေရာနှင့် သင့်လျော်ပြီး အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် (၁၀၀× ၄၀× ၂၃)ပေရှိ (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်မှ မေးမြန်းလာတဲ့ သီပေါမြို့နယ်၊ နမ့်လန်နယ်မြေ မီးသတ်တပ်ဖွဲ့စခန်းတွင် ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်နေသည့် ဝန်ထမ်းအိမ်ရာများအား ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

သီပေါမြို့နယ်၊ နမ့်လန်နယ်မြေမီးသတ်စခန်းအတွက် (၁၀၀×၄၀×၂၃)ပေ ဝန်ထမ်းအိမ်ရာအား ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းတင်ပြလိုသည်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၉ ဒီဂရီ အကြားတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အမြင့်မှာ ၂၇၆၀ ပေရှိပါတယ်။ ကျွန်တော်တို့ မိုင်းဆတ်မြို့သည် တောင်ပေါ်ကျေးရွာများကို အခြေခံ၍ မြို့အဖြစ် တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တောင်ပေါ်တိုင်းရင်းသားမဲဆန္ဒရှင်များ ပညာရေးမြင့်မားလာစေရေး အတွက် မိုင်းခုတ်မြို့၊ မိုင်းနင်းကျေးရွာအုပ်စု၊ နာဘော်ခိုင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသည် ကိုယ်ထူကိုယ်ထကျောင်းအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား(၁၀၅)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ယခုအခါတွင် ပညာသင်ကြားလျက်ရှိသောကျောင်းသည် ပျက်စီးယိုယွင်းလာခြင်းကြောင့် အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သင့်လျော်သောဘတ်ဂျက်နှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မဲဆန္ဒရှင် ပြည်သူများကိုယ်စား ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်ရဲ့ မိုင်းဆတ်မြို့နယ်၊ နာဘော်ခိုင်အခြေခံပညာမူလတန်းကျောင်း(၆၀×၃၀)ပေကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့ရှိ နာဘော်ခိုင်အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ KG ၁၀ ဦး၊ ပထမတန်း ၁၄ ဦး၊ ဒုတိယတန်း ၂၂ ဦး၊ တတိယတန်း ၉ ဦး၊ စတုတ္ထတန်းကျောင်းသား မရှိပါ၊ စုစုပေါင်း ၅၅ ဦးရှိပြီး ကျောင်းအုပ် ၁ ဦး

နှင့်အထွေထွေလုပ်သား ၁ ဦးတို့ဖြင့် ပညာသင်ကြားပေးခဲ့ပါတယ်။ လက်ရှိစာသင်ဆောင်မှာ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သည့် Hall ခန်းအဆင့်သာရှိသော (၆၀×၃၀)ပေ စာသင်ဆောင် ဖြစ်ပါတယ်။ စာသင်ဆောင်လိုအပ်ချက်အတွက် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေတွင် (၆၀×၃၀)ပေ RC (၁)ထပ်ဆောင်ကို မူလလျာထားတင်ပြခဲ့ သော်လည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ Ceilling Figure အရ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ မူလလျာထားခဲ့ခြင်းအား ပယ်ဖျက်ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ နာဘော်ခိုင်အခြေခံပညာမူလတန်း ကျောင်းအတွက် (၆၀×၃၀)ပေ RC (၁)ထပ်ဆောင်ကို လာမည့် ၂၀၂၀– ၂၀၂၁ ဘဏ္ဍာရေးနှစ် တွင် ဦးစားပေးထည့်သွင်းလျာထား တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ် ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒီကနေ့မှာ ကျွန်တော်မေးခွန်းကိုပဲ တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာ နှင့် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာတို့တွင် ပင်းတယမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်နယ်မြေစခန်းများ ဆောက်လုပ်ရန်အတွက် မြေနေရာများ အသီးသီးရထားပြီးဖြစ်ခြင်း ကြောင့် အဆောက်အဦများ ဆောက်လုပ်ရန်နှင့် မီးသတ်ယာဉ်များရရှိရန် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက် ပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းမေးမြန်းလာတဲ့ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာ အုပ်စု၊ ကျုံးကျေးရွာနှင့် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာတို့တွင် နယ်မြေမီးသတ် စခန်းများထားရှိရန်အတွက် မြေနေရာများရရှိလာပြီဖြစ်၍ အဆောက်အဦဆောက်လုပ်ပေး နိုင်ပါရန်နှင့် မီးသတ်ယာဉ်ရရှိရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ကျုံးကျေးရွာနှင့် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင် ကျေးရွာတို့တွင် နယ်မြေမီးသတ်စခန်းများထားရှိရန်အတွက် ရန်ပုံငွေခွဲဝေရရှိမှု အခြေအနေ အရ မီးသတ်ရုံးအဆောက်အဦနှင့် မီးသတ်ယာဉ်များအား ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယမေးခွန်း အနေနဲ့ ကျွန်တော်ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၁၉-၄-၂၀၁၉ ရက်နေ့က ကျိုင်းတုံ- တောင်ကြီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်းပျဉ်းမြို့နှင့် ကျိုင်းတုံမြို့အကြား စပယ်ရှယ်တောင်တွင် မှန်လုံယာဉ်ငယ်တစ်စီးသည် မတော်တဆချောက်ကမ်းပါးသို့ ကျလု နီးပါးဖြစ်ပွားခဲ့ခြင်းမှာ ဓာတ်ပုံတွင်မြင်တွေ့ရသည့်အတိုင်း သစ်လုံးက လူ့အသက်ပေါင်း များစွာ ကယ်တင်ပေးလိုက်သည်ကို တွေ့မြင်ရ၍ ရှမ်းပြည်နယ်အတွင်းရှိ တောင်ဆင်း တောင်တက် အကွေ့အကောက်များသည့် ပြည်ထောင်စုလမ်းမကြီးများ၊ အခြားလမ်းမများ၏ လမ်းဘေးဝဲယာရှိ ချောက်ကမ်းပါးအောက်သို့ အလွယ်တကူ မတော်တဆကျခြင်းမှ အကာ အကွယ်ရရန်အတွက် အတားအဆီးရရှိနိုင်စေရေး မည်သည့်ပုံစံ၊ မည်သည့်အမျိုးအစားများ ဖြင့် အကာအရံအတားအဆီးများကို မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို အများပြည်သူသိရှိ နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းမေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်းရှိ တောင်ဆင်းတောင်တက် အကွေ့အကောက်များသည့် ပြည်ထောင်စုလမ်းမကြီးများ၊ အခြားလမ်းမများ၏ လမ်းဘေးဝဲယာရှိ အတားအဆီးရရှိနိုင်စေရန်အတွက် မည်သည့်ပုံစံ၊ မည်သည့်အမျိုးအစားများဖြင့် အကာအရံ အတားအဆီးများကို မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်၊ လမ်းဦးစီးဌာနမှ ပြည်ထောင်စုလမ်း(၂၈)လမ်းနှင့် ပြည်နယ်လမ်း(၁၆၁)လမ်း စုစုပေါင်း(၁၈၉)လမ်းအား တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ Power Point မှာ ဖော်ပြထားတဲ့အတိုင်းပဲ ရှမ်းပြည်နယ်အတွင်းမှာ လမ်းဦးစီးဌာနရဲ့ မိုင်ပေါင်း ၆၈၂၈ မိုင်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့ဒီ ၆၈၂၈ မိုင်သည် မြန်မာနိုင်ငံလမ်းဦးစီးဌာန၊ လမ်းစုစုပေါင်း ၂၆၃၁၃ မိုင်ရဲ့ (၂၆)ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့် လေးပုံတစ်ပုံ ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ လမ်းများသည် တောင်ပေါ်ဒေသလမ်းများဖြစ်ပြီး အကွေ့အကောက်၊ အတက်အဆင်း များပြားသောလမ်းများဖြစ်ခြင်းကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေဖြင့် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးနှင့် အန္တရာယ်ကင်းစွာဖြင့် လိုရာခရီးသို့ အချိန်တိုအတွင်းရောက်ရှိစေရေးအတွက် တောင်တက်/တောင်ဆင်း မတ်စောက်သည့်နေရာများနှင့် မျက်ကွယ်ကုန်းများအား တူးဖြတ်နှိမ့်ချခြင်း၊ ကျောက်တောင်/မြေတောင် လမ်းကျဉ်းနေရာများအား ချဲ့ခြင်း၊ လမ်းကွေ့များဖြောင့်ခြင်း၊ အကာအကွယ်တိုင်များ(Guard Posts)၊ အကာအကွယ်တန်းများ(Guard Rail)၊ သက်စောင့်ကွန်ကရစ်တုံးများတည်ဆောက်ခြင်း၊ လမ်းလယ်မျဉ်းရေးဆွဲခြင်း၊ မျက်ကွယ်ကွေ့နေရာများတွင် မှန်ဘီလူးခုံးများတပ်ဆင်ခြင်း၊ အသိပေး၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းစသည့်လုပ်ငန်းများအား ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စောစောကတင်ပြခဲ့တဲ့ ဆောင်ရွက်ပေးလျက်ရှိတဲ့ လုပ်ငန်းစဉ်များကို ဖော်ပြခြင်းဖြစ်ပါတယ်။ ပထမအချက်ကတော့ မျက်ကွယ်ကုန်းတွေကို တူးဖြတ်နှိမ့်ချခြင်း ဖြစ်ပါတယ်။

ပုံမှာ ဖော်ပြထားတာကတော့ နမ့်စန်– မိုးနဲ– မိုင်းတုံ– မိုင်းဆတ်လမ်းမှာရှိတဲ့ မျက်ကွယ်ကုန်း ဖြစ်ပါတယ်။ ခဲတံပုံမှာ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ ကားရဲ့မြင်ကွင်းက တောင်ကုန်းထိပ်ကို တက်သွားပြီးတော့ Horizontal မှာ မြင်ကွင်းကို ကွယ်သွားတဲ့အတွက် ဒါကို တူးဖြတ်နှိမ့်ချခြင်း ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ slide မှာရှိတဲ့ဟာကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အလျားလိုက်ဖြတ်ပိုင်းပေါ်မှာ တွေ့ရှိရတဲ့အတိုင်းပဲ အပေါ်ကအနီလိုင်းသည် Insisting လက်ရှိအနေအထားဖြစ်ပြီးတော့ အစိမ်းလိုင်းကတော့ ပြန်လည်တူးဖြတ်ပြီး ဖြစ်သွားမယ့် အနေအထားကိုတင်ပြခြင်း ဖြစ်ပါတယ်။ ဖော်ပြတဲ့အတိုင်းပဲ မူလကရှိတဲ့ ဒီ Gradient သည် (၁၄) ရာခိုင်နှုန်းရှိခဲ့ရာ အဲ့လိုဖြတ်လိုက်တဲ့အတွက် (၄)ရာခိုင်နှုန်းအထိ လျော့ကျသွားတာကို တွေ့ရှိရပါတယ်။ အဲ့ဒီအတိုင်းဆောင်ရွက်တဲ့အခါမှာ ဆောင်ရွက်ပြီးစီးတဲ့အချိန်မှာ ရှေ့မြင်ကွင်းရဲ့အကွာအဝေး ပိုမိုကောင်းမွန်လာတာကို တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒါသည်လည်း မိတ္ထီလာ–တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်းပေါ်မှာရှိတဲ့ မျက်ကွယ်ကုန်းကို တူးဖြတ်နှိမ့်ချခြင်းပုံကိုတင်ပြခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျောက်တောင်/ မြေတောင် လမ်းချဲ့တဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ ဖော်ပြထားတာကတော့ ဟန်မြင့်မိုရ်– မြို့ကြီး– ရွာငံ– အောင်ပန်းလမ်းကပုံရယ်၊ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်းမှာရှိတဲ့ ကျောက်တောင်/ မြေတောင် လမ်းကျဉ်းနေရာများအား လမ်းချဲ့တာကို တင်ပြထားတာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ လွိုင်လင်– ပန်ကေတု– သီပေါလမ်းမှာ ကျောက်တောင်/ မြေတောင်လမ်းကျဉ်းနေရာများအား လမ်းချဲ့တာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ–တာချီလိတ်လမ်း AH–2 လမ်းမကြီးပေါ်မှာ ကျောက်တောင်/ မြေတောင် လမ်းကျဉ်းနေရာများအား လမ်းချဲ့တာကို တင်ပြထားတဲ့ခဲတံပုံ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ လမ်းကွေ့များဖြောင့်ခြင်းလုပ်ငန်းမှာ ဖော်ပြထားတဲ့အတိုင်းပဲ ဥပမာအားဖြင့် မိုင်းရယ်– ဟိုတ– လွယ်ပန်– မန်ကတ်လမ်းမှာ လမ်းကွေ့များကို ဖြောင့်တဲ့လုပ်ငန်းကို တင်ပြထားတာဖြစ်ပါတယ်။ အမှတ်စဉ် (၄)အနေနဲ့ ဖော်ပြထားတဲ့အတိုင်းပဲ အကာအကွယ် Guard Posts များကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ နမ့်စန်– မိုးနဲ– မိုင်းတုံ–မိုင်းဆတ်လမ်း NH–23 ပေါ်မှာနဲ့ သိန္နီ– ကွမ်းလုံ– ချင်းရွှေဟော် လမ်းပေါ်မှာရှိတဲ့ Guard Posts များ စိုက်ထူထားမှုကို တင်ပြထားခြင်း ဖြစ်ပါတယ်။ စောစောကတင်ပြထားတဲ့အတိုင်း Guard Posts များစိုက်ထူထားခြင်းဖြစ်ပါတယ်။ မိုင်းဖြတ်– မိုင်းယောင်းလမ်းပေါ်က Guard Postsများဖြစ်ပါတယ်။ ဒါသည်လည်း Guard Posts များစိုက်ထူထားခြင်းဖြစ်ပါတယ်။ အောင်ပန်း– ပင်လောင်း– မိုးဗြဲ– လွိုင်ကော်လမ်းပေါ်က အကာအကွယ်တိုင်များဖြစ်ပါတယ်။

ဒါကတော့ အကာအကွယ်တန်း (Guard Rail)များဖြစ်ပါတယ်။ မန္တလေး– လားရှိုး– မူဆယ် လမ်းပေါ်မှာရှိတဲ့ (Guard Rails)တွေ၊ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် AH–2 လမ်းမကြီးပေါ်မှာရှိတဲ့ (Guard Rails)တွေ၊ အောင်ပန်း– ပင်လောင်း– မိုးဖြဲ– လွိုင်ကော်လမ်း ပေါ်က (Guard Rails)များကို တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ သက်စောင့်ကွန်ကရစ်တုံးများ ဖြစ်ပါတယ်။ လမ်းဘေးမှာ Bridges အကာအကွယ်များအနေနဲ့ သက်စောင့်ကွန်ကရစ်တုံးများကို တည်ဆောက်ပေးထား ခြင်း ဖြစ်ပါတယ်ခင်ဗျား။ နောက်လုပ်ငန်းတစ်ခုအနေနဲ့တော့ လမ်းလယ်မျဉ်းများရေးဆွဲခြင်း ဖြစ်ပါတယ်။ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် AH–2 လမ်းမှာ လမ်းလယ်မျဉ်း များရေးဆွဲပြီး ပိုင်းခြားပေးထားတာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ရွှေညောင်– ညောင်ရွှေ လမ်းမှာရှိတဲ့ ညောင်ရွှေမြို့ထဲမှာရှိတဲ့လမ်းများ လမ်းလယ်မျဉ်းများရေးဆွဲထားခြင်းကို ဖော်ပြ ထားခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ် (၆)အနေနဲ့ မျက်ကွယ်ကွေ့နေရာများတွင် ကြေးမုံခုံးများ တပ်ဆင်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ဖော်ပြပါအတိုင်း ကြေးမုံခုံးများ တပ်ဆင်ထားပေမယ့် တစ်ခါတစ်ရံမှာလည်း အကာအကွယ်မဲ့နေတဲ့အတွက်ကြောင့် အချို့မသိနားမလည်သူများ၏ ဖျက်ဆီးခြင်းကို ခံရတဲ့အနေအထားကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်(၇)အနေ နဲ့တော့ Road Sign တွေဖြစ်ပါတယ်။ အသိပေး၊ သတိပေး၊ အမြန်နှုန်းကန့်သတ်ချက် ဆိုင်းဘုတ်များ တပ်ဆင်ခြင်းဖြစ်ပါတယ်။ ပုံမှာဖော်ပြထားတဲ့အတိုင်းပဲ အန္တရာယ်ရှိနိုင်တဲ့ နေရာတွေမှာ အသိပေး၊ သတိပေး(Road Sign) တွေတပ်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီလိုပဲ Speed Limit တွေကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ 30 Kilometre ပဲ မောင်းရမယ်ဆိုတဲ့ Speed Limit ကို ဖော်ပြထားခြင်းကို တင်ပြထားခြင်း ဖြစ်ပါတယ်။

ထို့သို့ဆောင်ရွက်ရာတွင် နေ့စဉ်ယာဉ်သွားလာမှု (AADT) စာရင်းနှင့် သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာများ၏ စစ်ဆေးတွေ့ရှိချက်အခြေအနေများအရ ဆောင်ရွက်ရန် လိုအပ် သောလမ်းနေရာများအား ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများအား ပူးတွဲတင်ပြထားပါတယ်။

ယာဉ်မတော်တဆမှုများဖြစ်ပွားမှုအား ကြည့်မယ်ဆိုရင် ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်း၊ ယာဉ်မောင်း၏ပေါ့ဆခြင်းစသည့် လမ်းအသုံးပြုသူများ၏ အပြုအမူကြောင့် ဖြစ်ပွားခြင်းနှင့် လမ်းအခြေအနေကြောင့် ဖြစ်ပွားခြင်းဟူ၍ရှိရာ လမ်းအခြေအနေကြောင့် လမ်းအသုံးပြု သူများ ဘေးအန္တရာယ်ကျရောက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ လမ်းဦးစီးဌာနအနေဖြင့် ပြည်သူအားဝန်ဆောင်မှုပေးသည့် ဌာနဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲအား ဖွဲ့စည်း၍

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက်များချမှတ်ပြီး နိုင်ငံတကာဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ သင်ကြားပို့ချခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှာဖော်ပြထားတဲ့အတိုင်းပဲဖြစ်ပါတယ်။ ဒါသည် ကျွန်တော်တို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့ ၂၀၁၈ ခုနှစ် အစီရင်ခံမှာ ပါရှိတဲ့အတိုင်းဖြစ်ပါတယ်။ ယာဉ်တိုက်မှုဖြစ်ပွားရတဲ့ အကြောင်းအရင်းများကိုပိုင်းခြားတဲ့အခါမှာ လူကြောင့်ဖြစ်တဲ့ယာဉ်တိုက်မှု (၉၈.၀)ရာခိုင်နှုန်း၊ ယာဉ်ချို့ယွင်းမှုနဲ့ ရာသီဥတုကြောင့်ဖြစ်တဲ့ယာဉ်တိုက်မှု(၁.၈၃)ရာခိုင်နှုန်း၊ လမ်းကြောင့်ဖြစ်တဲ့ယာဉ်တိုက်မှု (၀.၁၇)ရာခိုင်နှုန်းဆိုပြီး ဖြစ်ပွားမှုကိုတွေ့ရှိရပါတယ်။ အဓိကအားဖြင့်တော့ ယာဉ်တိုက်မှုဖြစ်ပွားရတဲ့ မတော်တဆမှုတွေမှာ လူကြောင့်ဖြစ်တဲ့ဖြစ်စဉ်တွေ များပြားတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း ဆောင်ရွက်ရန်လိုအပ်နေသေးသည့်နေရာများ၌ အတားအဆီး၊ အကာအကွယ်များအား အမျိုးအစားအလိုက် ဆောင်ရွက်ပေးခြင်းနှင့် ယာဉ်မောင်းသူများ သတိပြုမောင်းနှင်စေရေးအတွက် Road Sign တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက တတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** တတိယမေးခွန်းကိုလည်း ကျွန်တော်တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နန်းခုံကျေးရွာအုပ်စု နန်းခုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၏ မြေထိန်းနံရံပြုလုပ်ရန်အတွက် ငွေကြေးကူညီပံ့ပိုးပေးရန် နန်းခုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ၁၀-၅-၂၀၁၉ ရက်စွဲဖြင့် တင်ပြလာသည့်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ဘိလပ်မြေ(၇၅)အိတ် ပံ့ပိုးကူညီပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျန်ရှိသော ဘိလပ်မြေအိတ် (၃၀၀)အတွက် ပေါက်ဈေးနှင့်အညီ ငွေကြေးထောက်ပံ့ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား အများပြည်သူသိရှိနိုင်ရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ နန်းခုံ အ.လ.က ကျောင်း မြေထိန်းနံရံအတွက် ဘိလပ်မြေအိတ် (၃၀၀)ကူညီထောက်ပံ့ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နန်းခုံကျေးရွာအုပ်စု၊ နန်းခုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပြုလုပ်လျက်ရှိသော အလျား(၄၀၀)ပေ၊ အမြင့်(၅)ပေ၊ ထု(၁.၅)ပေ ရှိသော ကျောင်းမြေထိန်းနံရံအတွက် လိုအပ်သော ဘိလပ်မြေအိတ်(၃၀၀)ကို ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ် (ဝ၄ဝ၉) ရန်ပုံငွေ ခွဲဝေသည့်အခါတွင် စိစစ်ခွဲဝေနိုင်ရန်အတွက် ရှမ်းပြည်နယ် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၂၃–၅–၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၁–ဂ)/ ၁၉၀၃/ ဝ၄ဝ၉ ရန်ပုံငွေ (၂၀၁၉)ဖြင့် ရွာငံမြို့နယ်ပညာရေးမှူးရုံးသို့ အမှုတွဲ တောင်းခံထားပြီးဖြစ်ပါတယ်။ အမှုတွဲရရှိပါက အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြ ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်း(၁၊ ၂၊ ၃၊ ၄)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ လေ့လာသူများ အားလုံး စိတ္တသုခ၊ ကာယသုခနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမယ့် ပထမမေးခွန်းကတော့ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနဲ့ပတ်သက် တဲ့မေးခွန်းဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ်၊ လွယ်ကုန်ကျေးရွာအုပ်စု၊ လွယ်နမ့်တောက်ကျေးရွာ ဟာ ဆင်တောင်တန်းပေါ်မှာတည်ရှိပြီး ပလောင်တိုင်းရင်းသားများနေထိုင်တဲ့ ကျေးရွာဖြစ် ပါတယ်။ အိမ်ခြေအားဖြင့် (၁၀၀)ကျော်ရှိပါတယ်။ လက်ဖက်လုပ်ငန်းနဲ့ တောင်ယာလုပ်ငန်းကို ဝမ်းစာရေးအတွက် လုပ်ကိုင်စားသောက် နေကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ သောက်သုံးရေရရှိရေးအတွက် အထူးလိုအပ်နေပါတယ်။ သောက်သုံးရန် ရေက အလွန် အရေးကြီးတာမို့ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ရန် ဦးစားမပေးနိုင်ပါဘူး။ ရေအလွန်

အခက်အခဲဖြစ်နေပါတယ်။ ဖြစ်နိုင်ရင် ဝန်ကြီးချုပ်အပါအဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဖိတ်ကြားပြီး ထိုရွာကို သွားရောက်လေ့လာစေချင်ပါတယ်။ ရွာကတိုင်းရင်းသားများဟာ တစ်နေကုန်ပင်ပန်းစွာ တောင်ယာခုတ်ခြင်း၊ လက်ဖက်ခူးခြင်း၊ အိမ်ရောက်ရင် လက်ဖက်နယ်ခြင်းအပြင် ထမင်း၊ ဟင်းချက်ပြုတ်ရန် ရေကို တောင်ခြေအထိ ဆင်းခပ်ရပြန်ပါတယ်။ ထိုရွာကိုရောက်တဲ့အခါ မြင်မြင်သမျှတွေဟာ လိုအပ်ချက်တွေချည်းပါပဲ။ ဘာမဆိုလုပ်ပေးသင့်တာတွေချည်းပဲ ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းကိုင်မြို့နယ်၊ လွယ်ကုန်ကျေးရွာအုပ်စု၊ လွယ်နမ့်တောက်ကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်မှ ဆက်လက်မေးမြန်းမည့် ဒုတိယမေးခွန်းမှာလည်း စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနဲ့ ပတ်သက်တဲ့မေးခွန်းပါပဲ။ မိုင်းကိုင်မြို့နယ်၊ ဟိုနားကျေးရွာအုပ်စု၊ ဟိုနားကျေးရွာဟာ လွိုင်လင်- သီပေါကားလမ်းပေါ်မှာတည်ရှိပြီး မြေအိုး၊ မြေခွက်လုပ်ငန်းနဲ့ လယ်ယာလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့ ရွာဖြစ်ပါတယ်။ မိုးရာသီမှာ ရေပေါပေမယ့် နွေရာသီမှာ ရေအလွန်ရှားပါတယ်။ အိမ်ခြေအားဖြင့် (၄၀)ကျော်ရှိပြီး လူဦးရေ (၂၅၀)ကျော်ရှိပါတယ်။ အဲ့ဒီရွာမှာ နိုင်ငံတော်ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တ သီတင်းသုံးတော်မူတဲ့ သီရိမင်္ဂလာဟိုနားဘုန်းတော်ကြီးကျောင်းလည်း ရှိပါတယ်။ အဲ့ဒီရွာမှာ အ.မ.က ကျောင်းလည်းရှိပါတယ်။ ရေအခက်အခဲရှိတဲ့ အဲဒီရွာကိုလည်း (၇)မိုင်လောက်ဝေးတဲ့ စိမ့်စမ်းရေထွက်ကနေ ရေကိုသွယ်ယူပြီး ထိုရွာအတွက် အသုံးပြုနိုင်မယ်ဆိုရင်တော့ အလွန်သင့်လျော်မှာဖြစ်တဲ့အတွက်ကြောင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်၊ ဟိုနားကျေးရွာအုပ်စု၊ ဟိုနားကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၇)မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။

နောက်ထပ် တတိယမေးခွန်းကို ဆက်လက်မေးမြန်းမှာ ဖြစ်ပါတယ်။ ဒါဟာလည်း စိမ့်စမ်းရေသွယ်ခြင်းကိစ္စနဲ့ ပတ်သက်တဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ်၊ ခေးအုံအွေ့ကျေးရွာအုပ်စု၊ ခေးအုံအွေ့ကျေးရွာဟာ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ပြီး မူလတန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွေရှိပါတယ်။ အိမ်ခြေအားဖြင့် (၁၀၀)ကျော်ရှိပြီး လူဦးရေ (၇၀၀)ကျော် ရှိပါတယ်။ လက်ဖက်ခြောက်လုပ်ငန်းအပြင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်းတွေလည်းရှိပါတယ်။ အဲ့ဒီရွာမှာလည်း ရေအခက်အခဲရှိနေတဲ့အတွက်ကြောင့် ကျွန်တော်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်၊ ခေးအုံအွေ့ကျေးရွာအုပ်စု၊ ခေးအုံအွေ့ကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)

မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

ဆက်လက်ပြီး စတုတ္ထမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်၊ ဟိုခဲကျေးရွာအုပ်စု၊ လုံစံကျေးရွာဟာ ပလောင်တိုင်းရင်းသားများနေထိုင်တဲ့ တောင်ကုန်းပေါ်မှာရှိတဲ့ရွာ ဖြစ်ပါတယ်။ လက်ဖက်ခြောက်နဲ့ တောင်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်ပါတယ်။ အိမ်ခြေအားဖြင့် (၁၂၀)ကျော်ရှိပြီး လူဦးရေ(၇၀၀)ကျော်ရှိပါတယ်။ တောင်အောက်မှာ ရေချောင်းရှိပါတယ်။ သောက်သုံးဖို့လိုပါက တောင်အောက်က ရေကိုဆင်းပြီးခပ်ရပါတယ်။ ရွာရဲ့အရှေ့ဘက်တောင်တန်းကြီးပေါ်မှာ စိမ့်စမ်းရေတွေထွက်ရှိပါတယ်။ အဲ့ဒီရေထွက်ဟာ ရွာနဲ့(၅)မိုင်လောက်ဝေးပါတယ်။ တကယ်လို့ လုံစံရွာကို စိမ့်စမ်းရေသွယ် (၅)မိုင်ဆောင်ရွက်ပေးမယ်ဆိုရင် ရွာအတွက် အလွန်အကျိုးရှိမှာ ဖြစ်ပါသောကြောင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်၊ ဟိုခဲကျေးရွာအုပ်စု၊ လုံစံကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း(၁၊ ၂၊ ၃၊ ၄) ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံမေးမြန်းတဲ့ မေးခွန်း(၄)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မိုင်းကိုင်မြို့နယ်၊ လွယ်ကုန်ကျေးရွာအုပ်စု၊ လွယ်နမ့်တောက်ကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိမေးခွန်းနဲ့ပတ်သက်ပြီး အဆိုပါ လွယ်နမ့်တောက်ကျေးရွာသည် အိမ်ခြေ(၇၂)အိမ်ရှိပြီးတော့ လူဦးရေ (၃၂၀)ဦး ရှိပါတယ်။ လက်ရှိရေရယူသုံးစွဲမှုအနေဖြင့် (၂/၀)မိုင်ခန့်ကွာဝေးသည့် စိမ့်စမ်းရေမှ အိမ်ခြေ(၂၀)ခန့်သည် (၁/၂")ပိုက်ပျော့ဖြင့် သွယ်တန်းထားရှိပြီး သုံးစွဲနေတာရှိပါတယ်။ ကျန်အိမ်ခြေများမှာ ကိုယ်ထူကိုယ်ထသွားရောက် ခပ်ယူသုံးစွဲလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ငင်းကျေးရွာမှ (၅/၀)မိုင်ကွာဝေးသည့် စိမ့်စမ်းရေထွက်သည် ယခုလက်ရှိ အသုံးပြုလျက်ရှိသည့် စိမ့်စမ်းရေထွက်(၂/၀)မိုင်ထက် ရေထွက်အားပိုကောင်းကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ကျေးရွာအတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေကျပ်(၄၆.၂၀)သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းကိုင်မြို့နယ်၊ ဟိုနားကျေးရွာအုပ်စု၊ ဟိုနားကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၇)မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်ပတ်သက်ပြီး အဆိုပါကျေးရွာဟာ အိမ်ခြေ(၃၅)အိမ်၊ လူဦးရေ (၁၃၅)ဦး မှီတင်းနေထိုင်လျက်ရှိပြီး လက်ရှိရေရယူသုံးစွဲမှုအနေဖြင့် ကျေးရွာအနီးရှိ ချောင်းရေကိုသာ ခပ်ယူသုံးစွဲလျက်ရှိပြီး သောက်သုံးရေခက်ခဲလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ကျေးရွာနှင့် (၃/၀)မိုင်ခန့်ကွာဝေးသည့် စိမ့်စမ်းရေထွက်မှ ရေသွယ်ယူမည်ဆိုပါက သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်(၃၀.၄၅)သန်းဖြင့် ဆောင်ရွက်ရန် လျာထားတင်ပြပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ မိုင်းကိုင်မြို့နယ်၊ ခေးအုံအွေ့ကျေးရွာအုပ်စု၊ ခေးအုံအွေ့ကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး အဆိုပါကျေးရွာသည် အိမ်ခြေ(၁၇၂)အိမ်၊ လူဦးရေ (၇၄၇)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ လက်ရှိရေရယူသုံးစွဲမှုအနေဖြင့် (၃/၀)မိုင်ခန့် ကွာဝေးသည့် စိမ့်စမ်းရေထွက်မှ အိမ်ခြေ(၃၀)ခန့်သည် (၁/၂") ပိုက်ပျော့ဖြင့် သွယ်တန်းထားရှိပြီး ရယူထားတာဖြစ်ပါတယ်။ ကျန်အိမ်ခြေများမှာ ကိုယ်ထူကိုယ်ထ သွားရောက်ခပ်ယူသုံးစွဲလျက်ရှိကြောင်းတွေ့ရှိရပါတယ်။ အဆိုပါကျေးရွာအတွက် ရေရရှိရေးလုပ်ငန်းကို မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီးရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး စတုတ္ထမေးခွန်းဖြစ်တဲ့ မိုင်းကိုင်မြို့နယ်၊ ဟိုခဲကျေးရွာအုပ်စု၊ လုံစံကျေးရွာအတွက် စိမ့်စမ်းရေသွယ်(၅)မိုင်ကို ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး အဆိုပါကျေးရွာသည် အိမ်ခြေ(၁၈၈)အိမ်၊ လူဦးရေ(၉၃၆)ဦး မှီတင်း

နေထိုင်လျက်ရှိပါတယ်။ လက်ရှိရေရယူသုံးစွဲမှုအနေဖြင့် (၃/၀)မိုင်ခန့်ကွာဝေးသည့် တောင်ကျချောင်းရေကို သွားရောက်ခပ်ယူသုံးစွဲလျက်ရှိပြီး ကျေးရွာနှင့်(၃/၀)မိုင်ခန့် ကွာဝေးသည့် ရေထွက်မှသွယ်ယူမည်ဆိုပါက ရေဖူလုံစွာရရှိမှာဖြစ်ပါတယ်။ အဆိုပါ လုံစံကျေးရွာရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်း (၃/၀)မိုင် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မိုင်းကိုင်မြို့နယ်၏ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ တက်ရောက်လေ့လာကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ် အတွင်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်နှင့် ခရိုင်ရုံးများအတွက် ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင်သည့်ယာဉ်အား လျာထားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးဒဏ်ကြောင့်ဖြစ်စေ၊ တိုက်ပွဲဖြစ်ပွားမှုကြောင့်ဖြစ်စေ ထိခိုက်ဆုံးရှုံးခဲ့ရသော ပြည်သူများ၊ နေရပ်စွန့်ခွာထွက်ပြေး နေကြရသည့် စစ်ဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် ဌာန၌ ရုံးသုံးကားများရှိပါသော်လည်း ပစ္စည်းသယ်ယူပို့ဆောင်သည့်ယာဉ်မရှိ၍ ယာဉ်များ လိုက်လံငှားရမ်းကာ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ရသောကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရသည်ကို သိရှိခဲ့ရပါတယ်။ လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ

ဆောင်ရွက်နိုင်ရန် အားနည်းခဲ့ရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၍ ဖွံ့ဖြိုးမှုများစွာလိုအပ်သောဒေသ၊ အေးချမ်းတည်ငြိမ်သာယာဝပြောသောအရသာကို မခံစားရသောဒေသများတွင် ရုန်းကန်ရှင်သန်နေသည့်ပြည်သူများ ဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် နိုင်ငံတော်အစိုးရ၏ထောက်ပံ့မှုသည် ပြည်သူအတွက် အားဆေးတစ်ခွက် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ အခက်အခဲ၊ ပြည်သူများ၏ဘဝကိုစာနာသော ပြည်သူ့အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်နှင့် ခရိုင်ရုံးများအတွက် ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင်သည့်ယာဉ်အား သင့်လျော်သည့်ရန်ပုံငွေဖြင့် အမြန်ဆုံးလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အကယ်၍ ၂၀၁၉– ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေမှုမရရှိပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြည့်စွက်ရန်ပုံငွေဖြင့်ဖြစ်စေ၊ ပိုလျှံရန်ပုံငွေဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောရန်ပုံငွေဖြင့်ဖြစ်စေ ထည့်သွင်းလျာထားပေးနိုင်ပါရန်လည်း တစ်ဆက်တည်း တောင်းဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်အတွင်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ အခက်အခဲ၊ ပြည်သူများ၏ဘဝကိုစာနာသော ပြည်သူ့အစိုးရအနေဖြင့် ပြည်နယ်ရုံးနှင့် ခရိုင်ရုံးများအတွက် လိုအပ်လျက်ရှိသော ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင်သည့်ယာဉ်အား သင့်လျော်သော ရန်ပုံငွေဖြင့်အမြန်ဆုံးလျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပေးမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးများတွင် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုလုပ်ငန်းများအတွက် အသုံးပြုရန် ပြည်နယ်ဦးစီးမှူးရုံး၌ မော်တော်ယာဉ်(၃)စီးနှင့် လားရှိုးခရိုင်ရုံးတွင် မော်တော်ယာဉ်(၂)စီး၊ ကျိုင်းတုံခရိုင်ရုံးတွင် မော်တော်ယာဉ်(၁)စီးခွင့်ပြု ပေးထားပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသောခရိုင်ရုံးဖြစ်သည့် ကျောက်မဲခရိုင်ရုံးအတွက် မော်တော်ယာဉ်(၁)စီးအား ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ထားရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက် လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ဘဝနဲ့ဆန္ဒတစ်ထပ် တည်းကျပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ လားရှိုးခရိုင်၊ သိန္နီ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါ တယ်ရှင်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ သိန္နီမြို့နယ် မီးသတ်ဦးစီးဌာနတွင် လိုအပ် လျက်ရှိသည့် မီးငြိမ်းသတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား ခွဲဝေချထား ပေးရန် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လားရှိုးခရိုင်၊ သိန္နီမြို့နယ်သည် လားရှိုး– မူဆယ်နှင့် လားရှိုး– ချင်းရွှေဟော် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး မကြာခဏ ဖြစ်ပွားလျက်ရှိသော ယာဉ်မတော်တဆမှုများနှင့် အခြားသော ဘေးအန္တရာယ်များအတွက် မရှိမဖြစ်လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့်

| | | |
|---|---|---|
| (၁) | Hydraulic Rescue Cutter S 311 | (1)ခု |
| (၂) | Hydraulic Rescue Spreader SP 555 | (1)ခု |
| (၃) | Hydraulic Rescue Ram With Quick– Coupling R 412 | (1)ခု |
| (၄) | Hydraulic Power Unit P 630 OG | (1)ခု |
| (၅) | Hydraulic Pair– Coupling Extension Hose | (1)ခု |
| (၆) | Air Lifting Bag and Accessories | (1)လုံး |
| (၇) | Cylinder Air Filling Machine | (1)လုံး |

တို့ကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေတွင် ခွဲဝေချထားပေးနိုင်ပါရန် တင်ပြ တောင်းဆိုအပ်ပါတယ်။ ချပေးမည့် အစီအစဉ် ရှိ/ မရှိ ကိုလည်း သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ သီန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ မေးမြန်းလာသည့် သီန္နီမြို့နယ် မီးသတ်ဦးစီးဌာနတွင် လိုအပ်လျက်ရှိသည့် မီးငြိမ်းသတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များအတွင်း မီးလောင်မှုဖြစ်ပွားပါက အဆောက်အဦအတွင်း ပိတ်မိနေသူများ၊ ပြိုကျအဆောက်အဦများအတွင်း ပိတ်မိနေသူများ၊ ယာဉ်မတော်တဆမှုများ၌ လူပိမိနေလျှင် အသုံးပြုရသည့် Hydraulic Rescue Tools Complete Set (၁)စုံနှင့် Cylinder Air Filling Machine များအား မြို့နယ်တိုင်းတွင် ဖြည့်ဆည်းပေးရမည်ဖြစ်သော်လည်း ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှုအခြေအနေအရ သီန္နီမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် မီးငြိမ်းသတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအား လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ နမ့်ခမ်းမြို့နယ်၊ နမ့်ခမ်းမြို့ အခြေခံပညာမူလတန်းကျောင်း (မန်နား)၊ ကျောင်းဆောင်သစ် လိုအပ်နေသောကြောင့်

ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေးကိစ္စနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလို၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ နမ့်ခမ်းမြို့၊ အမှတ်(၁၃) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(မန်နား)ကျောင်းဆောင်တွင် ပညာရေးဝန်ထမ်း (၅)ဦးဖြင့် ကျောင်းသား၊ ကျောင်းသူ (၁၅၈)ဦး ပညာသင်ကြားလျက် ရှိပါတယ်။ အဆိုပါ မူလတန်းကျောင်းဆောင်သည် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၀ ခုနှစ်တွင် ကိုယ်ထူကိုယ်ထကျောင်းဆောင် ဆောက်လုပ်ခဲ့ပါတယ်။ KG တန်းမှ စတုတ္ထတန်းအထိ အခန်း(၅)ခန်းဖြင့် စာသင်ကြားခဲ့ရပါတယ်။ ယခုအချိန်တွင် တစ်နှစ်ထက်တစ်နှစ် များပြား လာသောကျောင်းသားဦးရေကြောင့် စာသင်ခန်းများလုံလောက်မှုမရှိတော့ပါ။ ကျောင်းဆောင် သစ်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ပညာသင်နှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူ လူထု၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြခြင်းဖြစ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ရဲ့ အ.မ.က (မန်နား) စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ နမ့်ခမ်းမြို့၊ အမှတ်(၁၃) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(မန်နား)သည် ကျောင်းပိုင်မြေ (၀.၉၄)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)လည်း ရှိပါတယ်။ ကျောင်းသားဦးရေမှာ KG ၂၆ ဦး၊ ပထမ တန်း ၃၉ ဦး၊ ဒုတိယတန်း ၃၆ ဦး၊ တတိယတန်း ၃၄ ဦး၊ စတုတ္ထတန်း ၁၉ ဦး၊ စုစုပေါင်း ကျောင်းသား ၁၅၄ ဦး ရှိပါတယ်။ ပင်မဆောင်(၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် သာရှိပြီး စာသင်ခန်းနှင့် ကျောင်းသားဦးရေ မျှတမှုမရှိသဖြင့် (၁၀၀×၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၉– ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်ဖြင့် ပထမဦးစားပေး လျာထားတင်ပြ ထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ မဘိမ်းမြို့ မီးသတ်စခန်းရှိ မီးသတ်ယာဉ်အား အသစ်တစ်စီးနှင့် လဲပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ မဘိမ်းမြို့ မီးသတ်စခန်းတွင် ၂၀၀၄ ခုနှစ်၊ မေလ ၅ ရက်နေ့က ထုတ်ပေးခဲ့သော တီအီးဟီးနိုး မီးသတ်ရေသယ်ယာဉ်တစ်စီး ရှိပါတယ်။ ထိုမီးသတ်ရေသယ်ယာဉ်သည် အချိန်ကြာမြင့်စွာသုံးစွဲခဲ့မှုကြောင့် ပျက်စီးနေပါတယ်။ ထိုမီးသတ်ရေသယ်ယာဉ်အစား ခေတ်မီ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် အစားထိုးလဲပေး နိုင်မှုအစီအစဉ် ရှိ/ မရှိ လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လေးစားစွာ မေးမြန်းရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက် လေ့လာပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညိုမှ မေးမြန်းလာသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ မဘိမ်းမြို့ မီးသတ်စခန်းတွင် ၂၀၀၄ ခုနှစ်၊ မေလ ၅ ရက်နေ့က ထုတ်ပေးခဲ့သော တီအီးဟီးနိုး မီးသတ်ရေသယ်ယာဉ်တစ်စီးမှာ အချိန်ကြာမြင့် စွာသုံးစွဲခဲ့မှုကြောင့် ပျက်စီးလျက်ရှိနေပါသဖြင့် မီးသတ်ရေသယ်ယာဉ်အစား ခေတ်မီ မီးသတ် ရေသယ်ယာဉ်တစ်စီးနှင့် အစားထိုးလဲပေးနိုင်မှုအစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူအကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများ

ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မီးသတ်စခန်းဖွဲ့စည်းပုံအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဖွဲ့စည်းပုံအရ မြို့နယ်မီးသတ်စခန်း(၁)ခုလျှင် မီးသတ်ယာဉ် (၄)စီးရှိရမည်ဖြစ်ပြီး၊ မဘိမ်းမြို့နယ်မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ် (၂)စီး၊ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ စုစုပေါင်း(၄)စီး ဖြည့်ဆည်းထားရှိပြီးဖြစ်သဖြင့် ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေအရ ခေတ်မီမီးသတ်ရေသယ်ယာဉ်(၁)စီး အစားထိုးလဲလှယ်ပေးရန်အစီအစဉ် မရှိသေးပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခု အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (ကိုယ်စား) လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျား။ ၂၀၁၈– ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (ကိုယ်စား) ကျွန်တော် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက တင်သွင်းသွားမှာဖြစ်ပါတယ်။ ယနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ တကွ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အစည်းအဝေးတွင် ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားသောရငွေများနှင့် ခွင့်ပြုထားသောသုံးငွေများအပြင် နောက်ထပ်ရငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အခြေပြုလျက် ပြည်နယ်လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား (၁၃– ၂– ၂၀၁၉)ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်၏ဖြည့်စွက်ခွင့်ပြုငွေအား ကျပ် ၁၇,၄၅၁.၅၆၇ သန်းဖြင့် အတည်ပြုချက်ရယူခဲ့ပြီး ဒုတိယသမ္မတစိစစ်ချက်အရ အဆိုပြုတင်ပြသည့်ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှ ကျပ် ၉,၁၈၄.၁၈၇ သန်းစိစစ်လျှော့ချခဲ့ပြီး ကျပ် ၈,၂၆၇.၃၈၀ သန်းဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော စာရင်းအရ ရှမ်းပြည်နယ်လွှတ်တော်တွင် ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒီစာရင်းဇယားကို အသေးစိတ်ဖော်ပြသွားမှာ မဟုတ်တော့ဘဲနဲ့ လိုအပ်တဲ့အကျဉ်းချုံးလောက်ပဲ တင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုဆွေးနွေး၍ ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ပေးပို့ခဲ့သော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း **၁,၄၉၂.၆၀၅** သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း **၁၅,၉၅၈.၉၆၂** သန်း၊ စုစုပေါင်း ငွေလုံးနဲ့သာမန်ပေါင်းမှာ ကျပ်သန်းပေါင်း **၁၇,၄၅၁.၅၆၇ သန်း** ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၀– ၄– ၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၇၇၁/ ၂၅၄– ရန်ပုံငွေ ၃–၆/အဖရ(၂၀၁၉)အရ ဒုတိယသမ္မတမှစိစစ်၍ ဘဏ္ဍာရေးကော်မရှင်(၂/ ၂၀၁၉)ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့သည့် ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဖြည့်စွက်

ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း **၉၀၇.၄၆၄** သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်းပေါင်း **၇,၃၅၉.၉၁၆** သန်း၊ စုစုပေါင်း ကျပ်သန်း **၈,၂၆၇.၃၈၀** သန်း ဖြစ်ပါတယ်။

အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြီး ပါက ဖြစ်ပေါ်လာမည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

စုစုပေါင်းရငွေ (သာမန်)တွင် ကျပ်သန်းပေါင်း ၄၉,၇၉၃.၃၈၄ သန်း၊ စုစုပေါင်းရငွေ (ငွေလုံးငွေရင်း)တွင် ကျပ်သန်းပေါင်း ၁၀၆.၁၂၃ သန်း၊ စုစုပေါင်း ကျပ်သန်း **၄၉,၈၉၉.၅၀၇** သန်း၊ စုစုပေါင်းသုံးငွေ (သာမန်)တွင် ကျပ်သန်းပေါင်း ၁၀၄,၆၄၄.၃၄၇ သန်း၊ စုစုပေါင်း သုံးငွေ (ငွေလုံးငွေရင်း)တွင် ကျပ်သန်းပေါင်း ၁၇၃,၁၃၄.၇၂၉ သန်း၊ စုစုပေါင်း ကျပ်သန်း **၂၇၇,၇၇၉.၀၇၆** သန်း ဖြစ်ပါတယ်။

ထို့ကြောင့် ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပြုပြင် ပြီးခန့်မှန်းခြေအရ လိုငွေဖြစ်ပေါ်သည့်အတွက် စုစုပေါင်းရငွေအပြင် ပြည်ထောင်စုထောက်ပံ့ ငွေမှရငွေ ကျပ်သန်းပေါင်း ၂၂၇,၈၇၉.၅၆၉ သန်း ရရှိမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်သို့ ယခုတင်ပြထားတဲ့ ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် အခန်း(၂)ခန်း၊ ပုဒ်မ(၃)ခုနှင့် ဇယား (၄)ခု ထည့်သွင်းရေးဆွဲထားပါတယ်။ ဇယား(၁)မှာဆိုရင် ဗဟိုအဖွဲ့အစည်း(၃)ခုရဲ့ သာမန် အသုံးစရိတ် ကျပ်သန်းပေါင်း ၃၃၃.၃၃၈ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၁,၄၄၃.၈၈၈ သန်းဖြစ်ပြီးတော့ စုစုပေါင်း ကျပ်သန်း ၁,၇၇၇.၂၂၆ သန်း ရေးဆွဲထားပါတယ်။ ဇယား(၂)မှာတော့ ပြည်နယ်အဆင့်ဦးစီးဌာန(၁၄)ခုရဲ့ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂၉၈.၉၄၄ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂,၅၃၈.၆၄၉ သန်း၊ စုစုပေါင်း ကျပ်သန်း ၂,၈၃၇.၅၉၃ သန်းရေးဆွဲထားပါတယ်။ ဇယား(၃)မှာတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂,၄၇၇.၃၇၉ သန်းနှင့် ဇယား(၄)မှာတော့ စည်ပင်သာယာရေး အဖွဲ့၏ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂၇၅.၁၈၂ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် မှာကျပ်သန်းပေါင်း ၉၀၀.၀၀၀ သန်း၊ စုစုပေါင်း ကျပ်သန်း ၁,၁၇၅.၁၈၂ သန်းအား အသီးသီး ထည့်သွင်းရေးဆွဲထားပါတယ်။

ပြည်နယ်အဆင့် ဌာန/ အဖွဲ့အစည်းများသည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဖြင့် ထပ်မံခွင့်ပြုပေးလိုက်သည့် ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း များနှင့်အညီ စနစ်တကျဖြင့် အချိန်မီသုံးစွဲနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် ယခုတင်ပြထားတဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်း ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းသော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက် (အင်္ဂါနေ့)၊ နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါ တယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (ဒုတိယနေ့)မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

## ၂၀၁၉ ခုနှစ်၊ ဇွန် လ ၁၁ ရက်

## [ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စား လှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၂.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့

ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁-၆-၂၀၁၉ ရက်နေ့ (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးစိုင်းကျော်ဇေယျ(ခ) ဦးစိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၄) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၁၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရာက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာနံနက်ခင်းပါလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။

ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု၊ ဆွန်ခိုင်းကျေးရွာအတွင်းရှိသော တန့်စီကျိုင်းဆည် ဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု၊ ဆွန်ခိုင်းကျေးရွာတွင် တောင်သူလယ်သမားတို့သည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော နမ့်ပန်ချောင်းဆည် ရေသောက်လယ်(၁၃၂)ကေကို အကျိုးပြုသည့် တန့်စီကျိုင်းဆည်သည် (၁-၈-၂၀၁၈)ရက်နေ့တွင် ရေကြီးရေလျှံမှုကြောင့် ဆည်တာရိုးကျိုး၍ ပြိုကျပျက်စီးသွားပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေတွင် ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးမည်ကို သိရှိလိုပါသဖြင့် တောင်သူလယ်သမားများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌထံသို့ ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းတဲ့ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု၊ ဆွန်ခိုင်းကျေးရွာအတွင်းရှိ တောင်သူလယ်သမားများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော တန့်စီကျိုင်းဆည်မှာ ရေကြီးရေလျှံမှုကြောင့် ဆည်တာရိုးကျိုးပြီးတော့ ပြိုကျပျက်စီးသွားပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေတွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုသည့် မေးခွန်းနဲ့ ပတ်သက်ပြီး သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု၊ ဆွန်ခိုင်းကျေးရွာအတွင်းရှိ တောင်သူလယ်သမားများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော တန့်စီကျိုင်းဆည် ပြန်လည်ပြုပြင် တည်ဆောက်မည်ဆိုပါက ချောင်းဖြောင့်ခြင်းလုပ်ငန်း အပါအဝင် ရေလွှဲဆည်ပြုပြင်တည်ဆောက်ရန်မှာ အသေးစိတ် မြေပြင်ကွင်းဆင်းတိုင်းတာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းများ စသည့်အကြိုစူးစမ်းလေ့လာခြင်း လုပ်ငန်းများ

ဆောင်ရွက်ပြီးမှသာ အသစ်ပြန်လည်တည်ဆောက်ရန်သင့်ပါတယ်။ ၂၀၁၈ ခုနှစ် မိုးရာသီ ကာလအတွင်း တန့်စီကျိုင်းဆည်ကျိုးပေါက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လုပ်ငန်းများ ပြန်လည်ပြင်ဆင်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေအား ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၁-၆-၂၀၁၉ရက်၊ အင်္ဂါနေ့မှာ ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ပြည်သူ့ ဆေးရုံ၊ ဆေးပေးခန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားမှု အခြေအနေနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းနှင့် အစိုးရဆေးရုံ၊ ဆေးပေးခန်းတို့မှ ထွက်ရှိသော ကူးစက် တတ်သော ရောဂါပိုးများပါဝင်သည့် စွန့်ပစ်ပစ္စည်းများ၊ မကူးစက်တတ်သော ပစ္စည်းများ၊ ဆေးထိုးအပ်များ၊ ဖန်ပုလင်းများကို စွန့်ပစ်ရာတွင် တာဝန်ရှိ ဆရာဝန်တစ်ဦး၏ ပြောကြားချက်အရ ၎င်းတို့ အစီအစဉ်ဖြင့် စွန့်ပစ်ဖျက်ဆီးမီးရှို့နေရသည်ဟု သိရှိရပါတယ်။ မြန်မာနိုင်ငံနှင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ ပွင့်လင်းလာသော အချိန်ကာလနှင့် အညီ ပုဂ္ဂလိကဆေးရုံများ၊ ဆေးပေးခန်းများ အများအပြား ပေါ်ပေါက်လာသည်ကို အားလုံး အသိပင်ဖြစ်ပါတယ်။ ၎င်းဆေးရုံ၊ ဆေးပေးခန်းများမှ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းများကို ၎င်းတို့ကိုယ်တိုင် စွန့်ပစ်နေရတာကိုလည်း ကြားသိနေရပါတယ်။ ၎င်းဆေးရုံ၊ ဆေးပေးခန်း

များ ပေါ်ပေါက်လာသည်မှာ ပြည်သူလူထုအတွက် ရွေးချယ်စရာများပြားပြီး၊ မိမိတို့ ငွေကြေးတတ်နိုင်သည့် ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆေးကုသမှုခံယူပြီး ကျန်းမာရေး ဝန်ဆောင်မှုရရှိသည်မှာလည်း ကောင်းမွန်သော အနေအထားတွင်ရှိပါတယ်။ ၎င်းဖော်ပြထားသော ဆေးရုံများ၊ ဆေးပေးခန်းများမှာလည်း လူနာအများအပြားများကို ကုသမှုပေးနေတာကိုလည်း အားလုံးအသိပင် ဖြစ်ပါတယ်။ ကျွန်တော်သိချင်တာကတော့ ၎င်းဆေးရုံ၊ ဆေးပေးခန်းများမှ ထွက်ရှိလာတဲ့ ကူးစက်တတ်တဲ့ရောဂါပိုးပါဝင်တဲ့ပစ္စည်းများ၊ မကူးစက်တတ်တဲ့ရောဂါများအတွက် အသုံးပြုထားတဲ့ ပစ္စည်းများကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ တစ်ချို့ဆိုရင်လည်း Incineratorနဲ့ စနစ်တကျဖျက်ဆီးတာတွေရှိတာကို သိရပါတယ်။ ကျွန်တော်တို့ ညောင်ရွှေမြို့နယ်မှာဆိုရင် ပြည်သူ့ဆေးရုံမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အလှူရှင်တွေနဲ့ Incineratorတစ်လုံးကို တည်ဆောက်ထားတာဖြစ်ပါတယ်။ စနစ်တကျပိုမို ကောင်းမွန်တဲ့ Incineratorကိုတော့ မရရှိသေးပါဘူး။ ထို့အတူ နန်းပန်ဆေးရုံမှာ လူနာများ များပြားပြီးတော့မှ စွန့်ပစ်ပစ္စည်းတွေကိုလည်း ထိုက်သင့်သလို စွန့်ပစ်နေရတာကို မြင်တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ၎င်းဆေးရုံ၊ ဆေးပေးခန်းများမှ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းများကို မည်ကဲ့သို့ လမ်းညွှန်ထားကြောင်း၊ မည်ကဲ့သို့ဥပဒေလုပ်ထုံးလုပ်နည်းများရှိကြောင်း၊ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို အများပြည်သူများ ကြောင့်ကြမှု ကင်းစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်း အဖြစ်လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများနှင့် ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများမှ ထွက်ရှိသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်၊ သွေးစွန်းနေသော ဂွမ်းစများ၊ ပလပ်စတစ်အိတ်များစသည်ဖြင့် ရောဂါကူးစက်တတ်သော၊ မကူးစက်တတ်သော စွန့်ပစ်ပစ္စည်းများအား မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကိုသိရှိလိုပါသည်ဆိုသည့်မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဆေးရုံများတွင် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်း လမ်းညွှန် ( Hospital Infection Control Guidlines )ကို ၂၀၁၆ခုနှစ်တွင် ဖြန့်ဝေညွှန်ကြားခဲ့ ပါသည်။ ၎င်းညွှန်ကြားချက်နှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်း များနှင့် ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများအား ၎င်းတို့မှထွက်ရှိသော ဆေးထိုးအပ်၊ ဆေးထိုး ပြွန်၊ သွေးစွန်းနေသော ဂွမ်းစများ၊ ပလတ်စတစ်အိတ်များ စသည့် ရောဂါကူးစက်တတ်သော မကူးစက်သော စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ရာတွင် အမှိုက်နှင့် စွန့်ပစ်ပစ္စည်း အမျိုးအစား များကို အန္တရာယ်မဖြစ်စေနိုင်သောစွန့်ပစ်ပစ္စည်းများ (Non-Hazardous Waste)၊ အန္တရာယ် ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများ၊ (Hazardous Waste)များအနေဖြင့် ခွဲခြား သတ်မှတ် ခြင်း၊ အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ ခွဲခြားထားသိုခြင်း(Separation)၊ စနစ်တကျသယ်ဆောင် ခြင်း (Transport)၊ ယာယီသိမ်းဆည်းရန်နေရာတွင် စနစ်တကျထားသိုခြင်း၊ မစွန့်ပစ်မီ ပိုးသတ်သန့်စင်ခြင်း (Disinfection) စသော နည်းလမ်းများအတိုင်း ဆောင်ရွက်ရန် လမ်းညွှန် ထားရှိပြီး စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် မြေမြှုပ်ခြင်း၊ မီးရှို့စက်(Incinerator)ဖြင့် မီးရှို့ခြင်း၊ သက်ဆိုင်ရာအမှိုက်သိမ်းကုမ္ပဏီနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ အကူအညီရယူဆောင်ရွက်ခြင်း၊ အဏုမြူရောင်ခြည်ဆေးကုဌာနနှင့် ဓာတ်ရောင် ခြည် ဆေးကုဌာန များမှ Radiation Hazard ပစ္စည်းများ စွန့်ပစ်ရာတွင် အဏုမြူစွမ်းအင် ဦးစီးဌာနမှ သတ်မှတ်ချက်များနှင့်အညီ စွန့်ပစ်ခြင်းများကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြား ထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ ဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး ၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပါဝါပွိုင့်အသုံးပြု၍ တင်ပြခွင့်ပြုပါ။

ယနေ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်အစည်းအဝေး ဒုတိယနေ့မှာ ကျွန်တော်မေးမြန်းသွားမှာကတော့ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုနှင့် ယန်းကျိန်ကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်များအား ကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ (၂၄- ၄- ၂၀၁၉) ရက်နေ့ ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့၏ ကတ်တောင်ကျေးရွာအုပ်စု လူထုတွေ့ဆုံပွဲတွင် အောက်ပါအတိုင်း တင်ပြတောင်းဆိုခဲ့ပါတယ်။

ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စုနှင့် ယန်းကျိန်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများသည် ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်များပြုလုပ်ကာ ရေရယူစိုက်ပျိုးလျက်ရှိပါတယ်။ သို့သော်လည်း စိုက်ပျိုးရာသီရောက်တိုင်း အဆိုပါလက်ရိုက်ဆည်၏ မိုးတွင်းကာလ ပျက်စီးသွားသည့်အစိတ်အပိုင်းများအား နှစ်စဉ်ပြုပြင်နေရခြင်းဖြင့် အချိန်ကုန်ငွေကုန်ကြေးကျများပြားလာခြင်းတို့ကြောင့် အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဲဆည်များအဖြစ် ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြပါတယ်။

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စု- လားမိုင်းကျေးရွာ အကျိုးပြုဧက(၂၀၀) အတွက် နမ့်ဟစ်ချောင်းပေါ်ရှိ အကျယ်(၈၅)ပေရှိ ဖိုင်လုံရေလွှဲဆည်၊ ဝမ်ကန်းကျေးရွာ အကျိုးပြုဧက(၃၀၀)အတွက် နမ့်လိတ်ချောင်းပေါ်ရှိ အကျယ် (၁၀၀)ပေ၊ ဝမ်ကန်းရေလွှဲဆည်၊ ရန်းဆော်ကျေးရွာ အကျိုးပြု ဧက(၅၀၀)အတွက် နမ့်လိန်ချောင်းပေါ်ရှိ အကျယ် (၅၀)ပေ ဖာဆတ်ရေလွှဲဆည်၊ နောင်အောကျေးရွာအကျိုးပြု ဧက(၁၀၀၀)အတွက် နမ့်ခင်ချောင်းပေါ်ရှိ အကျယ် (၇၀)ပေရှိ နောင်အောရေလွှဲဆည်၊ ပါဆန်းကျေးရွာ အကျိုးပြုဧက(၁၀၀)အတွက် နမ့်ဖူးချောင်းပေါ်ရှိ အကျယ်(၇၅)ပေ နမ့်ဖူးရေလွှဲဆည်၊ ကျိုင်းတုံမြို့နယ်၊ ယန်းကျိန်ကျေးရွာအုပ်စု၊ ယန်းဟောက်ကျေးရွာအကျိုးပြု ဧက(၃၀၀)အတွက် နမ့်ခတ်ချောင်းပေါ်ရှိ အကျယ်(၄၅)ပေရှိ နမ့်မိုလစ်ရေလွှဲဆည် တို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ ကျွန်တော်တို့ဒေသမှာရှိတဲ့ ခေတ်အဆက်ဆက် အမွေလျော့ခံ ဒေသခံတိုင်းရင်းသားတောင်သူများအတွက် စိုက်ပျိုးရေးလုပ်ကိုင်ရန် အခိုင်အမာကျောက်စီရေလွှဲဆည်များ ရရှိလိုချင်ကြပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုနှင့် ယန်းကျိန်ကျေးရွာအုပ်စုများ အတွင်းရှိ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်များအား ကျောက်စီကွန်ကရစ်ရေလွှဲဆည်များ အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါကလည်း မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးရန်ရှိကြောင်း၊ ဒေသခံပြည်သူများ၏ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာ ပါခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး မေးမြန်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

မေးမြန်းတဲ့မေးခွန်းကတော့ ကတ်တောင်ကျေးရွာအုပ်စုနှင့် ယန်းကျိန်ကျေးရွာ အုပ်စုများအတွင်းရှိ ဒေသခံပြည်သူများပြုလုပ်ထားတဲ့ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်များ အား ကျောက်စီကွန်ကရစ်ရေလွှဲဆည်များအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုသည့်မေးခွန်းကို အောက်ပါအတိုင်း တစ်ခုချင်းရှင်းလင်းစွာ ဖြေကြားအပ်ပါတယ်။

ပထမဦးစွာ လားမိုင်းကျေးရွာ အကျိုးပြုဧက(၂၀၀)အတွက် နမ့်ဟစ်ချောင်းပေါ်ရှိ အကျယ်(၈၅)ပေ၊ ဖိုင်လုံရေလွှဲဆည်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာ အုပ်စုအတွင်းရှိ လားမိုင်းကျေးရွာအနီး နမ့်ဟစ်ချောင်းပေါ်တွင် ဒေသခံတောင်သူများဟာ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်ပြီး နမ့်ဟစ်ချောင်းရေကို သွယ်ယူ ၍ မိုးစပါးလယ်မြေ(၂၀၀)ဧကခန့် စိုက်ပျိုးလျက်ရှိပါတယ်။ အဆိုပါဒေသ လက်ရိုက်ဆည်မှာ မျော၊ ဝါးများဖြင့် ပြုလုပ်ထားခြင်း၊ ရေသွယ်ယူစိုက်ပျိုးလျက်ရှိသော ရေပေးတူးမြောင်းမှာ လည်းချောင်းကမ်းပါးယံဘေးမှ သွယ်တန်းရယူလျက်ရှိပါတယ်။ နှစ်စဉ်မိုးရာသီကာလတွင် ချောင်းရေစီးအားဒဏ်ကြောင့် ဒေသလက်ရိုက်ဆည်မှာ မကြာခဏ ကျိုးပေါက်ခြင်း၊ စိုက်ပျိုး ရေခွဲဝေသုံးစွဲရာတွင် လုံလောက်စွာမရရှိခြင်း၊ ချောင်းကမ်းပါးယံရှိ ရေပေးတူးမြောင်းမှာ ချောင်းရေတိုက်စားမှုဒဏ်ခံရခြင်းကြောင့် ပြိုကျသောနေရာများ ဖြစ်ပေါ်လျက်ရှိပြီး တောင်သူ များမှ ရေရှည်အသုံးမပြုနိုင်ဘဲ နှစ်စဉ်ပြုပြင်ရခြင်း၊ ပြုပြင်စရိတ်များ မြင့်မားလာခြင်းတို့ ကြောင့် ဒေသခံတောင်သူများအနေဖြင့် ပြုပြင်တည်ဆောက်ပေးရန်နှင့် ရေပေးတူးမြောင်း ပြိုကျခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါ ဒေသခံတောင်သူများ အနေဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်း အသုံးပြုနေရပြီးအခက်အခဲများ ကြုံတွေ့နေရသဖြင့်

အခိုင်အမာကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်း မြေထိန်းနံရံများ ပြုပြင်ပေးနိုင်ပါက မိုးစပါးလယ်မြေ (၂၀၀)ကေခန့်ကို အောင်ရေရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဆည်အား အခိုင်အမာ ကျောက်စီကွန်ကရစ်ရေလွှဲဆည် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်း မြေထိန်းနံရံများ ပြုပြင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၁၆၀.၀၀)ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်စီမံကိန်းတွင် စီမံကိန်းရေးဆွဲအကောင် အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယတစ်ခုဖြစ်တဲ့ ဝမ်ကန်းကျေးရွာ အကျိုးပြုဧက(၃၀၀)အတွက် နမ့်လိတ်ချောင်းပေါ်ရှိ အကျယ်(၁၀၀)ပေ၊ ဝမ်ကန်းရေလွှဲဆည်နှင့်ပတ်သက်ပြီး ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ကန်းကျေးရွာအနီး နမ့်လိတ်ချောင်းပေါ်တွင် ဒေသခံတောင်သူများမှ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထလက်ရိုက်ဆည်ပြုလုပ်ကာ နမ့်လိတ်ချောင်းရေကိုသွယ်ယူ၍ မိုးစပါးလယ်မြေ(၃၀၀)ကေခန့်ကို စိုက်ပျိုးလျက်ရှိပါတယ်။ အဆိုပါ ဒေသလက်ရိုက်ဆည်မှာ မျော၊ ဝါးများဖြင့် ပြုလုပ်ထားခြင်း၊ ရေသွယ်ယူစိုက်ပျိုးလျက်ရှိသော ရေပေးတူးမြောင်းမှာလည်း တိမ်ကောလျက်ရှိပါတယ်။ မိုးရာသီကာလတွင် ချောင်းရေစီးအားဒဏ်ကြောင့် ဒေသလက်ရိုက်ဆည်မှာ မကြာခဏ ကျိုးပေါက်ခြင်း၊ စိုက်ပျိုးရေပေးဝေလျက်ရှိသော ရေပေးတူးမြောင်းမှာ တိမ်ကောနေပြီး စိုက်ပျိုးရေနှင့် အောင်ရေကို ခွဲဝေသုံးစွဲရာတွင် လုံလောက်စွာ မရရှိခြင်း၊ တောင်သူများမှ ရေရှည်အသုံးမပြုနိုင်ဘဲ နှစ်စဉ်ပြုပြင်ရခြင်း၊ ပြုပြင်စရိတ်များ မြင့်မားလာခြင်းတို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် အခိုင်အမာကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန်နှင့် တိမ်ကောနေသော ရေသောက်တူးမြောင်းအား ပုံစံကျပြန်လည်တူးဖော်ခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်း အသုံးပြုနေရပြီး အခက်အခဲများ ကြုံတွေ့နေရသဖြင့် အခိုင်အမာကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်းပုံစံကျ ပြန်လည်တူးပေးနိုင်ပါက မိုးစပါးလယ်မြေ (၃၀၀)ကေခန့်ကို အောင်ရေရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဆည်အား အခိုင်အမာကျောက်စီကွန်ကရစ် ရေလွှဲဆည် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်(၁၆၅.၀၀)သန်းအား ကျိုင်းတုံမြို့နယ်စီမံကိန်းတွင်

စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပြီး ဦးစားပေး အလိုက်ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး ရန်းဆော်ကျေးရွာ အကျိုးပြုဧက(၅၀၀)အတွက် နမ့်လိန်ချောင်း ပေါ်ရှိ အကျယ်(၅၀)ပေ ဖာဆတ်ရေလွှဲဆည်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့နယ်၊ ကတ်တောင် ကျေးရွာအုပ်စုအတွင်းရှိ ရန်းဆော်ကျေးရွာအနီး နမ့်လိန်ချောင်းပေါ်တွင် ဒေသခံတောင်သူ များမှ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထဒေသလက်ရိုက်ဆည်ပြုလုပ်ကာ နမ့်လိန်ချောင်း ရေကိုသွယ်ယူ၍ မိုးစပါးလယ်မြေ(၅၀၀)ဧကခန့်ကို စိုက်ပျိုးလျက်ရှိပါတယ်။ အဆိုပါ ကိုယ်ထူ ကိုယ်ထ လက်ရိုက်ဆည်အား ဒေသခံတောင်သူများမှ နှစ်စဉ်စိုက်ပျိုးရာသီအမီ ပြန်လည် ပြုပြင်ရခြင်း၊ မိုးများစွာရွာသွန်းသည့်အခါ ချောင်းရေစီးအားဒဏ်ကြောင့် မကြာခဏ ကျိုးပေါက်လေ့ရှိပြီး နှစ်စဉ်အကြိမ်ကြိမ်ပြုပြင်နေရခြင်း၊ ပြုပြင်စရိတ်များမြင့်မားလာခြင်း၊ စိုက်ပျိုးလယ်မြေများသို့ အောင်ရေရရှိသည်အထိ ခက်ခဲစွာ ရေရယူဆောင်ရွက်ရသည့် အတွက် အခိုင်အမာကျောက်စီ ကွန်ကရစ်ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ကွင်းဆင်းစိစစ်ချက်အရ အခိုင်အမာ ရေလွှဲဆည် တည်ဆောက်နိုင်ရန်အတွက် တည်ဆောက်ရေးပစ္စည်းများ သယ်ပို့နိုင်ရန် ဆည်အဝင် ချဉ်းကပ်လမ်းအသစ် ဖောက်လုပ်ရမည်ဖြစ်ပြီး ချဉ်းကပ်လမ်းဖောက်လုပ်ပါက လမ်းဖောက် လုပ်မှုကြောင့် လယ်မြေများဆုံးရှုံးနိုင်ခြင်း၊ ကုန်ကျစရိတ်များပြားနိုင်ခြင်း၊ လူအားဖြင့် တည်ဆောက်ရေးပစ္စည်းများ လုပ်ငန်းခွင်အရောက် သယ်ယူရွှေ့ပြောင်းရန်မှာလည်း လုပ်အားခ အဆမတန် ကုန်ကျစရိတ်များပြားနိုင်ခြင်းကြောင့် အခိုင်အမာရေလွှဲဆည် တည်ဆောက် ပေးရန် သင့်လျော်မှုမရှိပါဘူး။ အဆိုပါ အခက်အခဲများကြောင့် ရေလွှဲဆည်တည်ဆောက် ပေးမည့်အစား(၈)လက်မအချင်း M.S Pipe ရေသွယ်လျှောက်ဖြင့် ရေကို သွယ်တန်းပေးပါက ကုန်ကျစရိတ် သက်သာနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူများ၏ မိုးစပါးလယ်မြေ(၅၀၀) ဧကခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ (၈)လက်မ အချင်း M.S Pipe ရေသွယ်လျှောက် တည်ဆောက်ပေးခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျ ငွေကျပ်သန်း(၆၀)အား ကျိုင်းတုံမြို့နယ်စီမံကိန်းတွင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ဦးစားပေး အလိုက်ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ် ပါသည်။

နောင်အောကျေးရွာ အကျိုးပြု ဧက (၁၀၀၀)အတွက် နမ့်ခင်ချောင်းပေါ်ရှိ အကျယ် (၇၀)ပေရှိ နောင်အောရေလွှဲဆည်နှင့် ပတ်သက်၍ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ နောင်အောကျေးရွာအနီး နမ့်ခင်ချောင်းပေါ်တွင် ဒေသခံတောင်သူများမှ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ ဒေသလက်ရိုက်ဆည်ပြုလုပ်ကာ နမ့်ခင်ချောင်းရေကို သွယ်ယူ၍ မိုးစပါးလယ်မြေ(၁၀၀၀)ဧကခန့်ကို စိုက်ပျိုးလျက်ရှိပါတယ်။ အဆိုပါ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ဒေသခံတောင်သူများမှ နှစ်စဉ်စိုက်ပျိုးရာသီအမီ ပြန်လည်ပြုပြင်ရခြင်း၊ မိုးများစွာရွာသွန်းသည့်အခါ ချောင်းရေစီးအားဒဏ်ကြောင့် မကြာခဏ ကျိုးပေါက်လေ့ရှိပြီး နှစ်စဉ်အကြိမ်ကြိမ် ပြုပြင်နေရခြင်း၊ ပြုပြင်စရိတ်များ မြင့်မားလာခြင်း၊ စိုက်ပျိုးလယ်မြေများသို့ အောင်ရေရရှိသည်အထိ ခက်ခဲစွာရေရယူ ဆောင်ရွက်ရသည့်အတွက် အခိုင်အမာ ကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန် လိုအပ်လျက် ရှိပါတယ်။ ကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန်မှာ ကုန်ကျစရိတ်များပြားသောကြောင့် တည်ဆောက်မှု ကုန်ကျစရိတ် ပိုမိုနည်းပါးသည့် အမျိုးအစားဖြစ်သော ကျောက်ဖြည့်ရေလွှဲဆည်အဖြစ်သာ တည်ဆောက်ပေးရန် သင့်လျော်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင် ထိန်းသိမ်းအသုံးပြုနေရပြီး အခက်အခဲများ ကြုံတွေ့နေရသဖြင့် အခိုင်အမာ ကျောက်ဖြည့်ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးနိုင်ပါက မိုးစပါးလယ်မြေ(၁၀၀၀)ဧကခန့်ကို အောင်ရေရရှိသည်အထိစိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဆည်အား အခိုင်အမာကျောက်ဖြည့်ရေလွှဲဆည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း (၁၃၀.၀၀)အား ကျိုင်းတုံမြို့နယ်စီမံကိန်းတွင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး ဦးစားပေးအလိုက်ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်းဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းလေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။

ပါဆန်းကျေးရွာအကျိုးပြု ဧက(၁၀၀)အတွက် နမ့်ဖူးချောင်းပေါ်ရှိ အကျယ်(၇၅)ပေ နမ့်ဖူးရေလွှဲဆည်နှင့် ပတ်သက်၍ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ပါဆန်းကျေးရွာအနီး နမ့်ဖူးချောင်းပေါ်တွင် ဒေသခံတောင်သူများမှ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထဒေသလက်ရိုက်ဆည်ပြုလုပ်ကာ နမ့်ဖူးချောင်းရေကို သွယ်ယူ၍ မိုးစပါးလယ်မြေ (၁၀၀) ဧကခန့်ကို စိုက်ပျိုးလျက်ရှိပါတယ်။ အဆိုပါ ဒေသလက်ရိုက်ဆည်မှာ မျော၊ ဝါးများဖြင့် ပြုလုပ်ထားခြင်း၊ ရေသွယ်ယူစိုက်ပျိုးလျက်ရှိသော ရေပေးတူးမြောင်းမှာလည်း ချောင်းကမ်းပါးယံဘေးမှ သွယ်တန်းရယူလျက်ရှိပါသည်။ နှစ်စဉ်မိုးရာသီကာလတွင် ချောင်းရေစီးအား ဒဏ်ကြောင့် ဒေသလက်ရိုက်ဆည်မှာ မကြာခဏ ကျိုးပေါက်ခြင်း၊ စိုက်ပျိုးရေခွဲဝေသုံးစွဲရာ

တွင် လုံလောက်စွာ မရရှိခြင်း၊ ချောင်းကမ်းပါးယံ့ရှိ ရေပေးတူးမြောင်းမှာ ချောင်းရေတိုက်စားမှုဒဏ်ခံရခြင်းကြောင့် ပြိုကျသောနေရာများ ဖြစ်ပေါ်လျက်ရှိပြီး တောင်သူများမှ ရေရှည်အသုံးမပြုနိုင်ဘဲ နှစ်စဉ်ပြုပြင်ရခြင်း၊ ပြုပြင်စရိတ်များ မြင့်မားလာခြင်းတို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် ပြုပြင်တည်ဆောက်ပေးရန်နှင့် ရေပေးတူးမြောင်း ပြိုကျခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင် ထိန်းသိမ်းအသုံးပြုနေရပြီး အခက်အခဲများ ကြုံတွေ့နေရသဖြင့် အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်း မြေထိန်းနံရံများ ပြုပြင်ပေးနိုင်ပါက မိုးစပါးလယ်မြေ(၁၀၀)ကေခန့်ကို အောင်ရေရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဆည်အား အခိုင်အမာကျောက်စီကွန်ကရစ်ရေလွှဲဆည် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်း မြေထိန်းနံရံ ပြုပြင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၁၁၀.၀၀)အား ကျိုင်းတုံမြို့နယ်စီမံကိန်းတွင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်၊ ယန်းကျိန်ကျေးရွာအုပ်စု၊ ယန်းဟောက်ကျေးရွာ အကျိုးပြုကေ(၃၀၀)အတွက် နမ့်ခတ်ချောင်းပေါ်ရှိ အကျယ်(၄၅)ပေရှိ နမ့်မိုလစ်ရေလွှဲဆည်နှင့် ပတ်သက်ပြီး ကျိုင်းတုံမြို့နယ်၊ ယန်းကျိန်ကျေးရွာအုပ်စုအတွင်းရှိ ယန်းဟောက်ကျေးရွာအနီး နမ့်ခတ်ချောင်းပေါ်တွင် ဒေသခံတောင်သူများမှ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ ဒေသလက်ရိုက်ဆည်ပြုလုပ်ကာ နမ့်ခတ်ချောင်းရေကိုသွယ်ယူ၍ မိုးစပါးလယ်မြေ(၃၀၀)ကေခန့်ကို စိုက်ပျိုးလျက်ရှိပါတယ်။ အဆိုပါ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ဒေသခံတောင်သူများမှ နှစ်စဉ်စိုက်ပျိုးရာသီအမီ ပြန်လည်ပြုပြင်ရခြင်း၊ မိုးများစွာ ရွာသွန်းသည့်အခါ ချောင်းရေစီးအား ဒဏ်ကြောင့် မကြာခဏ ကျိုးပေါက်လေ့ရှိပြီး နှစ်စဉ်အကြိမ်ကြိမ် ပြုပြင်နေရခြင်း၊ ပြုပြင်စရိတ်များ မြင့်မားလာခြင်း၊ စိုက်ပျိုးလယ်မြေများသို့ အောင်ရေရရှိသည်အထိ ခက်ခဲစွာ ရေရယူဆောင်ရွက်ရသည့်အတွက် အခိုင်အမာကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးရန်မှာ ကုန်ကျစရိတ်များပြားသောကြောင့် တည်ဆောက်မှု ကုန်ကျစရိတ် ပိုမိုနည်းပါးသည့်အမျိုးအစားဖြစ်သော ကျောက်ဖြည့်ရေလွှဲဆည်အဖြစ်သာ တည်ဆောက်ပေးရန် သင့်လျော်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်း အသုံးပြုနေရပြီး အခက်အခဲများ ကြုံတွေ့နေရသဖြင့်

အခိုင်အမာ ကျောက်ဖြည့်ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးနိုင်ပါက မိုးစပါး လယ်မြေ(၃၀၀)ကေခန့်ကို အောင်ရေရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဆည်အား အခိုင်အမာ ကျောက်ဖြည့်ရေလွှဲဆည် ပြုပြင်တည်ဆောက်ခြင်းနှင့် ရေပေးတူးမြောင်းမြေထိန်းနံရံ ပြုပြင်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၈၅.၀၀)သန်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ယခုတင်ပြတဲ့ဆည်(၆)ခုအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း(၇၁၀.၀၀)ဖြစ်တဲ့အတွက် ကျိုင်းတုံမြို့နယ်စီမံကိန်းတွင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက ပထမမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံးနဲ့ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ ကျွန်မမေးမြန်းမဲ့မေးခွန်းကတော့ မြို့နယ်အဆင့်ရှိ အငယ်တန်းဝန်ထမ်းများအား ရွေးချယ်ရေးနဲ့ စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

မြို့နယ်အဆင့်ရှိ အငယ်တန်းဝန်ထမ်းများအား ရွေးချယ်ရာမှာ ရှမ်းပြည်နယ်တောင်ပိုင်းမှာနေထိုင်သူများဟာ တောင်ကြီးမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှာနေထိုင်သူများဟာ လားရှိုးမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာနေထိုင်သူများဟာ ကျိုင်းတုံမြို့၌လည်းကောင်း လျှောက်လွှာများတောင်းခံခြင်း၊ ရေးဖြေစာမေးပွဲများ ဖြေဆိုခြင်းများ ဆောင်ရွက်နေရပါတယ်။

မြို့နယ်အဆင့် အငယ်တန်းဝန်ထမ်းများအား ထိုသို့ရွေးချယ်ရာတွင် ဖြေဆိုသူများအနေဖြင့် တွေ့ကြုံရမည့် အခက်အခဲများမှာ –

(၁) အခြားမြို့သို့ လျှောက်လွှာစာရွက်များ သွားယူခြင်း၊ သွားရောက်ဖြေဆိုခြင်းများ စသည်တို့ကို နှစ်ကြိမ်ပြုလုပ်ရသည့်အတွက် စရိတ်စကများကုန်ကျခြင်း၊ အချိန်ကြာမြင့်ခြင်း၊

(၂) ၎င်းမြို့ကြီးများရှိ အုပ်ချုပ်ရေးယန္တရားများနှင့် နီးစပ်သူများကသာ အလုပ်အကိုင်ရရှိရန် အခွင့်အရေး ပိုမိုများပြားခြင်းနှင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေနိုင်ခြင်း၊

(၃) အခြားမြို့မှရောက်လာမည့် ဝန်ထမ်းများသည် ၎င်းတို့ တာဝန်ထမ်းဆောင်မည့် မြို့၏ အခြေအနေအား ပြန်လည်လေ့လာခြင်းများ နေသားတကျဖြစ်အောင် လုပ်ဆောင်နေရသောကြောင့် အချိန်များ ကြန့်ကြာခြင်း၊ ၎င်းတို့၏ လုပ်သက်သက်တမ်း တစ်ဝက်လောက်ရောက်မှ နယ်မြေအခြေအနေအကြောင်းအနည်းအကျဉ်းသာ သိရှိနိုင်ခြင်းတို့ကြောင့် လုပ်ငန်းလုပ်ဆောင်ရာတွင် နှောင့်နှေးမှု ဖြစ်စေခြင်း၊

(၄) မိမိမြို့နယ်အခြေအနေ အရပ်ရပ်အား သိကျွမ်းနားလည်ပြီးသော ဒေသခံများအတွက် အလုပ်အကိုင်ရရှိမှု အခွင့်အရေး နည်းပါးခြင်းစသည့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း အားလုံးလည်းသိရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်အဆင့်ရှိ အငယ်တန်းဝန်ထမ်းများအား ရွေးချယ်ရာတွင် ဖော်ပြပါ အခက်အခဲများ မဖြစ်ပေါ်စေရန် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်နှင့် မိမိဒေသဖွံ့ဖြိုးရေး၊ မိမိကိုယ်တိုင်ဆောင်ရွက်ရေး စသည့် Ownership Sense များ ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနအကြီးအကဲများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် သက်ဆိုင်ရာ မြို့နယ်အဆင့်ဖြင့်သာ ရွေးချယ်သွားနိုင်ရေး ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/ မရှိ ဒေသခံပြည်သူများကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြို့နယ်အဆင့် အငယ်တန်းဝန်ထမ်းများအား ရွေးချယ်ရာတွင်

(၁) အခြားမြို့သို့ လျှောက်လွှာစာရွက်များ သွားယူခြင်း၊ သွားရောက်ဖြေဆိုခြင်းများ စသည်တို့ကို နှစ်ကြိမ်ပြုလုပ်ရသည့်အတွက် စရိတ်စကများကုန်ကျခြင်း၊ အချိန်ကြာမြင့်ခြင်း၊

(၂) ၎င်းမြို့ကြီးများရှိ အုပ်ချုပ်ရေးယန္တရားများနှင့် နီးစပ်သူများကသာ အလုပ်အကိုင်ရရှိရန် အခွင့်အရေး ပိုမိုများပြားခြင်းနှင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေနိုင်ခြင်း၊

(၃) အခြားမြို့မှရောက်လာမည့် ဝန်ထမ်းများသည် ၎င်းတို့ တာဝန်ထမ်းဆောင်မည့် မြို့၏ အခြေအနေအား ပြန်လည်လေ့လာခြင်းများ နေသားတကျဖြစ်အောင် လုပ်ဆောင်နေရသောကြောင့် အချိန်များ ကြန့်ကြာခြင်း ၎င်းတို့၏ လုပ်သက်သက်တမ်း တစ်ဝက်လောက်ရောက်မှ နယ်မြေအခြေအနေအကြောင်းအနည်းအကျဉ်းသာ သိရှိနိုင်ခြင်းတို့ကြောင့် လုပ်ငန်းလုပ်ဆောင်ရာတွင် နှောင့်နှေးမှု ဖြစ်စေခြင်း၊

(၄) မိမိမြို့နယ်အခြေအနေ အရပ်ရပ်အား သိကျွမ်းနားလည်ပြီး ဒေသခံများအတွက် အလုပ်အကိုင်ရရှိမှုများ အခွင့်အရေးနည်းပါးခြင်းစသည့် အခက်အခဲများဖြစ်ပေါ်နေခြင်း၊

စသည့်ဖော်ပြပါ အခက်အခဲများ မဖြစ်ပေါ်စေရန် ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီး ပေးရန်နှင့် မိမိဒေသဖွံ့ဖြိုးရေး၊ မိမိကိုယ်တိုင်ဆောင်ရွက်ရေးစသည့် Ownership Senseများ ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနအကြီးအကဲများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် သက်ဆိုင်ရာ မြို့နယ်အဆင့်ဖြင့်သာ ရွေးချယ်သွားနိုင်ရေး ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်း၍ ဖြေကြားအပ်ပါတယ်။

ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာခေါ်ယူခြင်း၊ သက်ဆိုင်ရာမြို့နယ်များ၌ လျှောက်လွှာခေါ်ယူခြင်းများ၊ ဖြေဆိုခြင်းများကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။

(၂၆.၃.၂၀၁၄)ရက်စွဲဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၁၅) တွင် အောက်ပါရာထူးအဆင့်များကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက စတင်ခန့်အပ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) အကူဝန်ထမ်းအဆင့်(၁)
( ခ) စာရေးဝန်ထမ်းအဆင့်(၁)
( ဂ) ကျွမ်းကျင်ဝန်ထမ်းအဆင့် (၁) နှင့် အဆင့် (၄)
(ဃ) ပညာရှင်အဆင့် (၁)၊ အဆင့် (၂)နှင့် အဆင့် (၃)
( င) စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး) အဆင့် (၁)
( စ) စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊ လူမှုရေး)အဆင့် (၁)

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်(၁၈)တွင်လည်း "ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများသည် ပြင်ပပုဂ္ဂိုလ်များအား နည်းဥပဒေ ၁၅ ပါ စတင်ခန့် ရာထူးအဆင့်များတွင် ရွေးချယ်ခန့်ထားရန်လိုအပ်ပါက **ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ** ဖွဲ့စည်းရမည်"ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်၁၉(က)တွင် အကူဝန်ထမ်းအဆင့်(၁)နှင့် စာရေးဝန်ထမ်းအဆင့်(၁) ရာထူးများ လစ်လပ်မှုရှိသဖြင့် ပြင်ပမှပုဂ္ဂိုလ်များကို ခေါ်ယူရွေးချယ်ခန့်အပ်ရန်ရှိလျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများသည် လစ်လပ်သည့် ရာထူးအတွက် သတ်မှတ်ချက်များနှင့်အညီ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသူများအနက်မှ သတ်မှတ်အရည်အချင်း ပြည့်မီသူတို့၏ အမည်စာရင်း တောင်းယူခြင်း၊ နည်းဥပဒေ ၁၈ အရ ဖွဲ့စည်းသော ရွေးချယ်ရေးအဖွဲ့သည် အမည်စာရင်းပါ ပုဂ္ဂိုလ်များအား လူတွေ့စစ်ဆေးခြင်းနှင့် လိုအပ်ပါက ရေးဖြေနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း၊ ကျွမ်းကျင်မှု စစ်ဆေးခြင်းများမှရရှိသော အမှတ်များအပေါ်မူတည်၍ အရည်အချင်းအလိုက် အမှတ်စဉ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ရာထူးခန့်အပ်ပိုင်ခွင့်ရှိသူထံသို့ တင်ပြခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ရာထူးခန့်အပ်ပိုင်ခွင့်ရှိသူသည် စစ်ဆေးရွေးချယ်ထားသူများအား အရည်အချင်းအလိုက် အမှတ်စဉ်အရ လစ်လပ်ရာထူးများတွင် ဖြည့်စွက်ခန့်ထားရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်တွင် အငယ်တန်းနှင့်လစာနှုန်းတူ ရာထူးစာရေးဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံပိုင်သတင်းစာများ၌ ကြော်ငြာထည့်သွင်းခေါ်ယူခြင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်(၁၈)အရ ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ ပုဂ္ဂိုလ်များပါဝင်သော ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ဖြေဆိုရာတွင် သွားလာရေးလွယ်ကူစေရေး

နှင့် စရိတ်စက အကုန်အကျသက်သာစေရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ နေထိုင်သူများအား တောင်ကြီးမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ နေထိုင်သူများအား လားရှိုးမြို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ နေထိုင်သူများအား ကျိုင်းတုံမြို့တွင်လည်းကောင်း စာစစ်ဌာန(၃)ခုခွဲ၍ ဖြေဆိုစေခဲ့ခြင်း၊ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် တောင်ကြီးတက္ကသိုလ်မှ မေးခွန်းတောင်းယူခြင်း၊ ဖြေဆိုပြီးသော အဖြေလွှာများအား ချိတ်ပိတ်၍ တောင်ကြီးတက္ကသိုလ်သို့သာ စစ်ဆေးစေခြင်း၊ ရေးဖြေစာမေးပွဲအောင်မြင်သူများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်(၁၈)အရ ဖွဲ့စည်းထားသော ဝန်ထမ်းရွေးချယ်ရေးအဖွဲ့မှ လူတွေ့စစ်ဆေးပြီး ဒေသခံများနှင့်အရည်အချင်းစစ်မှန်ပြီး ဝေးလံခေါင်သီဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်လိုသော သူများအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ ခန့်ထားဆောင်ရွက်ခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၂၃.၄. ၂၀၁၉ ရက်စွဲပါ စာအမှတ်၁၀၀/ ၆ – ၄ (၅၆၂)/ ရေး ၃(အထဥ) ဖြင့် “တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဝန်ထမ်းများ ခန့်အပ်ရာတွင် ဘာသာစကားနားလည်တတ်ကျွမ်းသည့် ဒေသခံများအား ဦးစားပေးခန့်အပ်နိုင်ရေးမူဝါဒချမှတ်၍ စီစဉ်ဆောင်ရွက်သွားရန်”ဟု ညွှန်ကြားခဲ့ခြင်းအပေါ် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနေဖြင့် လိုက်နာဆောင်ရွက်လျက်ရှိကြောင်းနှင့် မိမိလက်အောက်ရုံးများသို့လည်း သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဌာနအသီးသီးတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများ၌ ဝန်ထမ်းများခန့်ထားရေးသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရသောကိစ္စရပ်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ ပုဂ္ဂိုလ်များပါဝင်သော ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ဖြင့်သာ ဆောင်ရွက်ရသော ဝန်ထမ်းရေးရာ ကိစ္စရပ်ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ပါဝင်သော ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ရမည့်ကိစ္စရပ်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း(၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** မေးခွန်း(၂)အရ သီပေါမြို့နယ်၊ ကျင်သီကျေးရွာအုပ်စု ပုံဖမ်း– တွန်ဆောက်လမ်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ သီပေါမြို့နယ်၊ ကျင်သီကျေးရွာအုပ်စု ပုံဖမ်း– တွန်ဆောက်လမ်း

သည် လက်ရှိမြေသားလမ်းဖြစ်ပြီး လမ်းအရှည်(၂)မိုင် ရှိပါတယ်။ လက်ရှိမြေသားလမ်းမှာ ကြမ်းတမ်းခက်ခဲသည့်အပြင် ကျဉ်းမြောင်းသည့်အတွက် ပြည်ထောင်စုလမ်းနှင့် (၂)မိုင်သာ ဝေးသော်လည်း ၎င်းရွာ၏ ပညာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း၊ လျှပ်စစ်မီးများ မရှိသည့်အတွက် လူနေမှုအဆင့်အတန်းမှာ အလွန်နိမ့်ကျပါတယ်။ ဤလမ်းအားဖောက်လုပ်ပေးမည်ဆိုပါက တွန်ဆောက်ရွာမှာ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည့် အလားအလာ ရှိပါတယ်။ အကြောင်းမှာထိုရွာတွင် လူသူမသိသေးသည့် ရေပူချောင်းများ၊ လှပသည့် ကျောက်ဆောင်အထပ်ထပ်များရှိနေခြင်းမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေနိုင်မှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ တွန်ဆောက်ကျေးရွာသားများ၏ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးအား ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေရှည်တိုးတက်ရေးကို ရှေးရှုပြီး နောက်ကျကျန်ရစ်နေသော ကျေးရွာငယ်၏ အဓိက ဆက်သွယ်ရေးလမ်းအား ကောင်းမွန်သည့် မြေသားလမ်းအဖြစ် ပြန်လည်ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ဒေသခံများကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး မေးခွန်းအမှတ်(၃)ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ သီပေါမြို့နယ်၊ ပန်စောက်မိန်းကျေးရွာ၊ မြို့ဟောင်းကျေးရွာ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမအနီး ကမ်းပါးရံတွင် မြေထိန်း၊ မြေကာနံရံတည်ဆောက်ပေးရေး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

သီပေါမြို့နယ်၊ ပန်စောက်မိန်းကျေးရွာအုပ်စု၊ မြို့ဟောင်းကျေးရွာဟာဆိုရင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမသည် ရှမ်းတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားများနှင့် သက်ဆိုင်သော ပွဲလမ်းသဘင်များ၊ နေ့ထူးနေ့မြတ်များ၊ အခမ်းအနားများ၊ ကျင်းပရာအရေးကြီးနေရာ တစ်နေရာဖြစ်ပါတယ်။ ယခုအခါ ခန်းမမှာ မြစ်ကမ်းပါးတိုက်စားပြိုပျက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည့် အရေးဒုက္ခနှင့် ကြုံတွေ့နေရပါတယ်။ ခန်းမမြေနေရာနှင့် မြစ်ကမ်းပါးအပြိုင်တည်ရှိမှုအနေအထားမှာ အလျား(၂၅၀)ပေခန့်ရှိပြီး အမြင့်ပေ (၁၀)ပေခန့် ရှိရာ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရန်မှာ အင်အားမမျှဘဲ စိုးရိမ်ကြီးစွာဖြစ်နေရပါတယ်။ အဆောက်အဦနှင့် မြစ်ကမ်းပါးကြားတွင် ပေ(၈၀)ခန့်သာ ကွာဝေးပြီး နှစ်စဉ်ရေတိုက်စားမှု၊ ကမ်းပါးပြိုကျမှုကြောင့် ယခုအခါ ပေ(၃၀)ခန့်သာ ကြားမြေကွက်လပ်အဖြစ်သာ ကျန်ရှိပါတော့တယ်။ သို့ဖြစ်ပါ၍ ကမ်းပါးပြိုကျမှုများမှ ကာကွယ်နိုင်ရန် မြေထိန်းနံရံတစ်ခု အရေးတကြီး လိုအပ်လျက်ရှိနေ

ပါတယ်။ အဆိုပါကမ်းပါးအား မြေထိန်းနံရံပြုလုပ်ပေးမည်ဆိုပါက ရှမ်းစာပေနှင့် ယဉ်ကျေးမှု ခန်းမတည်နေရာနှင့် တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ မြို့ဟောင်းကျေးရွာ၊ ပန်စောက်မိန်း ကျေးရွာတို့၏ မြစ်ကမ်းပါး ပြိုကျမှုများကိုလည်း အကာအကွယ်ပြုနိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားတို့၏ ကောင်းသောအကျိုး ဆထက်ထမ်းပိုးတိုးပွားအောင် မျှော်ကိုး ဆောင်ရွက်ပေးသောအားဖြင့် ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျမှု အန္တရာယ်မှ ကာကွယ်ရန် မြစ် ကမ်းပါး မြေထိန်းနံရံ၊ မြေကာနံရံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဒေသခံ တိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများ အားလုံးရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကမေးခွန်း(၂၊ ၃)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းတဲ့ မေးခွန်း(၂)နှင့် (၃)တို့ကို တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အမှတ်(၂)မေးခွန်းကတော့ သီပေါမြို့နယ်၊ ကျင်သီ ကျေးရွာအုပ်စု၊ ပုံဖမ်း– တွန်ဆောက်လမ်း၏ လက်ရှိမြေသားလမ်း အရှည်(၂)မိုင်မှာ ခက်ခဲကြမ်းတမ်းပြီး ကျဉ်းမြောင်းလျက် ရှိသောကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးအား ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေး၊ ရေရှည်တိုးတက်ရေးကို ရှေးရှုပြီး နောက်ကျ ကျန်ရစ်နေသော ကျေးရွာ ငယ်၏ အဓိကဆက်သွယ်ရေးလမ်းအား ကောင်းမွန်သည့် မြေသားလမ်းအဖြစ် ပြန်လည် ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ သီပေါမြို့နယ်၊ ကျင်သီကျေးရွာအုပ်စု ပုံဖမ်း– တွန်ဆောက်လမ်း ၂/၀ မိုင်သည် မန္တလေး– လားရှိုး ပြည်ထောင်စုလမ်းမကြီး AH– 14 နှင့် ကျေးရွာများ ချိတ်ဆက် ထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော

လမ်းအဆင့် အတန်းသတ်မှတ်ချက်(B) ဦးစားပေး(၂)အဆင့်ရှိသော ကျေးရွာ ၁ ရွာ၊ အိမ်ခြေ ၃၄ အိမ်၊ လူဦးရေ ၁၅၆ ဦး အကျိုးပြုသည့် မြေသားလမ်းတစ်လမ်းဖြစ်ပါတယ်။

အဆိုပါလမ်းအား သတ်မှတ်စံချိန်စံညွှန်းဖြင့် လမ်းအင်္ဂါရပ်နှင့် ညီညွတ်သော လမ်းတစ်လမ်းဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၆ဝ ခန့်ကုန်ကျမည် ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်များအလိုက်ရန်ပုံငွေခွဲဝေမှုအရ သီပေါမြို့နယ်၏ ပါဝင်မှုအချိုးမှာ ၃.၃၁% ဖြစ်ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုရရှိမှုများမှာ ယခင်နှစ်များတွင်စုစုပေါင်းပျမ်းမျှ ၄၁၅ သန်းခန့် ရရှိပါသည်။ ၎င်းလမ်းသည် နှစ်ရှည်(၁၃)နှစ်စီမံချက်အရ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းအဖြစ် ဆောင်ရွက်ရန်လျာထားသော်လည်း ထိုလမ်းဟာ သီပေါမြို့နယ်၊ သစ်တောဦးစီးဌာန၏တိန်းလုံကြိုးဝိုင်းသစ်တောဧရိယာအတွင်း ရောက်ရှိနေသောလမ်းဖြစ်ပါသည်။ အဆိုပါမြေသားလမ်းဖောက်လုပ်ခွင့်ရရှိရေး ၂၀၁၈ ခုနှစ်၊ သစ်တော ဥပဒေပုဒ်မ ၁၂ (က)အရ ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သစ်တောမြေအတွင်း မြေအသုံးချမှုဆောင်ရွက်လိုပါက အောက်ပါလုပ်ငန်းစဉ် အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်-

(က) ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောသစ်တောနယ်မြေအတွင်း မြေအသုံးချမှု ဆောင်ရွက်လိုသည့်အဖွဲ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ မြေအသုံးချခွင့်ပြုမိန့်တောင်းခံခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ သဘောထား မှတ်ချက်တောင်းခံခြင်း၊

(ဃ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ သဘောထားပေးပို့ခြင်း၊

(င) ရရှိသောသဘောထားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ အမှုတွဲလွှဲပြောင်းပေးပို့ခြင်း၊

(စ) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ ခွင့်ပြုချက်ရရှိပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုချက်ထုတ်ပေးခြင်း စသည့် အဆင့်(၆)ဆင့်ကို ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိချိန်တွင် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးရဲ့ တတိယမေးခွန်းကို ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ သီပေါမြို့နယ်၊ ပန်စောက်မိန်းကျေးရွာ၊ မြို့ဟောင်းကျေးရွာ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမအနီးရှိ ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်ရန် မြစ်ကမ်းပါးမြေထိန်းနံရံ၊ မြေကာနံရံတစ်ခုတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DWIR)၊ ရှမ်းပြည်နယ်ရုံးအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြစ်/ ချောင်းများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းနှင့် ရေလွှမ်းမိုးမှု(ရေကြီးရေလျှံ) ကာကွယ်ရေးလုပ်ငန်းတို့ကို ဦးစားပေး အစီအစဉ်ဇယားရေးဆွဲ၍ ရရှိသော ရန်ပုံငွေအပေါ်မူတည်ကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခွင့်ပြုခွဲဝေရရှိခဲ့သော ဘဏ္ဍာရန်ပုံငွေပမာဏများအရ နယ်စပ်မြစ်ချောင်းများတွင် နိုင်ငံပိုင်မြေများဆုံးရှုံးခြင်း မရှိစေရေးလုပ်ငန်းများကို ပိုမိုဦးစားပေးလုပ်ဆောင်နေရဆဲဖြစ်ပါတယ်။

သီပေါမြို့နယ်၊ ပန်စောက်မိန်းကျေးရွာအုပ်စု၊ မြို့ဟောင်းကျေးရွာ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမအနီးရှိ ဒုဋ္ဌဝတီမြစ်ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်ရေးမြေထိန်းနံရံတည်ဆောက်ပေးနိုင်ရေးအတွက် အသေးစိတ်ကွင်းဆင်း တိုင်းတာခြင်းများဆောင်ရွက်ပြီး ဆောင်ရွက်သင့်သော အစီအမံများကို ခန့်မှန်းကုန်ကျစရိတ်နှင့်အတူ ဘဏ္ဍာငွေရရှိရေး တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံပွင့်ဟွမ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့်မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ဆရာမ နေ့စားလပေး Teaching Assistantများအား ဘ၀အာမခံချက်ရှိသော တရားဝင်ဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမ နေ့စားလပေး Teaching Assistant များသည် ကျောင်းချိန်အပြည့်အဝ တာဝန်ထမ်းဆောင်ရပြီး လိုအပ်တဲ့အတန်းများ၊ ရုံးလုပ်ငန်းများကို လုပ်ဆောင်ရပါတယ်။ တစ်ချို့ကျောင်းများတွင် အတန်းပိုင်ဆရာမအထိ တာဝန်ယူရသည်ကို တွေ့ရှိရပါတယ်။ တိုင်းရင်းသားစာပေ၊ ဘာသာစကား သင်ကြားပေးနိုင်ရန် လေ့ကျင့်မှုများ၊ သင်တန်းများတက်ရောက်ခွင့်ရှိပါသော်လည်း တရားဝင်ဝန်ထမ်းမဟုတ်သေးသောကြောင့် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော ရုံးလုပ်ငန်းပိုင်းဆိုင်ရာ သင်တန်းများ၊ အခြားဘာသာရပ်ဆိုင်ရာ သင်ကြားရမည့် စနစ်သစ်သင်ကြားမှုနည်းစနစ်များကို သင်ကြားလေ့လာခွင့် မရခဲ့သောကြောင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာ ထမ်းဆောင်ရန်မှာ အားနည်းနေမှာမလွဲပါ။ အထူးသဖြင့်ဖွံ့ဖြိုးမှုအားနည်းသောဒေသ ပဋိပက္ခပေါ်များသော ဒေသများအတွက် ယင်းတိုင်းရင်းသား စာပေ၊ ဘာသာစကားသင်ကြားပေးသည့် ဒေသခံနေ့စား/ လပေး Teaching Assistant ဆရာ၊ ဆရာမများဟာ တိုင်းရင်းသားဒေသအတွက် အလွန်ပင်အရေးပါသည့် ပညာရေးကဏ္ဍဝန်ဆောင်မှုပေးသူများ ဖြစ်နေကြပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့်အတိုင်း နိုင်ငံတော်သည် –

(က) တိုင်းရင်းသားများ၏ စကား၊စာပေ၊အနုပညာ၊ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဆိုသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစိုးရမှာ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား စာပေ၊ ဘာသာစကားသင် ဆရာ၊ ဆရာမ နေ့စားလပေး Teaching Assistantများအား ဘဝ

အာမခံချက်ရှိသော တရားဝင်ဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ခန့်ထားပေးနိုင်မည်နှင့် မရှိပါက အဘယ်ကြောင့် ခန့်ထားပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါကြောင်း သက်ဆိုင်ရာ တိုင်းရင်းသား စာပေ၊ဘာသာစကား သင်ကြားနေသော ဆရာ၊ ဆရာမများ၏ကိုယ်စား မေးမြန်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ရဲ့ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား စာပေ၊ ဘာသာစကား သင်ကြားပေးမည့် ဆရာ/ ဆရာမများအား တရားဝင်ဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီးဆက်လက် ဖြေကြားပေးသွားမှာဖြစ်ပါ တယ်။

ရှမ်းပြည်နယ်အတွင်းရှိ ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်မှစ၍ တိုင်းရင်းသား ဘာသာ၊ စာပေသင်ကြားနေသော မြို့နယ်များရှိ ကျောင်းများသို့ နေ့စားလပေး ဆရာ/ ဆရာမ (Teaching Assistant)များကို နဝမတန်းအောင်မှ ဘွဲ့ရအထိ ပညာအရည်အချင်းရှိသော အသက်(၁၈)နှစ်မှ (၃၅)နှစ်အောက် ဒေသခံတိုင်းရင်းသား စာပေနှင့်ဘာသာစကား ကျွမ်းကျင်သူများကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၃၂၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၃၃၈) ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၁၄)ဦး၊ စုစုပေါင်း(၆၇၃)ဦး ခန့်ထားခဲ့ပါသည်။ ၂၀၁၈– ၂၀၁၉ ပညာသင်နှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၃၀၇)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၃၁၄)ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၁၉၅)ဦး (အသစ်ခန့် အပါအဝင်) စုစုပေါင်း (၈၁၆)ဦး သင်ကြားလျက်ရှိပါသည်။ ၎င်းနေ့စားလပေး ဆရာ/ ဆရာမ (TA)များကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှ လုပ်အားခအဖြစ် (၀၃၀၁)ခေါင်းစဉ်မှ တစ်ရက်လျှင် (၄၈၀၀)ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ ဘွဲ့ရTeaching Assistantများအား မူလတန်း ဆရာအတတ်သင် စာပေးစာယူသင်တန်းသို့ တက်ရောက်စေပြီး သင်တန်းဆင်းပြီးပါက ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့ ညှိနှိုင်းပြီး အမြဲခန့်ဝန်ထမ်းအဖြစ် ခန့်ထားပေးရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကြွရောက်ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပထမမေးခွန်းကတော့ နမ့်ဆန်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြုံတွေ့ပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက် မြို့ပတ်လမ်းအား ဖောက်လုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မီးဘေးနှစ်ကြိမ် အကြီးအကျယ်ခံခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ပထမအကြိမ် မီးဘေးသင့်ခဲ့ရာ အိမ်ခြေ(၅၄)လုံး မီးလောင်ခဲ့ပြီး လူပေါင်း(၂၅၀)ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူမှုဒုက္ခအတိရောက်ခဲ့ကြရပါတယ်။ နမ္မဝေါ်ရပ်ကွက်တစ်ခုလုံးနီးပါး မီးလောင်ကျွမ်းခဲ့ပါတယ်။ ထပ်မံပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် မီးဘေးသင့်ခဲ့ရာ အိမ်အဆောက်အဦပေါင်း (၂၀၉)လုံး၊ လူပေါင်း (၁၅၀၀)ဦးရေနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူနေမှုဒုက္ခအတိ ရောက်ခဲ့ကြရပြန်ပါတယ်။ မြို့လယ်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက် (၂)ခုစလုံးနီးပါး မီးဘေးသင့်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပါဝါပွိုင့်ဖြင့် တင်ပြခွင့်ပြုပါ။ ဤကဲ့သို့ မီးလောင်ခြင်းကြောင့် ပြည်သူများ လူမှုဒုက္ခတွေ ကြုံခဲ့ရသလိုနိုင်ငံတော်မှလည်း ထိခိုက်နစ်နာမှုများရှိပါတယ်။ ဒုတိယအကြိမ် မီးလောင်မှုဖြစ်စဉ်ကို ဆန်းစစ်ကြည့်တဲ့အခါ မီးဟာ (၄.၂.၂၀၁၆)ရက်နေ့မွန်းလွဲပိုင်း (၁)နာရီကနေ နောက်တစ်နေ့ (၅-၂-၂၀၁၆)ရက်နေ့ မနက်(၄း၀၀)နာရီမှ မီးညွန့်ကျိုးခြင်းဖြစ်တဲ့အတွက် မီးလောင်မှုကြာမြင့်ချိန်ဟာ (၁၆)နာရီ ကြာမြင့်ပါတယ်။ နမ့်ဆန်မြို့နယ်မှ မီးသတ်ကားများအပြင် မန်တုံမြို့နယ်မှ မီးသတ်ကားများပါ ဝိုင်းဝန်း ငြိမ်းသတ်သော်လည်းဘယ်လိုမှမနိုင်ခဲ့ပါဘူး။ နောက်ပြီး လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ မန္တလေးကမီးသတ်ကားတွေ ရောက်လာသော်လည်း ချက်ချင်းမငြိမ်းသတ်နိုင်ပါ။ တချို့ကားတွေဆိုရင် မင်္ဂလာမှ မန်မိုင်း-ကျောက်ဖြူ-လွယ်ဆမ်ဆစ်လမ်း ၎င်းမှပန်စမိန်းလမ်းကနေ နမ္မဝေါ်ရပ်ကွက်ကို ဝင်ပြီး

ငြိမ်းသတ်မှ မီးငြိမ်းပါတယ်။ အဲ့လိုတစ်ကွေ့တစ်ပတ်ကြီး အချိန်ယူသွားရပါတယ်။ မြို့ကလေး ဖြစ်ပြီး လမ်းတစ်လမ်းထဲပဲ ရှိပါတယ်။ လမ်းကလည်းကျဉ်း၊ ရေကလည်းရှားတာမို့ ယခုလို အချိန်အကြာကြီး မီးလောင်ရခြင်းဖြစ်ပါတယ်။ နောက်ပြီး အဓိကအရေးကြီးတာက မြို့ပတ် လမ်းတစ်လမ်း မရှိလို့ဖြစ်ပါတယ်။ အကယ်၍ မြို့ပတ်လမ်းသာရှိခဲ့မယ်ဆိုရင် မီးအရေးကြုံ လာရင် ခုနလို အဝေးကြီးပတ်စရာမလိုဘဲ မြို့ပတ်လမ်းကနေ ရှောင်ကွင်းပြီး မီးကိုအချိန်မီ ငြိမ်းသတ်နိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် မီးလောင်ပြီးလို့ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့် ပုဂ္ဂိုလ်တွေ ရောက်စဉ်ကလည်း အဆိုပါမြို့ပတ်လမ်းတစ်လမ်း ဖော်ဆောင်ပေးဖို့ တင်ပြခဲ့ဖူးပါတယ်။ နိုင်ငံတော်အဆင့်မှ မြို့ပြစီမံကိန်းရှော၊ မြို့ပတ်လမ်းစီမံချက်ပါ ရေးဆွဲပြီးပြီလို့လဲ သိရပါတယ်။ သို့သော် ယနေ့အထိ တစ်စုံတစ်ရာ မသိရှိရသေးပါ။ မြို့လူထုကလည်း မြို့ပတ်လမ်းတစ်လမ်း ဖော်ဆောင်ပေးဖို့ လွန်စွာထက်သန်လျက်ရှိပါတယ်။ မြို့ပတ်လမ်းအဝင်(၂၄)ပေအကျယ်နဲ့ မြို့ပတ်လမ်းကြောင်းလည်း လျာထားပြီးဖြစ်ပါတယ်။ ဒီလမ်းဟာ မြို့လူထုအတွက် မီးသင့် ခဲ့ရင် ထွက်ပေါက်တစ်ခုအနေဖြင့်သော်လည်းကောင်း၊ မီးငြိမ်းသတ်ရေးအတွက်သော်လည်း ကောင်း လွန်စွာလိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် နမ့်ဆန်မြို့လူထုအတွက် လိုအပ်လျက် ရှိသော မြို့ပတ်လမ်းအား မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို လူထုများသိရှိလိုပါ၍ လူထု ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းရှိ လုပ်သက်ရင့် အစိုးရဝန်ထမ်းများ အတွက် တန်ဖိုးသင့်အိမ်ရာများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးမည်ဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ “ထားရာ မှာ နေ– စေရာမှာ သွား” ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် မင်းခယောကျ်ားများ ဖြစ်ပါတယ်။ ကုန်ဈေးနှုန်းတွေခေါင်ခိုက်နေတဲ့ ယနေ့လိုခေတ်ကာလမျိုးမှာ ရတဲ့လစာနဲ့ ခြစ်ကုတ်ပြီး ကိုယ့်မိသားစု ဝမ်းရေးကို ကြိုးစားဖြေရှင်းနေရပါတယ်။ မြို့ပေါ်မှာ တာဝန်ကျတဲ့ ဝန်ထမ်းများအဖို့ တစ်ခုသောအတိုင်းအတာထိ ပြေလည်နိုင်သော်လည်း ဝေးလံတဲ့မြို့ကျေးရွာ တွေမှာ တာဝန်ကျတဲ့ ဝန်ထမ်းများအဖို့ အင်မတန်ခဲရင်းလှပါတယ်။ တာဝန်ကို ဦးဆွေ့ဆံမြွေ ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး အသက်အရွယ်အိုမင်းရင့်ရော်လာလို့ ပင်စင်ခံစားရတဲ့ နောင် တစ်ချိန်မှာ နေရေး၊ ထိုင်ရေးအတွက် စိတ်ပူပန်ကြရပြန်ပါတယ်။ အိုမင်းရင့်ရော်လို့ လက်ကျန်

လူ့သက်တမ်းကလေးမှာ မပူမပင်မကြောင့်မကြ သိက္ခာရှိရှိနဲ့ တရားအားထုတ်နိုင်ဖို့ အိုးပိုင်အိမ်ပိုင်ဖြစ်ဖို့ဆိုတာ ရတဲ့လစာ၊ ရတဲ့ပင်စင်နဲ့ ဘယ်လိုမှရပ်တည်နိုင်မှာ မဟုတ်ပါဘူး။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဝန်ထမ်းများအတွက် တန်ဖိုးသင့်အိမ်ရာ ယခုဆိုရင်(၄)ခန်းတွဲ (၅)ထပ် တိုက်အလုံးပေါင်း(၃၀)ကျော် ဆောက်လုပ်ပြီးစီးပြီး ဝန်ထမ်းများကို ခွဲဝေပေးလျက် ရှိပါတယ်။ နောက်ထပ်လည်း ထပ်မံဆောက်လုပ်မည်လို့လဲ သိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာလည်း အလားတူ တန်ဖိုးသင့်ဝန်ထမ်းအိမ်ရာတွေ အစိုးရအဖွဲ့က စီစဉ်ပေးရင် အင်မတန်ကောင်းမွန်မယ်၊ ကျေးဇူးတင်ဖို့ကောင်းမယ်လို့ ယူဆပါတယ်။ အဲ့ဒါကြောင့် ရှမ်းပြည်နယ်အစိုးရဝန်ထမ်းများအတွက် တန်ဘိုးသင့်အိမ်ရာများကို အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားမှု ရှိ/ မရှိ ရှမ်းပြည်နယ်ရှိ ဝန်ထမ်းများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၂)ခုစလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြုံတွေ့ပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက် သွားလာမှုလွယ်ကူစေရန် နမ့်ဆန်မြို့၊ မြို့ပတ်လမ်းအား ဖောက်လုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်းနှင့်ပတ်သက်ပြီးတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ရှိ မင်္ဂလာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်တို့၌ ၄– ၂– ၂၀၁၆ ရက်နေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆောက်အဦ/ အိမ်ခြေ ၂၀၉ လုံး မီးဘေးသင့် ခဲ့သောကြောင့် မီးဘေးသင့်မြေနေရာပေါ်တွင် မြို့ကွက်စနစ်တကျဖြစ်စေရန်နှင့် မီးလောင်ပြင် ပြန်လည်ထူထောင်ရေးအတွက် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲဆောင်ရွက်နိုင်ပါရန် “ပလောင်” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့စွဲပါစာအမှတ် ၂/၄–၁၆/ ဦး ၆ (၈၅၄)စာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဖွဲ့ဝင် ၇ ဦးပါ အဖွဲ့သည် ၁၂–၂–၂၀၁၆ ရက်နေ့တွင် မီးလောင်ပြင် ပြန်လည်ထူထောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် နမ့်ဆန်မြို့သို့ သွားရောက်ခဲ့ပြီး အောက်ပါလုပ်ငန်း ၂ ခု ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်–

(က) မီးလောင်မြေဧရိယာအတွင်းရှိ အဓိကလမ်းမကြီး၏ အသေးစိတ် ဒီဇိုင်းပုံများ ရေးဆွဲခြင်းနှင့် မြေပြင်၌ တိုင်းတာသတ်မှတ်ခြင်း၊

( ခ) နောင်တွင်တိုးတက်လာမည့်လူဦးရေနှင့် ဖွံ့ဖြိုးလာမည့် မြို့ပြစနစ်တို့အတွက် စနစ်ကျနေသော မြို့ပြစီမံကိန်း သဘောတရားပုံစံ (Concept Plan) ရေးဆွဲခြင်းတို့ ဖြစ်ပါသည်။

အစီရင်ခံစာအရ မီးလောင်ဆုံးရှုံးမှုကြီးမားခြင်း၏ အကြောင်းရင်းမှာ မီးလောင်ကျွမ်းခံရသည့် နေအိမ်များရှေ့ရှိ အဓိကလမ်းမကြီးသည် မီးသတ်ကားများဝင်ထွက်သွားလာနိုင်မှု မရှိအောင် ကျဉ်းမြောင်းခြင်း၊ တစ်အိမ်နှင့်တစ်အိမ်နီးကပ်စွာတည်ရှိနေသည့်အပြင် မီးလောင်လွယ်သည့် အိမ်ဆောက်ပစ္စည်းများဖြင့် အိမ်များဆောက်လုပ်ထားခြင်းကြောင့် အလွယ်တကူ မီးကူးစက်ခြင်း၊ မီးငြိမ်းသတ်ရန်အတွက် ရေလုံလောက်မှုမရှိခြင်း၊ မြို့ဖွဲ့စည်းမှုပုံစံသည် တနံတလျား ရှည်လျားသည့် ပုံစံဖြစ်နေသော်လည်း မီးသတ်စခန်းတည်နေရာသည် မြို့၏ အလယ်ဗဟို၌ တည်ရှိမနေဘဲ မြို့အစွန်နေရာတွင် တည်ရှိနေခြင်းတို့ကြောင့်ဖြစ်သည် ကိုတွေ့ရှိရကြောင်း၊ နမ့်ဆန်မြို့သည် အရှေ့အနောက်သွယ်တန်းနေသော အဓိက လမ်းမကြီးနှင့် တောင်မြောက်တန်းနေသော လမ်းသွယ်တို့ရှိသော်လည်း ၎င်းလမ်းများကို ချိတ်ဆက်ပေးထားသော မြို့တွင်းပတ်သောလမ်းများနှင့် မြို့ပတ်လမ်းများလိုအပ်ကြောင်း၊ မြို့ပြစီမံကိန်းရေးဆွဲခဲ့ သော အစီရင်ခံစာတွင် အကြံပြုတင်ပြထားရှိပါတယ်။

အစီရင်ခံစာအရ မြို့ပတ်လမ်းနေရာအား နမ့်ဆန်- ငွန်ဆိုင်းလမ်း (မြို့အထွက်အနီး) မှ နမ့်ဆန်- အာရမ်း(ရွာ)လမ်းသို့ ဆက်သွယ်သော လမ်းကြောင်းနှင့် နမ့်ဆန်- အာရမ်း (ရွာ)လမ်း (မြို့အထွက်အနီး)မှ နမ့်ဆန်-မိုင်းတုံ လမ်း(မြေစာရင်းရုံးအနီး)သို့ ဆက်သွယ်သော လမ်းတို့ဖြင့် အဆိုပြုတင်ပြထားပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေးဆွဲပေးထားသည့် မြို့ပြစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ၂၀- ၆- ၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ တင်ပြထားရှိခဲ့ပါတယ်။

နမ့်ဆန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူးမှလည်း မြို့ပြစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၈-၈-၂၀၁၇ ရက်နေ့၏ တင်ပြချက်များအနက် မြို့ပြစီမံကိန်းတွင်ရေးဆွဲထားသည့် **“မြို့ပတ်လမ်း၊ ကားရပ်နားစခန်းနှင့်မြို့မဈေး”**တို့အား အကောင်အထည်ဖော်ပေးပါရန် မြို့လူထုမှ အဓိက

လိုလားလျက်ရှိကြောင်းတင်ပြထားရှိမှုအပေါ် မြို့ပြစီမံကိန်းတွင်ပါရှိသော အချက်များကို ကောက်နုတ်၍ ၃- ၁၀- ၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁- ၁၀/ ၂၀၁၇) သို့ တင်ပြခဲ့ရာ ဆုံးဖြတ်ချက်အပိုဒ်၅(ဒ)အရ ဖော်ဆောင်ရမည့် လုပ်ငန်းများအား ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၄- ၁၀- ၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၂၆၃၈/ ၇-၃၁၀/ အစရ (ရှမ်း)ဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။

သို့ပါ၍ နမ့်ဆန်မြို့တွင် မီးဘေးအန္တရာယ်ကြုံတွေ့ပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက် သွားလာမှုလွယ်ကူစေရန် အမှန်တကယ် လိုအပ်သော နမ့်ဆန်မြို့၏ မြို့ပတ်လမ်းအား ဖောက်လုပ်နိုင်ရေးသည် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကဦးစီး၍ ပထမအချက်က မှန်ကန်သော လမ်းအူကြောင်း ရှာဖွေဖော်ထုတ်ရေး၊ လျော်ကန်သင့်မြတ်သော လမ်းနယ်နိမိတ်ရရှိရေး၊ ဘဏ္ဍာရန်ပုံငွေရရှိနိုင်မှုများအရ နှစ်အလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်း/ ဘဏ္ဍာငွေများ လျာထားတောင်းခံခြင်းတို့ကို ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရရှိသည့်လမ်းကြောင်းအပေါ် ဖောက်လုပ်ခွင့်ရရှိရေးတင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ လုပ်သက်ရင့် အစိုးရဝန်ထမ်းများအတွက် တန်ဖိုးသင့်အိမ်ရာများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြအိမ်ရာမူဝါဒ ဥပဒေများရေးဆွဲလျက်ရှိပြီး မြို့ပြများစနစ်တကျ ပေါ်ထွန်းလာစေရေးအတွက် Town Plan များရေးဆွဲခြင်း၊ အိမ်ရာစီမံကိန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ မူဝါဒများချမှတ်ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပါတယ်။ အရောင်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းတို့အား ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ အိမ်ရာများ တည်ဆောက်ခြင်းတွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများအတွက် ဝန်ထမ်း(အငှား) အိမ်ရာများ တည်ဆောက်ခြင်း၊ ပြည်သူများအတွက် ပြည်သူ့အငှားအိမ်ရာများ တည်ဆောက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး မေးခွန်းတွင်ပါရှိသည့် ဝန်ထမ်းများ အငြိမ်းစားယူပြီးသည့်နောက်

နေထိုင်ရေးအဆင်ပြေစေရေးအတွက် အရောင်းအိမ်ရာဆောင်ရွက်ရန် မြေနေရာရှာဖွေလျက်ရှိပါတယ်။ ဝန်ထမ်း(အငှား)အိမ်ရာများ တည်ဆောက်ရာတွင်လည်း နှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် တည်ဆောက်လျက်ရှိပြီး ပြည်နယ်မြို့များ၊ ခရိုင်မြို့များ၊ ဝန်ထမ်းအင်အားများသော ဝန်ထမ်းအိမ်ရာလိုအပ်ချက် ကြီးမားသော မြို့ကြီးများအား ဦးစားပေးဆောင်ရွက်ပြီး ရှမ်းပြည်နယ်တစ်ခုလုံး မြို့တိုင်းတည်ဆောက်ပေးနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိတွင် တောင်ကြီး၊ ဟိုပုံး၊ ပင်းတယ၊ လွိုင်လင်၊ လင်းခေး၊ ဆီဆိုင်၊ ရွာငံ၊ လားရှိုး၊ နမ့်ဆန်၊ လောက်ကိုင်၊ ဟိုပန်၊ ကျောက်မဲ၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်တို့တွင် ဝန်ထမ်း(အငှား)အိမ်ရာများ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေမှ ခွဲဝေရရှိမှု အခြေအနေ၊ ဝန်ထမ်းအင်အား၊ အခန်းလိုအပ်ချက်တို့အပေါ်မူတည်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်း(အငှား)အိမ်ရာများအား အောက်ပါအတိုင်း တည်ဆောက်ပေးလျက်ရှိပါသည်-

(က) ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဝန်ထမ်းအိမ်ရာ တိုက် ၁၃ လုံး၊ အခန်း ၂၃၆ ခန်း၊

( ခ) ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ဝန်ထမ်းအိမ်ရာ တိုက် ၂၃ လုံး၊ အခန်း ၃၂၄ ခန်း၊

( ဂ) ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ဝန်ထမ်းအိမ်ရာ တိုက် ၁၁ လုံး၊ အခန်း ၁၇၄ခန်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ပြည်သူ့အငှားအိမ်ရာများကိုမူ တောင်ကြီးမြို့တွင် ၄ ခန်းတွဲ ၅ ထပ်၆ လုံး အခန်း ၁၂၀ ခန်းနှင့် နယ်စပ်မြို့များဖြစ်သော တာချီလိတ်မြို့တွင် ၈ ခန်းတွဲ ၅ ထပ် ၁ လုံး အခန်း ၃၆ ခန်းသာ ဆောင်ရွက်ပေးနိုင်ဆဲဖြစ်ပါတယ်။ တန်ဖိုးသင့် အရောင်းအိမ်ရာများ တည်ဆောက်ရောင်းချနိုင်ရေးအတွက် မြေနေရာ(အခမဲ့)ရရှိရန်နှင့် ရေရရှိနိုင်မှု၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြည့်စုံသော နေရာများဖြစ်ရန် လိုအပ်ပါတယ်။ Infrastructure လုပ်ငန်းများဖြစ်သည့် ပြင်ပလျှပ်စစ်ရရှိရေးရေရရှိရေး၊ လမ်းများစသည်တို့အား အစိုးရအဖွဲ့မှ စိုက်ထုတ်ကုန်ကျခံဆောင်ရွက်ပေးရမည်ဖြစ်ပြီး အဆောက်အဦ(သီးသန့်)အတွက် ကုန်ကျမည့် တန်ဖိုးအပေါ်တွင် အခြေခံ၍ တွက်ချက်မှသာ တန်ဖိုးသင့်နိုင်မည်ဖြစ်ပါတယ်။

တည်ဆောက်မှု ကုန်ကျစရိတ် (လက်ရှိဈေး) သံကူကွန်ကရစ် အဆောက်အဦ ၁ စတုရန်းပေလျှင် ၂၇၀၀၀/-နှုန်းဖြင့် ၆၀၀ စတုရန်းပေ (၂၅'×၂၄')အတွက် ကျပ် ၁၆၂ သိန်းခန့်ကုန်ကျနိုင်ပြီး အခန်းအကျယ်အဝန်းပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ရှိမည်ဖြစ်

ပါတယ်။ အဆောက်အဦတည်ဆောက်စရိတ်အား အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူ တည်ဆောက်ရမည်ဖြစ်ရာ နေထိုင်လိုသည့် အကျယ်အဝန်း၊ မြို့၊ နေရာ၊ တန်ဖိုးတို့အား ဝန်ထမ်းများထံမှ အချက်အလက်ရယူပြီး Demand အပေါ်မူတည်ပြီးမှ တည်ဆောက်ရမည် ဖြစ်ပါတယ်။ အရောင်းအိမ်ရာများအား ပြင်ပ၊ ပုဂ္ဂလိကကုမ္ပဏီများ အဖွဲ့အစည်းများမှလည်း တည်ဆောက်လျက်ရှိရာ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ခုနှစ်၊ မတ်လအထိ(၃)နှစ်အတွင်း မြန်မာ တစ်နိုင်ငံလုံးရှိ အငြိမ်းစားယူမည့် ဝန်ထမ်းများ၏အိမ်ရာ လျှောက်ထားမှုအပေါ် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့တော်များကို အခြေပြု၍ နေထိုင်လိုမှုအခြေအနေအား ပြည်ထောင်စု အစိုးရအဖွဲ့ ဗဟိုစာရင်းအင်းအဖွဲ့မှ စစ်တမ်းကောက်ယူခဲ့ပါတယ်။ ထိုစစ်တမ်းအရ ရှမ်း ပြည်နယ်တွင် စတုရန်းပေ ၄၀၀ တိုက်ခန်းပေါင်း ၁၃၃ ခန်း၊ စတုရန်းပေ ၅၀၀ တိုက်ခန်းပေါင်း ၈၄ ခန်း၊ စတုရန်းပေ ၆၀၀ တိုက်ခန်းပေါင်း ၇၂ ခန်း၊ စတုရန်းပေ ၇၅၀ တိုက်ခန်းပေါင်း ၂၆ ခန်း၊ စတုရန်းပေ ၉၀၀ တိုက်ခန်းပေါင်း ၁၂၅ ခန်း၊ စုစုပေါင်း ၄၄၀ ခန်း ရယူလိုသည်ကို တွေ့ရှိရပြီး မြန်မာတစ်နိုင်ငံလုံးတွင် အငြိမ်းစားယူမည့် ဝန်ထမ်း ၁၉၅၇၉ ဦးရေတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့၌ အဆိုပြု သူ ၄၄၀ ဦးရှိပါတယ်။

အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက်(အရောင်း)အိမ်ရာ တည်ဆောက်နိုင်ရေး အတွက် မြေနေရာ (တောင်ကြီးမြို့ပေါ် အနီးပတ်ဝန်းကျင်တွင်) ရှာဖွေလျက်ရှိပါတယ်။ မြေနေရာရရှိပါက Infrastructure လုပ်ငန်းများအတွက် ပြည်နယ်အစိုးရ (သို့) ပြည်ထောင်စု အစိုးရအဖွဲ့ထံ တင်ပြတောင်းခံ၍ အဆောက်အဦအတွက် ကုန်ကျစရိတ်ကို အိမ်ရာဖွံ့ဖြိုးရေး ဘဏ်များဖြင့် ချိတ်ဆက်ချေးငွေရယူပြီး တည်ဆောက်ပေးနိုင်ရေးအား တန်ဖိုးသင့်အိမ်ရာ လိုအပ်ချက်များကို အခြေခံကာ ဘဏ္ဍာရန်ပုံငွေရရှိနိုင်မှု အခြေအနေများအရ ကြိုးပမ်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးအိုက်ခမ်းလှိုင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကျန်းမာချမ်းသာကြပါစေလို့

ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယောင်းမြို့၊ အမှတ်(၇)ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်းရှိ (၁)ထပ်ကျောင်းဆောင်ဖျက်သိမ်းပြီး (၉၀×၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြသော မိုင်းယောင်းမြို့၊ အမှတ်(၇)ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်းရှိ (၉၀×၂၀)ပေ တစ်ထပ်ကျောင်းဆောင်ဟောင်းသည် ၂၀၀၀ခုနှစ်၊ မေလတွင် ဆောက်လုပ်ပြီးခဲ့ပါတယ်။ ဆောက်လုပ်စဉ်ယောက်တန်းများ၊ မြားတန်းများကို သစ်အဟောင်းများဖြင့်ပြုလုပ်ထားသဖြင့် ယခုအခါကျောင်းအဆောက်အဦသက်တမ်းသည် (၁၉)နှစ်ကြာလာပြီး သစ်များမှာခြစား၊ ပိုးထိုးကာခိုင်ခန့်မှု မရှိတော့ပါ။ ကျောင်းဆောင်သည် လေဒဏ်၊မိုးဒဏ်ကြောင့် ကျောင်းသား၊ကျောင်းသူများအတွက် အန္တရာယ်ကျရောက်လာမည့် အခြေအနေကျရောက်နေပါတယ်။ ထို့အပြင် ၎င်းကျောင်းဆောင်သည် အမိုးအလွန်နိမ့်ခြင်း၊ အလင်းရောင်ကောင်းစွာ မရခြင်း၊ ကျောင်းခန်းကျဉ်းလွန်းခြင်းများကိုတွေ့ရှိရပါတယ်။ ယခုကျောင်းသား၊ ကျောင်းသူဦးရေ များပြားလာသဖြင့် လက်ရှိကျောင်းသား၊ ကျောင်းသူများဦးရေ စုစုပေါင်း(၁၈၆)ယောက်ရှိပါတယ်။ စာသင်ခန်းများ လုံလောက်မှုတမှု မရှိပါသဖြင့် အခက်အခဲများကို စိစစ်တွေ့ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ယခုကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး (၉၀×၃၀)ပေ နှစ်ထပ်စာသင်ဆောင် အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ၊ ရှိပါက မည်သည့်ခုနှစ် မည်သည့်ရန်ပုံငွေဖြင့်တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင် ရဲ့ မိုင်းယောင်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (၉၀×၂၀)ပေ (၁)ထပ် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး (၉၀×၃၀)ပေ နှစ်ထပ်ကျောင်းဆောင်အသစ် ပြန်လည်ဆောက်လုပ် ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းပိုင်မြေ (၀.၁၇၅)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်း ရှိပါတယ်။ ကျောင်းသား ဦးရေမှာ KG ၂၉ ဦး၊ ပထမတန်း ၅၄ ဦး၊ ဒုတိယတန်း ၄၆ ဦး၊ တတိယတန်း ၄၅ ဦး၊ စတုတ္ထတန်း ၂၇ဦး၊ စုစုပေါင်းကျောင်းသား/ကျောင်းသူ ၂၀၁ ဦး ရှိပြီး တန်းခွဲ ၅ ခု ရှိပါတယ်။ စာသင်ဆောင်များမှာ ပင်မဆောင် (၉၀×၂၀×၁၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်နှင့် တိုးချဲ့ဆောင် (၃၇×၁၅×၁၁)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်တို့ရှိပြီး ပင်မကျောင်း ဆောင်ဟောင်းသည် သက်တမ်း ၁၉ နှစ် ကြာလာပြီဖြစ်သဖြင့် သစ်များမှာ ခြစား၊ ပိုးထိုးကာ ခိုင်ခံ့မှုမရှိခြင်း၊ အမိုးအလွန်နိမ့်ခြင်း၊ အလင်းရောင်ကောင်းစွာ မရခြင်း၊ ကျောင်းခန်း ကျဉ်းလွန်းခြင်းနှင့် စာသင်ခန်းများလုံလောက်မှုတမှု မရှိခြင်းတို့ကြောင့် လိုအပ်လျက်ရှိသော စာသင်ဆောင်ကို ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း/လုပ်ငန်းများတွင် (၉၀×၃၀)ပေ RCC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့် ရရှိရေးအတွက် ပထမဦးစားပေးဖြင့် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမြင့်ထူးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမြင့်ထူး၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူး ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ရေသယ်ယာဉ်(၁)စီးနှင့် ပစ္စည်းကိရိယာများချထားပေးရန်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပွင့်လင်းရာသီဖြစ်သော နွေရာသီ၌ ပူပြင်းခြောက်သွေ့သော ရာသီဖြစ်သည်နှင့်အညီ ရံဖန်ရံခါ လေပြင်းများပါတိုက်ခိုက်ခြင်းကြောင့် မမျှော်မှန်းနိုင်သော မီးဘေးအန္တရာယ်များ ကျရောက်နိုင်ပါတယ်။ ထိုသို့ မီးဘေးအန္တရာယ်များ ကျရောက်ပါက အလွယ်တကူနှင့်လျင်မြန်စွာ ငြိမ်းသတ်နိုင်ရန်အတွက် မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ မရှိမဖြစ်လိုအပ်

လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်မီးသတ်စခန်းကို ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင် မီးငြိမ်းသတ်ယာဉ် (၂)စီးနှင့် ရေသယ်ယာဉ်(၁)စီးတို့ဖြင့်သာ အသုံးပြုနေသည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများလည်း မရှိသည်ကို တွေ့ရှိရပါတယ်။ မေးမြန်းလိုသည်မှာ-

(က) မိုင်းရယ်မြို့နယ်မီးဘေးလုံခြုံရေးအတွက် ရေသယ်ယာဉ်(၁)စီးချထားပေးပါရန်နှင့် ချထားပေးမည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်း။

( ခ) အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့်

(၁) Air Lifiting Bag(၁၀)တန် ယာဉ်တိမ်းမှောက်ခြင်းနှင့် တိုက်တာအဆောက်အဦများပြိုကျပြီး လူပိနေလျှင် မ၍ အသုံးပြုရသော ပစ္စည်းကိရိယာ၊

(၂) Glass Management(ကားမှန်များ၊ အရေးပေါ်ခွဲရန်အသုံးပြုရသောပစ္စည်းကိရိယာ)၊

(၃) Engine Cutter ယာဉ်တိမ်းမှောက်ခြင်းနှင့်တိုက်တာအဆောက်အဦများပြိုကျလျှင်အရေးပေါ်ဝင်ရောက်ရန် အသုံးပြုရသည့်ပစ္စည်းကိရိယာ တို့အား ချထားဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့အား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူညော့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူးမေးမြန်းလာတဲ့ မိုင်းရယ်မြို့နယ် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ရေသယ်ယာဉ်(၁)စီး ချထားပေးရန်နှင့် အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေးသုံး ပစ္စည်းများ Air

Lift Bag with accessories(၁)စုံ၊ Glass Mangement နှင့် Engine Cutterများ ချပေးမည့် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သတ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မီးသတ်စခန်းဖွဲ့စည်းပုံအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ဖွဲ့စည်းပုံအရ မြို့နယ် မီးသတ်စခန်းတစ်ခုလျှင် မီးသတ်ယာဉ် (၄)စီး ရှိရမည်ဖြစ်ပြီး မိုင်းရယ်မြို့နယ် မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၂)စီးနှင့် မီးသတ် ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်း (၃)စီးဖြည့်ဆည်းထားရှိပြီးဖြစ်ရာ မိုင်းရယ်မြို့နယ်အတွင်း မီးလောင်မှု ဖြစ်ပွားလျှင်အသုံးပြုရန် ရေသယ်ယာဉ်(၁)စီးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ် ရေးသုံးပစ္စည်းများအား ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေအရ လတ်တလော စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှု အပေါ်မူတည်၍ သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ပဲဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်အတွက် လိုအပ်နေတဲ့ မြေယာခွန် ဥပဒေနှင့်ပတ်သက်ပြီး မည်သည့်ဌာနမှ တာဝန်ယူရေးဆွဲနေပြီး တာဝန်ယူရေးဆွဲနေပါက ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်နယ်သူ/ ပြည်နယ်သားများရဲ့ အကျိုးစီးပွားကိုမျှော်ကိုးပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း သွားမှာ ဖြစ်ပါတယ်။

မြေယာခွန်ဆိုသည်မှာ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဇယား(၅)ပါ အတိုင်း တိုင်းဒေသကြီး/ ပြည်နယ်များမှ ကောက်ခံရရှိသော အခွန်အခများကိုဆိုလိုတာ ဖြစ်ပါတယ်။ နှစ်စဉ် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသော ရှမ်းပြည်နယ်အစိုးရ

အဖွဲ့မှ သက်ဆိုင်ရာဌာနများအလိုက် ကောက်ခံရရှိတဲ့အခွန်နှုန်းထားများကို လေ့လာကြည့် မည်ဆိုလျှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံသော အခွန်( ၄ ) မျိုးထဲမှ ဓာတ်သတ္တုခွန်( ၁ )မျိုးတည်းသာ ဝင်ငွေတိုးမြှင့်ကောက်ခံရရှိပြီး မြေယာခွန်ပေါ်မှကောက်ခံရရှိငွေဟာ နည်းပါးနေတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ဖွဲ့စည်းထားသည့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေနဲ့ ကော်မတီနဲ့ သက်ဆိုင်တဲ့ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည့် အခါ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ မြေယာကို စီမံခန့်ခွဲနေသော ဌာနဆိုင်ရာများ မြေယာခွန်များကို လက်ရှိကောက်ခံနေတဲ့ နှုန်းထား၊ မြေအမျိုးအစား သတ်မှတ်ချက်၊ လက်ရှိကောက်ခံနေတဲ့ နှုန်းထားအပေါ်မှာ ပြည်သူတွေအတွက် အားနည်းချက်၊ အားသာချက်၊ မြေယာပေါ်မှာ ကောက်ခံတဲ့ အခွန်အမျိုးအစား၊ မြေအမျိုးအစား သတ်မှတ်ချက်တွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ဆွေးနွေးတဲ့အခါမှာ ယခုကောက်ခံနေတဲ့ မြေယာခွန်ဟာ ၁၉၆၇ခုနှစ် ဘဏ္ဍာတော်မင်းကြီး၏ အမိန့်ကြေညာအမှတ်ဖြင့်သာ ကောက်ခံတဲ့နှုန်းထားဟာ ယနေ့အထိ ကောက်ခံနေတာ ကိုလည်းတွေ့ရှိရပြီး လယ်တစ်ဧကကို တစ်ကျပ်ငါးဆယ်ပြား၊ ယာတစ်ဧကကို တစ်ကျပ်နှုန်းစသည့် နှုန်းထားများဖြင့် လက်ရှိအချိန်ထိ ကောက်ခံနေခြင်းကြောင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ဝင်ငွေလျော့နည်းနေရခြင်းဖြစ်ပါတယ်။

အဆိုပါမြေခွန်နှုန်းထားများကြောင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသူများဟာ မြေခွန်များကို ကွင်းဆင်းကောက်ယူခြင်းမရှိတော့ဘဲ ကိုယ့်အိတ်က စိုက်ပြီးမြေခွန်ဆောင်တဲ့ ပုံစံမျိုးဖြစ်လာပြီး၊ ဒါဟာမြေပြင်မှာ စိုက်ပျိုးထုတ်လုပ်နေတဲ့ သီးနှံ အမျိုးအစား၊ စိုက်ဧကစာရင်းများကို အမှန်မရရှိတော့ဘဲ နှစ်စဉ်အခွန်စည်းကြပ် ကောက်ခံရာတွင်လည်း အမှန်တကယ်စိုက်ပျိုးနေတဲ့ တောင်သူများအတွက် သီးနှံရရှိမှုများဟာ သီးခြားမမျှော်မှန်းနိုင်သော အကြောင်းများကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုမျိုး၊ အခြားအကြောင်း ကိစ္စများကြောင့် သီးနှံမစိုက်ပျိုးနိုင်သည့် အခြေအနေများတွင် မြေယာခွန်ကင်းလွတ်ခွင့်ရှိကြောင်းအပေါ်နားလည်ပြီး လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲထားခြင်းများ၊ မြေဧကများစွာကို လက်ဝယ်ထားရှိပြီး စိုက်ပျိုးခြင်းလည်းမရှိ၊ လုပ်ငန်းအကောင်အထည်ဖော်မှုမရှိသော မြေများကိုလည်း အဓောကတင်ပြတဲ့ တောင်သူများသီးနှံမစိုက်ပျိုးနိုင်သောအခြေအနေမျိုးကဲ့သို့ မြေခွန်စည်းကြပ်နေမှုဟာလည်း မြေယာပေါ်မှ ကောက်ခံရရှိသည့် အခွန်အခများ နည်းပါးစေတဲ့ နောက်တချက်လည်းဖြစ်ပါတယ်။

သို့သော်လည်း ယခုအခါ သက်ဆိုင်ရာမြို့/ ကျေးရွာများရဲ့ GDP ပေါ်မူတည်ပြီး မြေအတန်းအစားများအလိုက် မြေခွန်နှုန်းထားသတ်မှတ်ပြီး ကောက်ခံနေတာကိုလည်း

တွေ့ရှိနေရပါတယ်။ အဆိုပါ ပုံစံမျိုးစုံဖြင့် အသုံးပြုနေသော မြေများကို ရှမ်းပြည်နယ်အတွင်း မြေအတန်းအစားအလိုက် ခေတ်စနစ်နှင့်လျော်ညီသော မြေယာခွန်နှုန်းထားမျိုး ပြည်နယ်သူ/ ပြည်နယ်သားများအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော မြေခွန်နှုန်းထားများ တပြေးညီ သတ်မှတ်ကောက်ခံနိုင်ဖို့ ရှမ်းပြည်နယ်အတွက် မြေယာခွန်ဥပဒေပြဋ္ဌာန်းဖို့ လိုအပ်လာပြီ လည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား(၂)တွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရမှသာ တင်သွင်းခွင့်ရှိသည့် ဥပဒေပြုစာရင်းနှင့်အညီ လွှတ်တော်သို့ တင်သွင်း ပြီး မြေယာခွန်ဥပဒေအား အတည်ပြုပြဋ္ဌာန်းနိုင်မည် ဆိုပါက ပြည်နယ်အတွက် အခွန်အခများ တိုးမြှင့်လာမည့်အပြင် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဒီထက်ပိုမိုဆောင်ရွက်နိုင်မှာကြောင့် လည်း ယခုလိုကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် မြေယာခွန် ဥပဒေနှင့်ပတ်သက်ပြီး ခေတ်စနစ်နှင့် လျော်ညီသော မြေအမျိုးအစားအလိုက် နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက်မည်သည့်ဌာနမှ တာဝန်ယူရေးဆွဲနေပြီး၊ ရေးဆွဲနေပါက ဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရ ခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** လေးစားအပ် ပါသောလွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွက် လိုအပ်နေသော မြေယာခွန်ဥပဒေနှင့်ပတ်သက်၍ ခေတ် စနစ်နှင့်လျော်ညီပြီး မြေအမျိုးအစားအလိုက် နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် မည်သည့်ဌာနမှတာဝန်ယူရေးဆွဲနေပြီး၊ ရေးဆွဲနေပါက ဆောင်ရွက်ထားရှိမှု အခြေအနေများ ကို သိရှိလိုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းစွာ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အတွက် ဘဏ္ဍာငွေ တိုးတက်ရရှိစေရန် ရည်ရွယ်၍ ခေတ်စနစ်နှင့် လျော်ညီသော မြို့မြေခွန် နှုန်းထားများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၃-၂-၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပုံမှန်အစည်း အဝေးအမှတ်စဉ်(၃/၂၀၁၃)၊ ဆုံးဖြတ်ချက် အပိုဒ် ၉(ခ)အရ မြို့နယ်အလိုက် ကောက်ခံသင့်

သည့် မြေခွန်နှုန်းထားများအား ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ရာ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ကောက်ခံဆောင်ရွက်လျက် ရှိပါတယ်။ ဒ့ါအပြင် ရှမ်းပြည်နယ်တွင် ခေတ်စနစ်နှင့်လျော်ညီပြီး မြေအမျိုးအစားအလိုက် နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်ရန်လိုအပ်နေသော မြေယာခွန်ဥပဒေနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၈ ပါ ပြဋ္ဌာန်းချက်နှင့် ဇယား၂၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း မြေယာခွန်များ စနစ်တကျ စည်းကြပ်နိုင်ရန်အတွက် မြေယာခွန်ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း ပြဋ္ဌာန်းကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးမှ (၂၆-၁-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၁၀၁ (၁)/၈/သမ္မတရုံးဖြင့် အကြောင်းကြားလာပြီး ဖြစ်ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း) ပြုစုနိုင်ရန်အတွက် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆက်စပ်ဌာနဆိုင်ရာများဖြစ်သော ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဥပဒေကျွမ်းကျင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ပြီး အကြံဉာဏ်များရယူ၍ မြေယာခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ထားသော မြေယာခွန်ဥပဒေ (မူကြမ်း)အား ရေးဆွဲပြုစုခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါမူကြမ်းအပေါ် ဥပဒေအကြံပြုချက် ပြုပေးနိုင်ရန် ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးသို့ သဘောထားတောင်းခံခဲ့ရာ ဥပဒေအကြံပြုချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ မြေယာခွန်နှုန်းထား ပြင်ဆင်သတ်မှတ်ရာတွင် အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြေခွန်နှုန်းထား သတ်မှတ်ချက်များအား ထပ်မံလေ့လာရယူ၍ နှိုင်းယှဉ်ချိန်ထိုးပြီးဖြစ်၍ ဥပဒေ(မူကြမ်း)ကို ကြိုတင်လေ့လာ ဖတ်ရှုနိုင်ပါရန်နှင့် ဥပဒေပါ ကောက်ခံရန် လျာထားမှုများကို သက်ဆိုင်ရာ မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုနှင့်ပြန်လည်ဆွေးနွေးပြီး အကြံပြုလိုသော အချက်များရှိပါက ပေးပို့အကြံပြုနိုင်ရန် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဥပဒေ(မူကြမ်း)စာအုပ်အား ဖြန့်ဝေပေးထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပုံမှန်အစည်းအဝေး(Cabinet)သို့ တင်ပြအတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီနေ့မှာ ကျွန်တော်တင်ပြမည့် မေးခွန်းကတော့ ပညာရေးဝန်ကြီးဌာနမှ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ် ကျောင်းအုပ်ဆရာ၊ ဆရာမအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရန် အချက်များဆိုပြီးတော့ နိုင်ငံတော်ပိုင်သတင်းစာများတွင် ဖော်ပြထားတာ တွေ့ရပါတယ်။ လိုက်နာရမည့် အချက်(၇)ချက် ပါဝင်တာကိုလည်း တွေ့ရပါတယ်။ အချက်(၇)ချက်ရဲ့ နောက်ဆုံးပိုင်းမှာ အကြံပြုလို၊ တိုင်ကြားလိုပါက ဆက်သွယ်ရန်ဆိုပြီး ဖော်ပြထားတာ တွေ့ရှိရပါတယ်။ တိုင်ကြားနိုင်သည့်ဖော်ပြချက်သာ ပါရှိပြီးတော့ မည်ကဲ့သို့အရေးယူ ဆောင်ရွက်မည်ကို ဖော်ပြထားခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် အရေးယူမည့်အပိုင်းကိုပါ ဖော်ပြရန်အကြံပြုရင်းနဲ့ အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများအပေါ် ဆရာ/ ဆရာမများက နိုင်ငံတော်အစိုးရမှ သတ်မှတ်ကောက်ခံသည့် ငွေကြေးမှတစ်ပါး တစ်ခြားနည်းပုံစံအမျိုးမျိုးဖြင့် ငွေကြေးကောက်ခံလာပါက မည်သည့်နေရာသို့ တိုင်ကြားရမည်၊ မည်သို့အရေးယူ ဆောင်ရွက်ပေးမည်ကိုအများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးမြို့အပါအဝင် အခြားသော မြို့များတွင် ရေသန့်ထုတ်လုပ်သော ရေသန့်စက်ရုံ မည်မျှရှိပြီး၊ အဆိုပါစက်ရုံများမှ ထုတ်လုပ်သော ရေသန့်များသည် သတ်မှတ်စံချိန်စံညွှန်း မီ/ မမီကို မည်ကဲ့သို့စစ်ဆေးစီမံဆောင်ရွက်နေကြောင်း အများပြည်သူ သိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း မေးခွန်း(၂)ခုစလုံးကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်သည့် အခြေခံပညာကျောင်းများ ဖွင့်သည့်အချိန်အခါတွင် အခြားနည်းပုံစံအမျိုးမျိုးဖြင့် ငွေကြေးကောက်ခံလာပါက မည်သည့်နေရာသို့ တိုင်ကြားရမည်၊ မည်သို့အရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းကို ဦးစွာဖြေကြားပေးသွားမှာဖြစ်ပါတယ်။ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ၁၀- ၅- ၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၁၆-က)/ ၇၇၀၈/ ကျောင်းအပ်နှံရေး(၀၇၂/ ၁၉)ဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်တွင် မည်သည့်ငွေကြေးမှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရဟု အခြေခံပညာကျောင်းများအားလုံးကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အကယ်၍ ဆရာ/ ဆရာမများက ငွေကြေးကောက်ခံပါက မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် ပြည်နယ်ပညာရေးမှူးရုံးသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါတယ်။ အခြားနည်းအမျိုးမျိုးဖြင့် ကျောင်းအုပ်ကြီးများ၊ ဆရာ/ ဆရာမများက ကျောင်းသား၊ မိဘများအပေါ် ငွေကြေးကောက်ခံကြောင်း တိုင်ကြားလာပါက ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့၍ စစ်ဆေးခြင်း၊ ငွေကြေးကောက်ခံကြောင်း ခိုင်လုံမှုရှိပါက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဖွဲ့၍ စစ်ဆေးပြီး နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းဥပဒေ အခန်း(၁၁) ပုဒ်မ-၅၃ အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဌာနဆိုင်ရာ အရေးယူမှုများတွင် အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှ ချမှတ်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊

(င) ရာထူးအဆင့်လျှော့ချခြင်း၊

(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု တန်ဖိုးအပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးလျော်စေခြင်း၊

(ဆ) တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့် ကာလအတွက် လစာအပြည့် ခံစားခွင့် မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းစသည့် ပြစ်ဒဏ်များကို အခြေခံပညာအခြေခံ ပညာဦးစီးဌာန၊ နေပြည်တော်မှ ချမှတ်နိုင်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးမြို့ အပါအဝင် အခြားသော မြို့များတွင် ရေသန့်ထုတ်လုပ်သော ရေသန့်စက်ရုံ မည်မျှရှိပြီး၊ အဆိုပါ စက်ရုံများမှ ထုတ်လုပ်သော ရေသန့်များသည် သတ်မှတ်စံချိန်စံညွှန်း မီ/ မမီကို မည်ကဲ့သို့ စစ်ဆေးစီမံဆောင်ရွက်နေကြောင်း သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ထောက်ခံချက်ရရှိထားသော သောက်ရေသန့် စာရင်းအရေအတွက်မှာ တောင်ကြီးမြို့နယ် ၁၅ ခု၊ ညောင်ရွှေမြို့နယ် ၆ ခု၊ ကလောမြို့နယ် ၇ ခု၊ ရပ်စောက်မြို့နယ် ၅ ခု၊ ဟိုပုံးမြို့နယ် ၂ ခု၊ ဖယ်ခုံမြို့နယ် ၃ခု၊ ပင်လောင်းမြို့နယ် ၃ခု၊ ပင်းတယမြို့နယ် ၃ ခု၊ ဆီဆိုင် မြို့နယ် ၁ ခု၊ ရွာငံမြို့နယ် ၁ ခု၊ လွိုင်လင်မြို့နယ် ၇ ခု၊ နမ့်စန်မြို့နယ် ၃ ခု၊ လဲချားမြို့နယ် ၂ ခု၊ မိုင်းကိုင်မြို့နယ် ၁ ခု၊ ကွန်ဟိန်းမြို့နယ် ၂ ခု၊ ကျေးသီးမြို့နယ် ၁ ခု၊ ခိုလမ်မြို့ ၂ ခု၊ မောက်မယ်မြို့နယ် ၁ ခုနှင့် မိုးနဲမြို့နယ် ၁ ခု၊ စုစုပေါင်း ၆၆ခု ရှိပါတယ်။

အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားလာသော အစားအသောက်လုပ်ငန်းများ၊ သောက်ရေသန့် လုပ်ငန်းများအား တင်ပြရမည့် စာရွက်စာတမ်းများ၊ လိုင်စင်များ၊ အမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များအား စိစစ်စစ်ဆေးခြင်း၊ သက်ဆိုင်ရာမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ပူးပေါင်း၍ ကောင်းမွန်သော ထုတ်လုပ်မှုဆိုင်ရာ ကျင့်စဉ်များ၊ သန့်ရှင်းမှုဆိုင်ရာ ကျင့်စဉ်များ၊ စက်ရုံဖွဲ့စည်းပုံများစသည်တို့ကို ကွင်းဆင်းစစ်ဆေးခြင်း၊ ထုတ်လုပ်သော

အစားအသောက်နမူနာ သို့မဟုတ် သောက်ရေသန့် နမူနာအား ကျဘမ်းစနစ်ဖြင့် ကောက်ယူခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းစသည်တို့ကို အစီအစဉ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လုပ်ငန်းစဉ်များ စိစစ်ခြင်းများ၊ ဓာတ်ခွဲ အဖြေများအားလုံး ပြည့်စုံကောင်းမွန်မှသာလျှင် အမျိုးသား အစားအသောက်ဥပဒေ ပုဒ်မ(၉)အရ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်အား ထုတ်ပေးလျက်ရှိပါတယ်။ ထောက်ခံချက်လက်မှတ် သက်တမ်းရှိနေဆဲ ကာလအတွင်း ထုတ်လုပ်ရောင်းချနေသော ထုတ်ကုန်များအား ဈေးကွက်များအတွင်းမှ ရောင်တခင်စစ်ဆေးခြင်း၊ ဓာတ်ခွဲခြင်းစသည့် ဈေးကွက်ထောက်လှမ်း စစ်ဆေးခြင်း လုပ်ငန်းစဉ်ဖြင့် လိုက်နာမှုန်ကန်ခြင်း ရှိ / မရှိ အား ပြန်လည်ဆန်းစစ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့၊ နမ့်ကုန်းကျေးရွာအုပ်စုရှိ၊ ခတ်တန်ကျေးရွာမှ တောင်သူ(၁၅)ဦး၊ လယ်ဧက(၅၀)ခန့် ရေပေးဝေနိုင်သော နမ့်ခွန်ရေသွယ်မြောင်းသည် ပေပေါင်း (၇၀၀၀)နီးပါး ရှည်လျားပါတယ်။ အဆိုပါရေသွယ်မြောင်းသည် တိမ်ကောလုနီးပါး ဖြစ်နေပါတယ်။ တောင်သူလယ်သမားများ၏ လုပ်အားဖြင့်လည်း ပြန်လည်ပြုလုပ်နိုင်ခြင်း မရှိတော့ပါ။သို့ဖြစ်ပါ၍ ထိုရေသွယ်မြောင်းကို ပြန်လည်တူးဖော်ပြီးရေသွယ်ယူနိုင်သည့် အဆင့်ထိ ပြုလုပ်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံလယ်သမားများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်

ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် မေးမြန်းတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ် မြို့နယ်၊ နမ့်ကုန်းကျေးရွာအုပ်စု၊ ခတ်တန်ကျေးရွာရှိ ပေပေါင်း(၇၀၀၀)နီးပါး ရှည်လျားသည် နမ့်ဟွေခွန် ရေသွယ်မြောင်းမှာ တိမ်ကောလုနီးပါး ဖြစ်နေပါသဖြင့်အဆိုပါ ရေသွယ်မြောင်း အား ပြန်လည်တူးဖော်ပြီး ရေသွယ်ယူနိုင်သည့် ခိုင်မာသော ရေသွယ်မြောင်း အဆင့်ထိ ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနဲ့ပတ်သက်ပြီး ရှင်းလင်းစွာ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်ကုန်းကျေးရွာအုပ်စု၊ ခတ်တန်ကျေးရွာအနီးရှိ နမ့်ဟွေခွန်ရေသွယ်မြောင်းသည်ဒေသခံတောင်သူ(၁၅)ဦး၏ လယ်မြေ ဧက(၅၀)ခန့်အား အကျိုးပြုလျက်ရှိသော်လည်း အလျားပေရှည်(၇၀၀၀)ခန့် ရှည်လျားသည့် အဆိုပါ နမ့်ဟွေခွန်ရေသွယ်မြောင်းသည် တိမ်ကောနေသဖြင့် ဒေသခံများ၏ ပြောကြားချက် အရ လွန်ခဲ့သောနှစ်(၃၀)ခန့်မှစ၍ အသုံးမပြုနိုင်တော့ဘဲ ဒေသခံတောင်သူများမှ မိုးကောင်း သောက် လယ်မြေအဖြစ်သာ စိုက်ပျိုးနေကြရပါတယ်။

ကွင်းဆင်းစစ်ဆေးချက်အရ မြေမျက်နှာပြင် အနိမ့်အမြင့် အလွန်ကွာခြားလျက်ရှိပြီး ရိုးငယ်နှစ်ခုအား ဖြတ်သန်းရမည်ဖြစ်ပြီး ဖြတ်သန်းဖောက်လုပ်မည်ဆိုပါက အလျားပေ (၁၅၀၀)ခန့်နှင့် အမြင့်(၅)ပေခန့်ဖို့၍ မြောင်းပုံစံကျ ပြန်လည်တူးဖော်ရမည် ဖြစ်ရာ ဖို့မြေ ဖြစ်သည့်အတွက် ရေရှည်အသုံးမပြုနိုင်ခြင်း၊ ရိုးငယ်များအား ကွေ့ပတ်၍ ဖောက်လုပ်မည် ဆိုပါကလည်း မိုးကာလမိုးများသည့်အခါတွင် တောင်တန်းလျှိုမြောင်များ တိုက်စားနိုင်သည့် အတွက် မြောင်းကျိုးပေါက်ပျက်စီးနိုင်ခြင်း၊ အချို့နေရာများတွင် မြောင်းအား ပျမ်းမျှအနက် (၈)ပေခန့် တူးဖော်ပေးရမည်ဖြစ်ရာ မြောင်းသည် တောင်ကမ်းပါးယံစောင်းတွင် တည်ရှိသည့် အတွက် တူးမြောင်းအတွင်းသို့ ကမ်းပါးယံမှ မြေသားများ ပြိုကျပိတ်ဆို့ခြင်းမှ ကာကွယ်ရန် လှေကားထစ်ပုံစံ တူးမြောင်းမြေသား ဖြတ်မြေလုပ်ငန်းများပါ ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ မြောင်းသည်တောင်ကမ်းပါးယံတွင် တည်ရှိပြီး မြေမျက်နှာပြင် အနိမ့်အမြင့်များသည့်အတွက် မိုးရာသီကာလတွင် တောင်စွယ်တောင်တန်းလျှိုမြောင်များမှ ကျဆင်းလာသောရေများသည် မြောင်းအတွင်းသို့အရှိန်ဖြင့် ထိုးဆင်းဝင်ရောက်လာပြီး တူးမြောင်းမြေသားပေါင်များ ကျိုးပေါက်နိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ရေသွယ်မြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မြေမျက်နှာပြင် အနိမ့်အမြင့်များသည့်အတွက် ကုန်ကျစရိတ်များပြား နိုင်ခြင်း၊ အကျိုးပြုမည့် လယ်ဧကများနည်းပါးသည့်အတွက်ကုန်ကျစရိတ်နှင့် တွက်ခြေကိုက်မှု

မရှိနိုင်ခြင်း၊ ရေရှည်အသုံးမပြုနိုင်ခြင်းတို့ကြောင့် ဆောင်ရွက်ရန် သင့်လျော်မှု မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်ဆွေက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဆွေ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ် အပါအဝင်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေဖြစ်ပါတယ်။ ကျောက်မဲ ခရိုင်၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးနယ်မြေမီးသတ်စခန်း အဆောက်အဦနှင့် မီးသတ်ယာဉ်(၁) စီးကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးဆောင်ရွက် ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိကို ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးနယ်မြေတွင် မီးသတ်ဖွဲ့စည်းပုံအရ အမှုထမ်း (၉) ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဘန့်ဘွေးကျေးရွာတွင် မီးသတ်စခန်း၏ မြေနေရာကို ပြည်ထဲရေးဝန်ကြီးဌာနမှ (၂၀.၂.၂၀၁၈)ခွင့်ပြုချက်ရရှိပြီးသား ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘန့်ဘွေးနယ်မြေ မီးသတ်စခန်း အဆောက်အဦနှင့် မီးသတ်ယာဉ်(၁)စီး လိုအပ်သဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် အစီအစဉ် ချထားပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသောပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြ ပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေမေးမြန်းလာသည့် နောင်ချိုမြို့နယ်၊ ဘန့်ဘွေး နယ်မြေမီးသတ်စခန်း အဆောက်အဦနှင့် မီးသတ်ယာဉ်(၁)စီးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်

တွင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးနယ်မြေမီးသတ်စခန်းအတွက် မီးသတ်ယာဉ်(၁)စီး ပေးအပ်ထားရှိပြီး ၎င်းမီးသတ်ယာဉ်ကို ဘန့်ဘွေးကျေးရွာ ဓမ္မာရုံဘေးတွင် ယာယီအဆောက်အဦဖြင့် ထားရှိပါတယ်။ ဘန့်ဘွေးနယ်မြေမီးသတ်စခန်း အဆောက်အဦနှင့် မီးသတ်ယာဉ်တစ်စီးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စီစဉ်ဆောင်ရွက်ပေးရန် မရှိပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှု အခြေအနေအရ ထပ်မံချထားပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ဘဏ္ဍာငွေ ခွဲဝေရရှိသည့်အပေါ်မူတည်၍ သင့်လျော်သည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက် ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက်ဥပဒေ(မူကြမ်း)ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးဖြစ်ကြတဲ့-

(၁) ဦးဂူဆာ - လီဆူတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၂) ဦးအာဇေလ - အာခါတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၃) ဦးယောသပ် - လားဟူတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၄) ဦးအေးမင်းစိုး - ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးစိုင်းနောင့် - မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၆) ဦးညီနပ် - မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၇) ဦးစိုင်းလှိုင်ခမ်း - မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၈) ဦးခွန်စောအောင် – ပင်လောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၉) ဦးအေးမောင် – နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဦးဇော်ထွန်း – ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၁) ဦးရန်ကျော် – ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၂) ဒေါ်နန်းစံပွမ် – နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တို့က ပြည်နယ်လွှတ်တော်သို့ တင်သွင်းလာပါတယ်။ အဆိုပါ ဥပဒေမူကြမ်းကို နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံပွမ်က ပြည်နယ်လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစံပွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံပွမ်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)ကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ယခုတင်သွင်းသော ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော–

(၁) ဦးဂူဆာ – လီဆူတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၂) ဦးအာဇေလ – အာခါတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၃) ဦးယောသပ် – လားဟူတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

(၄) ဦးအေးမင်းစိုး – ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးစိုင်းနောင့် – မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၆) ဦးညီနပ် – မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၇) ဦးစိုင်းလှိုင်ခမ်း – မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)

(၈) ဦးခွန်စောအောင် – ပင်လောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၉) ဦးအေးမောင် – နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဦးဇော်ထွန်း – ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၁) ဦးရန်ကျော် – ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)

(၁၂) ဒေါ်နန်းစံဟွမ် – နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တို့မှ အခြေခံပညာကျောင်းများတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍ အာဟာရပြည့်ဝသော အစားအသောက်များ ရရှိနိုင်စေရန်နှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်များကို အချိန်မီတားမြစ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စုပေါင်းရေးဆွဲခဲ့ကြခြင်းဖြစ်ပါတယ်။

ဤဥပဒေ(မူကြမ်း)ကို အခန်း(၁)အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်၊ အခန်း(၃) လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ အခန်း(၄) လုပ်ငန်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၅) ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၆) စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၇) ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ခွင့်ပြုကာလသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အခန်း(၈) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း(၉) အယူခံခြင်း၊ အခန်း(၁၀) အရည်အသွေး အာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း၊ အခန်း(၁၁) တားမြစ်ချက်များ၊ အခန်း(၁၂) ပြစ်ဒဏ်များ၊ အခန်း(၁၃) အထွေထွေဟူ၍ အခန်း(၁၃)ခန်းပါရှိပြီး ပုဒ်မ(၃၄)ခု ရှိပါတယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်တွင် အသက်(၅)နှစ်နှင့်အထက် ရှိသူ (၅,၂၂၇,၇၂၃)ဦးရှိသည့်အနက် သူငယ်တန်းမှ ဆယ်တန်းအထိ ကလေးသူငယ်စုစုပေါင်း (၂,၉၉၈,၇၁၉)ဦးရှိပါတယ်။ အခြေခံပညာသင်ယူနေသူ ကလေးသူငယ် သိန်း(၃၀)နီးပါး အတွက် အခြေခံပညာကျောင်း မုန့်ဈေးဆိုင်များမှာ အလွန်အရေးကြီးပါတယ်။ ရှမ်းပြည်နယ် အတွက် အခြေခံပညာကျောင်းများ၏ မုန့်ဆိုင်တန်းမှ အစားအသောက်များကို အထူးလေ့လာ ပြုစုထားသော သုတေသနမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အခြေခံပညာ ကျောင်းများတွင် ကျောင်းသားကလေးသူငယ်များမှာ အာဟာရမပြည့်သော အန္တရာယ်ရှိသော

အစားအသောက်များကို အများစု စားသောက်နေရကြောင်း စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြပါရှိပါတယ်။

ကမ္ဘာ့ကလေးကင်ဆာအဖွဲ့အစည်း(World Child Cancer)၏ အစီရင်ခံစာတွင် နှစ်စဉ်မြန်မာ ကလေးငယ် (၃၀၀၀)ခန့်သည် ကင်ဆာဖြစ်ပွားနေခြင်းနှင့် (၂၇၀)ခန့်သည် ရန်ကုန်ကလေးဆေးရုံ၌ ဆေးကုသမှုခံယူနေရပါတယ်။ အစားအသောက်သည် ကလေးများ၏ ကာယဗလ၊ ဉာဏဗလ ဖွံ့ဖြိုးတိုးတက်စေရန် စာသင်ကျောင်းများမှ အစပြုနိုင်ပါတယ်။

ရှမ်းပြည်နယ်၏ အနာဂတ်မျိုးဆက်သစ်များ လုံခြုံစိတ်ချရသော အစားအသောက်များစားသောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို အထူးပြုရည်ရွယ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းစားသောက်ဆိုင်တန်းများတွင် ရောင်းချနေနိုင်ဖွယ်ရှိသော အချို့သောအစားအစာများနှင့် အချိုရည်များမှာ အရွယ်ရောက်ပြီးသူများကို ရောင်းချနေခြင်းဖြစ်စေ၊ ရောင်းချခွင့်ပြုထားခြင်းဖြစ်စေ ရှိနိုင်သော်လည်း အသက်အရွယ်ငယ်ရွယ်သည့် ကျောင်းသား/ ကျောင်းသူများအတွက် အလုံးစုံရောင်းချခြင်းမှာ မသင့်တော်ပါ။ ကျောင်းစားသောက်ဆိုင်တန်းများ ကျန်းမာသန့်ရှင်းမှုရှိရေး အလေ့အထ တိုးတက်လာစေရန်နှင့် ယင်းသို့ တိုးတက်စေရေး အကောင်အထည်ဖော်ရန် မလွဲမသွေ လုပ်ဆောင်ရပါမယ်။

အခြေခံပညာကျောင်းများအတွင်း အာဟာရပြည့်ဝပြီး ဘေးကင်းစိတ်ချရသော အစားအသောက်ဆိုင်ရာ ကိစ္စရပ်များကို ဦးတည်ဖြေရှင်းထားသော ယခုဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ပြီး အပြုသဘောဆောင်သော တိုးတက်မှုများရရှိအောင် စွမ်းဆောင်ခြင်းက ရှမ်းပြည်နယ်၏ ကျောင်းပညာရေး ရပ်ဝန်းတွင်သာမက ကျောင်းပြင်ပတွင်ပါ အစားအစာ သန့်ရှင်းလုံခြုံမှု၏ ရှေ့ပြေးစံနမူနာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ကျောင်းသား/ ကျောင်းသူများ၏ ကျန်းမာရေးသည် ၎င်းတို့၏ ပညာရေး၊ မိသားစုနှင့် အလုပ်အကိုင် အစရှိသော ၎င်းတို့၏ အနာဂတ်လည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းသား/ ကျောင်းသူများ၏ အနာဂတ်ဘဝ ကျန်းမာစွာနှင့် သက်တမ်းစေ့နေထိုင်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ယင်းတို့၏ တိုးတက်မှုကို နားလည်ခြင်းနှင့် ယှဉ်တွဲနေသည့် နိုင်ငံရေးဆိုင်ရာများကို ရှမ်းပြည်နယ်လွှတ်တော်မှ ပြသနိုင်မည့် အခွင့်အလမ်းဖြစ်သော ဤဥပဒေ(မူကြမ်း)ကို လွှတ်တော် ကိုယ်စားလှယ်ကြီးများမှ အကြံပြုဖြည့်စွက်ပေးနိုင်ပါရန်နှင့် အတည်ပြု ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၃၆(ခ)(၂)အရ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူမှုမှာဖြစ်ပါတယ်။ ၎င်းဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့ အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းတဲ့ ဥပဒေ(မူကြမ်း)ကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆ (ခ) (၃) အရ ဤဥပဒေ(မူကြမ်း)ကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက် မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုရန်ရှိပါက ဆွေးနွေးမည့် အချက်များကို ပြည်နယ်လွှတ်တော်ရုံး သို့ (၁၁.၇.၂၀၁၉)ရက်နေ့ နောက်ဆုံးထားပြီး အရောက်ပေးပို့ကြဖို့ အသိပေး ပြောကြား လိုပါတယ်။

## ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် (၇)ဖြစ်ပါ တယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းပေးဖို့အတွက် ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားသူကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့

ညွှန်ကြားချက်များအားလုံး  ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်အစည်းအဝေး(ဒုတိယနေ့) တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြအပ်ပါတယ်။ တရားစီရင်ရေး၏ လုပ်ငန်းသဘောသဘာဝအရ ဘတ်ဂျက်နှစ်အလိုက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြက္ခဒိန်နှစ်အရ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ၂၀၁၈ ခုနှစ်အတွက် အစီရင်ခံစာတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ကို တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး(၂)ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ တရားစီရင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ခရိုင်တရားရုံး (၁၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး(၃)ရုံး၊ မြို့နယ်တရားရုံး(၅၀)ရုံး ပြင်ဆင်ဖွဲ့စည်းပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ရာဇဝတ်မှုဆိုင်ရာအမှုများ စစ်ဆေးစီရင်မှုအခြေအနေမှာ (၃၁.၁၂.၂၀၁၇)ရက်နေ့တွင်  လက်ကျန်အမှု (၁၆၆)မှု၊ ၂၀၁၈ ခုနှစ် လက်ခံရရှိမှု (၆၅၆)မှု၊ စစ်ဆေးပြီးပြတ်မှု (၆၆၂)မှု ဖြစ်သဖြင့် (၃၁.၁၂.၂၀၁၈)ရက်နေ့တွင် လက်ကျန်အမှု (၁၆၀)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းအားဖြင့်(၁၀၀.၉) ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားမမှုများ စစ်ဆေးစီရင်မှုအခြေအနေမှာ (၃၁.၁၂.၂၀၁၇) ရက်နေ့တွင်  လက်ကျန်အမှု (၉၉)မှု၊ ၂၀၁၈ ခုနှစ် လက်ခံရရှိမှု (၃၁၁)မှု၊ စစ်ဆေးပြီးပြတ်မှု (၃၀၆)မှု ဖြစ်သဖြင့် (၃၁.၁၂.၂၀၁၈)ရက်နေ့တွင် လက်ကျန်အမှု (၁၀၄)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းအားဖြင့် (၉၈.၃၉) ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ခရိုင်တရားရုံး (၁၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၃)ရုံးတို့၏ ရာဇဝတ်မှုဆိုင်ရာအမှုများစစ်ဆေးစီရင်မှု အခြေအနေမှာ (၃၁.၁၂.၂၀၁၇)ရက်နေ့တွင် လက်ကျန်အမှု (၉၃၀)မှု၊ ၂၀၁၈ခုနှစ် လက်ခံရရှိမှု (၃၆၇၅)မှု၊ စစ်ဆေးပြီးပြတ်မှု (၃၆၃၈)မှု ဖြစ်သဖြင့် (၃၁.၁၂.၂၀၁၈)ရက်နေ့တွင် လက်ကျန်အမှု (၉၆၇)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းအားဖြင့် (၉၈.၉၉) ဖြစ်ပါတယ်။ ခရိုင်တရားရုံး (၁၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၃)ရုံးတို့၏ တရားမမှုများ စစ်ဆေးစီရင်မှုအခြေအနေမှာ (၃၁.၁၂.၂၀၁၇)ရက်နေ့တွင် လက်ကျန်အမှု (၅၃၇)မှု၊ ၂၀၁၈ ခုနှစ် လက်ခံရရှိမှု (၆၁၁)မှု၊ စစ်ဆေးပြီးပြတ်မှု (၅၅၇)မှု ဖြစ်သဖြင့် (၃၁.၁၂.၂၀၁၈)ရက်နေ့တွင် လက်ကျန်အမှု (၅၉၁)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းအားဖြင့် (၉၁.၁၆) ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မြို့နယ်တရားရုံး (၅၀)ရုံး၏ ရာဇဝတ်မှုဆိုင်ရာအမှုများ စစ်ဆေးစီရင်မှုအခြေအနေမှာ (၃၁.၁၂.၂၀၁၅)ရက်နေ့တွင် လက်ကျန်အမှု (၁၇၄၁)မှု၊ ၂၀၁၈ ခုနှစ် လက်ခံရရှိမှု (၁၁၀၆၃)မှု၊ စစ်ဆေးပြီးပြတ်မှု (၁၁၀၇၈)မှု ဖြစ်သဖြင့် (၃၁.၁၂.၂၀၁၆)ရက်နေ့တွင် လက်ကျန်အမှု(၁၇၂၆)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းအားဖြင့် (၁၀၀.၁၃) ဖြစ်ပါတယ်။ မြို့နယ်တရားရုံး (၅၀)ရုံး၏တရားမမှုများ စစ်ဆေးစီရင်မှုအခြေအနေမှာ (၃၁.၁၂.၂၀၁၅)ရက်နေ့တွင် လက်ကျန်အမှု (၄၅၀)မှု၊ ၂၀၁၈ခုနှစ် လက်ခံရရှိမှု(၆၈၉)မှု၊ စစ်ဆေးပြီးပြတ်မှု(၆၈၅)မှုဖြစ်သဖြင့်(၃၁.၁၂.၂၀၁၆)ရက်နေ့တွင်လက်ကျန်အမှု(၄၅၄)မှုဖြစ်ပါသည်။စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းအားဖြင့်(၉၉.၄၂)ဖြစ်ပါတယ်။

ဆက်လက်ပြီး လက်အောက်ခံတရားရုံးများသို့ ကြီးကြပ်ဆောင်ရွက်ခြင်း ကိစ္စကို တင်ပြမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်လက်အောက်ရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ စစ်ဆေးစီရင်သည့် မှုခင်းများအပေါ် ပြစ်မှုနှင့် ပြစ်ဒဏ် မျှတခြင်း ရှိ/ မရှိ၊ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ကြည့်ရှု၍ ပြင်ဆင်မှု(က)ဖွင့် လှစ်ဆောင်ရွက် ပေးခြင်း၊ ခရိုင်နှင့် မြို့နယ်တရားရုံးများ၏အမိန့်များအပေါ် ပြင်ဆင်တည်မတ်ပေးခြင်း၊ အယူခံမှုများဖွင့်လှစ် ဆောင်ရွက်ခြင်းများပြုလုပ်ပေးခဲ့ပါတယ်။ လက်အောက်ရုံးများမှ အမှုများအနက်(၈၂)မှု တောင်းခေါ်ခဲ့ပြီး (၃၆)မှုကို မှတ်ချက်ပြုခဲ့ပြီး (၄၆)မှုကိုမှတ်ချက်မရှိဖြင့် ပြန်လည် ပေးပို့ခဲ့ပါတယ်။ (၂၅)မှုကို ပြင်ဆင်မှု (က)ဖွင့်လှစ်ခဲ့ကာ ထိုအမှုများအနက် ပြင်ဆင်တည့်မတ်ပေးရသော အမှု(၃)မှု၊ မူလရုံးအမိန့် အတည်ပြုသောအမှု (၁၃)မှု၊ စစ်ဆေးရန် ကျန်ရှိ (၉)မှုတို့အားကြီးကြပ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်တွင် အယူခံမှု (၄၂၄)မှု စစ်ဆေးပြီးပြတ်ခဲ့ပြီး အောက်ရုံးအမိန့်ကို အတည်ပြုသည့် အမှု(၃၀၈)မှု၊ ပြင်ဆင် ပယ်ဖျက်သည့် အမှု(၁၁၆)မှု ဖြစ်ပါတယ်။ ပြင်ဆင်မှု စုစုပေါင်း (၂၀၉)မှုစစ်ဆေးပြီး ပြတ်ခဲ့ပြီး အောက်ရုံးအမိန့်ကို အတည်ပြုသည့် အမှု(၁၃၂) မှု၊ ပြင်ဆင်ပယ်ဖျက်သည့် အမှု(၇၇)မှုဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။

ဝန်ထမ်းများအား အရေးယူခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းကိစ္စကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈ခုနှစ်အတွင်း လက်အောက်တရားရုံးများ၏ အမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်တရားလွှတ်တော်သို့ တင်ပြတိုင်ကြားသည့် တိုင်စာ(၆၂) စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စိစစ်ရန် ပေးပို့သည့် တိုင်စာ (၉)စောင်၊ ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ရန် လွှဲပြောင်းပေးပို့သည့် တိုင်စာ (၁၃)စောင်၊ ပြည်သူ့လွှတ်တော်ရုံးမှ စိစစ်ရန်ပေးပို့သည့် တိုင်စာ (၁)စောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ပေးပို့သည့်တိုင်စာ (၁)စောင်တို့ကို စိစစ်တင်ပြဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးမှ အရာရှိများနှင့် ဝန်ထမ်းများအား အဂတိ တရားကင်းရှင်းစွာ လုပ်ငန်းများဆောင်ရွက်စေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်

မှားယွင်းမှုများ ကင်းရှင်းစေရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက် ရှိပါတယ်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်အတွင်း တရားရေးအရာရှိ (၁)ဦးအား ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ (၁)ဦးအား ရာထူးတိုးမြှင့်ခြင်းကို (၁)နှစ်ရပ်ဆိုင်းခြင်း၊ (၁)ဦးအားသတိပေးခြင်းနှင့် အခြားအဆင့် ဝန်ထမ်း(၁)ဦးအား ရာထူးမှထုတ်ပယ်ခြင်း၊ (၁)ဦးအား ရာထူးတိုးမြှင့်ခြင်းကို (၂)နှစ်ရပ်ဆိုင်း ခြင်း၊ (၂)ဦးအား သတိပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။

ပြည်နယ်အတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများအား တရားစီရင်ရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းအရည်အသွေးများ တိုးတက်မြင့်မားစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တရားလွှတ်တော်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများခေါ်ယူပြီး တရားသူကြီးဂုဏ်အင်္ဂါနှင့် ပြည့်စုံစွာ ပြုမူကျင့်ကြံ နေထိုင်ကြရန်၊ အဂတိတရား (၄)ပါးကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် တရားစီရင်ရေး ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြရန် သင်ကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်တွင်း၊ ပြည်ပ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ရှမ်းပြည်နယ် အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများမှ တက်ရောက်ခဲ့ကြပါတယ်။ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ စေလွှတ်သော သင်တန်းသားဆရာများဖြင့် မှုခင်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁)ကို ရှမ်းပြည်နယ်အတွင်းမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံး ဝန်ထမ်းများ (၃၆)ဦးတို့ဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၂)ကို တရားရေးအရာရှိ (၆၃)ဦးတို့ဖြင့် ဩဂုတ်လတွင် လည်းကောင်း၊ စုစုပေါင်း(၂)ကြိမ် သင်ကြားပို့ချခဲ့ပါတယ်။

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဖြင့် (၁.၈.၂၀၁၈)ရက်နေ့မှစ၍ အမှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးစီရင် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ပြောင်းလဲလာသော တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဆက်စပ်နေသောအဖွဲ့အစည်းများ၊ ပြည်သူ များ၊ မီဒီယာများမှ ပွင့်လင်းမြင်သာ ကျယ်ပြန့်စွာ သိရှိရန် လိုအပ်သဖြင့် ထိုကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်အသီးသီးကို (၁၆.၇.၂၀၁၈)ရက်နေ့ နံနက်(၉)နာရီတွင် တောင်ကြီးမြို့၊ မြို့တော် ခန်းမတွင် ကျွန်တော် ကိုယ်တိုင်ဦးဆောင်ပြီး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးခရိုင်နှင့် တောင်ကြီးမြို့နယ်တရားရုံးတို့တွင် မှုခင်းစီမံခန့် ခွဲမှု အစီအစဉ် (CMP)စနစ်ဖြင့် (၁.၈.၂၀၁၈)ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။

တောင်ကြီးခရိုင်နှင့် တောင်ကြီးမြို့နယ်တရားရုံးတို့၏ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် (၁၉.၆.၂၀၁၈)ရက်နေ့တွင် တရားရုံးအသုံးပြုသူများ စိတ်ကျေနပ်မှုစစ်တမ်းကောက်ယူခြင်းကို လူမှုရေးအဖွဲ့အစည်းများ ဖြစ်သော နှလုံးလှလက်များ သွေးအလှူရှင်နှင့် လူမှုပရဟိတအသင်းမှ အသင်းဝင်များ၊ တောင်ကြီးမြို့၊ ဘက်စုံဖွံ့ဖြိုးရေးအမှုဆောင်အဖွဲ့ (IDEA)တို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ်များသို့ တရားရေးအရာရှိ (၆)ဦးနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့် သင်တန်းများသို့ အခြားအဆင့်ဝန်ထမ်း (၉)ဦးတို့မှ တက်ရောက်ခဲ့ပါတယ်။

စာရေးဝန်ထမ်းများ လုပ်ငန်းအရည်အသွေးမြင့်မားစေရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ရန် စီမံချက်ရေးဆွဲပြီး စီမံချက်နှင့်အညီ စာရေးဝန်ထမ်း လုပ်ငန်းအရည်အသွေးမြင့် သင်တန်းများကို ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် ခရိုင်တရားရုံး(၁၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတရားရုံး (၃)ရုံးတို့တွင် အသီးသီးဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

ပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရုံး ဝန်ထမ်းများအား လုပ်ငန်းအရည်အသွေးမြင့်မားစေရန်နှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးအတွက်ကွန်ပျူတာသင်တန်းများကို ရုံးလုပ် ငန်းမထိခိုက်စေရန် ရုံးချိန်ပြင်ပ၌ တက်ရောက်သင်ကြားစေခဲ့ပါတယ်။

ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းကိစ္စ ဆက်လက် တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ်ထံသို့ UNDP မှ Rule of Law Access to Justice Officer Ms.Shama Farooq နှင့် International Legal Foundation Program မှ Director Ms. Holly Hobert တို့သည်လည်းကောင်း၊ International Commission of Justice International Leagal Adveser မှ Mrs. Seam Bain အဖွဲ့သည် လည်းကောင်း၊ ပြည်နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဦးရဲနိုင်အောင်၊ Justice for all Lawfirm မှ ဦးအောင်လင်းဦးနှင့်အဖွဲ့သည် လည်းကောင်း၊ အလွတ်သဘောဖြင့် အသီးသီးလာရောက်တွေ့ဆုံခဲ့ကြပါတယ်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ (၂၉. ၁. ၂၀၁၈)ရက်နေ့ တောင်ကြီးမြို့၊ Royal Taunggyi Hotel တွင် ကျင်းပပြုလုပ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ သတင်းမီဒီယာများ၏ မဏ္ဍိုင် (၄)ရပ် တွေ့ဆုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားရေးအရာရှိ(၉)ဦး၊ စုစုပေါင်း (၁၀)ဦးတို့

တက်ရောက်ခဲ့ကြပြီး အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်တရားသူကြီးချုပ်မှ သတင်းမီဒီယာကောင်စီဝင်များနှင့် သတင်းမီဒီယာသမားများ၏ တင်ပြချက်များအား ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါတယ်။

လူထုစကားဝိုင်းဆွေးနွေးပွဲတွင် ဟောပြောဆွေးနွေးပေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ညှိနှိုင်းချက်အရ သီပေါမြို့နယ်တရားသူကြီး ဦးထွန်းမျိုးဌေးက (၅.၆.၂၀၁၈)ရက်နေ့တွင် သီပေါမြို့နယ်ခန်းမ၌ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောင်ကြီးခရိုင်တရားသူကြီး ဒေါ်ခင်စိမ်းဝင်းက (၂၁.၆.၂၀၁၈)ရက်နေ့တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ်– ၆/ ၉၈နှင့်အညီ ခရိုင်တရားရုံးများအား စစ်ဆေးကြည့်ရှုရန် နှစ်စဉ်တစ်ကြိမ်စီမံချက်ရေးဆွဲ၍ စီမံချက်နှင့်အညီဆောင်ရွက်လျက်ရှိပြီး မြို့နယ်တရားရုံးများသို့ ရှောင်တခင် စစ်ဆေးခြင်းများပြုလုပ်ကာလိုအပ်ချက်များအပေါ် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်လက်အောက်တွင် ခရိုင်တရားရုံး (၁၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး (၂)ရုံးတို့၏ ၂၀၁၇ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ၂၀၁၈ ခုနှစ်အတွင်း စီမံချက်နှင့်အညီ စစ်ဆေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ညွှန်ကြားချက်အမှတ်– ၅/၂၀၁၃အရ ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များ၊ ရဲဘက်စခန်းနှင့် ရဲတပ်ဖွဲ့အချုပ်စခန်းများကို (၃)လလျှင် တစ်ကြိမ်စစ်ဆေးရန် ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ စစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိချက်၊ လိုအပ်ချက်များကို သက်ဆိုင်ရာ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီး၊ ထောင်တာဝန်ခံများနှင့် စခန်းမှူးများအား ညွှန်ကြားဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း အကျဉ်းထောင်(၆)ခု၊ ရဲဘက်စခန်း (၇)ခု၊ ရဲဘက်စခန်းခွဲ (၂)ခုနှင့် ပထမသတင်းပေး တိုင်ချက်ရေးဖွင့်နိုင်သော ရဲတပ်ဖွဲ့အချုပ်စခန်းပေါင်း (၁၃၂)ခုရှိသည့်အနက် ၂၀၁၈ ခုနှစ်အတွင်း စီမံချက်နှင့်အညီ အကျဉ်းထောင်များကို (၉)ကြိမ်၊ ရဲဘက်စခန်းများကို (၆)ကြိမ်၊ မြို့မရဲစခန်းများနှင့် နယ်မြေရဲစခန်းများကို (၇၆)ကြိမ် စစ်ဆေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

တရားရုံးဝန်ဆောင်မှုနှင့် ပြည်သူတို့၏ အခန်းကဏ္ဍနှင့် စပ်လျဥ်းပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်သော ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေးဟူသည့်မူဝါဒနှင့်အညီ ပြည်နယ်အတွင်းရှိ ကျေးသီးမြို့နယ်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ဝေသည့် သင့်အတွက် တရားရုံးလက်ကမ်းစာစောင်ကို ရှမ်းဘာသာဖြင့် ဘာသာပြန်ဆိုပုံနှိပ်ပြီး ပြည်သူများထံ ဖြန့်ဝေပေးခြင်း၊ တရားရုံးအသုံးပြုသူ ဒေသခံတိုင်းရင်းသားပြည်သူတို့ အဆင်ပြေချောမွေ့စေရန် တရားရုံး ကြော်ငြာစာများကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ဗွီနိုင်းပိုစတာများ ချိတ်ဆွဲထားရှိခြင်း၊ သက်သေနားနေဆောင်ကို မြို့နယ်တရားသူကြီးမှမိမိကိုယ်ပိုင်ငွေကြေးဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ သက်သေနားနေဆောင်တွင် ပြည်သူ့အတွက် ဥပဒေစာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း၊ ပြည်သူ့အတွက် ဥပဒေစာကြည့်တိုက်တွင် လစဉ်ဥပဒေစာဖတ်ဝိုင်း ကျင်းပပြုလုပ်ခြင်း၊ တိုင်းရင်းသားပြည်သူတို့ ဥပဒေ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်တရားရုံးတွင် ပြည်သူ့အတွက် ဥပဒေဆိုင်ရာ အခြေခံသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းသို့ ဥပဒေရေးရာဗဟုသုတများ ပြန့်ပွားပို့ချခြင်း၊ ကျေးသီးမြို့ အထက်တန်းကျောင်းတွင် ဥပဒေရေးရာဗဟုသုတများ ပြန့်ပွားပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူတို့အား ကျေးသီးမြို့နယ်တရားရုံးသို့ လေ့လာရေးခရီး ဖိတ်ခေါ်ဆောင်ရွက်ခြင်းနှင့် ဒေသအတွင်း တိုက်ပွဲရှောင်မိဘပြည်သူတို့အား ကူညီထောက်ပံ့လှူဒါန်းမှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ သီပေါမြို့နယ်တရားရုံးတွင် တရားရုံးအသုံးပြုသူများ၊ တရားရုံးဆိုင်ရာသတင်းအချက်အလက်များ အလွယ်တကူရယူနိုင်ရန် စုံစမ်းရန်ဌာန၊ အမှုတင်ခြင်း၊ မိတ္တူကူးခြင်း၊ ဒဏ်ငွေဆောင်ခြင်းများ ပြုလုပ်ရာတွင် လွယ်ကူစေရန် အမှုတင်ရန်ဌာန၊ မိတ္တူကူးနှင့်ငွေသွင်းကောင်တာတို့ကို ဖွင့်လှစ်ထားရှိပြီး မြန်မာ၊ အင်္ဂလိပ်၊ ရှမ်းဘာသာတို့ဖြင့် ရေးသားဖော်ပြထားပါတယ်။

အမှုသည်များ၊ သက်သေများ၊ ရှေ့နေရှေ့ရပ်များ သက်သောင့်သက်သာ နားနေနိုင်ရန်အတွက် သက်သေနားနေဆောင်ကို သပ်ရပ်စွာတိုးချဲ့ဆောက်လုပ်ထားပြီး တရားရုံးနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူများသိရှိနိုင်စေရန် တရားရုံးကြော်ငြာစာများကို သက်သေနားနေဆောင်အတွင်း ဗွီနိုင်းပိုစတာများတွင် ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားချိတ်ဆွဲထားရှိပါတယ်။ သီပေါမြို့နယ်တရားရုံးအတွင်း ယာယီ

အချုပ်ခန်းကို လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရေးန် အမျိုးသားအခန်း၊ အမျိုးသမီးအခန်း သီခြားဆောက်လုပ်ထားရှိပြီး အချုပ်ခန်းဝင်ပေါက်များကို စံနှုန်းနှင့်အညီ စီမံဆောင်ရွက် ထားရှိပါတယ်။ ကုန်ကျစရိတ်များကို သီပေါမြို့နယ်တရားသူကြီး ဦးထွန်းမျိုးဌေးမှ ၎င်း ရေးသားထုတ်ဝေသည့် စာအုပ်များရောင်းရငွေများနှင့် မိတ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်းအလှူခံရရှိသည့် ငွေများနှင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ထို့အပြင် သီပေါမြို့နယ်တရားသူကြီး ဦးထွန်းမျိုးဌေးမှ မြန်မာနိုင်ငံတရားစီရင်ထုံးများကို Computer, Phone, Tablet များတွင်အသုံးပြုနိုင်ရန် e – book များဖန်တီးခြင်း၊ ဥပဒေပညာရှင် ဆရာကြီးဦးမြ၏ ပညာဒါနလုပ်ငန်းများအတွက် ဆရာကြီးဦးမြ၏ စာအုပ်များကို Computer, Phone, Tablet များတွင်အသုံးပြုနိုင်ရန် e – book များ ဖန်တီးခြင်း၊ ဥပဒေရေးရာစာအုပ်စာတမ်းများ ရေးသားပြုစုခြင်း၊ လူမှုကွန်ယက်စာမျက်နှာမှ ဥပဒေဆိုင်ရာ အသိပညာပေးခြင်းစသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ဥပဒေပညာသင်ယူသူများ၏ စီရင်ထုံးစာအုပ်ရှားပါးသည့် အခက်အခဲကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းနိုင်သည့် အကျိုးရလဒ်များရရှိပါတယ်။

သိန္နီမြို့နယ်တရားရုံးတွင် အများပြည်သူများ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် အသိပညာပေးသည့်စာများ၊ ပြည်သူများ၊ သတင်းမီဒီယာများအနေဖြင့် တရားရုံးသို့လာရောက်ချိန် တွင်လိုက်နာရမည့်စည်းကမ်း၊ ဆောင်ရန် ရှောင်ရန်များကို ဗီနိုင်းပိုစတာဖြင့် ချိတ်ဆွဲဖော်ပြထားခြင်း၊ သင့်အတွက်တရားရုံး၊ ရာဇဝတ်မှုနှင့် တရားမမှုအကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များထဲမှ အများပြည်သူသိရှိရန် အချက်အလက်များကို မြင်သာရန်ချိတ်ဆွဲထားခြင်း၊ တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာဆောင်းပါးစာအုပ်များကို အသိပညာဗဟုသုတ တိုးပွားစေရန် အများပြည်သူ ဖတ်ရှုနိုင်ရန် မြို့နယ်တရားရုံးတွင် စီစဉ်ထားရှိထားကြောင်း တင်ပြအပ်ပါတယ်။ လားရှိုးခရိုင်တရားရုံးတွင်လည်း တရားရုံးအသုံးပြုသူများ သက်သောင့်သက်သာ နားနေနိုင်ရန် သက်သေနားနေခန်းများကို ဆောက်လုပ်ခြင်း၊ ထိုင်ခုံတန်းလျားများလှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၄.၉.၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်– ၆၆၅/ ၂၀၁၇ ဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးကို

ဖွင့်လှစ်ခွင့်ပြုခဲ့သဖြင့် (၇.၉.၂၀၁၇)ရက်နေ့တွင် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၃. ၁. ၂၀၁၈)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်– ၅၇/ ၂၀၁၈ ဖြင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပါသဖြင့် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးကို (၂၇.၁.၂၀၁၈)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ တောင်ကြီးခရိုင် အတွင်းတွင် ပါဝင်သော ပင်းတယမြို့နယ်တရားရုံးနှင့် ရွာငံမြို့နယ်တရားရုံးတို့ကို ခနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး လက်အောက်သို့လည်းကောင်း၊ ဟိုပုံးမြို့နယ်တရားရုံး၊ ဆီဆိုင်မြို့နယ်တရားရုံးနှင့် ပင်လောင်းမြို့နယ်တရားရုံးတို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးလက်အောက်သို့လည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၈ –၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းတွင် တရားရုံးဂုဏ်အင်္ဂါနှင့် ညီညွတ်မှုရှိသည့် တရားရုံးအဆောက်အဦများနှင့် ဝန်ထမ်းများ ရာထူးဂုဏ်နှင့်အညီ နေထိုင်နိုင်ရန် ဝန်ထမ်း အိမ်ရာများကို ဆောက်လုပ်ရန် လျာထားချက်များရှိသော်လည်း ရန်ပုံငွေခွဲဝေချထားပေးခြင်း မရှိပါသဖြင့် ပြုပြင်ပြောင်းလဲရေးအမြင်ဖြင့် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ရန် အခက်အခဲများရှိပါကြောင်း တင်ပြအပ်ပါတယ်။

အထွေထွေတင်ပြချက်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာ စီမံကိန်း တတိယနှစ်အစီအစဉ်အရ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးများတွင် Case Management Program အစီအစဉ်ဖြင့် စစ်ဆေးမည့် တရားရုံးများတိုးချဲ့ရန် ဆောင်ရွက် လျက်ရှိပါတယ်။ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရွက်စာတမ်းများနှင့် အချိန်ကုန် သက်သာစေရန်၊ ရုံးလုပ်ငန်းများ လုံခြုံမှုရှိစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တရား လွှတ်တော်၌ EDMS ၊ Video Conferencing System တို့အား ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ဆက်သွယ်ချိတ်ဆက်ထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော် အမည်ဖြင့် Facebook Account ကို (၇.၁၁.၂၀၁၆)ရက်နေ့တွင် ဖွင့်လှစ်၍ စတင်အသုံးပြုလျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ခံ ခရိုင်တရား ရုံးများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင် G-mail account များတောင်းခံ၍ ရုံးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရာတွင် လုံခြုံမှုရှိစေရေး ဆောင်ရွက်ထားရှိပါကြောင်း တင်ပြရင်းနဲ့ ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ရှမ်းပြည်နယ် တရားလွှတ်တော်မှ တင်ပြသည့် ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို

၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(တတိယနေ့)မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်**

**၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်**

**[ ဗုဒ္ဓဟူးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။**

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။**

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၀.၇၁%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏

ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၂-၆-၂၀၁၉)ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စား လှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၂) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၄) ဦးဂူဆာ၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၁)ရက်။

(၅) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးရှိပြီး ယနေ့ခွင့်ပန် ကြားသူ (၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ ဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ် မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၃)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခုပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းအောင်က မေးခွန်း (၁၊ ၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ လေးစား ရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်အဆင့်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)သို့

တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ သီပေါ မြို့နယ်၊ လုံတောင်းကျေးရွာအုပ်စုအတွင်း နေထိုင်လျက်ရှိသည့် ကျေးလက်နေပြည်သူများ ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ရှမ်း ပြည်နယ်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြ မေးခွန်းဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စုဟာ လုံတောင်း၊ ပန်လောင်(ပန်လုံ)၊ ခိုင်းမွန်၊ ပြိန်းညောင်၊ ပုံလျန်းစသည့် ကျေးရွာပေါင်း (၅)ရွာတို့ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ(၄၄၇)အိမ်၊ အိမ်ထောင်စုပေါင်း (၅၂၀)၊ လူဦးရေ ပေါင်း(၂၃၀၈)ဦးခန့် နေထိုင်လျက်ရှိသည့် ကျေးရွာအုပ်စုတစ်ခု ဖြစ်ပါတယ်။

လုံတောင်းကျေးရွာအုပ်စုသည် သီပေါမြို့နယ်အရှေ့တောင်ဘက် သီပေါမြို့မှ မိုင်(၅၀)ခန့် ကွာဝေးလျက် အလွန်ချောင်ကျသော ဒေသဖြစ်ပါတယ်။ ဖော်ပြပါ လမ်း/ တံတားများဟာ လုံတောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအပြင် မိုင်းလာကျေးရွာ အုပ်စု၊ ကောင်းခံကျေးရွာအုပ်စု၊ ကောင်းကော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှာလည်း နေ့စဉ်အသုံးပြုဖြတ်သန်းရသည့် လမ်း/ တံတားများဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းလိုသည့်မေးခွန်းများကတော့ (၁)သီပေါ မြို့နယ်၊ လုံတောင်းကျေးရွာအုပ်စုအတွင်း ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ခိုင်းမွန်နှင့် ပန်လောင်ကျေးရွာတို့အကြား ဆက်သွယ်ပေးထားသည့်လမ်းဟာ မိုးတွင်းအခါကာလများမှာ စမ်းရေများ စိမ့်ထွက်လျက်ရှိသည့်အတွက်သွားလာရန် အလွန်ခက်ခဲလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လမ်းအရှည်(၃)မိုင်ခန့်ရှိသည့် ခိုင်းမွန်နှင့် ပန်လောင် ကျေးရွာချင်းဆက်သွယ် ပေးသည့်လမ်းအား ဌာနမှသတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကတော့ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပန်လောင်ကျေးရွာ အနီးရှိ နမ့်ပန်ချောင်းကူးတံတားဖြစ်သော ချောင်းအကျယ်(၁၈)ပေ၊ ချောင်းအနက်(၆)ပေ၊ လမ်းအကျယ်(၁၇)ပေ ရှိသည့် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထား

သည့်သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

တတိယမေးခွန်းကတော့ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပန်လောင်ကျေးရွာနှင့် ပုံလျှန်းကျေးရွာအကြားရှိ နမ့်ပါချီးတံတားဖြစ်သော ချောင်းအကျယ်(၁၃)ပေ၊ ချောင်းအနက်(၄)ပေ၊ လမ်းအကျယ်(၁၇)ပေရှိသည့် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့်တည်ဆောက်ထားသည့် သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၃)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်သော ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် မေးမြန်းလာတဲ့ ကြယ်ပွင့်ပြမေးခွန်း (၃)ခုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပထမမေးခွန်းဖြစ်တဲ့ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ခိုင်းမွန်နှင့် ပန်လောင်ကျေးရွာအုပ်စုချင်းဆက်လမ်း အရှည်(၃)မိုင်ကျော်အား မြေသားလမ်းအဖြစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ လုံတောင်းကျေးရွာအုပ်စုသည် ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းပါဝင်ပြီး လားရှိုးခရိုင်၊ မိုင်းရယ်မြို့နှင့် ဆက်စပ်လျက်ရှိပါတယ်။ လုံတောင်းကျေးရွာအုပ်စု၊ ခိုင်းမွန်ကျေးရွာနှင့် ပန်လောင်ကျေးရွာအကြား ဆက်သွယ်ထားသည့် လမ်းပိုင်းမှာ အရှည်(၅)မိုင်ရှိပြီး ဒေသမှ ကိုယ်ထူကိုယ်ထ တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ထားကာ အကျယ်ဆုံးနေရာတွင် (၃၀)ပေ၊ အကျဉ်းဆုံးနေရာတွင် (၁၀)ပေခန့်ရှိပါတယ်။ ၎င်းလမ်းပိုင်းမှာ မိုးတွင်းကာလတွင်ထော်လာဂျီယာဉ်များအသုံးပြုမှုများပြားတဲ့အတွက် လမ်းသားများဆိုးရွားစွာပျက်စီးပြီး သွားလာရန်များစွာ အခက်အခဲရှိပါတယ်။ ၎င်းလမ်းပိုင်းကို မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ၎င်းဒေသမှာရှိတဲ့ ကျေးရွာ(၅)ရွာမှ အိမ်ခြေ(၅၁၀)၊ လူဦးရေ(၂၄၆၇)ဦးတို့အား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။

ဒီလမ်းပိုင်းနှင့် ပတ်သက်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ(ပြည်ထောင်စု/ ပြည်နယ်) ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအား အဆိုပြုလျာထားပြီးဖြစ်တဲ့အတွက် ၎င်းလမ်းပိုင်းမှာပါဝင်ခြင်း မရှိသေးပါ။ အဆိုပါလမ်းပိုင်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားပေးနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ သီပေါမြို့နယ်၊ လုံတောင်း ကျေးရွာအုပ်စု၊ ပန်လောင်းကျေးရွာအနီးရှိ နမ့်ပန်ချောင်းကူး သစ်သားတံတားအား ကွန်ကရစ် တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နမ့်ပန်ချောင်းကူးတံတားသည် ပန်လောင်ကျေးရွာနှင့်(၃)ဖာလုံ အကွာမှာတည်ရှိပြီး ဒေသမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသည့် (၁၈)ပေ အကျယ် သစ်သားတံတား ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ပြည်ထောင်စု/ ပြည်နယ်) ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အဆိုပြုလျာထား တင်ပြထားပြီးဖြစ်တဲ့အတွက် ၎င်းလုပ်ငန်းဟာ ပါဝင်ခြင်းမရှိသေးပါဘူး။ အဆိုပါ သစ်သား တံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အတွက် မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေး ဆောင်ရွက်ပေးရန် တင်ပြပါဝင် လာပါက သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားပေးနိုင်ရေး တင်ပြဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပန်လောင်နှင့် ပုံလျှန်းကျေးရွာအကြားရှိ နမ့်ပါချီးတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက် ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ တတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နမ့်ပါချီးသစ်သားတံတားသည် ပန်လောင်းကျေးရွာနှင့် ပုံလျှန်းကျေးရွာအကြား လမ်းပေါ်တွင်တည်ရှိပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ သစ်သားတံတား ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ပြည်ထောင်စု/ ပြည်နယ်) ဘတ်ဂျက်မှာဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အဆိုပြုလျာထား တင်ပြထားပြီးဖြစ်တဲ့အတွက် ၎င်းလုပ်ငန်းဟာ ပါဝင်ခြင်းမရှိသေးပါဘူး။ အဆိုပါသစ်သား

တံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေး ဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားပေးနိုင်ရေး တင်ပြဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လေ့လာသူ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် မေးမြန်းလိုသည့် ကြယ်ပွင့်မေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော် ကျေးရွာအုပ်စု၊ အိုက်လန်းကောင်ကျေးရွာချင်းဆက် မြေသားလမ်း(၆)မိုင်အနက် (၃)မိုင် (၂)ဖာလုံ ဖောက်လုပ်ပေးခဲ့ပြီး ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိသည့်မြေသားလမ်း (၂)မိုင် (၆)ဖာလုံအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်းကောင်ကျေးရွာသည် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းကားလမ်းမကြီးမှ တစ်ဆင့်ခွဲ၍ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ ၎င်းကျေးရွာတွင် အာခါလူမျိုးများ စုပေါင်းပြီးနေထိုင်သော ကျေးရွာဖြစ်၍ အခြေခံပညာမူလတန်းကျောင်းလည်း ရှိပါတယ်။ အနီးအနားပတ်ဝန်းကျင်တွင်လည်း ဟာကြားခေဆိုသည့်ရွာတည်ရှိ၍ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်း၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ(၁)ခု၊ သာသနာပြု ဘုန်းကြီးကျောင်း (၁)ကျောင်းလည်း ရှိပါတယ်။ မြို့နှင့် (၁၀)မိုင်လောက်သာ အလှမ်းကွာဝေးပါသောကြောင့် ထွက်ရှိသော သီးနှံကုန်ထုတ်ပစ္စည်းများ သယ်ယူရောင်းချရာတွင် ၎င်းလမ်းကိုသာ အများဆုံးအသုံးပြုကြသည်ကို တွေ့ရှိရပါတယ်။

ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေ ကျပ်(၉၆.၂၀၀)သန်းဖြင့် မြေသားလမ်း (၃)မိုင် (၂)ဖာလုံ၊ (၅)ပေ Box

Culvert (၄)စင်း၊ ကျပ်(၂၆.၈၀၀)သန်းဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖောက်လုပ်ပေးခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အိုက်လန်းကောင်ကျေးရွာချင်းဆက် မြေသားလမ်း (၆)မိုင်အနက် ဖောက်လုပ်ရန်ကျန်ရှိသည့် မြေသားလမ်း(၂)မိုင် (၆)ဖာလုံအား ဆက်လက်ဖောက်လုပ်ပေးမည်ဆိုပါက ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများ အားလုံးတပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသောကြောင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်–

မိုင်းခတ်မြို့၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်းကောင်ကျေးရွာချင်းဆက် မြေသားလမ်း(၆)မိုင် အနက် (၃)မိုင် (၂)ဖာလုံဖောက်လုပ်ပေးခဲ့ပြီး ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိသည့် မြေသားလမ်း(၂)မိုင် (၆)ဖာလုံအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းဆမ် မေးမြန်းထားတဲ့ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်းကောင်ကျေးရွာချင်းဆက် မြေသားလမ်း (၆)မိုင် အနက် (၃)မိုင်(၂)ဖာလုံ ဖောက်လုပ်ပေးခဲ့ပြီး ဆက်လက် ဖောက်လုပ်ရန် ကျန်ရှိနေသည့် မြေသားလမ်း (၂)မိုင် (၆)ဖာလုံအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်းကောင် ကျေးရွာချင်းဆက် မြေသားလမ်းသည် (၆) မိုင် ရှိပြီးတော့ ကျေးလက်လမ်းအဆင့်အတန်း သတ်မှတ်ချက်အရ Class(A) ဦးစားပေး(၁)လမ်း (၁)လမ်းဖြစ်ပါတယ်။ ကျေးရွာ (၅)ရွာ၊ အိမ်ခြေ (၃၀၁)၊ လူဦးရေ (၆၂၅) ဦးကို အကျိုးပြုလျက်ရှိသော လမ်းဖြစ်ပါတယ်။

အဆိုပါလမ်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း(၃)မိုင်(၂)ဖာလုံနှင့် Box Culvert (၄) စင်းအား ပြည်နယ်ရန်ပုံငွေ ကျပ် (၁၂၁.၂၄) သန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ ကျန်ရှိနေသော မြေသားလမ်း (၂/၆) မိုင် ဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ (၈၂.၅) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီးဖြစ်တဲ့ အတွက်ကြောင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်ခမ်းလှိုင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မိုင်းယောင်းမြို့နယ် လယ်သမားများအတွက် မရှိမဖြစ်အလွန် လိုအပ်လျက်ရှိတဲ့ ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်မန်းကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာအုပ်စုရှိတဲ့ နမ့်ခပ်ချောင်း ဆည်ကိစ္စနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခပ်ချောင်းဆည်- ဝမ်ဘိုးဆည်ဟာ မိုင်းယောင်းမြို့နယ် တောင်ဘက်မှ ၄ ဖာလုံအကွာအဝေးရှိတဲ့ ဆည်(၁)ခု ဖြစ်ပါတယ်။ အဲ့ဒီဆည်ဟာ ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်မန်းကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာအုပ်စု (၃)အုပ်စုရှိ ကျေးရွာများမှ လယ်သမားတို့သည် နမ့်ခပ်ချောင်း ဝမ်ဘိုးဆည်မှ ရေလွှဲဝေယူ၍ လယ်ယာလုပ်ကိုင်စားသောက်လျက်ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း လယ်လုပ်ကိုင်ချိန်တွင် လယ်သမားများစုပေါင်း၍ သစ်၊ ဝါးများခုတ်ပြီး နှစ်တိုင်းလိုလို သစ်ရိုက်ဆည်တည်ဆောက်ပြီး လယ်များလုပ်ကိုင်စားသောက်ကြရပါတယ်။ နှစ်စဉ်နှစ်တိုင်း မိုးသည်းထန်စွာရွာသွန်းတဲ့အတွက်ကြောင့် တည်ဆောက်ထားသော သစ်ရိုက်ဆည်များ ရေထဲမျှောပါသွားပါတယ်။ တစ်နှစ်ထဲမှာ နှစ်ခါ၊ သုံးခါဖြင့် ပြုပြင်လျက်ရှိပါတယ်။ ယခုအချိန်တွင် နမ့်ခပ်ချောင်းကမ်းပါးကျယ်ဝန်းလာခြင်းနှင့် သစ်၊ ဝါးများလည်း ရှားပါးလာခြင်းကြောင့် ဆည်တည်ဆောက်ရာတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအသုံးပြုနေတဲ့ လယ်ကေများမှာ (၁၅၁၄)ကေခန့်ရှိပြီး မိုင်းယောင်းမြို့နယ်ရဲ့ လယ်သမားများ အဓိကအသက်မွေးဝမ်းကြောင်းတစ်ခုလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်သမားများ အခက်အခဲကို ငဲ့ညှာသောအားဖြင့် အနီးဆုံး ဘဏ္ဍာရေးရန်ပုံငွေဖြင့် အခိုင်အမာတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သည့်အချိန်ကာလတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြတဲ့ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးအိုက်ခမ်းလှိုင်မေးမြန်းတဲ့ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်မန်းကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများ၏ ဒေသခံပြည်သူများ နှစ်စဉ်ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ သစ်ရိုက်နမ့်ခပ်ချောင်းဆည်မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်စဉ် ရေထဲမျောပါသွားပြီး ပြုပြင်ရန် သစ်၊ ဝါးများ ရှားပါးလာခြင်းကြောင့် ဆည်တည်ဆောက်ရာတွင် အခက်အခဲအမျိုးမျိုးကြုံတွေ့နေရပါသဖြင့် အဆိုပါဆည်ကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး အခိုင်အမာ တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါက မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းစွာပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးကျေးရွာအုပ်စုရှိ ဝမ်မန်းကျေးရွာအနီး နမ့်ခပ်ချောင်းပေါ်မှာ ဝမ်ဘိုး၊ ဝမ်မန်းနှင့် ဝမ်ဟောင်ကျေးရွာများရှိ ဒေသခံတောင်သူများဟာ သစ်၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည် တည်ဆောက်ပြီးတော့ နမ့်ခပ်ချောင်းရေကို သွယ်ယူ၍ မိုးစပါးလယ်မြေ (၁၅၁၄)ကေကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ တစ်ဖက်ရပ်ဆည်မှာ နှစ်စဉ်မိုးရာသီတွင်ချောင်းရေတိုက်စားပြီး ပျက်စီးမှုများဖြစ်ပေါ်တဲ့အတွက် တောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင်စရိတ်များ ပိုမိုကုန်ကျသည့်အပြင်

စိုက်ပျိုးရေအခက်အခဲလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ ကျောက်စီကွန်ကရစ် ရေလွှဲဆည် အဖြစ် အခိုင်အမာတည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ကြောင်း သိရှိရပါတယ်။

ကွင်းဆင်းစိစစ်ချက်အရ ဆည်တည်ဆောက်ပေးမည့်နေရာ အထက်ဘက်ရှိ လက်ဝဲဘက်ကမ်းဟာ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးယံများ ပြိုကျလျက်ရှိခြင်းကြောင့် ချောင်းအနီးရှိ ကျေးရွာများအတွင်း ချောင်းရေများ ဝင်ရောက်လာနိုင်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကို ကာကွယ်ပေးနိုင်ရန်အတွက် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရေဆိုးများအား ထုတ်နုတ်ပေးနိုင်ရန်အတွက်ဆိုပြီးတော့ ရေဆိုးထုတ်မြောင်း တည်ဆောက်ပေးရန်နှင့် မြေထိန်းနံရံ တည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင် ထိန်းသိမ်းအသုံးပြုနေရပြီး အခက်အခဲများ ကြုံတွေ့နေရသဖြင့် အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် ပြုပြင်တည်ဆောက်ပေးခြင်းဖြင့် မိုးစပါးလယ်မြေ(၁၅၁၄)ကေကို အောင်ရေ ရရှိသည့်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည့်အပြင် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ရေဆိုး ထုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါက ဆည်အထက်ဘက်ရှိ ချောင်းကမ်းပါးယံ တိုက်စားမှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အနီး ပတ်ဝန်းကျင် ကျေးရွာများအတွင်း ရေကြီးရေလျှံမှုကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အဆိုပါ လက်ရိုက်ဆည်ကို အခိုင်အမာ ကျောက်စီကွန်ကရစ် ရေလွှဲဆည် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေဟာ ကျပ်သန်းပေါင်း (၂၅၀) ဖြစ်ပါတယ်။ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်း လုပ်ငန်းအတွက် ကျပ်သန်း(၁၀၀) စုစုပေါင်းလုပ်ငန်းတန်ဖိုး ကျပ်သန်း (၃၅၀)အား ကျွန်တော်တို့ မိုင်းယောင်းမြို့နယ်စီမံကိန်းမှ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီကနေ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ဦးစားပေးအလိုက် ညှိနှိုင်းပြီး ရေးဆွဲတင်ပြလာပါက ခွဲဝေရရှိတဲ့ ရန်ပုံငွေအပေါ်မှာမူတည်ပြီး ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ရှင်းလင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် လေ့လာသူများ ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမည့်မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်ကြားရှိ ရွှေလီမြစ်ရေအား (၃)ကြားရှိ တံတားနှင့် လမ်းများအား ပြင်ဆင်ထိန်းသိမ်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်ကြားတွင် ရွှေလီမြစ်ရှိပါတယ်။ ထိုရွှေလီမြစ်တွင် ရွှေလီ ရေအား(၃)လျှပ်စစ်ထုတ်ရန် စီမံကိန်းရှိပါတယ်။ ထိုစီမံကိန်းတွင် ရွှေလီမြစ်ကူး တံတားရှိပါတယ်။ ထိုတံတားသို့ မိုးမိတ်မြို့နယ်၊ မြစ်ဆုံရွာမှ (၄)မိုင် (၄)ဖာလုံခန့် ကွာဝေးပါတယ်။ မဘိမ်းမြို့နယ်၊ မိုးကုတ်– စီဦးလမ်းရှိ ကတ္တရာလမ်းဆုံမှ (၄)မိုင်(၄)ဖာလုံ ခန့် ကွာဝေးပါတယ်။ စုစုပေါင်း ကတ္တရာလမ်းဆုံမှ မြစ်ဆုံရွာအထိ(၉)မိုင်ခန့် ကွာဝေးပါတယ်။ မိုးရွာလျှင် ကားများသွားလာသောအခါ အလွန်တရာမှ ခက်ခဲလှပါတယ်။ ထိုလမ်းသည် ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်းဝင်လမ်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ယခုအခါ ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်းမှလည်း မပြုပြင်ပါ။ လမ်းဦးစီးမှာလည်း ဘတ်ဂျက်မရှိပါ။ ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်းမှာလည်း လမ်းဦးစီးသို့ မလွှဲအပ်သေးကြောင်းလည်း သိရပါတယ်။ ထိုလမ်းသည် မဘိမ်းမြို့နယ်အတွင်းရှိ ပြည်သူများအတွက် အလွန်တရာမှ အရေးကြီးလှပါတယ်။ ထို့ကြောင့် အထက်ဖော်ပြပါ လမ်း(၉)မိုင်ခန့်အတွင်းရှိ လမ်းနှင့် တံတားများကို ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှ အစီအစဉ် ရှိ/ မရှိ လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုမေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပေးရန်တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်နှင့်

မိုးမိတ်မြို့နယ်ကြားရှိ ရွှေလီမြစ်ကူး တံတားသို့သွားလာရန် မိုးမိတ်မြို့နယ်၊ မြစ်ဆုံကျေးရွာမှ (၄)မိုင် (၄)ဖာလုံခန့်နှင့် မဘိမ်းမြို့နယ်၊ မိုးကုတ်– စီဦးလမ်းရှိ ကတ္တရာလမ်းဆုံမှ (၄)မိုင် (၄)ဖာလုံခန့်၊ စုစုပေါင်းကတ္တရာလမ်းဆုံမှ မြစ်ဆုံရွာအထိ (၉)မိုင်ခန့် အကွာအဝေးသည် မိုးရွာလျှင် ကားများသွားလာသောအခါ အလွန်ခက်ခဲလျက်ရှိသဖြင့် အဆိုပါ(၉)မိုင်ခန့်အတွင်း ရှိ လမ်းနှင့်တံတားများကို သက်ဆိုင်ရာဌာနမှ ပြင်ဆင်ထိန်းသိမ်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

မိုးကုတ်– မိုးမိတ်– ကုန်းဝက်– မဘိမ်း– စီဦးလမ်း (ကုန်းဝက်–စီဦးအပိုင်း)မိုင် (၁၃/၂–၁၀၁/၃)ထိ (၈၈မိုင် ၁ဖာလုံ)သည် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်မှ တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ၃၀–၉–၂၀၁၈ ရက်နေ့ လမ်းအခြေအနေများအရ မိုးမိတ်မြို့နယ်အပိုင်းမှာ (၃၃)မိုင် (၆)ဖာလုံတွင် (၁၂)ပေ အကျယ် ကတ္တရာလမ်း (၁၃)မိုင် (၆)ဖာလုံ၊ (၁၈)ပေ အကျယ် ကတ္တရာလမ်း (၃) မိုင်၊ (၂၂)ပေ အကျယ် ကတ္တရာလမ်း (၁)ဖာလုံနှင့် ကျောက်လမ်း (၁၆) မိုင် (၂)ဖာလုံ၊ အမာခံလမ်း (၅)ဖာလုံ ရှိပါတယ်။ မဘိမ်းမြို့နယ်ဘက်အပိုင်းမှာတော့ စုစုပေါင်း (၅၄) မိုင် (၃) ဖာလုံ ရှိပြီးတော့ (၁၂)ပေ အကျယ် ကတ္တရာလမ်း (၁၉)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း (၁၁) မိုင် (၄)ဖာလုံနှင့် အမာခံလမ်း (၂၃)မိုင် (၁)ဖာလုံ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့်လမ်းပိုင်းသည် လမ်းဦးစီးဌာနပိုင် မိုးကုတ်–ကုန်းဝက်– မိုးမိတ်– မဘိမ်း– စီဦးလမ်း အဲ့ဒီလမ်းရဲ့(ကုန်းဝက်–စီဦးအပိုင်း) မှာရှိတဲ့ မိုးမိတ်/ မဘိမ်းမြို့နယ်များရဲ့ နယ်နိမိတ်မျဉ်း ရွှေလီမြစ်တစ်လျှောက်မှာ အမှတ်(၂) တည်ဆောက်ရေး၊ အမှတ်(၃)ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းမှ တည်ဆောက်ခဲ့သော ရွှေလီမြစ်ကူး တံတားကို ဆက်သွယ်သော လမ်းပိုင်းဖြစ်ပြီးတော့ မိုးမိတ်မြို့နယ်ဘက်ခြမ်းမှာ ကွန်ကရစ်လမ်း (၂၆၅)ပေ၊ မြေလမ်း (၃) မိုင် (၅) ဖာလုံ၊ စုစုပေါင်း (၃) မိုင် (၅) ဖာလုံ (၂၆၅)ပေ နှင့် မဘိမ်းမြို့နယ်ဘက်ခြမ်းမှာတော့ မြေလမ်း (၄) မိုင် (၄) ဖာလုံ၊ စုစုပေါင်း (၈) မိုင် (၁)ဖာလုံ (၂၆၅)ပေ ရှိပါတယ်။ မြေပုံအရ အောက်ဘက်မိုးမိတ်ကနေ မြောက်ဘက်ကို တက်လာတဲ့အခါမှာ မြစ်ဆုံရွာကိုရောက်ရှိပြီးတော့ ယခင်ကတော့ မြစ်ဆုံကနေတစ်ဖက်ကမ်းကို လှေများဖြင့် ကူးသန်းခဲ့တယ်လို့သိရှိရပါတယ်။ လက်ရှိမှာတော့ ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်းလမ်းကို ဆောင်ရွက်ထားတဲ့အတွက်ကြောင့် မြစ်ဆုံရွာကနေ (ညာဘက်၊ အရှေ့ဘက်ကိုချိုးပြီးတော့) အရှေ့ဘက်မှာရှိတဲ့ ရွှေလီမြစ်ကူးတံတားကိုရောက်ပါတယ်။ ရွှေလီမြစ်ကူးတံတားကနေ အနောက်ဘက်ကို ရွှေလီမြစ်ကြောင်းအတိုင်း ပြန်လာတဲ့အခါမှာ မိုင်တိုင်(၄၇/၅)မှာ မဘိမ်းမြို့နယ်လမ်းကိုပြန်ရောက်ရှိပါတယ်။ ဒီလမ်းအပိုင်းကို မေးမြန်းထားခြင်းဖြစ်ပါတယ်။

လမ်းဦးစီးဌာနအနေဖြင့် စီမံခန့်ခွဲမှု ရှင်းလင်းလွယ်ကူစေရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးတို့အတွက် အဆိုပါ လမ်းပိုင်းကို လွှဲပြောင်းရယူနိုင်ရေးလမ်းဦးစီးဌာန၊ လားရှိုးမြို့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြထားခဲ့ပါတယ်။ ပြည်နယ်အစိုးရအနေဖြင့်လည်း လွှဲပြောင်းရယူပြီး ဆက်လက်စီမံခန့်ခွဲနိုင်ရန် ညွှန်ကြားခဲ့ပေမယ့် အမှတ်(၂) တည်ဆောက်ရေး၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရွှေလီမြစ်ဝဲဘက်ခြမ်း မြစ်ဆုံရွာမှ ရွှေလီတံတားထိပ်ထိ စုစုပေါင်းလမ်းအရှည် (၄) မိုင် (၅) ဖာလုံအနက် မြစ်ဆုံရွာမှ စီမံကိန်းအဝင်ဂိတ်အထိ လမ်းပိုင်း (၁)မိုင် (၃)ဖာလုံ နှင့် ၎င်းလမ်းပေါ်ရှိ တံတား (၇) စင်း၊ ရွှေလီမြစ် ယာဘက်ကမ်း ရွှေလီတံတားထိပ် မှ မိုင်တိုင် (၄၇/၅) အထိ လမ်းပိုင်း (၄) မိုင် (၂) ဖာလုံ နှင့် ၎င်းလမ်းပေါ်ရှိ တံတား (၂၄) စင်း၊ စုစုပေါင်း လမ်းပိုင်းမိုင် (၅) မိုင် (၅) ဖာလုံ နှင့် တံတား (၃၁)စင်း တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးဖို့ လမ်းဦးစီးကို ညှိနှိုင်းမေတ္တာရပ်ခံတင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြမှုမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေဖြင့် မြစ်ဆုံရွာမှ စီမံကိန်းအဝင်ဂိတ်အထိ လမ်းအပိုင်း(၁)မိုင် (၅)ဖာလုံကို ရေအားလျှပ်စစ်မှလွှဲပေးပြီး စီမံကိန်းအဝင်ဂိတ်မှ ရွှေလီတံတားအထိ (၂)မိုင် (၂၆၅)ပေနှင့် ရွှေလီတံတား (၆၃၅)ပေတို့ကို လွှဲပြောင်းပေးမှုမရှိသည့်အပေါ်မှာ စီမံခန့်ခွဲရန် အခက်အခဲ ဖြစ်ပေါ်မှုအတွက် လမ်းအပိုင်းအားလုံး လွှဲပြောင်းရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေကြဆဲဖြစ်ပါတယ်။

ယခုအချိန်ထိ လမ်းမိုင်အားလုံးအား လွှဲပြောင်းပေးအပ်လာခြင်းမရှိဘဲ ညှိနှိုင်းဆောင်ရွက်ဆဲသာဖြစ်တဲ့အတွက်ကြောင့် လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသောကြောင့် အဆိုပါလမ်းပိုင်း (၈)မိုင် (၁)ဖာလုံ (၂၆၅)ပေ အတွင်း လုပ်ငန်းများ ဆောင်ရွက်သွားရန် ရန်ပုံငွေ တင်ပြတောင်းခံနိုင်ခြင်း မရှိသေးပါ။ ရေအားလျှပ်စစ်မှ လက်ရှိတာဝန်ယူ ထိန်းသိမ်းနေရသောကြောင့် လမ်းတာအတွင်းမှာလည်း လမ်းမျက်နှာပြင်ထက် မြင့်တက်နေသော လမ်းပုခုံးများအား မြေထိုးစက်ဖြင့် ဖယ်ရှားရှင်းလင်းမှု လုပ်ငန်းအပေါ်တွင် လမ်းဦးစီးဌာနမှလည်း ပျက်စီးနေသောလမ်း မျက်နှာပြင်များပေါ်မှာ တောင်မြေများ၊ ခွဲကျောက်များဖြင့် ပြုပြင်ပေးခြင်း၊ ရေစီးချောက်များ ပြုပြင်ပေးခြင်း၊ တံတားအဝင်အထွက်များ၊ အတက်အဆင်းများ ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်းနှင့် လမ်းပေါ်ရေတင်မှု မရှိစေရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လွှတ်တော်သို့လာရောက်လေ့လာတဲ့ ဧည့်သည်တော်များစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ၁၂.၆.၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)မှာ ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ မိုးရာသီမှာ ရေကြီးရေလျှံပြီးတော့ ချောင်းတာဘောင်ကျိုးပေါက်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိတဲ့ သန်းတောင်(၅)မြောင်းအား စီမံဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ကျွန်းကြီးကျေးရွာအုပ်စုနှင့် သပြေပင်ကျေးရွာအတွင်းမှာပါရှိတဲ့ သန်းတောင်(၅)မြောင်းဖြစ်သော သပြေပင်ချောင်း၊ ကျွန်းကြီးချောင်းများဟာ နှစ်စဉ် မိုးရာသီမှာ ရေကြီးရေလျှံပြီးတော့ ချောင်းတာဘောင်ကျိုးပြီး ရေကြီးနစ်မြုပ်လျက်ရှိပါတယ်။ ၂၀၁၆–၂၀၁၇ မိုးရာသီမှာလည်း ရေကြီးရေလျှံပြီးတော့ ချောင်းတာဘောင် ကျိုးပြီးတော့ စိုက်ပျိုးထားတဲ့ ဟင်းသီး၊ ဟင်းရွက်ပင်တွေ၊ စပါးတွေ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဲ့ဒီရေကြီးနစ်မြုပ်ရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်ကွင်းဆင်း ကြည့်ရှုခဲ့ပါတယ်။ ပြီးတော့ ၂၀၁၇–၂၀၁၈ မှာလည်း ထပ်မံပြီးတော့တာဘောင်းကျိုးပြီး ရေကြီးနစ်မြုပ်ခဲ့ပါတယ်။ အဲ့လိုရေကြီးနစ်မြုပ်တဲ့အတွက် ဘေး/ စီမံဌာန၊ လူ/ ကယ်/ ပြန်ဌာန တို့မှဆောင်ရွက်ပြီးတော့ ထောက်ပံ့ကြေးတွေပေးခဲ့ပြီးတော့ ဌာနဆိုင်ရာတွေအနေနဲ့ အလုပ်ရှုပ်ခဲ့ပါတယ်။ ထွေ/ အုပ်တွေ၊ မြေစာရင်းတွေ၊ စိုက်ပျိုးရေးတွေက ကွင်းဆင်းပြီးတော့ နစ်မြုပ်တဲ့အခြေအနေကိုတိုင်းထွာပြီးတော့ နစ်နာကြေးတွေပေးခဲ့ရတာ ရှိပါတယ်။ ဒီနှစ်မှာလည်း သက်ဆိုင်ရာကိုမေးတဲ့အချိန်မှာ ဘက်ဂျက်မှာမပါဘူးဆိုပြီး မလုပ်ဘဲနဲ့ ပြည်သူလူထုကိုယ်တိုင်၊ ဒေသခံကိုယ်တိုင် ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် သန်းတောင်(၅)မြောင်းဟာ နှစ်စဉ်

မိုးရာသီမှာ ကျိုးပေါက်နေပါတယ်။ ဒီနှစ်ဆိုလျှင်လည်း ထပ်မံကျိုးပေါက်မယ့် အနေအထား ရှိနေပါတယ်။ ဒီလိုကြိုတင်သိရှိပါလျက် စီစဉ်ဆောင်ရွက်ထားမှုမရှိဘူးလို့ ဌာနဆိုင်ရာတွေက ဖြေတာကိုတွေ့ရပါတယ်။ ဒါကြောင့် သန်းတောင်(၅)မြောင်းပါဝင်တဲ့ သပြေပင်ချောင်း၊ ကျွန်းကြီးချောင်းတို့ကို ဘယ်လိုစီမံဆောင်ရွက်ထားသလဲဆိုတာကို ပြည်သူများရဲ့ ကိုယ်စားလှယ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းမေးမြန်းတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေ မြို့နယ်၊ ကျွန်းကြီးကျေးရွာအုပ်စုနှင့် သပြေပင်ကျေးရွာအတွင်းရှိ သန်းတောင်(၅)မြောင်း ဖြစ်သော သပြေပင်ချောင်း၊ ကျွန်းကြီးချောင်းများမှာ နှစ်စဉ် မိုးရာသီတွင်ရေကြီးရေလျှံပြီး ချောင်းတာဘောင်ကျိုးပေါက်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါသဖြင့် အဆိုပါ သန်းတောင်(၅)မြောင်းအား မည်ကဲ့သို့ စီမံပေးမည်ကို သိလိုသည့်မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိပြီး အင်းလေးကန်အတွင်း စီးဝင်လျက်ရှိတဲ့ သန်းတောင်ချောင်း (ကလောချောင်း)ဟာ ရေဆင်းဧရိယာ (၂၅၆) စတုရန်းမိုင်မှ ရေများကို စုစည်းစီးဆင်းလျက်ရှိသည့် သဘာဝမြောင်းကြီး ဖြစ်ပါတယ်။ သန်းတောင်ငါးမြောင်းအဖြစ် အင်းလေးကန်အတွင်းသို့ စီးဝင်သွားတဲ့မြောင်းကြီး ဖြစ်ပါတယ်။ အဆိုပါ မြောင်းဘောင်များမှာ နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်၍ မြောင်းတစ်လျှောက် ခြုံနွယ် သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိပါတယ်။ ဒ့ါအပြင် ချောင်းဘောင်များမှာလည်း ဘောင်ပါးလျားလျက်ရှိပြီးတော့ နှစ်စဉ် ကျိုးပေါက်မှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသခံတောင်သူများနှင့် ညှိနှိုင်းလျက် ပိတ်ဆို့ ကာကွယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ရပါတယ်။

ထိုသို့ နှစ်စဉ်ကျိုးပေါက်လျက်ရှိသည့် အကြောင်းခြင်းရာများကို ရှာဖွေဖော်ထုတ်ခဲ့ရာ မူလမြောင်းဘောင်များမှာ ကျဉ်းမြောင်းပါးလျားလွန်းပြီး မြောင်းနှင့် မြောင်းဘောင် တစ်လျှောက် ရေစီးရေလာကို အဟန့်အတားဖြစ်စေတဲ့ သစ်ပင်၊ ခြုံပင်များ ပေါက်ရောက်နေခြင်း၊ တံတားများ ကျဉ်းမြောင်းခြင်း၊ မြောင်းဧရိယာများအတွင်း ရေစီးဧရိယာ (မြောင်း

အကျယ်×အနက်) တို့သည် စီးဆင်းလာသည့်ရေပမာဏ စီးဆင်းနိုင်မည့် လုံလောက်သော အနေအထားတွင် မရှိခြင်းတို့ကြောင့် ဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရသည့်အပြင် ယခင်ကတည်းကရှိခဲ့သည့် နုန်းသွင်း/ နုန်းထုတ်မြောင်းများမှာလည်း ယခုအခါ ပပျောက်လျက်ရှိပြီး စီးဆင်းလာသည့်ရေကို ခွဲဝေစီးဆင်းစေရန် ခက်ခဲလျက်ရှိပါတယ်။ တောင်သူများ ရေရယူသုံးစွဲလျက်ရှိသည့် ရေသွင်းပြွန်များမှာလည်း ချောင်းဘောင်တစ်လျှောက်မှာ အလွယ်တကူ တူးဖော်တပ်ဆင်ရာတွင် ခိုင်ခန့်မှုရှိသည့်အထိ ပြန်လည်ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် တာဘောင်ကြံ့ခိုင်မှု အားနည်းသည့်အစိတ်အပိုင်းများ ပေါ်ပေါက်လျက် အဆိုပါနေရာများမှ အစပြုပြီး ကျိုးပေါက်ခဲ့မှုများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

မြောင်းပုံစံကျတူးဖော်ပေးခြင်း၊ မြောင်းဘောင်များ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ပေးခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနနေနဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် နှင့်၂၀၁၇-၂၀၁၈ခုနှစ်တို့မှာ ပြည်ထောင်စုရန်ပုံငွေဖြင့် စုစုပေါင်း (၃.၆၈)သန်းနှင့် လည်းကောင်း၊ ၂၀၁၆-၂၀၁၇ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ခုနှစ်တို့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် စုစုပေါင်း (၁၅၀.၇၀)သန်းဖြင့် လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မြောင်းငါးမြောင်းအား ရရှိသည့် ရန်ပုံငွေအပေါ်မှာ ခွဲဝေဆောင်ရွက်ပေးခဲ့ရပါသဖြင့် ချောင်းများတူးဖော်ဆောင်ရွက် နိုင်သော်လည်း ချောင်းဘောင်များအား လုံလောက်သောအနေအထားရအောင် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေမရှိခဲ့ပါ။ မြောင်းဘောင်များ ရှည်လျားသဖြင့် မြောင်းရေလျှံကျိုးပေါက်မှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း ဆောင်ရွက်ပြီး ချောင်းဘောင်အပိုင်းများတွင် ကျိုးပေါက်မှုနည်းပါးခဲ့ပြီး၊ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည့် နေရာများတွင်သာ ထပ်မံကျိုးပေါက်ခဲ့ရခြင်းဖြစ်ပါတယ်။

အဆိုပါကျိုးပေါက်မှုများတွင် ဒေသခံများမှ ယာယီအစီအစဉ်ဖြင့် ပိတ်ဆို့ဆောင်ရွက်ခဲ့ရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လိုအပ်သည့် မျော၊ ဝါး၊ ပီနန်အိတ်(မြေ/သဲအိတ်အဖြစ်အသုံးပြုရန်)တို့ကို ထောက်ပံ့ပေးခဲ့ပြီး ပွင့်လင်းရာသီ ရောက်ရှိချိန်တွင် ဌာနမှ စက်ယန္တရားများဖြင့် ခိုင်ခံ့သေချာအောင် ပိတ်ဆို့ဆောင်ရွက်ပေးခဲ့ပါတယ်။

ယခုနှစ် မိုးရာသီကာလတွင် ထိုသို့ရေလျှံကျိုးပေါက်မှုများ တတ်နိုင်သမျှနည်းပါးစေရန် စီမံဆောင်ရွက်ရာတွင် သန်းတောင်ငါးမြောင်း ဧရိယာသည် ကြီးမားကျယ်ပြန့်ခြင်း၊ မြောင်းဘောင်များ ရှည်လျားခြင်းတို့အပြင် မြောင်းများအတွင်း ရေစီးရေလာကို အဟန့်အတားဖြစ်စေမည့် တံတားများကျဉ်းမြောင်းခြင်း၊ သစ်ပင်ခြုံပင်များ ထပ်မံပေါက်ရောက်လာမှုကို ရှင်းလင်းဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ရေလျှံကျိုးပေါက်နိုင်သည့် ဧရိယာများကို ဒေသခံတောင်သူများနှင့် ညှိနှိုင်းတိုင်ပင်လျက် ရေဘေးကာကွယ်ရေးပစ္စည်းများ စုဆောင်းစေခြင်း၊ ဌာနမှပံ့ပိုးဆောင်ရွက်ခြင်း၊ ရေကင်းချဆောင်ရွက်နိုင်မည့် အခြေအနေများအား

သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြောင်းကော်မတီများနှင့် ဆွေးနွေးညှိနှိုင်း လျက်ကြိုတင်အစီအမံများကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ ရှမ်းပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား စီမံချက်ဖြင့် ဆောင်ရွက်နေမှုအား ဒုတိယမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများ ရှမ်းပြည်နယ်အတွင်းမှာ စီမံချက်ဖြင့်ဆောင်ရွက်နေတဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ဆောင်ရွက်နေမှုများအား သိရှိလိုပါသဖြင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါတယ်-

(က) မည်သည့်မြို့နယ်များတွင် ဆောင်ရွက်နေပါသနည်း။

(ခ) လူဦးရေမည်မျှအား ဆောင်ရွက်ပေးပြီး ဖြစ်ပါသနည်း။

(ဂ) လူဦးရေမည်မျှ ကျန်ရှိပါသနည်း။

(ဃ) အိမ်ထောင်စုမည်မျှအား ဆောင်ရွက်ပေးပြီး ဖြစ်ပါသနည်းနှင့် အကယ်၍ ဆောင်ရွက်ထားခြင်းမရှိပါက မည်သည့် ရက်၊ လ၊ ခုနှစ်တွင် အပြီး ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် အများပြည်သူများ၏ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက် ပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ပထမ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်း နိုင်ငံသား စိစစ်ရေးကတ်ပြား၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းအား စီမံချက်ဖြင့်ဆောင်ရွက်နေမှု

အခြေအနေများအားသိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်(၅၅)မြို့နယ်၊ မြို့(၂၈)မြို့တို့မှာ မီတင်းနေထိုင် ကြသည့် ဒေသခံတိုင်းရင်းသားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ပေးခြင်းကို နိုင်ငံသားစီမံချက်(၁)(၂)ဖြင့်လည်းကောင်း၊ မိုးပွင့်စီမံချက်(၁)မှ (၇) အထိဖြင့်လည်းကောင်း၊ မိုးပွင့်အထူး(၁)(၂)ဖြင့်လည်းကောင်း၊ ရက်(၁၀၀)သစ္စာစီမံချက်ဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား လည်းကောင်း၊ လက်ရှိရွှေ့လျား ဝန်ဆောင်မှုလုပ်ငန်းများ(Mobile Service Delivery) ဖြင့်လည်းကောင်း၊ စုပေါင်းရုံးများ၌ (One Stop Shop) ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဖြင့်လည်းကောင်း၊ ကျောင်းများသို့ကွင်းဆင်း ၍လည်းကောင်း အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း အသက်(၁၀)နှစ်နှင့် အသက်(၁၈)နှစ်အကြားရှိသူ လူဦးရေ (၉၄၅,၉၈၇)ဦးကို နိုင်-၃(က)ထုတ်ပေးနိုင်ခဲ့ပြီး အသက်(၁၈)နှစ်နှင့် အထက်ရှိသူ လူဦးရေ (၂,၈၈၄,၉၂၈)ဦးအား နိုင်-၆(က)များ ထုတ်ပေးခဲ့ပြီးဖြစ်သဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ပြီးသူ ဦးရေစုစုပေါင်း (၃,၈၃၀,၉၁၅)ဦးရှိပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းနေထိုင်သူ ဒေသခံတိုင်းရင်းသားများမှ အသက်(၁၀)နှစ် ပြည့်မီ လာသူများ၊ အသက်(၁၈)နှစ် ပြည့်မီလာသူများ၊ ပြည်ထဲရေးအမည်မပေါက်သော နေရာများ တွင်နေထိုင်သူများ၊ အထူးဒေသအတွင်း နေထိုင်သူများ၊ တစ်ဖက်နိုင်ငံများသို့ ရောက်ရှိနေ သူများ၊ ခရီးလွန်နေသူများ စသည့်အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသူဦးရေ ခန့်မှန်းခြေ စာရင်းမှာ (၅၇၂,၆၆၈)ဦးခန့် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်သည့် တိုင်းရင်းသားများအား တရားဝင်အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးထားရှိမှုမှာ (၈၀၄,၅၃၉)စု ဖြစ်ပါတယ်။ အိမ်ထောင်စုလူဦးရေ စာရင်း မရှိသူများအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၈-၂၀၁၉ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၅၅/၂၀၁၆ ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှုရုံး စသည့်ဌာနများအပါအဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ပါဝင်သော ပြည်နယ်/ ခရိုင်/ မြို့နယ် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များဖြင့် အဆင့်ဆင့် စိစစ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

လူတစ်ဦးမွေးဖွားလာသည်မှ သေဆုံးသည့်အထိ မှတ်ပုံတင် (Registration) ဆောင်ရွက်ပေးနေရခြင်း၊ ပြည်နယ်တွင်း/ ပြည်နယ်/ တိုင်းဒေသကြီး ကျော် ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးရခြင်း၊ နိုင်ငံတော်ပြင်ပ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးရခြင်း၊ ဥပဒေနှင့် ညီညွတ်မှုမရှိသူများ/ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ခံယူထားသူများအား နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရသူများနှင့် ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်းတို့အတွက် မှတ်တမ်းတင်ပေးရခြင်းများ အမြဲမပြတ် ဆောင်ရွက်နေရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ရန် ပြီးဆုံးမည့်ကာလဟာ မမျှော်မှန်းနိုင်သော ကာလဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်လာကြတဲ့ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်အပေါင်းတို့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ အစည်းအဝေးမှာ ကျွန်မ မေးမြန်းမယ့်မေးခွန်းကတော့ သီပေါမြို့နယ်၊ မန်ဟဲကျေးရွာအုပ်စုနှင့် ဘော်ကြိုကျေးရွာအုပ်စု ချင်းဆက်လမ်း နမ့်ဟူးနွဲ့- ကောင်းခါးလမ်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သီပေါမြို့နယ်၊ မန်ဟဲကျေးရွာအုပ်စုနှင့် ဘော်ကြိုကျေးရွာအုပ်စုချင်းဆက်လမ်း နမ့်ဟူးနွဲ့- ကောင်းခါးလမ်းသည် လက်ရှိမြေသားလမ်းဖြစ်ပြီး လမ်းအရှည် (၂)မိုင်(၄)ဖာလုံရှိပါတယ်။ လက်ရှိမြေသားလမ်းမှာ မြေသားများ ကြမ်းတမ်းမတ်စောက်ပြီး အကွေ့အကောက်များသည့် တောင်တက်လမ်းဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာပင် ကား/ ဆိုင်ကယ် တက်လို့မရပါဘူး။ ထိုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေသည့်အတွက် ကောင်းခါးရွာမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ လျှပ်စစ်မီးများ လုံးဝမရရှိပါ။ မူလတန်းအရွယ်ကလေးများလည်း နေ့စဉ်(၂)မိုင်ကျော် လမ်းလျှောက်ပြီး မန်ဟဲကျေးရွာ (သို့မဟုတ်) နမ့်ဟူးနွဲ့ကျေးရွာသို့ ကျောင်းသွားတက်နေရပါတယ်။ ထိုကလေးများ၏ လုံခြုံဘေးကင်းမှုကို မည်သူမှ တာဝန်မယူနိုင်ပါဘူး။ ထို့အတူ ရွာသားများ နာမကျန်းဖြစ်ပါကလည်း ဆေးရုံ/

ဆေးခန်းသို့သွားနိုင်ရန် တော်တော်များများမတတ်နိုင်သည့်အတွက် တောင်ခြေရှိတဲ့ ကျန်းမာရေးအကြောင်းနည်းနည်းသိသည့်သူဆီမှသာ ကုသနေရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ကောင်းမွန်သည့် မြေသားလမ်းအဖြစ် ပြန်လည် ဖောက်လုပ်ပေးမည်ဆိုပါက ပန်ခါးကျေးရွာ၊ ပန်ကြည်ကျေးရွာ၊ နမ့်ဟူးနွဲ့ကျေးရွာရှိ အိမ်ခြေပေါင်း (၉၇)အိမ်၊ လူဦးရေပေါင်း(၄၈၇)ဦးတို့အား အကျိုးပြုမှာဖြစ်ပြီး လတ်တလော ကြုံတွေ့နေရသည့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် နောက်ဆက်တွဲ ပြဿနာများ အတွက် ဖြေရှင်းပေးနိုင်မည့်အပြင် နောင်နှစ်များမှာ ကတ္တရာလမ်းအထိ အဆင့်မြှင့်တင် နိုင်သည့် လမ်းအမျိုးအစားဖြစ်သည့်အတွက် အဆိုပါလမ်းအား လာမည့်ဘတ်ဂျက်နှစ်တွင် ကောင်းမွန်သည့်မြေသားလမ်း ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သက်ဆိုင်သည့် ရွာသားများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းထားတဲ့ သီပေါမြို့နယ်၊ မန်ဟဲ ကျေးရွာအုပ်စုနှင့် ဘော်ကြိုကျေးရွာအုပ်စုချင်းဆက်လမ်းရှိ နမ့်ဟူးနွဲ့- ကောင်းခါးလမ်းသည် လက်ရှိမြေသားလမ်းအရှည် (၂)မိုင် (၄)ဖာလုံရှိပြီး မြေသားများ ကြမ်းတမ်းမတ်စောက်၍ အကွေ့အကောက်များသည့် တောင်တက်လမ်းဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်နေပါသဖြင့် အဆိုပါလမ်းအား လာမည့်ဘတ်ဂျက်နှစ်တွင် ကောင်းမွန်သည့် မြေသားလမ်းအဖြစ် ပြန်လည်ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

သီပေါမြို့နယ်အတွင်းမှာရှိတဲ့ ကွန်ပူရမ်း- ကောင်းခါး- နမ့်ဟူးနွဲ့လမ်းသည် စုစုပေါင်း လမ်းအရှည် (၂)မိုင် (၄) ဖာလုံဖြစ်ပြီး နမ့်ဟူးနွဲ့- ကောင်းခါးလမ်းသည် (၁)မိုင် (၂)ဖာလုံ ရှိပါတယ်။ လမ်းဦးစီးဌာနပိုင် မန္တလေး- လားရှိုး- မူဆယ် AH-14 လမ်းမကြီးနှင့် ချိတ်ဆက်ထားသောလမ်းလည်း ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class B ဦးစားပေးအဆင့်(၂)လမ်းဖြစ်ပြီးတော့ ကျေးရွာအုပ်စု (၁)စု၊ အိမ်ခြေ (၂၃)အိမ်၊ လူဦးရေ (၁၃၆)ဦးအား အကျိုးပြုပါတယ်။ လက်ရှိမှာတော့ မြေသားလမ်းဖြစ်ပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သတ်မှတ်ပေးထားတဲ့ မြေသားလမ်းဒီဇိုင်း အရဆိုရင် ရေမြောင်း (၂)ဘက်အကြား (၄၆)ပေ အကျယ်လမ်းပေါ်တွင် အကျယ် (၁၈)ပေ ကျောက်ရောမြေ (၄)လက်မအထူ လမ်းသားပါရှိမှာ ဖြစ်ပါတယ်။ ဒေသဈေးနှုန်းများအရ

မြေသားလမ်းတစ်မိုင်လျှင် ကျပ်သန်း(၃၀) ခန့်နှုန်းဖြင့် (၂)မိုင်(၄)ဖာလုံအတွက် ကျပ်(၇၅) သန်းခန့် ကုန်ကျနိုင်မည်ဖြစ်ပါတယ်။ သီပေါမြို့နယ်ကော်မတီက ရေးဆွဲထားသည့် ကျေးလက်လမ်း (၁၃)နှစ် စီမံကိန်းအရ အဆိုပါလမ်းအား ၂၀၂၄- ၂၀၂၅၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်များမှာ မြေမှကျောက်ချောလမ်းသို့ လုပ်ငန်းဆောင်ရွက်ရန် လျာထားကြောင်း တွေ့ရှိရပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်များအလိုက် ရန်ပုံငွေခွဲဝေမှုအရ သီပေါမြို့နယ်၏ ပါဝင်မှုအချိုးမှာ (၃.၃၁%) ဖြစ်ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုရရှိမှုများ ယခင်နှစ်များမှာ နှစ်စဉ်စုစုပေါင်းပျမ်းမျှ (၄၁၅)သန်းခန့်ရရှိခဲ့ကြောင်း သိရှိရပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ သီပေါမြို့နယ် အခြားလမ်း (၅)လမ်းမှ လုပ်ငန်းများအတွက် ကျပ်(၅၃၂.၅)သန်း လျာထားတောင်းခံထားကြောင်းကိုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ကွန်ပူရမ်း- ကောင်းခါး- နမ့်ဟူးနွဲ့လမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားတောင်းခံထားခြင်း မရှိသေးပါကြောင်းနှင့် သီပေါမြို့နယ်မှ ကျေးလက်လမ်းများအတွက် နှစ်စဉ်ရရှိနိုင်သည့် ဘဏ္ဍာရန်ပုံငွေ အခြေအနေအရ လတ်တလော အလိုအပ်ဆုံးလုပ်ငန်းများကို ဦးစားပေးအလိုက် စိစစ်ရွေးချယ်ကာ မြို့နယ်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက လျာထားတောင်းခံလာပါက ဆက်လက်လျာထားတင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်(ရွာသစ်)ကျေးရွာနှင့် အောက်ပုန်းထွန်ကျေးရွာအတွက် လျှပ်စစ်မီးသွယ်တန်းပေးပါရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်(ရွာသစ်)ကျေးရွာနှင့် အောက်ပုန်းထွန်ရွာသည် သိန္နီမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ် နယ်နိမိတ်ချင်းထိစပ်၍ မြို့နယ်ခြားနယ်နိမိတ်ပြဿနာ ဖြစ်ပေါ်နေသည့်ရွာများဖြစ်ပြီး သိန္နီမြို့နှင့် (၄)မိုင်ခန့်ကွာဝေးသည့် ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိသော ကျေးရွာများဖြစ်ပါတယ်။ ကွတ်ခိုင်မြို့နှင့် (၁၂)မိုင်ခန့်ကွာဝေးသော ကျေးရွာများဖြစ်သည့် နမ့်ခုတ်ရွာနှင့်အထက်ပုန်းထွန်ရွာ(၂)ရွာနှင့်လည်း ရောထွေးစွာ နေထိုင်လျက်ရှိသည့် ကျေးရွာများပင် ဖြစ်ပါတယ်။ ကွတ်ခိုင်မြို့မှ သွယ်တန်းလာသောလျှပ်စစ်မီးသည် သိန္နီမြို့နယ်နိမိတ်အတွင်း (မြေစာရင်းမြေပုံအရ) ကျရောက်သည့် မစိုးရိမ်ကျောင်းအထိ လျှပ်စစ်မီးရရှိအသုံးပြုနေပြီး ဖြစ်ပါတယ်။ လျှပ်စစ်မီးကို လွယ်လင့်တကူသွယ်ယူနိုင်မည့် အနေအထားပင် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင် (ရွာသစ်)နှင့် အောက်ပုန်းထွန်ရွာတို့ကို လျှပ်စစ်မီးသွယ်တန်းပေးမည်ဆိုပါက ဆိုင်းခေါင်(ရွာသစ်)တွင် အိမ်ခြေ(၆၈)လုံးနှင့် အောက်ပုန်းထွန်ရွာတွင် အိမ်ခြေ(၅၀)လုံး စုစုပေါင်းလူဦးရေ (၇၈၀)ဦး ခန့်ကို အကျိုးပြုမှာဖြစ်သောကြောင့် အဆိုပါကျေးရွာ(၂)ရွာအား လျှပ်စစ်မီးသွယ်တန်းပေးနိုင် ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိသည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် သွယ်တန်းပေးမည် နည်း။ မရှိဆိုပါက အဘယ်ကြောင့်နည်း စသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ၎င်းကျေးရွာနေ မိဘပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ဒီကနေ့လွှတ်တော်(တတိယနေ့)မှာ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအာလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စုရှိ ဆိုင်းခေါင်(ရွာသစ်) ကျေးရွာနှင့် အောက်ပုန်းထွန် ကျေးရွာ(၂)ရွာကို လျှပ်စစ်မီးသွယ်တန်းပေးပါရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် သွယ်တန်းပေးနိုင်မည်နှင့် မရှိပါကအဘယ်ကြောင့် သွယ်တန်းပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါသည်ဆိုတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်(ရွာသစ်)ကျေးရွာနှင့် ဆိုင်းခေါင်(ရွာဟောင်း)ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၁.၁)မိုင်နှင့် (၁၁/ ၀.၄)ကေဗွီ၊ (၅၀) ကေဗွီအေ ဓာတ်အား ခွဲရုံ(၂)ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၄၀၀ဗို့ဓာတ်အား လိုင်း(၁.၆)မိုင်ကို ပြည်နယ်အစိုးရဘတ်ဂျက်မှာ ထည့်သွင်းလျာထားနိုင်ဖို့အတွက် မြို့နယ် တွင်းစီမံကိန်းရေးဆွဲရေးမှာ ဦးစားပေးအလိုက် တင်ပြသွားမှာ ဖြစ်ပြီးတော့ ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ မြို့နယ်ဒေသန္တရစီမံကိန်းရေးဆွဲရာမှာ လည်း ဦးစားပေးအဆင့်အနေနဲ့ ထည့်သွင်းရေးဆွဲပါရန် လိုအပ်မည်ဟု ထင်မြင်ယူဆမိ ပါတယ်။ ဒါကြောင့် အောက်ပုန်းထွန်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေး ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဒုတိယမေးခွန်းအနေဖြင့် သိန္နီမြို့နယ်၊ ကောင်းမှူးဖိတ်ကျေးရွာအုပ်စု၊ ကောင်းခါးကျေးရွာအနီးရှိ နမ့်တောင်ချောင်းကူးတံတားအား တည်ဆောက်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ကောင်းမှူးဖိတ် ကျေးရွာအုပ်စု၊ ကောင်းခါးကျေးရွာသည် လားဟူလူမျိုးများနေထိုင်သည့် ကျေးရွာဖြစ်ပြီး သိန္နီမြို့နယ်၏ အစွန်ဆုံးအုပ်စုဖြစ်ပြီး နမ္မတူမြို့နယ်၊ လားရှိုးမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ် တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော အုပ်စုတစ်စုဖြစ်ပါတယ်။ သိန္နီမြို့နယ် နောင်ဆိုင်- မိုင်းပါး- ကောင်းအိုင်- ကောင်းမှူးဖိတ်မှ နမ္မတူမြို့နယ် မိုင်းရင်အထိ ဆက်သွယ်ထားသော လမ်းဖြစ်သလို Class (A) အဆင့် သတ်မှတ်ထားသည့်လမ်း ဖြစ်ပါတယ်။

အဲ့ဒီလမ်းဟာ လွန်ခဲ့သော(၅)နှစ်ခန့်က နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာအုပ်စုမှ လယ်ယာထွက်သီးနှံများဖြစ်တဲ့ ဆန်၊ စပါး၊ ပြောင်း စသည်တို့ကို သိန္နီမြို့သို့ လာရောက် ရောင်းချပြီး အိမ်ဆောက်ပစ္စည်းများဖြစ်သည့် သံ၊ သွပ်၊ ဘိလပ်မြေနှင့် လယ်ယာသုံး ပစ္စည်းများဖြစ်သည့် လယ်ထွန်စက်၊ မြက်ရိတ်စက်၊ ဓာတ်မြေဩဇာများ၊ ပေါင်းသတ်ဆေးများ၊

မြက်သတ်ဆေးများနှင့် စိုက်ပျိုးရန်အတွက် မျိုးစပါးများ၊ ပြောင်းမျိုးစေ့များ စသည်တို့ကို ဝယ်ယူပြီး အဓိကအားထားရာ ကုန်ထုတ်လမ်း တစ်လမ်းဖြစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point သုံးခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ နမ့်တောင်ချောင်းကူးတံတားဟာ ပွင့်လင်းရာသီမှာတော့ ကိုယ်ထူကိုယ်ထအနေနဲ့ သစ်သားဖြင့်လုပ်ပြီး သွားလာလို့ရပါတယ်။

အဲ့ဒီလမ်းနှင့် တံတားကို ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထဖြင့် ဖောက်လုပ်သုံးစွဲခဲ့ပါတယ်။ ယခုအခါ လမ်းများလည်းပျက်စီးသလို တံတားဟာလည်း ပွင့်လင်းရာသီတွင် နမ့်တောင်ချောင်းကူးတံတားကို အသုံးပြုနိုင်ပေမယ့် မိုးရာသီမှာ ချောင်းရေများ မြင့်တက်လာမှုကြောင့် အသုံးပြု၍မရပါဘူး။ ဒါ့ကြောင့် ပြည်သူများ၏ စားဝတ်နေရေး၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အခက်အခဲများစွာနှင့်ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နမ့်တောင်ချောင်းကူးတံတားအား တည်ဆောက်ပေးမည်ဆိုပါက သိန္နီမြို့နယ်အတွက်စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုသလို နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာအုပ်စုရှိ အိမ်ခြေ(၁၈၀၀)ခန့်ကိုလည်း အကျိုးပြုမှာဖြစ်ပါတယ်။ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာအုပ်စုမှ ပြည်သူများသည်လည်း လားရှိုးမြို့ထက် သွင်းကုန်များကို ရောင်းချတဲ့နေရာမှာ ဈေးနှုန်းပိုမိုရရှိပြီး အသုံးပြုရန်လိုအပ်သည့် ကုန်ပစ္စည်းများကို ဝယ်ယူတဲ့အခါမှာလည်း ဈေးနှုန်းပိုမိုသက်သာသော နှုန်းထားများဝယ်ယူရမည့် အကျိုးကျေးဇူးများရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ Class (A) သတ်မှတ်ထားသောလမ်းဖြစ်သောကြောင့် အဆိုပါလမ်းပေါ်ရှိ အရေးတကြီး၊ မရှိမဖြစ်လိုအပ်လျက်ရှိသော နမ့်တောင်ချောင်းကူးတံတားအား မိဘပြည်သူများနှင့်အသင့်လျော်ဆုံးဖြစ်မည့် မည်ကဲ့သို့သောတံတားကို ဆောက်လုပ်ပေးပြီး မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေပေးမည်ကို သိရှိလိုပါသဖြင့် မိဘပြည်သူများကိုယ်စားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းထားတဲ့ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ကောင်းမှူးဖိတ်ကျေးရွာအုပ်စု၊ ကောင်းခါးကျေးရွာအနီး နောင်ဆိုင်– မိုင်းပါး–

ကောင်းအိုင်– ကောင်းမှူးဖိတ်မှ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာအထိ ဆက်သွယ်ထားသော လမ်းပေါ်တွင် နမ့်တောင်ချောင်းကူးတံတားမှာ မိုးရာသီတွင် ချောင်းရေများမြင့်တက်လာမှု ကြောင့် အသုံးပြု၍မရပါသဖြင့် အဆိုပါနမ့်တောင်ချောင်းကူးတံတားအား သင့်လျော်သော မည်သည့်တံတားအဖြစ် ဆောက်လုပ်ပေးမည်နှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေ ချထားပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားတင်ပြ သွားမှာဖြစ်ပါတယ်။

သိန္နီမြို့နယ်၊ နမ့်တောင်ချောင်းကူးတံတားသည် လမ်းဦးစီးဌာနပိုင် မန္တလေး–လားရှိုး–မူဆယ်(AH 14)လမ်းမကြီး၏ လားရှိုး– သိန္နီလမ်းအပိုင်းနှင့် ချိတ်ဆက်ထားတဲ့လမ်း ဖြစ်ပါ တယ်။ သိန္နီမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နောင်ဆိုင်– မိုင်းပါး– ကောင်းအိုင်– ကောင်းခါး– ကောင်းမှူးဖိတ်လမ်းပေါ်ရှိ အရှည်ပေ (၁၄၀) ရှိ သစ်သားတံတား အမျိုးအစား ဖြစ်ပါတယ်။ ကျေးရွာအုပ်စု (၃)ခု၊ အိမ်ခြေ (၃၉၉)အိမ်နှင့် လူဦးရေ (၁,၁၉၁) ဦးတို့ကို အကျိုးပြုသော လမ်းအဆင့်အတန်းနှင့် ဦးစားပေး A1 အဆင့် ကျေးလက်လမ်းပေါ်မှာရှိတဲ့ အရေးပါတဲ့တံတားတစ်စင်းဖြစ်ပါတယ်။

အဆိုပါတံတားကို သတ်မှတ်စံညွှန်း၊ လမ်းအင်္ဂါရပ်နှင့် ညီညွတ်သော သံကူကွန်ကရစ် တံတားအဖြစ်တည်ဆောက်ပါက ခန့်မှန်းငွေ ကျပ်သန်း (၄၂၀)ခန့် ကုန်ကျနိုင်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်များအလိုက် ရန်ပုံငွေခွဲဝေမှုအရ သိန္နီမြို့နယ်၏ ပါဝင်မှုအချိုးမှာ (၀.၉၄%) ဖြစ်ရာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုရရှိမှုမှာ ယခင် ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ကျပ်(၉၂)သန်း၊ ပြည်ထောင်စုမှကျပ်(၆၈.၄)သန်း၊ စုစုပေါင်း ကျပ်(၁၆၀.၄)သန်း ရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ လာမည့်၂၀၁၉–၂၀၂၀ဘဏ္ဍာနှစ်မှာတော့ သိန္နီမြို့နယ်၊ နောင်ဆိုင်– မိုင်းပါး– ကောင်းအိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက်ကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှ ကျပ်(၃၀၀.၄၂၀)သန်း လျာထားတောင်းခံထားကြောင်းကို လည်းတွေ့ရှိရပါတယ်။

အဆိုပါ နမ့်တောင်းချောင်းတံတားအတွက် လာမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာထားတောင်းခံထားခြင်း မရှိသေးသည်ကိုတွေ့ရှိရပါကြောင်းနှင့် သိန္နီမြို့နယ်မှ ကျေးလက်လမ်းများအတွက် နှစ်စဉ်ရရှိနိုင်မည့် ဘဏ္ဍာရန်ပုံငွေအခြေအနေအရ လတ်တလော အလိုအပ်ဆုံးလုပ်ငန်းများကို ဦးစားပေးအလိုက် စိစစ်ရွေးချယ်ကာ မြို့နယ်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက လျာထားတောင်းခံလာပါက သံကူကွန်ကရစ် တံတားရရှိရေးအတွက် ဆက်လက်လျာထားတင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စုမှ ဝါတရာကျေးရွာ၊ တမဲကျေးရွာအုပ်စုမှ နန်းပလန်ကျေးရွာ၊ ရှားပြားကျေးရွာ၊ ကူးကော်ကျေးရွာအုပ်စုမှ ကျောက်ကျားရွာနှင့် ကုန်းသာကျေးရွာတို့သည် နွေရာသီကာလတွင် ရေရှားပါးမှုဒဏ်ကို နှစ်စဉ်ရင်ဆိုင်ခံစားနေရ၍ ရေရရှိရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စုမှ ဝါတရာကျေးရွာ၊ တမဲကျေးရွာအုပ်စုမှ နန်းပလန်ကျေးရွာ၊ ရှားပြားကျေးရွာ၊ ကူးကော်ကျေးရွာအုပ်စုမှ ကျောက်ကျားကျေးရွာနှင့် ကုန်းသာကျေးရွာများ နွေရာသီကာလတွင် ရေရှားပါးမှုဒဏ်ကို နှစ်စဉ်ရင်ဆိုင်ခံစားနေရ၍ ရေရရှိရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ဆိုတဲ့မေးခွန်းကို ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း မေးမြန်းလာမှုနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းလင်းစွာ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်-

ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ နွေရာသီကာလရေရှားပါးသည့် ကျေးရွာများအနက် ပွေးလှကျေးရွာအုပ်စု၊ ဝါတရာကျေးရွာဟာ အိမ်ခြေ(၁၀၅)အိမ်၊ လူဦးရေ (၄၉၀)ဦး မှီတင်း နေထိုင်လျက်ရှိပြီး ကျေးလက်ရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်မှာ မြေသား ရေကန်(၁)ကန်၊ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှာ ဂါလန်(၂၇၅၀၀)ဆံ့ အုတ်မိုးရေလှောင်ကန် (၁)ကန်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

တမဲကျေးရွာအုပ်စု၊ နန်းပလန်ကျေးရွာဟာ အိမ်ခြေ(၆၅)အိမ်၊ လူဦးရေ (၂၆၀)ဦး မှီတင်းနေထိုင်လျက်ရှိပြီး ကျေးလက်ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှာ မြေသား ရေကန်(၁)ကန်၊ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှာ VDP ခေါ်တဲ့ Village Development Program ရန်ပုံငွေဖြင့် မြေသားရေကန်ကျောက်ရိုးစီခြင်းနှင့် သဘာဝဘေးစီမံခန့်ခွဲမှု ဦးစီးဌာနရန်ပုံငွေဖြင့် မြေသားရေကန်တိုးချဲ့ခြင်း၊ ကျောက်ရိုးစီခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ရေရယူသုံးစွဲရန် ရေအရင်းအမြစ်မရှိသောကြောင့် ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အုတ်မိုးရေလှောင်ကန်များအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး ရှားပြားကျေးရွာအုပ်စု၊ ရှားပြားကျေးရွာဟာ အိမ်ခြေ(၂၁၉)အိမ်၊ လူဦးရေ(၉၅၅)ဦး မှီတင်းနေထိုင်လျက်ရှိပြီးတော့ ကျေးလက်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်မှာဂါလန်(၅၀၀၀၀)ဆံ့ အုတ်မိုးရေလှောင်ကန်(၁)ကန်၊ ၂၀၁၅-၂၀၁၆ခု၊ဘဏ္ဍာရေး နှစ်မှာ မြေသားရေကန်(၁)ကန်၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်(ရက်-၁၀၀လုပ်ငန်း)မှာ မြေသားရေကန်(၂)ကန် နုန်းဆယ်ပြုပြင်ခြင်း၊ VDP ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေး နှစ်မှာ မြေသားရေကန်ကျောက်ရိုးစီခြင်းလုပ်ငန်းများတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကူးကော်ကျေးရွာအုပ်စု၊ ကျောက်ကြားကျေးရွာဟာ အိမ်ခြေ(၁၀၅) အိမ်၊ လူဦးရေ (၄၅၄)ဦး မှီတင်းနေထိုင်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှာ န.တ.လ ရန်ပုံငွေဖြင့် မိုးရေလှောင်ကန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိမှာလည်း ၎င်းမိုးရေ လှောင်ကန်နှင့် မြေသားရေကန်တို့မှ ရေများကိုရယူသုံးစွဲလျက်ရှိပါတယ်။ ကူးကော်ကျေးရွာ အုပ်စု၊ ကုန်းသာကျေးရွာဟာလည်း အိမ်ခြေ(၁၃၆)အိမ်၊ လူဦးရေ(၆၉၁)ဦး မှီတင်းနေထိုင် လျက်ရှိပြီး VDP ရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှာ မြေသားရေကန်ကျောက်ရိုး စီခြင်းလုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကုန်းသာကျေးရွာနှင့် ကျောက်ကြားကျေးရွာရေရရှိရေးအတွက် စံသီးကုန်း ရေထွက်မှ စိမ့်စမ်း(အမြင့်တင်) ရေသွယ်ယူခြင်းလုပ်ငန်း (၂)မိုင် (၅)ဖာလုံကို ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေမှ ကျပ်(၈၀.၇၂)သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ပင်းတယမြို့နယ်အတွင်း သောက်သုံးရေရှားပါးသော ကျေးရွာများဖြစ်သည့် ရှောင်ပင်ကျေးရွာ၊ ဝါတရာကျေးရွာ၊ မြေခြားတောင်ကျေးရွာနှင့် ရှားပြားကျေးရွာ(၄)ရွာဟာ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ပင်စိမ်းပင်ရေထွက်မှ ရေသွယ်ယူခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်းမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ(ပြည်ထောင်စု)၊ မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းတွင် ရန်ပုံငွေကျပ်(၂၉၄.၀၇၇)သန်း အဆိုပြုတင်ပြထားရှိပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေအတည်ရရှိမှုအပေါ်မူတည်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး စိတ္တသုခ၊ ကာယသုခနှင့် ပြည်စုံကြပါစေကြောင်း ပထမ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြ ပထမမေးခွန်းကတော့ တောင်ပေါ်ဒေသမှာ အထူးလိုအပ်တဲ့ ရွာချင်းဆက် မြေသားလမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။

ဒါကတော့ မိုင်းကိုင်မြို့မြေပုံဖြစ်ပါတယ်။ ဒီအစိမ်းရောင်အစင်းကြားလေးကတော့ မိုင်းကိုင်မြို့ကို နှစ်ခြမ်းဖြစ်အောင် အုတ်တံတိုင်းကြီးပမာ ကာရံထားသော ဆင်တောင်တန်း

ကြီးဖြစ်ပါတယ်။ ဒီအဝါလေးကတော့ လွိုင်လင်– ပန်ကေတု– သီပေါ ကားလမ်းမကြီး ဖြစ်ပါတယ်။ မိုင်းကိုင်မြို့နှင့် ပန်ကေတု၊ တုံလောကိုဖြတ်သန်းသွားပါတယ်။ ဒီအပြာလေး ကတော့ မြေသားလမ်းဖြစ်ပါတယ်။ မိုင်းကိုင်မြို့ကနေပြီးတော့ ဆင်တောင်တန်းကြီးပေါ်သို့ သွားသောလမ်း ဖြစ်ပါတယ်။ တောင်ပေါ်တော့ အားလုံးမတက်သေးပါဘူး။ ဆင်တောင်တန်း ရဲ့အနောက်ဘက်အခြမ်းမှာလည်း မြေသားလမ်းရှိပါတယ်။ အဲဒါကတော့ ဟိုပုံး၊ မိုင်းလန်း၊ မိုင်းယွန်း၊ တုံလောလမ်း မြေသားလမ်းကြီး ဖြစ်ပါတယ်။ အဲဒီဘက်မှာတော့ စန်ဟား (ရှမ်းတိုင်းရင်းသားများနေထိုင်သောစန်ဟား)၊ မိုင်းယွန်းတို့ရှိပါတယ်။ အဲဒီလမ်းကနေပြီးမှ လမ်းအနောက်ခြမ်း ဆင်တောင်တန်းကြီးပေါ်ကိုတက်မယ်ဆိုလျှင် တွေ့မြင်ရတဲ့အတိုင်းပါပဲ ဆင်တောင်တန်းကြီးကိုတော့ အားလုံးမကျော်ပါဘူး။ တောင်ရဲ့တစ်ဝက်တစ်ပျက်ပဲရောက် ပါတယ်။ မိုင်းကိုင်ဘက်ကနေ တက်မယ်ဆိုလျှင်လည်း တွေ့တဲ့အတိုင်းပါပဲ ဆင်တောင်တန်း ကိုမကျော်လွှန်နိုင်သေးပါဘူး။ တစ်ဝက်တစ်ပျက်ပဲ ရောက်ပါတယ်။ ဒီအနီလေးကတော့ ဒီရွာတွေမှာ ဝန်တင်မြင်းနှင့် သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း ဆက်သွယ်သွား လာလို့ ရပါတယ်။ ထော်လာဂျီတွေ၊ ကားတွေတော့မရသေးပါဘူး။ ယခုခေတ်မှာတော့ မော်တော်ဆိုင်ကယ်သမားတွေက ကြံဖန်ပြီးလမ်းပေါက်အောင်တော့ လုပ်ထားပါတယ်။ အခု မြင်နေရတဲ့ အနီရောင်မြှားပြထားတဲ့နေရာလေးလည်း ဆိုင်ကယ်လမ်းဖြစ်ပါတယ်။ အဲဒီ ဆိုင်ကယ်လမ်းကတော့ ဆင်တောင်တန်းကိုကျော်ဖြတ်နိုင်တဲ့နေရာ ဖြစ်ပါတယ်။ အဲဒီဆင် တောင်ကြောရဲ့ထိပ်အလယ်တည့်တည့်မှာ အညိုရောင်အစိမ်းပုတ်လေးကတော့ ဖြတ်လို့မရ တဲ့တောင်ကမ်းပါးရုံတွေ၊ ချောက်ကမ်းပါးတွေရှိလို့ ဖြတ်လို့မရတာ ဖြစ်ပါတယ်။ ခုနက ကျွန်တော်ပြောတဲ့ မြှားအနီလေးပြထားတဲ့နေရာမှာ ဆင်တောင်ရဲ့ အနောက်ခြမ်းမှာဆိုရင် လွယ်ကုန်ကျေးရွာအုပ်စု၊ လုတ်ကန်းရွာရှိပါတယ်။ အရှေ့ဘက် ခြမ်းမှာတော့ ကုံးလုံးကျေးရွာ အုပ်စု၊ ကောင်းဖယ်ရွာရှိပါတယ်။ တကယ်လို့ ဆိုင်ကယ်လမ်းကို တိုးချဲ့ပြီးတော့မှ ထော်လာဂျီ နှင့်ကားသွားလာနိုင်တဲ့ မြေသားလမ်းဆောက်လုပ်ခဲ့မယ်ဆိုရင်တော့ ဒီဆင်တောင်တန်းရဲ့ အရှေ့ကော၊ အနောက်ကော ကောင်းမွန်စွာဆက်သွယ်သွားလာနိုင်မှာ ဖြစ်ပါတယ်။ ကျန်နေ တဲ့လမ်းပိုင်းဖြစ်တဲ့ ကောင်းဖယ်ရွာကနေ လုတ်ကန်းကျေးရွာမြေသားလမ်း(၆)မိုင် ဖောက်ပေး မယ်ဆိုရင် ဆင်တောင်တန်းကြီးရဲ့ အနောက်ခြမ်းနှင့် အရှေ့ခြမ်းကို အဆင်ပြေစွာသွားလာ နိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း တောင်ပေါ်တိုင်းရင်းသားများရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ တိုးတက်မှုယန္တရားကြီးစတင်ရွေ့လျားနိုင်မည်လို့ ယုံကြည်ပါတယ်။ တိုင်းရင်း သားများအနေနဲ့ကလည်း နိုင်ငံတော်အစိုးရက သူတို့ကိုချန်မထားပါဘူးဆိုတဲ့ အကြောင်း နားလည် သဘောပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများပါဝင်တဲ့ ကျွန်တော်တို့အဖွဲ့ဟာ အဲ့ဒီလမ်းကို ကွင်းဆင်းစစ်ဆေးရာမှာ

တိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်လိုအပ်နေကြောင်း၊ စက်ယန္တရားများကိုလည်းအသုံးပြုရန်အဆင်ပြေနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဤလမ်းနှင့်ပတ်သက်တဲ့အချက်အလက်တွေကို မိုင်းကိုင်မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကိုလည်း ပြန်လည်တင်ပြထားပြီးဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ကလည်းဒီလမ်းနှင့်ပတ်သက်ပြီး ရေးဆွဲတင်ပြထားပြီးဖြစ်ကြောင်း သိရပါတယ်။ ဤလမ်းဟာ မိုင်းကိုင်မြို့နယ်အတွက် အထူးအရေးကြီးသောလမ်းဖြစ်တာကြောင့် အထူးဦးစားပေးသင့်တယ်ဆိုတဲ့အကြောင်းတင်ပြလိုပါတယ်။ မေးခွန်းကတော့ ကျွန်တော်တို့ မိုင်းကိုင်မြို့နယ်ကို နှစ်ခြမ်းဖြစ်အောင် အုတ်တံတိုင်းပမာ ကာရံထားသော ဆင်တောင်တန်းကြီးကို ဖြတ်ကျော်ရန် ကျန်နေသည့်လမ်းပိုင်းဖြစ်သော ကုံးလုံးအုပ်စု၊ ကောင်းဖယ်ကျေးရွာမှ လွယ်ကုန်းကျေးရွာအုပ်စု လုတ်ကန်းကျေးရွာသို့ ဆက်သွယ်ပေးသည့် ရွာချင်းဆက်မြေသားလမ်း(၆)မိုင်ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ရှိလျှင် မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို တောင်ပေါ်တိုင်းရင်းသားပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံမေးမြန်းလာတဲ့ မိုင်းကိုင်မြို့နယ် ကုံးလုံးကျေးရွာအုပ်စု၊ ကောင်းဖယ်ကျေးရွာနှင့် လွယ်ကုန်းကျေးရွာအုပ်စု၊ လုတ်ကန်းကျေးရွာချင်းဆက်မြေသားလမ်း(၆)မိုင် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကောင်းဖယ်-လုတ်ကန်းလမ်းပိုင်းဟာ မိုင်းကိုင်- လဲချား ပြည်ထောင်စုလမ်းမကြီး (၂)မိုင်ခန့်လမ်းခွဲမှ ကောင်းဖယ်အထိ (၅)မိုင် (၆)ဖာလုံ၊ ကောင်းဖယ်မှ နောင်စံပူး (၃)မိုင်(၄)ဖာလုံ၊ နောင်စံပူးမှ လုတ်ကန်း(၅)မိုင်၊ စုစုပေါင်း (၁၄)မိုင်(၂)ဖာလုံရှိသည့် လမ်းပိုင်းဖြစ်ပါတယ်။

ပြည်ထောင်စုလမ်းမကြီးမှ ကောင်းဖယ်အထိ(၅)မိုင်(၆)ဖာလုံ လမ်းပိုင်းမှာ ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားတဲ့ မြေသားလမ်းဖြစ်ပြီး အကျယ်(၁၈)ပေခန့် ရှိပါတယ်။ ၎င်းလမ်းပိုင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန)မှ ကျောက်လမ်း(၂)မိုင် ဆောင်ရွက်ထားပြီး ယာဉ်များသွားလာနိုင်သည့်လမ်းပိုင်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ လမ်းပိုင်းဟာ ကောင်းဖယ်ရွာမှ နောင်စံပူး ရွာအထိ (၃)မိုင်(၄)ဖာလုံ၊ နောင်စံပူးမှ လုတ်ကန်းရွာထိ (၅)မိုင်၊ စုစုပေါင်း (၈)မိုင် (၄)ဖာလုံရှိတဲ့ လမ်းပိုင်းဖြစ်ပြီး ကောင်းဖယ်မှ နောင်စံပူးအထိ (၃)မိုင် (၄)ဖာလုံဟာ အကျယ် (၈)ပေခန့်သာရှိရာ ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်များ သွားလာနိုင်ပြီး၊ နောင်စံပူးမှ လုတ်ကန်းအထိ(၅)မိုင်ကတော့ အကျယ်(၄)ပေခန့်သာရှိပြီး မော်တော်ဆိုင်ကယ်များနှင့် လူများသာသွားလာနိုင်တဲ့ လမ်းပိုင်းဖြစ်ပါတယ်။

အဆိုပါ လမ်းပိုင်း(၈)မိုင်(၄)ဖာလုံ လမ်းပိုင်းဟာ ဆင်တောင်တန်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းအား ဆက်သွယ်ပေးထားတဲ့ လမ်းကြောင်းဖြစ်ပြီး ဆင်တောင်တန်းပေါ်တွင် နေထိုင်တဲ့ ပလောင်ကျေးရွာများမှ အဓိကအသုံးပြုလျက်ရှိတဲ့ တစ်ခုတည်းသော လမ်းဖြစ်တဲ့ အပြင် အခြားကျေးရွာအုပ်စုများသို့ ဆက်သွယ်သွားလာနိုင်ပြီး ၎င်းဒေသရှိ ကျေးရွာ(၁၈)ရွာ၊ အိမ်ထောင်စု(၅၇၉)စုနှင့် လူဦးရေ(၂,၉၇၅)ဦးတို့ကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ်၊ ကောင်းဖယ်- လုတ်ကန်းလမ်းပိုင်း(၈)မိုင် (၄)ဖာလုံအနက် (၅)မိုင် မြေသားလမ်းဖောက်လုပ်နိုင်ရေး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းတွင် အဆိုပြုတင်ပြခဲ့သော်လည်း ရန်ပုံငွေခွဲဝေရရှိမှုနှင့် ဦးစားပေး အစီအစဉ်အရ ပါဝင်ခြင်းမရှိသေးပါသဖြင့် အဆိုပါလမ်းပိုင်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်နိုင်ရေးအတွက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြလာ ပါက ပြည်နယ်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော်မေးမြန်းမည့် ဒုတိယမေးခွန်းကတော့ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းပဲ ဖြစ်ပါတယ်။ မိုင်းကိုင်မြို့ရဲ့ တောင်ဘက် လဲချား- မိုင်းကိုင်ကားလမ်း မိုင်တိုင်(၅၁)မှ လမ်းခွဲပြီး အနောက်ဘက်သို့

(၃)မိုင်လောက်ဝေးတဲ့တောင်ပေါ်မှာ ပုန်းယမ်းရွာရှိပါတယ်။ လက်ရှိအသုံးပြုနေတဲ့လမ်းကတော့ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားတဲ့ မြေသားလမ်းဖြစ်ပါတယ်။ လမ်းကလည်းကျဉ်းပါတယ်။ စနစ်လည်းမကျပါဘူး။ တောင်ပေါ်လမ်းဖြစ်ပါတယ်။ ပုန်းယမ်းရွာဟာ တောင်ပေါ်တိုင်းရင်းသား ပလောင်လူမျိုးများနေထိုင်ကြပါတယ်။ လက်ဖက်လုပ်ငန်းနှင့် တောင်ယာလုပ်ငန်းကိုလုပ်ကိုင်ပါတယ်။ အိမ်ခြေ(၉၀)လောက်ရှိပြီး လူဦးရေ(၆၀၀)ကျော်ရှိပါတယ်။ မိမိထွက်ကုန်ဖြစ်တဲ့ လက်ဖက်ခြောက်များကို ထော်လာဂျီဖြင့်သယ်ဆောင်ပြီး မိုင်းကိုင်မြို့ကို လာရောင်းပါတယ်။ နွေရာသီမှာ အဆင်ပြေပေမယ့် မိုးရာသီမှာတော့ အဆင်မပြေပါဘူး။ ပုန်းယမ်းရွာရဲ့အနောက်ဘက်နှင့် တောင်ပေါ်တွေမှာ ဒီလမ်းကိုပဲအသုံးပြုကြပါတယ်။ ဒီလမ်းဟာ လဲချားမြို့နယ် ဝမ်ဖိုင်ကျေးရွာအုပ်စုနှင့် တစ်ဆက်တည်းရှိတဲ့အတွက် အသုံးပြုမှုအလွန်များပါတယ်။ အဲဒီရွာတွေအားလုံးကထွက်တဲ့ လက်ဖက်ခြောက်များကိုလည်းဒီလမ်းကိုအသုံးပြုပြီးတော့ မြို့ကိုထော်လာဂျီနှင့် တင်ပို့ပါတယ်။ တကယ်လို့ ဒီလမ်းကို ကျောက်ချောလမ်း (သို့မဟုတ်) စနစ်ကျတဲ့မြေသားလမ်း ဖောက်လုပ်ပေးမည်ဆိုရင်တော့ တောင်ပေါ်နေ ပလောင်တိုင်းရင်းသားများအတွက် များစွာအကျိုးရှိမှာဖြစ်တဲ့အတွက်ကြောင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်-

မေးခွန်းကတော့ လဲချား- မိုင်းကိုင် ကားလမ်းမှ ပုန်းယမ်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ပါရန် မြေသားလမ်း(သို့မဟုတ်) ကျောက်ချောလမ်း (၃)မိုင်ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သည့်လမ်းအမျိုးအစားဖြင့် မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ကို သိလိုသည့်မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံရဲ့ ဒုတိယမေးခွန်းနှင့် ပတ်သက်ပြီး ဆက်လက် ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ လဲချား- မိုင်းကိုင်ကားလမ်းမှ ပုန်းယမ်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရေး မြေသားလမ်း(သို့မဟုတ်) ကျောက်ချောလမ်း (၃)မိုင်ကို ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်လမ်းအမျိုးအစားဖြင့် မည်သည့်အချိန်တွင် ဖောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါသည်လို့ ဖော်ပြထားတာဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ်၊ လဲချား- မိုင်းကိုင်ကားလမ်းမှ ပုန်းယန်းကျေးရွာသို့ ဆက်သွယ်ထားသော မေးခွန်းပါလမ်းသည် လမ်းဦးစီးဌာနပိုင် လွိုင်လင်- ပန်ကေတု-သီပေါ AH 111

လမ်းမကြီး၏ လဲချား– မိုင်းကိုင် လမ်းအပိုင်းမှ ပုန်းယန်းရွာသို့ ချိတ်ဆက်ထားသော အရှည် (၃) မိုင်ရှိ ကျေးလက်လမ်း ဖြစ်ပါသည်။ ကျေးရွာ (၁) ရွာ၊ အိမ်ခြေ (၇၈) အိမ်၊ လူဦးရေ (၄၂၆) ဦးကို အကျိုးပြုသောလမ်းဖြစ်ပါသည်။ လက်ရှိမှာတော့ လှည်းလမ်းအဆင့်သာရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းစာရင်းတွင်ပါဝင်ခြင်း မရှိသေးပါ။ မြို့နယ် ကျေးလက်လမ်းစာရင်း၌ ပါဝင်ရေး မြို့နယ်၏ (၁၃)နှစ် စီမံကိန်းတွင် လမ်းအဆင့်အတန်းနှင့် ဦးစားပေးသတ်မှတ်ချက်အရ ထည့်သွင်းလျာထားရေးဆွဲရေးတို့ကို ဆောင်ရွက်သွားရန်လိုအပ် မည်ဖြစ်ပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သတ်မှတ်ပေးထားသော မြေသားလမ်း ဒီဇိုင်း အရ ရေမြောင်း (၂)ဘက်အကြားမှာ အကျယ် ပေ(၃၀)ပေါ်မှာ အကျယ် ၁၈ ပေ ရှိတဲ့ ကျောက်ရောမြေ (၄)လက်မအထူ လမ်းသားပါရှိမှာဖြစ်ပါတယ်။ လက်ရှိဈေးနှုန်းများအရ မြေသားလမ်းတစ်မိုင်လျှင် ကျပ်သန်း (၃၀) ခန့်နှုန်းဖြင့် (၃)မိုင် အတွက် ကျပ်သန်း (၉၀) ခန့် ကုန်ကျနိုင်မှာ ဖြစ်ပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်များအလိုက် ရန်ပုံငွေခွဲဝေမှုအရ မိုင်းကိုင် မြို့နယ်၏ပါဝင်မှုအချိုးမှာ (၁.၇၁%) ဖြစ်ရာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုရရှိမှုမှာ ယခင် နှစ်များမှာ နှစ်စဉ်ပျမ်းမျှ (၁၄၃) သန်းခန့် ရရှိခဲ့ကြောင်းတွေ့ရပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် မှာတော့ မိုင်းကိုင်မြို့နယ်ရဲ့ ယခုမေးခွန်းပါလမ်းမဟုတ်တဲ့ အခြားလမ်းများမှ လုပ်ငန်းများ အတွက် ကျပ် (၂၅၁.၄၈၅)သန်း လျာထားတောင်းခံထားကြောင်း တွေ့ရှိရပါတယ်။

မေးခွန်းမှာပါရှိတဲ့ ပုန်းယန်းကျေးရွာသွားလမ်းအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာထားတောင်းခံထားခြင်း မရှိသေးသည်ကို တွေ့ရှိရပါကြောင်း၊ မိုင်းကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင် ထည့်သွင်းရန် လိုအပ်မည်ဖြစ်ပါ ကြောင်းနှင့် မိုင်းကိုင်မြို့နယ်မှကျေးလက်လမ်းများအတွက် နှစ်စဉ်ရရှိနိုင်မည့် ဘဏ္ဍာရန်ပုံငွေ အခြေအနေအရ လတ်တလောအလိုအပ်ဆုံး လုပ်ငန်းများကို ဦးစားပေးအလိုက် စိစစ်ရွေးချယ် ကာ မြို့နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက လျာထားတောင်းခံ လာပါက ဆက်လက်လျာထား တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ် ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည် နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ လွှတ်တော်

ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)မှာ ရွာငံမြို့နယ်၊ ရွာငံမြို့မဈေးအား ဈေးသစ်အဖြစ် အဆင့်မြှင့်တင်ပေးရန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ဟာ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့နှင့် (၈၃)မိုင်၊ အထက်မြန်မာပြည်၏မြို့တော် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် မိုင်(၉၀)ခန့် ကွာဝေးပါတယ်။ မြန်မာနိုင်ငံ၏မြို့ကြီး(၂)မြို့ဖြစ်သော ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တို့၏ ဆက်သွယ်ရာပြည်ထောင်စုလမ်းမပေါ်တွင်ရှိပြီး မြို့ကြီး(၂)မြို့၏ အလယ်ကြားတွင်တည်ရှိသော မြို့ငယ်လေးဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် အလှအပများ ပေါ်ကြွယ်ဝသည့်အတွက် ခရီးသွားပြည်သူများ စိတ်ဝင်စားစွာလည်ပတ်ကြပြီး အပျိုစင်ဒေသဟုလည်း တင်စားခေါ်ဝေါ်ကြပါတယ်။ နှစ်သန်းပေါင်းများစွာမှ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြသည့်ဒေသနှင့်အတူ ရေပြာကန်၊ ရေဖြူကန်၊ မိန်းမရဲသခင်မတောင်၊ တောင်ဇလပ်ပန်းများပွင့်ရာ ဆေးမြစ်နွယ်မြစ်တောင် စသည့်နေရာများဟာ ရွာငံမြို့နယ်အတွင်းတည်ရှိပြီး ၎င်းနေရာများကို ခရီးသွားဧည့်သည်များ နှစ်စဉ်တိုးပွားကာ လာရောက်လည်ပတ်ကြသည်ကို တွေ့ရှိရပါတယ်။ ရိုးသားဖြူစင်စွာနေထိုင်ကြသော ဒေသခံတိုင်းရင်းသားပြည်သူများဟာ စိုက်ပျိုးရေးကို အဓိကထား အသက်မွေးဝမ်းကြောင်းပြု နေထိုင်ကြပါတယ်။ အဓိကစိုက်ပျိုးသီးနှံများမှာ ကော်ဖီ၊ ထောပတ်၊ စပျစ်၊ လိမ္မော်တို့ဖြစ်ပြီး ရာသီပေါ်နှစ်တိုသီးနှံများလည်း စိုက်ပျိုးကြရပါတယ်။ ထွက်ရှိလာသောသီးနှံများကို အောင်ပန်း၊ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများသို့ ပို့ဆောင်ရောင်းဝယ်ဖောက်ကားကြရပါတယ်။ ထိုသို့ ခရီးသွားပြည်သူများစိတ်ဝင်စားစွာ လာရောက်လေ့လာကြသောဒေသ၊ စိုက်ပျိုးရေးထွက်ကုန်များထွက်ရှိသောဒေသ၌ အဓိကဒေသခံပြည်သူများအတွက် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကို အထောက်အကူဖြစ်နေသည့် ရွာငံမြို့၊ မြို့မဈေးဟာ (၅)ရက်တွင် (၁)ရက်သာလျှင် ရောင်းဝယ်ဖောက်ကားရပါတယ်။ ဈေးမှာလည်း စံကိုက်မညီသည်ကို တွေ့ရှိရပါတယ်။ (၅)ရက်တွင် (၁)ရက်သာ ရောင်းဝယ်ရမည်မဟုတ်ဘဲ (၅)ရက်လုံး နေ့စဉ်ရောင်းဝယ်ရမည်ဆိုပါက

ဒေသခံပြည်သူများ အလုပ်အကိုင်၊ ဝင်ငွေများ တိုးပွားလာမည့်အပြင် ခရီးသွားပြည်သူများလည်းဒေသထွက်ကုန်များကို အမှတ်တရဝယ်ယူ၍ လည်ပတ်နိုင်မည်ဖြစ်ပါတယ်။ ဈေးသစ်ပြန်လည်တည်ဆောက်ရန်အတွက် ဒေသခံပြည်သူများလည်း လိုလိုလားလား တောင်းတလျက်ရှိပြီး စည်ပင်သာယာရေးကော်မတီ၊ ဈေးအကျိုးတော်ဆောင် ဈေးသူ/ ဈေးသားများလည်းသဘောတူလက်ခံထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ဒေသမှာရွေးချယ်တင်မြောက်ထားတဲ့ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တာနှင့်အညီ မိမိတို့ဒေသပြည်သူများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်တာဝန်ဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသလို ပြည်သူများ၏ ဆန္ဒများကို လွှတ်တော်သို့ ကိုယ်စားပြုတင်ပြရပါတယ်။ ပြည်သူများရဲ့မျှော်လင့်ချက်ကို အမှန်တကယ် ဖော်ဆောင်ပေးရမှာတော့သက်ဆိုင်ရာပြည်နယ်အစိုးရပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရွာများဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသောကြောင့် ရွာငံမြို့နယ်၊ မြို့မဈေးကိုစံကိုက်ဈေးသစ်အဖြစ် ပြန်လည်တည်ဆောက်ပေးမည်ဆိုပါက ရှမ်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို ရှမ်းပြည်နယ်၏ဂုဏ်ကိုလည်း တက်စေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ရွာငံမြို့နယ်၊ ရွာငံမြို့မဈေးကို စံကိုက်ဈေးသစ်ဖြင့် ပြန်လည်တည်ဆောက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်၊ မည်ကဲ့သို့ အကြံပြုကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်

ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာငံမြို့ ဈေးအသစ် ပြန်လည်တည်ဆောက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်၊ မည်သို့အကြံပြုကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းတင်ပြလိုပါတယ်-

ရွာငံမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးသည် ရွာငံမြို့၊ ဈေးတန်းရပ်ကွက် ဆရာစံလမ်းနှင့် ရုံးပေါင်းစုံလမ်းအကြား မြို့နယ်စည်ပင်ရုံးနှင့် စာရင်းစစ်ရုံးတို့အကြား တွင်တည်ရှိပြီး မြေဧရိယာ(၃.၅၆)ဧကခန့်ရှိပါတယ်။ ဈေးတွင်ပျံကျဈေးရုံ(၅)ရုံရှိပြီး (၅)ရက် (၁)ဈေးနှင့် ဈေးနေ့များ၌ ဒေသခံဈေးသည်များအပြင် ကျောက်ဆည်နှင့် ကူမဲမြို့နယ်များမှ ဈေးသည်များ လာရောက်ရောင်းချသဖြင့် ဈေးသည်များ ပျမ်းမျှ(၄၀၀)ဦးခန့် ရှိပါတယ်။

ရွာငံမြို့မဈေးတွင် ဈေးဆိုင်ခန်းမှတ်ပုံတင်စာရင်း(LF-44) စာရင်းဝင် ဈေးဆိုင်ခန်းများ မရှိဘဲ ပျံကျဈေးဆိုင်ခန်းများသာရှိပြီး ပျံကျဈေးကောက်လိုင်စင်ကို ၂၀၁၈- ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ဒေါ်ဝင်းသို့ လိုင်စင်ကြေး(၁၅,၈၁၀,၀၀၀)ကျပ်ဖြင့် လေလံ စိစစ်ရောင်းချထားပါတယ်။

ရွာငံမြို့နယ် ဝင်ငွေလျာထားချက်အနေဖြင့် ၂၀၁၈- ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် (၉၈၆)သိန်းသာ လျာထားနိုင်ခြင်းဖြစ်ပါသဖြင့် ရွာငံမြို့ဈေးသစ် တည်ဆောက်ခြင်းလုပ်ငန်းအား လတ်တလောအခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံလိုသူ ကုမ္ပဏီများရှာဖွေပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အဖွဲ့ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်း ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ နမ့်ဆန်မြို့နယ်၊ နမ့်ဆန် တံတားချဉ်းကပ်လမ်း နှစ်ဘက်တွင် သတိပေး(မီး၀ါ) ဆိုလာမီး(၆)တိုင်၊ တံတားတစ်လျှောက် ဆိုလာမီးအလင်းတိုင် (၂၄)တိုင် ထွန်းညှိပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ နမ့်ဆန်မြို့၊ လီလုသံကူကွန်ကရစ်တံတားသည် အလျားပေ(၃၆၀)၊ ပေ(၁၂၀) (၃)ခန်းဖွဲ့၊ ရေလမ်းကင်းလွတ်အမြင့်(၈)ပေ၊ အကျယ်(၁၀၀)ပေဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း(၁,၂၀၀)ဖြင့် တံတားအထူးအဖွဲ့(၁၂)က တာ၀န်ယူတည် ဆောက်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ပြီးစီးပြီး ၂၂-၈-၂၀၁၈ ရက်တွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တံတား၏အလှကို ကြည့်ရှုခံစားနိုင်ဖို့ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပေးပါရန် မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂၂-၈-၂၀၁၈ ရက်က တံတားဖွင့်ပွဲအခမ်းအနား ကျင်းပတဲ့ပုံဖြစ်ပါတယ်။ ဒီဖွင့်ပွဲအခမ်းအနားမှာ လမ်းပန်း ဆက်သွယ်ရေး၀န်ကြီး ဦးခွန်ရဲထွေး၊ စည်ပင်သာယာရေး၀န်ကြီး ဦးစိုင်းစွံဆိုင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီး ဦးစိုင်းလုံကျော်နှင့် သယံဇာတနှင့် သဘာ၀ပတ်၀န်းကျင် ထိန်းသိမ်းရေး၀န်ကြီး ဒေါက်တာညီညီအောင် တို့တက်ရောက်ချီးမြှင့်ပေးတဲ့ အခမ်းအနား ပုံရိပ်ပဲဖြစ်ပါတယ်။ ဒါကတော့ လီလုတံတားဖွင့်ပွဲ အခမ်းအနားမှာ လမ်းပန်းဆက်သွယ်ရေး ၀န်ကြီးက မိန့်ခွန်းပြောကြားနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အခမ်းအနားကို လာရောက် ဖွင့်လှစ်ပေးတဲ့ ယဉ်ကျေးမှုအဖွဲ့တွေပဲ ဖြစ်ပါတယ်။ ဒါကတော့ အခမ်းအနား ကျင်းပနေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ လီလုတံတားဆိုင်ရာ အချက်အလက် ဖြစ်ပါတယ်။ ဒီလီလုတံတားမှာ သံကူကွန်ကရစ်အမျိုးအစား ဖြစ်ပါတယ်။ အရှည်ပေ(၃၆၀) ရှိပါတယ်။ ယာဉ်သွားလမ်းအကျယ် (၃၄)ပေ ရှိပြီးတော့မှ တစ်ဖက်တစ်ချက်မှာ လူသွားလမ်း (၃)ပေ အကျယ်ရှိပါတယ်။ ရေလမ်းကင်းလွတ်အကျယ်ကတော့ ပေ(၁၀၀)ရှိပြီး အမြင့်(၈)ပေ ရှိပါတယ်။ တံတားခံနိုင်၀န်ကတော့ ယာဉ်တစ်စီးချင်းအတွက် (၇၅)တန် ဖြစ်ပါတယ်။ ဒါကတော့ တံတားအဆင်း သီပေါဘက်ကနေ တံတားကိုဆင်းတဲ့နေရာမှာ နည်းနည်းမတ် စောက်ပြီးတော့မှ ကွေ့လည်းကြီးပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ အဲ့ဒီကွေ့ဟာ ညကြီးညတာ ခရီးသည်ကားတွေသွားတဲ့အခါမှာ သတိမထားမိတဲ့အချိန်မှာ အရှိန်လွန်ပြီး တော့မှ တံတားလက်ရန်းကို တိုက်ပြီးတော့မှ ချောင်းထဲကျသွားနိုင်တဲ့ အနေအထားဖြစ်

ပါတယ်။ ဒါလည်း ခုနက အကွေ့ကြီးပြီးတော့ မတ်စောက်တဲ့အနေအထားကို ပြသခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

တံတားပြီးစီးပြီဖြစ်တဲ့အတွက် ယာဉ်များအသုံးပြုနေပြီ ဖြစ်ပါတယ်။ ဒါပေမယ့် တံတားတစ်လျှောက် အလင်းရောင်မီးတိုင်များ ထွန်းညှိထားခြင်းမရှိသည့်အတွက် လမိုက်တဲ့ ညများမှာ ၎င်းတံတားပေါ်ဖြတ်သန်းမောင်းနှင်သွားလာတဲ့ ယာဉ်များအတွက် များစွာ အန္တရာယ်ဖြစ်နိုင်ချေရှိပါတယ်။ အထူးသဖြင့် ခုနက Power Point မှာ တင်ပြထားသည့် အတိုင်း သီပေါဘက်ကလာတဲ့ယာဉ်များဟာ တံတားအဆင်း ကုန်းဆင်းမတ်စောက်ခြင်း၊ အကွေ့ကြီးခြင်းကြောင့် မော်တော်ယာဉ်များ အရှိန်လွန်ပြီး တံတားလက်ရန်းတိုက်မိကာ ချောင်းအတွင်းထိုးကျသွားနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ ၎င်းအပြင် တံတားတစ်လျှောက် မီးတိုင်များ ထွန်းညှိထားခြင်းမရှိသည့်အတွက် မငြိမ်းချမ်းသေးတဲ့ ကျွန်တော်တို့ဒေသမျိုးမှာ မသမာသူများချဉ်းကပ်ပြီး တံတားအားအန္တရာယ်ပြုနိုင်တဲ့ အခြေအနေရှိပါတယ်။ တံတား အန္တရာယ်ကင်းရှင်းရန်အတွက်လည်းကောင်း၊ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာဖြင့် သွားလာနိုင်ရေးအတွက်လည်းကောင်း တံတားချဉ်းကပ်လမ်း နှစ်ဖက်အတွက် သတိပေး (မီးဝါ) ဆိုလာမီး (၆)တိုင်၊ တစ်ဖက်သုံးတိုင်စီ၊ တံတားတစ်လျှောက် ဆိုလာမီးအလင်းတိုင် (၂၄)တိုင် တံတားတစ်ဖက်(၁၂)တိုင်စီ ထွန်းညှိရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ တံတားအတွက် မရှိမဖြစ်လိုအပ်သော ဖော်ပြပါ ဆိုလာမီးတိုင်များ ထွန်းညှိ ပေးနိုင်ရေး အစီအစဉ် ရှိ/ မရှိ လူထုကိုယ်စား သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ မေးခွန်းကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ့်ဆန်– လီလုတံတားပေါ်တွင် ခရီးသွားပြည်သူများ အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အဆိုပါတံတားချဉ်းကပ်လမ်းနှစ်ဖက်မှာ သတိပေး (မီးဝါ) ဆိုလာမီး(၆)တိုင်၊ တစ်ဖက် (၃)တိုင်စီ၊ တံတားတစ်လျှောက် ဆိုလာမီးအလင်းတိုင် (၂၄)တိုင်၊ တံတားတစ်ဖက်(၁၂)တိုင်စီ ထွန်းညှိပေး နိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ ကြောင်းမေးခွန်းပဲ ဖြစ်ပါတယ်။

တင်ပြထားတဲ့ပုံကတော့ ကျောက်မဲခရိုင် လမ်းဦးစီးဌာနရဲ့လမ်းများ တည်ရှိနေပုံပေါ်မှာ လီလုတံတားရဲ့ တည်နေရာကိုဖော်ပြထားခြင်းဖြစ်ပါတယ်။ လီလုတံတားအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုမှ စီမံခန့်ခွဲသည့် နမ့်ဆန်- ပန်လုံလမ်းပေါ်ရှိ အရှည်ပေ (၃၁၀) (နှစ်လွှာတစ်ထပ်ဘေလီ အကူကြိုးဆိုင်း) တံတားကို ရန်ပုံငွေကျပ် (၁၂၀၀)သန်းဖြင့် အရှည် (၃၆၀)ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ၃၁-၃-၂၀၁၈ ရက်နေ့မှာ ၁၀၀% ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ (၆)လ **Mini Budget** မှာ ရန်ပုံငွေကျပ် (၇၀) သန်းဖြင့် အရှည်ပေ (၄၂၄) **Toe Wall** တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာမှာလည်း ၁၀၀% ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ဒါကြောင့် ၂၂-၈-၂၀၁၈ ရက်နေ့တွင် တံတားကိုဖွင့်လှစ်ခဲ့ပြီး စတင်အသုံးပြုနိုင်ပြီဖြစ်ပါတယ်။

ကောင်းကင်ဓာတ်ပုံက တံတားရဲ့အနေအထားကိုမြင်တွေ့ရတဲ့ အနေအထားဖြစ်ပါတယ်။ ဘယ်ဘက်ကလာရင်တော့ ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့အတိုင်း သီပေါဘက်ကလာတဲ့ ချဉ်းကပ်လမ်းဖြစ်ပြီးတော့ တံတားကို ကန့်လန့်ဖြတ်ပြန်ချိုးကာညာဘက် နမ့်ဆန်ဘက်ကို သွားတဲ့အနေအထားဖြစ်ပါတယ်။ ဂြိုလ်တုဓာတ်ပုံဖြစ်ပါတယ်။ တံတားရဲ့အနေအထား ဖြစ်ပါတယ်။ တံတားတည်ဆောက်ပြီးစီးသွားတဲ့အချိန်မှာ မှတ်တမ်းတင် ထားသော **Drone** ဓာတ်ပုံဖြစ်ပါတယ်။ တံတားဖွင့်ပွဲမဆောင်ရွက်မီ တံတားရဲ့အနေအထားကို မြင်တွေ့ရခြင်းဖြစ်ပါတယ်။ တံတားရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ မြေပြင်အနေအထားဖြစ်ပါတယ်။ ဒီအနေအထားမှာတော့ သီပေါဘက်ကဆင်းလာတဲ့လမ်းကြောင်းမှာ အတက်အဆင်း အနိမ့်အမြင့်အနေအထားကိုပေါ်လွင်စေတဲ့ အနေအထားကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ တံတားဖွင့်ပွဲ မဆောင်ရွက်မီ ကြိုတင်ပြင်ဆင်ထားတဲ့ အခြေအနေဖြစ်ပါတယ်။ ညာဘက်အထက်ဘက်မှာတော့ (မူလ ဘေလီကြိုးဆိုင်း၊ အကူကြိုးဆိုင်း) ဘေလီတံတားကိုတွေ့ရှိရမှာဖြစ်ပါတယ်။ မြစ်ရေအခြေအနေဖြစ်ပါတယ်။ မြစ်ကြောင်းရဲ့အခြေအနေဖြစ်ပါတယ်။

လီလုတံတားပေါ်တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အဆိုပါ တံတားချဉ်းကပ်လမ်းနှစ်ဖက်တွင် သတိပေးဆိုလာမီး (၆)တိုင်၊ တစ်ဖက် (၃)တိုင်စီ၊ တံတားတစ်လျှောက် ဆိုလာမီး အလင်းတိုင် (၂၄)တိုင်၊ တံတား တစ်ဖက် (၁၂)တိုင်စီ ထွန်းညှိပေးနိုင်ရေးသည် မီးတိုင်မီးသီးများ လွယ်လင့်တကူဖျက်ဆီးမှုခံရနိုင်တဲ့ အတွက်ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန်လည်း လိုအပ်ပါတယ်။ ဒေသခံကျေးရွာပြည်သူလူထုမှလည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

တင်ပြပါပုံကတော့ မေးခွန်းမှာပါတဲ့အတိုင်း မီးတိုင်များဆောင်ရွက်ပေးရင် ဆောင်ရွက်နိုင်မည့် အနေအထားကို လျာထားခြင်းဖြစ်ပါတယ်။ တံတားဦးစီးဌာန အနေဖြင့်လည်း အများပြည်သူဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မေးခွန်းပါအတိုင်း မီးတိုင်မီးသီးများ စိုက်ထူ တပ်ဆင်ပါလျှင် ကျပ်(၂၂၅)သိန်းခန့် ကုန်ကျနိုင်မှုအတွက် ရန်ပုံငွေလျာထား တောင်းခံရရှိနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကတော့ တကယ်လို့ အဲဒီအတိုင်း ဆောင်ရွက်မည်ဆိုလျှင်တော့ ထွန်းညှိသွားမည့်မီးတိုင်များရဲ့အနေအထားကို လျာထားခြင်း ဖြစ်ပါတယ်။

သို့သော်လည်း ခွင့်ပြုရန်ပုံငွေမရရှိမီ အချိန်ကာလမှာ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယာယီအစီအစဉ်အားဖြင့် တံတားအဝင်/အထွက် ချဉ်းကပ်လမ်းတွင် Guard Post တိုင်များ စိုက်ထူထားရှိပြီးဖြစ်ပေမယ့် Road Sign များစိုက်ထူခြင်း၊ ရောင်ပြန် Sticker များတပ်ဆင်ခြင်း၊ အကွေ့ပြ Chevron များ၊ လမ်း၏ အနားသတ်မျဉ်းများ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လမ်း/ တံတားအသုံးပြုသည့် အများပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံသွားမှာဖြစ်ပြီး တံတားမီးတိုင်များနှင့် Road Sign များအား ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လည်း လိုအပ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့)ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၃)ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (စတုတ္ထနေ့)မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

## ၂၀၁၉ ခုနှစ်၊ ဇွန် လ ၁၃ ရက်

## [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း( ၁၄၀ )ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၀.၇၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃-၆-၂၀၁၉ ရက် (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာအောင်သန်းမောင် ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၃) ဗိုလ်မှူးစိုးရန်နိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဗိုလ်မှူးကျော်ဆန်းမင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်

ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၁၃)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်

ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသောဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် မိုင်းရှူးမြို့မှာရှိတဲ့ မြို့မဂေါက်ကွင်းနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းရှူးမြို့ရဲ့ မြို့မဂေါက်ကွင်းကို (၁၉၇၉)ခုနှစ် နိုဝင်ဘာတွင် တပ်မ(၇၇)မှ စတင်တည်ဆောက်ခဲ့ကြောင်းသိရှိရပါတယ်။ (၁၉၉၅)ခုနှစ်မှာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် ဒေသခံပြည်သူ ဦးစောစိန္တတို့မှ ဦးစီး၍ စံညွှန်းမီ ဂေါက်ကလပ်အဖြစ် တိုးချဲ့တည်ဆောက်ခဲ့ကြပြီး လက်ရှိတွင် ဧက အကျယ်အဝန်း (၈၃.၇၈)ဧကရှိကြောင်း သိရှိရပါတယ်။ (၂၀၁၆)ခုနှစ်တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ လမ်းညွှန်ချက်ဖြင့် ခေတ်အဆက်ဆက် ဗျူဟာမှူး၊ တပ်မမှူးအဆင့်ဆင့်တို့မှ ဂေါက်ကွင်းသာယာလှပရေးအတွက် ဦးစီးနာယကများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ယခုအချိန်အခါမှာ ဂေါက်ကွင်းရှေ့မျက်နှာစာရှိ ဈေးဆိုင်ခန်းများဖြစ်တဲ့ ပအိုဝ်းမ တိုက်တန်းလို့ခေါ်တဲ့ ဈေးဆိုင်ခန်းများနှင့် ပတ်သက်ပြီး ဆိုင်ခန်းပိုင်ရှင်များနှင့် လက်ရှိ ဂေါက်ကလပ်ကော်မတီအကြား ဂေါက်ကွင်းမြေယာပိုင်ဆိုင်မှု အပါအဝင် ယင်းမြေပေါ်တွင် အသစ်ပြန်လည် တည်ဆောက်မည့် ဆိုင်ခန်းများကိစ္စနှင့် ပတ်သက်ပြီး မကျေနပ်မှုများ၊ အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ဂေါက်ကွင်းကော်မတီမှ တိုင်းမှူး၏လမ်းညွှန်ချက်အရ ဆိုင်ခန်းအသစ် ဆောက်လုပ်ရန်အတွက် ဆိုင်ခန်းမူလပိုင်ရှင်များ အခန်းငှားသူများအားလုံး မိမိတို့၏ အဆောက်အဦနှင့် ပစ္စည်းများကို (၃၀.၄.၂၀၁၉)ရက်နေ့ နောက်ဆုံး အပြီးဖျက်သိမ်း ပေးရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများကိုယ်စား မေးမြန်းလိုသည်မှာ(က) မိုင်းရှူးမြို့မ ဂေါက်ကလပ်မြေ သည် အများပြည်သူပိုင်ဆိုင်သော မြေနေရာဟုတ်မဟုတ် နှင့် မဟုတ်ပါက မည်သည့် အသင်းအဖွဲ့ (သို့မဟုတ်) ပုဂ္ဂိုလ်ကပိုင်ဆိုင်သောမြေ ဖြစ်ပါသနည်း။ (ခ) အသင်းအဖွဲ့ပိုင် မြေဖြစ်ပါက မည်သို့သောပိုင်ဆိုင်မှု အထောက်အထားများ ရှိပါသနည်း။ (ဂ) ယင်းမြေပေါ်တွင် တည်ဆောက်ထားသော ဆိုင်ခန်းများကို မည်သူက တရားဝင် ပိုင်ဆိုင်ပါသနည်း။ (ဃ) တိုင်းမှူး၏ လမ်းညွှန်ချက်ကြောင့် ဆိုင်ခန်းအဟောင်းများကို ဖျက်သိမ်းပြီး အသစ်ပြန်လည် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုသည်မှာ အမှတ်တကယ် ဟုတ်/မဟုတ် နှင့် (င) ယင်းဂေါက်ကွင်းမြေပေါ်တွင် တည်ဆောက်ထားသော ဆိုင်ခန်းများနှင့် ပတ်သက်၍

လက်ရှိဂေါက်ကွင်းကော်မတီအား စီမံခန့်ခွဲပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာများ မည်သို့ ပေးအပ်ထားပါသနည်းဆိုတဲ့ အစရှိသည့် မေးခွန်းများ သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီး(ကိုယ်စား) လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး စည်ပင်သာယာရေးဝန်ကြီး (ကိုယ်စား) ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့၊ မြို့မဂေါက်ကွင်း သာယာလှပရေးအတွက် အသစ်ပြန်လည် တည်ဆောက်မည့် ဆိုင်ခန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း သိရှိလိုခြင်းနှင့် ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း(က) မိုင်းရှူးမြို့မ ဂေါက်ကလပ်မြေသည် အများပြည်သူပိုင်ဆိုင်သော မြေနေရာဟုတ်/မဟုတ် နှင့် မဟုတ်ပါက မည်သည့်အသင်းအဖွဲ့ (သို့မဟုတ်) ပုဂ္ဂိုလ်က ပိုင်ဆိုင်သောမြေ ဖြစ်ပါသနည်း။ (ခ) အသင်းအဖွဲ့ပိုင်မြေဖြစ်ပါက မည်သို့သောပိုင်ဆိုင်မှု အထောက်အထားများ ရှိပါသနည်း။ (ဂ) ယင်းမြေပေါ်တွင် တည်ဆောက်ထားသော ဆိုင်ခန်းများကို မည်သူက တရားဝင် ပိုင်ဆိုင်ပါသနည်း။ (ဃ) တိုင်းမှူး၏ လမ်းညွှန်ချက်ကြောင့် ဆိုင်ခန်းအဟောင်းများကို ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုသည်မှာ အမှန်တကယ် ဟုတ်/မဟုတ်၊ (င) ယင်းဂေါက်ကွင်းမြေပေါ်တွင် တည်ဆောက်ထားသော ဆိုင်ခန်းများနှင့် ပတ်သက်၍ လက်ရှိဂေါက်ကွင်းကော်မတီအား စီမံခန့်ခွဲပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာများ မည်သို့ပေးအပ်ထားပါသနည်းဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်း(က)အဖြေကတော့ မိုင်းရှူးမြို့ ဂေါက်ကွင်းအား ၁၉၇၉ ခုနှစ်ခန့်တွင် တပ်မ(၇၇) တပ်မမှူး၊ ဗိုလ်မှူးကြီးချစ်ဆွေ၊ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေတို့ ဦးစီး၍(၃)ကျင်းဖြင့်စတင်တည်ထောင်ခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် တပ်မမှူး ဗိုလ်မှူးကြီး စိန်အောင်၊ ၁၉၈၅ခုနှစ်တွင် တပ်မမှူးဗိုလ်မှူးကြီးလှမော်၊ ဒုတိယ တပ်မမှူး ဗိုလ်မှူးကြီး မောင်အေးတို့မှ ဦးစီး၍ ( ၉ )

ကျင်းအပြည့် ကစားနိုင်ရန် ဖောက်လုပ်ခဲ့ရာတွင် ဒေသခံ ဂေါက်သီးကစားသမားဖြစ်သည့် ဦးစိန္ဒ(ခ) ဦးတိုနီမှ ၎င်းပိုင်ဆိုင်သည့် နာနတ်ခြံအား ဂေါက်ကွင်းဖောက်လုပ်ရန်အတွက် ပေးအပ်လှူဒါန်းခဲ့ပါကြောင်း၊ ၁၉၉၅ခုနှစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် ဒေသခံ ဂေါက်သီးကစားသမား ဦးတိုနီ၊ ဂေါက်သီးဝါသနာရှင် ကစားသမားများဦးစီး၍ ကော်မတီဖွဲ့စည်းပြီး ဂေါက်ကွင်းအား စက်၊ ယန္တရားများဖြင့် စံချိန်စံညွှန်းမီ ဖောက်လုပ်ခဲ့ပါကြောင်း၊ မြက်ပင်များစိုက်ပျိုးခြင်း၊ ဂေါက်ကလပ် အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၅ခုနှစ်မှစ၍ မိုင်းရှူးမြို့ ဂေါက်ကွင်းအား ရေရှည်ထိန်းသိမ်းရေးအတွက် လိုအပ်သည့် ရန်ပုံငွေရရှိရန် ဂေါက်ကွင်း ကော်မတီမှ ဂေါက်ကွင်းအတွင်း မျက်နှာစာတွင် ဆိုင်ခန်းများ ဆောက်လုပ်၍ ရရှိသည့် ဆိုင်ခန်းငှားရမ်းခများဖြင့် ဂေါက်ကွင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း နှင့် အဆိုပါ ဂေါက်ကွင်းမြေသည် စည်ပင်ဌာနပိုင်မြေနေရာ မဟုတ်ပါသဖြင့် ဌာနမှ ပိုင်ဆိုင်မှု မရှိပါကြောင်း၊ မိုင်းရှူးဂေါက်ကလပ်မြေသည် မူလပိုင်ရှင် ဦးတိုနီမှ ဂေါက်ကွင်းအတွက် အသုံးပြုရန် လှူဒါန်းထားသည့် မြေဖြစ်ပါသဖြင့် ဂေါက်ကွင်းကော်မတီမှ ထိန်းသိမ်း ပိုင်ဆိုင်ခြင်းသာဖြစ်ကြောင်း သိရှိရပါတယ်။

မေးခွန်း(ခ)အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂေါက်ကွင်းဧရိယာ (၈၃.၇၈) ဧက ကျယ်ဝန်းကာ (၁၉၇၉) ခုနှစ်မှစ၍ ဂေါက်ကွင်းအဖြစ် အစဉ်အဆက် အသုံးပြုခဲ့ပြီး ပိုင်ဆိုင်မှုအထောက်အထား သီးသန့်လျှောက်ထားရယူ ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ ဥပဒေ နှင့်အညီ ပိုင်ဆိုင်မှုအထောက်အထားများရရှိရန် လွန်ခဲ့သော (၆)လခန့်မှ စတင်၍စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

မေးခွန်း(ဂ)ရဲ့ အဖြေကတော့ ယင်းမြေပေါ်တွင် တည်ဆောက်ထားသော ဆိုင်ခန်း များနှင့် ပတ်သက်၍ ဆိုင်ခန်းမြေနေရာမှာ ဂေါက်ကလပ်ပိုင်မြေနေရာဖြစ်ပြီး အဆောက်အဦမှာ ဆိုင်ခန်းပိုင်ရှင်မှ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားကြောင်းသိရှိရပြီး ဂေါက်ကွင်း ကော်မတီထံသို့ လစဉ်မြေငှားရမ်းခ(၅၀၀ဝိ/-)ကျပ် ပေးသွင်း၍ နေထိုင်ပါကြောင်း သိရှိရပါ တယ်။

မေးခွန်း(ဃ)အဖြေက ယင်းဂေါက်ကလပ်မြေပေါ်တွင် ငှားရမ်းခရယူ၍ ဆောက်လုပ် ထားသော ဆိုင်ခန်းများမှာနှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပျက်စီးနေခြင်း၊ ဆိုင်ခန်းရှင် များနေထိုင်ရေးတွင်လည်း အကြပ်အတည်းများရှိနေခြင်းတို့ကြောင့် ဂေါက်ကွင်းသာယာ လှပရေးနှင့် ဆိုင်ခန်းရှင်များ အဆင်ပြေစေရေးအတွက် စနစ်တကျ ခေတ်မီလှပစွာ ဆောက်လုပ်ပါက သင့်လျော်ကြောင်း တိုင်းမှူးနှင့် အခြားအကြီးအကဲများ လာရောက်သည့် ခရီးစဉ်များတွင် အကြံပြုမှာကြားခဲ့ခြင်းများကြောင့်လည်း ထိုက်သင့်သည့် ဂေါက်ကွင်း ရန်ပုံငွေရရှိရေးအတွက် ဆိုင်ခန်းရှင်များ စနစ်တကျရောင်းချ နိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ ပြန်လည်ပြင်ဆင်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်းနှင့် ဆိုင်ခန်းများအား (၁)ခန်းလျှင် (၁၂×၃၀)ပေ အကျယ်၊ ဆောက်လုပ်ကာ(၁၀)ခန်းတွဲ အုတ်စီ Steel Structureဖြင့် ဆောက်လုပ်ပြီး ကျသင့်ငွေအား ဆိုင်ခန်းရှင်များမှ ပေးချေရန်နှင့်

မြေငှားရမ်းခအဖြစ် သင့်တင့်သောငှားရမ်းခများကို သတ်မှတ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

မေးခွန်း(င)ရဲ့ အဖြေကတော့ ဂေါက်ကွင်းစတင်ဖောက်လုပ်ကတည်းက ဂေါက်ကွင်း ကော်မတီဖွဲ့စည်းပြီး ဂေါက်ကွင်းပြင်ဆင်ထိန်းသိမ်းခြင်း၊ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ၊ ရန်ပုံငွေရရှိရေးအတွက် ဆိုင်ခန်းများ ငှားရမ်းချထားခြင်းကို ကော်မတီမှသာ စဉ်ဆက်မပြတ် စီမံလုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းထွန်းညဏ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအကျိုးကို မျှော်ကိုးပြီးတော့ ကြယ်ပွင့်ပြမေးခွန်း တစ်ခုမေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ အိမ်နီးချင်း နိုင်ငံများနှင့် လယ်/ယာထွက်ကုန်သီးနှံများ တင်ပို့ရောင်းချရာတွင် အစိုးရအနေဖြင့် ကူညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများဟာ စပါး၊ ပြောင်း၊ နှမ်း သီးနှံများကို အဓိကစိုက်ပျိုးကြပါတယ်။ စပါးကို ဒေသဖူလုံရေးအတွက်သာ အဓိက စိုက်ပျိုးနေရပြီး ပြောင်းကို အဓိက ဝင်ငွေရှာပေးနိုင်သော သီးနှံအဖြစ်စိုက်ပျိုးခဲ့ကြပါတယ်။ အဓိကအားဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်များမှာဆိုရင် အိမ်နီးချင်းတရုတ်နိုင်ငံများ၏ ပြောင်းဝယ်လိုအားကြောင့် မိမိတို့ ရှမ်းပြည်နယ်အတွင်း ပြောင်းစိုက်တောင်သူများ စီးပွားရေးတိုးတက်အဆင်ပြေခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉မှာဆိုရင် ပြောင်းစိုက်ဧကများစွာ တိုးတက်အဆင်ပြေခဲ့ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသများမှာဆိုရင် ရှမ်းပြည်နယ်ဟာ ပြောင်းစိုက်ဒေသအများဆုံးဖြစ်လာခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ခုနှစ်များမှာ ပြောင်းဆံများဟာ တရုတ်အစိုးရက တရားဝင်တင်သွင်းခွင့် မပြုတော့ဘဲ တရားမဝင်တင်သွင်းမှုများကိုပါ တင်းကျပ်စွာ ပိတ်ပင်လာကြပါတယ်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး တရုတ်နိုင်ငံသို့ပြောင်းဆံများ လုံးဝရောင်းချနိုင်ခြင်း မရှိတော့ပါဘူး။ အဆိုပါတင်ပြချက်သည် ယနေ့အချိန်ထိ ရောင်းဝယ်မှုကိစ္စ ရပ်တန့်နေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပြန်လည်လေ့လာကြည့်ရင် တရုတ်နိုင်ငံဘက်မှ ကုန်သည်များဟာ ဝယ်လိုအားရှိကြပြီး တရုတ်အစိုးရရဲ့ ပိတ်ပင်မှုကြောင့်သာ အရောင်းအဝယ်ရပ်တန့်နေရပြီး ဈေးကျနေခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံအချင်းချင်း ရောင်းဝယ်မှုကိစ္စများတွင် G to G ဖြင့်ဆောင်ရွက်နိုင်သော အနေအထားများရှိသည့်အပြင် အစိုးရအချင်းချင်း ညှိနှိုင်းခြင်း အားဖြင့်လည်း ကုန်သည်များ ရောင်းဝယ်မှုကိစ္စများဆောင်ရွက်နိုင်ကြသဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် လယ်/ယာ ထွက်ကုန်သီးနှံများ တင်ပို့ရောင်းချရာတွင် အစိုးရအနေဖြင့် ကူညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာအစိုးရကို လေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သ ဆုတောင်း လိုက်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်ရဲ့ နိုင်ငံအချင်းချင်းရောင်းဝယ်မှုကိစ္စရပ်များတွင် G to G ဖြင့် ဆောင်ရွက် နိုင်သော အနေအထားများအပြင် အစိုးရအချင်းချင်း ညှိနှိုင်းခြင်းအားဖြင့် ရောင်းဝယ်မှု ကိစ္စများ ဆောင်ရွက်နိုင်သဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် တင်ပို့ရောင်းချရာတွင် အစိုးရ အနေဖြင့် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်သည် ဧရိယာပမာဏကြီးမားကျယ်ပြန့်ပြီး နယ်နိမိတ်ချင်းထိစပ်လျက် ရှိသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့ရှိရာ အဆိုပါနိုင်ငံများနှင့် ကုန်သွယ်မှုပြုနိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်၊ ချင်းရွှေဟော်၊ တာချီလိတ်၊ ကျိုင်းတုံကုန်သွယ်ရေးစခန်းတို့မှ အရေးကြီးကုန်ပစ္စည်းများကို G to G ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုင်းယု– မိုင်းယောင်းမှ ဒေသထွက်ကုန်များ၊ အထူးဒေသ (၄)မှတစ်ဆင့် ဥပဒေနှင့်အညီ တင်ပို့ရောင်းချနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဝင်ပေါက်ကြီးကြပ်ရေးနှင့် တရားဝင်အခွန်တိုးတက်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှ စ၍ ဖွင့်လှစ်ထားရှိခဲ့ပြီး၊ နယ်စပ်ဖြတ်ကျော်မှုကိစ္စများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို

လျှင်မြန်လွယ်ကူစေရန် ကုမ္ပဏီမှတ်ပုံတင်ဖြင့်လည်းကောင်း၊ တစ်ဦးတည်းပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်လက်မှတ် ITC ဖြင့်လည်းကောင်း ဆောင်ရွက်ခွင့်ပြုထားပြီး ဆန်စပါးမှ အပ ဥပဒေအရ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း နေထိုင်သော လူပုဂ္ဂိုလ်များသည် တစ်ဦးတည်းကုန်သွယ်ခွင့်ကတ် ITC ဖြင့် ကုန်စည်များကို အထက်ပါ စခန်းများမှ တစ်ပတ်လျှင် ပျမ်းမျှသိန်း (၁၅၀)ဖိုးခန့် ဒေသတွင်း လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူဆယ်နယ်စပ်ကုန်သွယ်ရေး စခန်းမှ ကျွဲ၊ နွား၊ ဆိတ်တင်ပို့မှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရာသီပေါ်သီးနှံများ ပြည်တွင်းတွင် ထွက်ရှိမှုမရှိသည့် ရာသီများ၌ ပြည်ပနိုင်ငံများမှ အချိန်ကာလအလိုက် တင်သွင်းခွင့်ပြုခြင်းကိုလည်း နယ်စပ်စခန်းများအလိုက်ခွင့်ပြုခြင်း၊ ရာသီပေါ်သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြုခြင်းအား (၂၉-၄-၂၀၁၉)ရက်နေ့မှ စတင်၍ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဗဟိုကော်မတီပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှာလည်း ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့မှ မိမိတို့ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် စေရေး၊ ဒေသတွင်းငြိမ်းချမ်းရေးရရှိစေရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာ-တရုတ်နယ်စပ်များတွင် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်အား အကောင်အထည် ဖော်စေလိုကြောင်း အဆိုပြုခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ နမ့်ခမ်း၊ မူဆယ်၊ ကြူကုတ် ဒေသတွင် နယ်စပ်ပူးပေါင်း ဆောင်ရွက်မှုဇုန်အားလည်းကောင်း၊ ကွမ်လုံ၊ ချင်းရွှေဟော် ဒေသတွင် နယ်စပ်စီးပွားရေးဇုန်အားလည်းကောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌမှ လောက်ကိုင်ဒေသတွင်း ကိုးကန့်စီးပွားရေးဇုန်အားလည်းကောင်း အသီးသီးထူထောင်ရန်ကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယူနန်ပြည်နယ် ကူမင်းပြည်သူ့အစိုးရနှင့် ကုန်သွယ်ရေး ဦးစီးဌာနတို့၏ ကုန်ဖလှယ်မှုစနစ် Barter system ဖြင့် ကုန်သွယ်မှုပြုနိုင်ရေးအတွက် MOU လက်မှတ်ရေးထိုးထားရှိမှုအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကုန်သည်စက်မှု၊ လက်မှုအသင်းချုပ်မှ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရေး၊ ဆန်စပါးအပါအဝင် မြန်မာ့လယ်ယာနှင့် သားငါးထွက်ကုန်များ မူဆယ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ တင်ပို့ရောင်းချနိုင်ရေး အတွက် စီစဉ်ကြီးကြပ်ပေးမှုများ၊ အကူအညီပေးမှုများ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဒေသတွင်းထိစပ်လျက်ရှိသော နိုင်ငံများနှင့် ကောင်းမွန်သော ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ကုန်သွယ်ရေးမူဝါဒများအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နေ သကဲ့သို့ ဒေသအတွင်း ထိစပ်နိုင်ငံများ၏ ပြည်နယ်အစိုးရများနှင့်လည်း ပူးပေါင်း၍ ကုန်သွယ်မှု

ဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်စွာကူးသန်းရောင်းဝယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်တင်သွင်းတဲ့ ရှမ်းပြည်နယ်၏ အဓိက ထွက်ကုန်ဖြစ်တဲ့ ပြောင်းကိစ္စနှင့်ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းလင်းခွင့်ပြုပါ။ ကျွန်တော်တို့ရဲ့ ပြောင်းကိစ္စကတော့ တရုတ်ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရက တိုက်ရိုက်ကိုင်တွယ်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ပြည်နယ်အစိုးရအနေနဲ့ ပြည်ထောင်စုအစိုးရကို ပြည်နယ်မှာရှိတဲ့ ပြောင်းဈေးကျဆင်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး အကြိမ်ကြိမ် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်းပဲ တရုတ်အစိုးရရဲ့ FBO စနစ်ရှိပြီးတော့ Quota စနစ်နဲ့သာဝယ်ယူတဲ့အတွက် ကျွန်တော်တို့ပြည်နယ်မှာ ဒုက္ခရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဒီပြောင်းကို တရုတ်ကမဝယ်ဘူးဆိုရင် ကျွန်တော်တို့မှာ အခက်အခဲများစွာရှိတဲ့အတွက် တရုတ်အပြင်တခြားနိုင်ငံတွေကိုပါ ကျွန်တော်တို့ processing ကုန်ချောအဖြစ်တခြား Alternative Way တခြားနည်းလမ်းဖြင့် အစာတောင့်အဖြစ် ပြောင်းလဲပြီး နယ်သာလန်နိုင်ငံနှင့် စကားပြောနေပြီးဖြစ်ပါတယ်။ တခြားသီးနှံများကိုလည်း ရှမ်းပြည်နယ်အစိုးရအနေဖြင့် တရုတ်အပေါ်သာမှီခိုခြင်းမရှိဘဲ ကျွန်တော်တို့ ကုန်ချောအဖြစ် value added အဆင့်မြှင့်ကုန်စည်များဖြင့် ပြောင်းလဲပြီးတော့ဆောင်ရွက်သွားရန် master planများ ရေးဆွဲလျက်ရှိပါကြောင်း လေးစားစွာတင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းအောင်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းအောင် ၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို တက်ရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်မဲခရိုင်၊

သီပေါမြို့နယ်မီးသတ်စခန်း၏ ကယ်ဆယ်ရေးပစ္စည်းများ လိုအပ်ချက်နှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမြို့နယ် မီးသတ်စခန်းဟာ မြို့တွင်း၊ မြို့ပြင်နဲ့ ပတ်ဝန်းကျင်ကျေးရွာများ၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးဘေးလုံခြုံရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ သီပေါမြို့ဟာ မန္တလေး၊ လားရှိုး၊ မူဆယ်မြို့တို့ကို ဆက်သွယ်ပေးထားသည့် အာရှလမ်းမကြီးပေါ်တွင် ရှိနေပါတယ်။ ယင်းလမ်းမကြီးပေါ်တွင် ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၊ ဌာနဆိုင်ရာယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများ နေ့စဉ်ထောင်ချီလျက် ဖြတ်သန်းသွားလာ နေကြပါတယ်။ သို့ဖြစ်ပါ၍ သီပေါမြို့နှင့် အနီးပတ်ဝန်းကျင်တို့တွင် ယာဉ်မတော်တဆ ထိခိုက်မှုများ၊ တိမ်းမှောက်မှုများ၊ ကားသုံးလေးစီးဆင့်ပြီးတိုက်မှုများ၊ ချောက်များထဲသို့ ကားများထိုးကျမှုများ မကြာခဏ ဖြစ်လေ့ရှိကြပါတယ်။ ထိုဖြစ်စဉ်များကြောင့် မော်တော် ယာဉ်များကြား ညှပ်မိနေသူများ၊ ပိတ်မိနေသူများ၊ ဖိမိနေသူများ၊ သစ်ပင်များအကြား ညှပ်မိနေသူများအား သီပေါမြို့မီးသတ်စခန်းမှ တာဝန်ကျတပ်ဖွဲ့ဝင်များမှာ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီရှာဖွေ ကယ်ဆယ်ရေးပစ္စည်းများ မရှိသည့်အတွက် အချိန်ကြန့်ကြာခြင်းတို့ကြောင့် လူနာများ သွေးထွက်လွန်ပြီး အသက်ဆုံးရှုံး မှုများ မကြာခဏ ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်မတော်တဆမှုများ ကြောင့် ဖိမိ၊ ညှပ်မိနေသူများအား အချိန်မီ လျင်မြန်လွယ်ကူစွာ ထုတ်ယူကယ်ဆယ်နိုင်ရေး အတွက် ရှာဖွေရေးပစ္စည်း(၄)မျိုးပါဝင်သော Hydraulic Rescue Tools Complete Set တစ်စုံအား လာမည့်ဘတ်ဂျက်နှစ်တွင် ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက် လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် မေးမြန်းလာတဲ့ သီပေါမြို့နယ်မီးသတ်စခန်း အတွက် ရှာဖွေကယ်ဆယ်ရေးပစ္စည်း (၄)မျိုးပါဝင်သော Hydraulic Rescue Tools

Complete Set တစ်စုံအား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရှိ မြို့နယ်များအတွင်း မီးလောင်မှုများတွင် အဆောက်အဦအတွင်း ပိတ်မိနေသူများ၊ ပြိုကျအဆောက်အဦများတွင် ပိတ်မိနေသူများ၊ ယာဉ်မတော်တဆမှုများတွင် ပိတ်မိနေမှုများပေါ်ပေါက်လာပါက အဆောက်အဦ၊ ယာဉ်များအား ဖြတ်တောက်၊ ဆန့်ကာ၊ မတင်ရာတွင် အသုံးပြုတဲ့ Hydraulic Rescue Tools နှင့် lifting Bag များ မြို့နယ် မီးသတ် စခန်းတိုင်းတွင် ဖြည့်ဆည်းပေးရမည်ဖြစ်သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်နယ်မီးသတ်ဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေမှာ လျော့နည်းလာတဲ့အတွက် သီပေါမြို့နယ် အတွင်း လိုအပ်လျက်ရှိသည့် သီပေါမြို့နယ်မီးသတ်စခန်းအတွက် ရှာဖွေကယ်ဆယ်ရေး ပစ္စည်း (၄)မျိုး ပါဝင်သော Hydraulic Rescue Tools Complete Set တစ်စုံအား ဘဏ္ဍာငွေ ခွဲဝေရရှိမှုအခြေအနေအရ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်မှာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ်မူတည်၍ သင့်လျော်တဲ့ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းအောင်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းအောင် ၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပုံလျှန်းကျေးရွာတွင် နေထိုင်လျက်ရှိသည့် လယ်သမားများ စပါးစိုက်ပျိုးထုတ်လုပ်ရာမှာ ရေသွင်းစိုက်ပျိုးသည့် နေရာမှာ အခက်အခဲကြုံတွေ့ရတဲ့အတွက်ကြောင့် ကွန်ကရစ်ဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စုဟာ အိမ်ခြေပေါင်း(၁၉၆)အိမ်၊ အိမ်ထောင်စုပေါင်း (၁၉၈)စု၊ လူဦးရေပေါင်း (၁၀၂၃)ဦး နေထိုင် လျက်ရှိပြီး ပုံလျှန်းကျေးရွာတွင် လယ်သမား(၂၂)ဦးတို့ဟာ လယ်မြေ(၇၀)ဧက ကျော်ရှိသည့် လယ်များကို ရေသွင်းစိုက်ပျိုးနိုင်ရေးအတွက် နမ့်လာချောင်းပေါ်တွင် နှစ်စဉ် သစ်၊ ဝါးတို့ဖြင့် လက်ရိုက်ဆည်များဆောက်လုပ်လျက် ရေသွင်းစိုက်ပျိုးနေကြရပါတယ်။ နမ့်လာချောင်းဟာ တောင်ကျချောင်းဖြစ်သည့်အလျောက် မိုးရာသီကာလများမှာ ရေစီးကြမ်းပြီး ဆည်များ နှစ်စဉ်ကျိုးပေါက်လျက်ရှိရာ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် အောင်ရေရရှိနိုင်ရေး အခက်အခဲများ နှစ်စဉ်ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ပုံလျှန်းကျေးရွာအုပ်စုရှိ လယ်သမား

(၂၂)ဦးတို့၏ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် အောင်ရေရရှိနိုင်ရေးအတွက် ချောင်းအကျယ် (၁၂၅)ပေ၊ ချောင်းအနက် (၉)ပေခန့်ရှိသည့် လယ်သမားတို့၏ လက်ရိုက်ဆည်အား ကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်အစိုးရ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့လာရောက်လေ့လာကြတဲ့ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းခမ်းအောင်မေးမြန်းတဲ့ သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပုံလျန်းကျေးရွာတွင် နေထိုင်လျက်ရှိသည့် လယ်သမားများ(၂၂)ဦးရဲ့ လယ်မြေဧက (၇၀)ခန့်ရှိတဲ့ မြေကွက်များအတွက် ရေသွင်းစိုက်ပျိုးနိုင်ရေး နမ့်လာချောင်းပေါ်မှာ ကွန်ကရစ်ဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းလင်းစွာ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

သီပေါမြို့နယ်၊ လုံတောင်းကျေးရွာအုပ်စု၊ ပုံလျန်းရွာသည် သီပေါမြို့မှ (၇၀) မိုင်အကွာတွင် တည်ရှိပါတယ်။ နားမွန်ရေလွှဲဆည်သည် ပုံလျန်းရွာ၏ အနောက်ဘက် (၂)မိုင်ခန့် အကွာရှိ နမ့်လာချောင်းပေါ်တွင် တည်ရှိပြီး ဖြစ်ပါတယ်။ နားမွန်ရေလွှဲဆည်သည် မျှောဝါး၊ သစ်ခက်တို့ဖြင့် တောင်သူများဟာ နှစ်စဉ် ပြုပြင်သုံးစွဲနေရသော ဆည်ဖြစ်ပြီး ရေဆင်းဧရိယာ(၈၇.၅) စတုရန်းမိုင်ရှိတဲ့ နမ့်လာချောင်းပေါ်မှာ တည်ရှိပြီး တောင်သူ (၂၂)ဦး၏ လယ်မြေဧက (၇၀) အား စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ လက်ရှိရေလွှဲဆည်၏ အကျယ်မှာ (၁၂၅)ပေရှိပြီး အမြင့် (၁၀)ပေ ရှိပါတယ်။ မြေမျက်နှာပြင်အနေအထားအရ ရေလွှဲဆည်တည်ဆောက်နိုင်ရန် အခြားသင့်လျော်သည့်နေရာမရှိကြောင်း တိုင်းတာချက်များအရ တွေ့ရှိရပါတယ်။

မိုးရာသီကာလမှာလည်း ရေဆင်းဧရိယာကြီးမားပြီး ချောင်းရေစီးဆင်းမှုများပြားသဖြင့် အကျယ်(၁၂၅)ပေ၊ အမြင့်(၁၀)ပေရှိ သံကူကွန်ကရစ် ရေလွှဲဆည်အဖြစ် တည်ဆောက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း (၆၀၀) ခန့်ရှိပါတယ်။ အဆိုပါလုပ်ငန်းဆောင်ရွက်ရန်မှာ တည်ဆောက်မှုကုန်ကျစရိတ်များပြားပြီး အကျိုးပြုနိုင်သော လယ်မြေဧရိယာ နည်းပါး

သဖြင့် ရင်းနှီးမြှုပ်နှံမှုနဲ့ အကျိုးပြုကေ အချိုးတို့ကို သုံးသပ် ဖော်ထုတ်ချက်အရ လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ရှင်းလင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် ကြွရောက်လာသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်ရှိ ဟိုနားကျေးရွာ(ပန်ခါး)မှ ပန်ခါးကျေးရွာအထိ ဆက်သွယ်သောလမ်းကို မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးခြင်းကိစ္စ မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ ဟိုနားကျေးရွာ(ပန်ခါး)မှ ပန်ခါးကျေးရွာအထိ (၆)မိုင်ခန့် ရှည်လျားပါတယ်။ တောင်ပေါ်မြေသားလမ်းဖြစ်ပြီး နွေရာသီ၌သာ အသုံးပြုနိုင်သော လမ်းဖြစ်ပါတယ်။ ယခုအခါ အဆိုပါလမ်းသည် မိုးတွင်းအချိန်တွင် အင်မတန်မှ ပျက်စီးနေပြီး ဒေသခံပြည်သူများ သွားလာမှုမရလောက်အောင် ပျက်စီးနေသည်ကို တွေ့ရပါတယ်။ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးဖြစ်သည်ကို အားလုံးအသိဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးသည်အလွန်အလိုအပ်ဆုံး ဖြစ်ပါတယ်။

အဆိုပါလမ်းကို မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးနိုင်ပါက အကျိုးပြုမှုမှာ ပန်ခါး(ပလောင်)ရွာ၊ ပန်ခါး(ခိုလုံလီရှော)ရွာ၊ ပန်လော်ရွာနှင့် လွယ်မွန်းရွာ၊ ရွာပေါင်း (၄)ရွာ၊ အိမ်ခြေပေါင်း (၂၉၂)အိမ်နှင့် လူဦးရေပေါင်း(၁၇၄၉)ဦး အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နှင့် ကုန်စည်များ ဆက်သွယ်သောလမ်းမကြီးလည်းဖြစ်ပါတယ်။ ၎င်းဒေသတွင် နေထိုင်ကြသည့် ပလောင်၊ ခိုလုံလီရှော၊ ကချင်တိုင်ရင်းသားများအတွက် မိမိဒေသမှ ထွက်ကုန်ဖြစ်သော လက်ဖက်ခြောက်၊ ပြောင်း ဒေသထွက်သီးနှံများကို နမ့်ခမ်းမြို့သို့ ရာသီမရွေးလွယ်ကူစွာ သယ်ယူရောင်းချနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါလမ်းအား မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးနိုင်မည့်အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်

တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ၎င်းဒေသနေ ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ရိုသေစွာမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က နမ့်ခမ်းမြို့နယ်ရှိ ဟိုနားကျေးရွာ(ပန်ခါး)မှ ပန်ခါး ကျေးရွာအထိ (၆)မိုင်ခန့်ရှည်လျားသော မြေသားလမ်းအား မြေသားလမ်းချဲ့ခြင်းနှင့် ကျောက် ရောမြေ ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

နမ့်ခမ်းမြို့နယ်၊ ဟိုနား-ပန်ခါးလမ်းသည် မြေသားလမ်းအရှည် ၆မိုင်ခန့်ရှိပြီး ကျေးရွာ ၄ ရွာ၊ အိမ်ခြေ ၃၂၆ အိမ်၊ လူဦးရေ ၁၅၈၅ ဦး ကိုအကျိုးပြုတဲ့ Class A အဆင့် ကျေးလက်လမ်းဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သတ်မှတ်ပေးထားသော မြေသားလမ်းဒီဇိုင်းအရ ရေမြောင်း နှစ်ဖက်အကြားမှာ ၃၀ ပေ ကျယ် လမ်းပေါ်တွင် အကျယ် ၁၈ ပေ ကျောက်ရောမြေ ၄ လက်မအထူ လမ်းသားပါရှိမှာ ဖြစ်ပါတယ်။ နမ့်ခမ်းဒေသ ဈေးနှုန်းများအရ မြေသားလမ်း တစ်မိုင်လျှင် ကျပ်သန်း ၃၀ ခန့်နှုန်းဖြင့် ၆ မိုင်အတွက် ကျပ်သန်း ၁၈၀ခန့်ကုန်ကျနိုင်ပါတယ်။ နမ့်ခမ်းမြို့နယ်ကော်မတီက ရေးဆွဲထားသည့် ကျေးလက်လမ်း ၁၃နှစ်စီမံကိန်းအရ အဆိုပါလမ်းကို ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် မြေသားမှ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်လျာထားကြောင်း သိရှိရပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်များအလိုက် ရန်ပုံငွေခွဲဝေမှုအရ နမ့်ခမ်း မြို့နယ်၏ ပါဝင်မှုအချိုးမှာ (၁.၄၅%)ဖြစ်ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေခွင့်ပြုရရှိမှုများမှာ ယခင်နှစ်များတွင် နှစ်စဉ်စုစုပေါင်းပျမ်းမျှ ၁၈၂ သန်း ခန့်ရရှိခဲ့ ကြောင်း တွေ့ရပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နမ့်ခမ်းမြို့နယ်အခြားလမ်း ၂ လမ်းမှ လုပ်ငန်းများအတွက် ကျပ် ၃၃၈.၄၇၀ သန်းလျာထား တောင်းခံထားကြောင်း တွေ့ရှိရပါ တယ်။ မေးခွန်းမှာပါရှိတဲ့ ဟိုနား- ပန်ခါးလမ်းအတွက် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ထည့်သွင်း

လျာထား တောင်းခံထားခြင်းမရှိသေးသည်ကို တွေ့ရှိရပါကြောင်းနှင့် နမ့်ခမ်းမြို့နယ်မှ ကျေးလက်လမ်းများအတွက် နှစ်စဉ်ရရှိနိုင်သည့် ဘဏ္ဍာရန်ပုံငွေအခြေအနေအရ လတ်တလော အလိုအပ်ဆုံးလုပ်ငန်းများကို ဦးစားပေးအလိုက်စိစစ်ရွေးချယ်ကာ မြို့နယ်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက လျာထားတောင်းခံလာပါက ဆက်လက်လျာထား တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း(၁၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာရေးလာရောက်ကြသော ဧည့်သည်တော် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ ကြယ်ပွင့်ပြမေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းတစ်ခုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အင်းလေး ဇုန်ဝင်ခွင့်နှင့် စပ်လျဉ်းပြီးမှ စီမံဆောင်ရွက်ခဲ့မှုများကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်မှာရှိတဲ့ အင်းလေးကန်လို့ ဆိုလိုက်တာနဲ့ မြန်မာနိုင်ငံသာမက ကမ္ဘာပေါ်မှာထင်ရှားပြီး နိုင်ငံတကာမှ ခရီးသွားများကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ဖို့ အဓိကဆွဲဆောင်တဲ့နေရာတစ်ခုဖြစ်သလို မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားများ လာရောက်ရာတွင်လည်း ဒုတိယအများဆုံး လာရောက်လည်ပတ်တဲ့ နေရာလည်းဖြစ်ပါ တယ်။ အင်းလေးဇုန်ဝင်ခွင့်ဆိုတာကလည်း အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားများထံမှသာ ကောက်ခံနေတဲ့ အင်းလေးဇုန် ဝင်ကြေးလို့ ခေါ်ဆိုတာဖြစ်ပြီး ဇုန်ဝင်ကြေးကောက်ခံတာကို ၁၉၉၂ခုနှစ်ကစတင်ခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။ အဆိုပါကာလ များက အင်းလေးဇုန်ဝင်ကြေးငွေတွေကို ဘယ်လိုသုံးစွဲပြီး ဘယ်လောက်ရရှိခဲ့တာကိုပင် ဒေသခံများပင် မသိရှိရဘဲ ပွင့်လင်းမြင်သာမှု အားနည်းခဲ့တာကိုလည်း သိရှိရပါတယ်။ ယခု အခါ ဇုန်ဝင်ကြေးကို လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့သည့်နောက်ပိုင်း နှစ်စဉ်ကောက်ခံရရှိမှု ရှိတဲ့ ဇုန်ဝင်ကြေးများဟာလည်း တစ်နှစ်ပြီးတစ်နှစ်ပိုမို ရရှိလာတာနဲ့အညီ ဇုန်ဝင်ကြေး

ငွေတွေကို တိကျတဲ့ စီမံခန့်ခွဲမှုများကြောင့် အင်းလေးဒေသအတွက် ထင်သာမြင်သာရှိတဲ့ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အကျိုးရှိစွာ လုပ်ဆောင်နေတာကိုလည်း တွေ့မြင်နေရပြီး ဒါဟာဘယ်မြို့နယ်မှာမှ မရရှိနိုင်တဲ့ အခွင့်အရေးဖြစ်သလို အင်းလေးကန်ဒေသမှာနေထိုင်တဲ့ ပြည်သူများအတွက်သာ ရရှိထားတဲ့ အခွင့်အရေးလည်း ဖြစ်ပါတယ်။ ယခုလို ဇုန်ဝင်ကြေးများ ရရှိဖို့ဆိုတာလည်း နိုင်ငံတကာမှ ခရီးသွားများ လာရောက်လည်ပတ်မှသာ ရရှိတာလည်းဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနဲ့လည်း တိုက်ရိုက်သက်ဆိုင်နေပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာလည်း တိုင်းပြည်တည်ငြိမ်အေးချမ်း သာယာဝပြောနေဖို့လည်း အင်မတန်မှ လိုအပ်တဲ့ အချက်လည်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့သော ရခိုင်အရေးကိစ္စ၊ ကြက်ငှက်တုတ်ကွေးရောဂါများဖြစ်ပွားခြင်းစသည့် အကြောင်းများကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများ တဟုန်ထိုးကျဆင်းသွားခဲ့တာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အဆိုပါအခြေနေများကြောင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် လေလံအောင်သူတို့ လုပ်ငန်းသဘောတူ စာချုပ်ပါစည်းကမ်းချက်များအရ မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်လာခြင်းကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခင်ဇုန်လေလံအောင်ခြင်းငွေအတိုင်းကို ဖြေလျှော့ပြီးမှ ပေးသွင်းစေခဲ့တာကို မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သိရှိနားလည်ပြီးဖြစ်သော်လည်း ဒေသခံပြည်သူများမှ သိရှိနားလည်ဖို့လည်း လိုအပ်တာကြောင့် ပြည်သူများရဲ့ကိုယ်စား အောက်ပါ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ (၁)၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် အင်းလေးဇုန်ဝင်ခွင့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရငွေများလျှာထားချက်ကိုလည်းကောင်း၊ (၂) ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် လေလံအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုမှုအရ လေလံကြေးငွေ ကျပ်သန်းမည်မျှရရှိခဲ့သည်ကို လည်းကောင်း၊ (၃) လေလံအောင်မြင်သူမှ စာချုပ်ပါအတိုင်း လေလံကြေးများကို ရှမ်းပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် ပေးသွင်းခဲ့ရသည့် အကြိမ်အရေအတွက်ကို လည်းကောင်း၊ (၄) လေလံအောင်မြင်သူမှ စာချုပ်ပါအတိုင်း လေလံကြေးငွေများကို ပေးသွင်းရန် အကြွေးကျန် ရှိ/ မရှိ ခဲ့ခြင်းကို သိရှိလိုသည့်အတွက် ပထမမေးခွန်းမေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ အပိုဒ် ၃၁(ဃ)အရ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကုမ္ပဏီ(၃)ခုသို့ ချေးငွေထုတ်ချေးမှုများနှင့် စပ်လျဉ်းပြီးမှ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၉- ၆- ၂၀၁၇) ရက်စွဲပါစာအမှတ်

စဆ/စီမံ-၀၀၃(၀၇၁/၂၀၁၇)ဖြင့် တာဝန်ပေးချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများကို စစ်ဆေးခြင်းဖြစ်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ (၁၉-၉-၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ပစရ/စဆ(တာဝန်ပေး)/၅၀၅ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်တဲ့ အစီရင်ခံစာပါ တွေ့ရှိချက်ကို ရှမ်းပြည်နယ်အစိုးရဘက်က ဆက်လက်ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သည်ဟုလည်း အကြံပြုထားတာကို တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ၂၀၁၈ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ကျင်းပတဲ့ ပုံမှန်အစည်းအဝေးမှာ လုပ်ငန်းအစီရင်ခံစာအပေါ် တွေ့ရှိချက်များအရ အပိုဒ် ၃၁ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကောက်ခံခြင်း၊ သုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ တွေ့ရှိရသည်ဟု ဖော်ပြပါရှိပါတယ်။ အပိုဒ်ခွဲ (ဃ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကုမ္ပဏီ(၃)ခုသို့ ချေးငွေများ ထုတ်ပေးမှုနှင့် စပ်လျဉ်း၍ ချေးငွေ (အရင်း) ကျပ်သန်း ၅,၆၀၀.၀၀၀နှင့် အတိုးကျပ်သန်း ၁,၃၆၁.၃၁၁သန်း အပါအဝင် စုစုပေါင်း ကျပ်သန်း ၆,၉၆၁.၃၁၁သန်းကို စစ်ဆေးချိန် ၃၁-၇-၂၀၁၇နေ့ထိ ပေးဆပ်မှု မရှိသေးပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း (MD) သို့ ပြန်လည်ကောက်ခံ ပေးသွင်းရန် လိုအပ်ပါကြောင်းလည်းဖော်ပြပါရှိပါတယ်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ (၁၃-၁၂-၂၀၁၈) ရက်နေ့မှာ ကျင်းပတဲ့ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးအစီရင်ခံစာကို တင်သွင်းခဲ့တဲ့နေရာမှာ အဆိုပါကုမ္ပဏီ (၃)ခုမှ ဒေသဖွံ့ဖြိုးရေးများ ချေးငွေများထုတ်ချေးထားမှုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ချေးငွေ အရင်း၊ အတိုး ပေးဆပ်မှုစာရင်းကို စိစစ်မတွေ့ရှိရသည့် အကြောင်းလည်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် အဆိုပါ ကုမ္ပဏီ(၃)ခု၏ အမည်များနှင့် အဆိုပါကုမ္ပဏီများမှ ချေးငွေထုတ်ချေးပေးမှုများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ထားရှိမှုများကို သိရှိလို၍ ဒုတိယ မေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်များတွင် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်စာရင်းများ စိစစ်တွေ့ရှိချက် အစီရင်ခံစာ အပိုဒ်(၁၇)မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းရမည့် ကျန်ငွေ ပေးသွင်းမှု ရှိ/ မရှိ နှင့် ကြီးကြပ်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းလာသည့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး

နှစ်မှာ အပိုဒ် (၁၇)မှာ အိမ်ရာစီမံကိန်း(၈)ခု၏ (၃၁.၃.၂၀၁၇)ရက်နေ့အထိ ၂၃% အကျိုးအမြတ် ကျပ် (၁၀,၉၂၉.၃၆၄)သန်း ပေးသွင်းရန် ကျန်ရှိမှုနှင့် စပ်လျဉ်း၍ (၁၄.၁၂.၂၀၁၇) ရက်နေ့ထိ ကျပ် (၁,၅၁၃.၃၇၀)သန်းအား ပေးသွင်းပြီးဖြစ်၍ ကျပ် (၉,၄၁၅.၉၉၄) သန်းပေးသွင်းရန် ကျန်ရှိသေးတာကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာမှာပါတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အပိုဒ် (၁၇)မှာ အိမ်ရာစီမံကိန်း(၈)ခု၏ (၃၀.၉.၂၀၁၈)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အာမခံကျပ်သန်း (၅၀၀.၀၀၀)နှင့် လက်မှတ်ရေးထိုးမှု ဆုငွေကျပ်သန်း (၄၀.၀၀၀)တို့ကို ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းသို့ ပေးသွင်းမှု မရှိသေးခြင်း၊ (၃၀.၉.၂၀၁၈) ရက်နေ့ထိ မြေငှားရမ်းခ ကျပ် (၂.၉၄၀)သန်း၊ မြေအသုံးချမှု ပရီမီယံကြေး ကျပ်(၁၄၇.၈၄၀)သန်း၊ ဒဏ်ကြေး ကျပ်(၂၇.၁၆၀)သန်းနှင့် ၂၃% အကျိုးအမြတ် ကျပ် (၅,၀၉၁.၂၀၄)သန်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်းသို့ ပေးသွင်းမှု မရှိသေးကြောင်း တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်က ကျွန်တော်တင်ပြခဲ့သည့် ဘဏ္ဍာရေးနှစ်(၂)နှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာမှာပါတဲ့ အပိုဒ်(၁၇)တို့ကို ကြည့်မည်ဆိုလျှင် အိမ်ရာစီမံကိန်း (၈)ခု၊ လုပ်ငန်းစတင်ဆောင်ရွက် ကာလမှ (၃၀.၉.၂၀၁၈)ရက်နေ့ထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းရမည့် ငွေစာရင်း ခေါင်းစဉ်အလိုက် (၃၁.၃.၂၀၁၇)ရက်နေ့အထိ ၂၃%အကျိုးအမြတ် ကျပ်(၁,၅၁၃.၃၇၀)သန်း သာပေးသွင်းထားပြီး ကျန်ငွေများကို ပေးသွင်းမှု ရှိ/ မရှိကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ကြီးကြပ်ဆောင်ရွက်မှုများကို သိရှိလိုပြီး ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ (၁) အိမ်ရာစီမံကိန်း(၈)ခု တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်း အမည်နှင့် တည်နေရာ၊ (၂) အဆိုပါ စီမံကိန်း (၈)ခုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းမှုအခြေအနေ၊ (၃) ငွေပေးသွင်းရန် ကျန်ရှိသော စီမံကိန်း/ ကုမ္ပဏီအရေအတွက်၊ (၄) ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ပေးသွင်းမှုမရှိသော ကုမ္ပဏီများကို မည်သို့အရေးယူ ဆောင်ရွက်မလဲစသည့်မေးခွန်းများကို ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်ရဲ့ ယခင်နှစ်

၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အင်းလေးဇုန် ဝင်ခွင့်နှင့်စပ်လျဉ်း၍ ရငွေလျာထားချက်၊ လေလံအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုမှုအရ လေလံကြေးနှင့် စာချုပ်ပါအတိုင်း ဆောင်ရွက်ထားရှိခဲ့မှုများကို အောက်ပါအတိုင်း သိရှိလိုပါသည်–

(က) ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် အင်းလေးဇုန်ဝင်ခွင့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရငွေလျာထားချက်။

(ခ) ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် လေလံအောင်မြင်သူနှင့်စာချုပ် ချုပ်ဆိုမှုအရ လေလံကြေးငွေ ကျပ်သန်းမည်မျှရရှိခဲ့သနည်း။

(ဂ) လေလံအောင်မြင်သူမှ စာချုပ်ပါအတိုင်း လေလံကြေးများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ပေးသွင်းခဲ့ရသည့် အကြိမ်အရေအတွက်။

(ဃ) လေလံအောင်မြင်သူမှ စာချုပ်ပါအတိုင်း လေလံကြေးငွေများကို ပေးသွင်းရန် အကြွေးကျန် ရှိ/ မရှိနဲ့ စပ်လျဉ်း၍ မေးခွန်းများကို ကျွန်တော်ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အင်းလေးဇုန် ဝင်ခွင့်နှင့်စပ်လျဉ်း၍ ရငွေလျာထားချက်၊ လေလံအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုမှုအရ လေလံကြေးနှင့် စာချုပ်ပါအတိုင်း ဆောင်ရွက်ထားရှိခဲ့မှုများကို အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်–

(က) ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် အင်းလေးဇုန်ဝင်ခွင့်အတွက် ဇုန်ဝင်ကြေး ကောက်ခံရရှိငွေ၏ (၄၅%)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရငွေလျာထားချက်မှာ ငွေကျပ်သန်း (၁,၁၁၁.၁၀၀)ဖြစ်ပါတယ်။

( ခ) ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အင်းဇုန်ကောက်ခံခွင့် လုပ်ငန်းကို ဦးမြတ်မင်းစိုးမှ ငွေကျပ်သန်း (၃,၀၀၃.၃၀၀)ဖြင့် လေလံအောင်မြင်ခဲ့ပြီး စာချုပ်ချုပ်ဆိုမှုအရ လေလံကြေးငွေ ကျပ်သန်း(၂,၆၄၆.၅၇၂) ရရှိခဲ့ပါတယ်။

( ဂ) လေလံအောင်မြင်သူမှ စာချုပ်ပါအတိုင်း လေလံကြေးများကို (၂၉.၃.၂၀၁၇) ရက်နေ့တွင် ချုပ်ဆိုသည့် စာချုပ်အပိုဒ် ၅(က)အရ နေ့စဉ်ပေးသွင်းစေခဲ့ပြီး လစဉ်နိုင်ငံခြားသား ဝင်ရောက်မှုစာရင်းကိုလည်း ပေးပို့စေခဲ့ပါတယ်။

(ဃ) လေလံအောင်မြင်သူမှ စာချုပ်ပါအတိုင်း လေလံကြေးငွေများကိုပေးသွင်းရန် အကြွေး ကျန်ငွေကျပ်သန်း(၃၅၆.၇၂၈)အနက်မှ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဖြစ်ပေါ်လာသည့်အတွက် အရှုံးပေါ်ပြီး လေလံကြေးပြည့်မီစွာ ပေးသွင်းနိုင်ခြင်း မရှိသည့်အတွက် ဖြေလျှော့ပေးနိုင်ပါရန် တောင်းဆိုတင်ပြလာမှုအပေါ်(၃၀.၃.၂၀၁၈) ရက်တွင် ပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/ ၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၅(၄)အရ (၅၀%)ဖြေလျှော့

ပေးသွင်းခွင့်ပြုထားပြီးဖြစ်၍ လေလံကြေးပေးသွင်းရန်ငွေ ကျပ်(၁၇၈.၃၆၄)သန်း ကျန်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်၏ ဒုတိယမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ် အစိုးရ အဖွဲ့၏ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ စာရင်းကို ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါအပိုဒ်(၃၁)၊ အပိုဒ်ခွဲ(ဃ)အရဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကုမ္ပဏီ(၃)ခုသို့ ချေးငွေများထုတ်ပေးမှုတွင် ချေးငွေ (အရင်း)ကျပ်သန်း(၅,၆၀၀.၀၀၀)နှင့် (အတိုး)ကျပ်(၁,၃၆၁.၃၁၁)သန်းအပါအဝင် စုစုပေါင်း ကျပ်(၆,၉၆၁.၃၁၁)သန်းကို စစ်ဆေးချိန် (၃၁.၇.၂၀၁၇)ရက်နေ့ထိ ပေးဆပ်မှုမရှိသေးပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း(MD)သို့ ပြန်လည်ကောက်ခံပေးသွင်းရန် လိုအပ်ခြင်းဟု ဖော်ပြထားရှိမှုများအရ အဆိုပါကုမ္ပဏီ(၃)ခု၏ အမည်များနှင့် ချေးငွေထုတ် ချေးပေးမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှယခင်အစိုးရ သက်တမ်းတွင် ချေးငွေများထုတ်ချေးထားသည့် ကုမ္ပဏီ(၃)ခု၏ အမည်မှာ **မင်းကျန်စစ်အုပ်စု ကုမ္ပဏီ လီမိတက်၊ ဖြူစင်အုပ်စုကုမ္ပဏီနှင့် စိုးလွင်အောင်ဆောက်လုပ်ရေးကုမ္ပဏီ**တို့ ဖြစ်ပါတယ်။ မင်းကျန်စစ်အုပ်စု ကုမ္ပဏီလီမိတက်သို့ ထုတ်ချေးငွေ ကျပ်သန်း (၄,၀၀၀)နှင့် (အတိုး) ငွေကျပ်(၈၉၈.၆၂၄)သန်းဖြစ်ပြီး ယနေ့အထိ ပေးသွင်းခြင်း မရှိသေးပါ။ ဖြူစင်အုပ်စု ကုမ္ပဏီသို့ ထုတ်ချေးငွေကျပ်သန်း (၃,၀၀၀)အနက် ငွေကျပ်သန်း(၁,၄၀၀) ပေးဆပ်ထားရှိပြီးဖြစ်၍ ငွေ ကျပ်သန်း (၁၆၀၀)နှင့် အတိုးငွေ ကျပ်(၄၅၅.၈၉၉)သန်း ကျန်ရှိပါတယ်။ စိုးလွင်အောင် ဆောက်လုပ်ရေးကုမ္ပဏီမှ ထုတ်ချေးငွေ ကျပ်သန်း(၃၀၀) အနက်အရင်းငွေ ပြန်လည်ပေးဆပ်ပြီး အတိုးငွေ ပေးသွင်းရာ၌ အတိုးပေးသွင်းရမည့် ရက်ထက်နောက်ကျ၍ ပေးသွင်းခြင်းကြောင့် ကွာခြားချက်များအရ လိုငွေကျပ်(၆.၇၈၈)သန်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခင်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ လက်ထက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မင်းကျန်စစ် အုပ်စုကုမ္ပဏီ လီမိတက်၊ ဖြူစင်အုပ်စုကုမ္ပဏီလီမိတက်နှင့် စိုးလွင်အောင် ဆောက်လုပ်ရေး ကုမ္ပဏီ(၃)ခုအား (၃၀.၄.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၅၁၆၅/ ၆- ၂၄၃/ အစရ (ရှမ်း)ဖြင့် အကြောင်းကြား၍ (၁၁.၅.၂၀၁၈)ရက်နေ့တွင် လည်းကောင်း၊ (၂၁.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁၆၃၄၂/ ၆- ၂၄၃/ အစရ(ရှမ်း) ဖြင့် အကြောင်းကြား၍ (၂၄.၁၂.၂၀၁၈)ရက်နေ့တွင် လည်းကောင်း စာရင်းစစ် စစ်ဆေးချက်အရ ပေးသွင်းရန်ကျန်ရှိသည့် ချေးငွေအရင်း/ အတိုးအား ပေးသွင်းရန် တွေ့ဆုံညှိနှိုင်း၍ ဝန်ခံကတိတွင် လက်မှတ်ရေးထိုးစေခဲ့ပါတယ်။

စိုးလွှင်အောင် ဆောက်လုပ်ရေးကုမ္ပဏီမှာ ခရီးလွန်နေပါသဖြင့် လာရောက်တွေ့ဆုံခြင်းမရှိ၍ နိုးဆော်စာဖြင့်သာ အကြောင်းကြားထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ယခင်ဘဏ္ဍာရေး ဝန်ကြီး လက်ထက်တွင် မင်းကျန်စစ်ကုမ္ပဏီသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏(၈.၁၂.၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၁၄၆၃၇/ ၆-၂၄၈ / အစရ(ရှမ်း)ဖြင့် လည်းကောင်း၊ (၁၉.၂.၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၂၃၀၁/ ၆ -၂၃၂/ အစရ(ရှမ်း)ဖြင့် လည်းကောင်း၊ (၂၅.၃.၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၄၁၂၀/ ၆ – ၂၃၈/ အစရ(ရှမ်း)ဖြင့် လည်းကောင်း၊ (၂၇.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၂၁၀/ ၆ – ၂၄၃/ အစရ (ရှမ်း)ဖြင့် လည်းကောင်း ချေးငွေပေးသွင်းရန် နိုးဆော် အကြောင်းကြားထား ရှိပါတယ်။ ယခင်ဘဏ္ဍာရေးဝန်ကြီး လက်ထက်တွင် ဖြူစင်ကုမ္ပဏီသို့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး၏ (၃၀.၄.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၆၃၆၁/ ၆– ၂၄၃/ အစရ (ရှမ်း)၊ (၂၁.၁၂.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၁၆၃၄၁/၆–၂၄၃/အစရ(ရှမ်း) (၂၇.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁၉၉/ ၆– ၂၄၃/ အစရ(ရှမ်း)နှင့် (၁၃.၅.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၂၃၀၁/ ၆– ၂၃၂/ အစရ (ရှမ်း)ဖြင့် ချေးငွေပေးသွင်းနိုင်ရန် နိုးဆော်အကြောင်းကြားထားရှိပါတယ်။

ယခင်ဘဏ္ဍာရေးဝန်ကြီး လက်ထက်တွင် စိုးလွှင်အောင် ဆောက်လုပ်ရေးကုမ္ပဏီသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၂၅.၉.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁၂၆၄၀/ ၆–၂၃၃/အဖွဲ့ရုံး၏ (၂၅.၉.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁၂၆၄၀/ ၆–၂၃၃/ အစရ (ရှမ်း)နှင့် (၂၇.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁၉၈/ ၆ –၂၄၃/ အစရ(ရှမ်း)ဖြင့် ချေးငွေအတိုးကျန်ငွေ ပေးသွင်းနိုင်ရန် နိုးဆော် အကြောင်းကြားထား ရှိပါတယ်။ စိုးလွှင်အောင်ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ပေးရန်ကျန် ရှိသည့်အတိုးငွေကို ၂၀၁၉ ခုနှစ် ဇွန်လကုန်တွင် အပြီးကောက်ခံ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ဖြူစင်ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေး၊ တောင်ကြီးမြို့ အဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းအတွက် ချေးယူခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းလုပ်ငန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်သည့်စီမံကိန်း လုပ်ငန်းဖြစ်သည့်အတွက် ဒေသန္တရစီမံကိန်းလုပ်ငန်းများအကောင် အထည်ဖော်ရေးမူဝါဒများ နှင့်အညီ ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန် အကြိမ်ကြိမ် ညှိနှိုင်း ဆောင်ရွက်ချက်များအရ (၇.၆.၂၀၁၉)ရက်နေ့တွင် ချေးငွေအရင်း ငွေကျပ်သန်း(၁၅၀)ကို ပေးသွင်းဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် ချေးငွေအရင်း/ အတိုးငွေများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ပေးဆပ်သွားရန် ဖြူစင်ကုမ္ပဏီမှ (၇.၆.၂၀၁၉) ရက်စွဲပါ တင်ပြစာဖြင့် ကတိပြုချက် ရရှိထားပြီး ဖြစ်ပါတယ်။ မင်းကျန်စစ်အုပ်စု ကုမ္ပဏီလီမိတက်အနေဖြင့် အေးသာယာမြို့ ပြည်သူ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းအတွက် ချေးယူ ခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့်အတွက် ဒေသန္တရစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်

ရေးမူဝါဒများနှင့်အညီ ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပြီး (၁၀.၅.၂၀၁၉)ရက်နေ့တွင် ပြည်နယ်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီနှင့် မင်းကျန်စစ်အုပ်စု ကုမ္ပဏီတို့ ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဘက်ညှိနှိုင်းဆွေးနွေးချက်များအရ ကုမ္ပဏီမှ လက်ရှိလုပ်ငန်း များအကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းနေသည့် စီမံကိန်းအောင်မြင်စွာ ပြီးစီးနိုင် ရေးအတွက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီသည်အိမ်ရာတည်ဆောက်ရေး လုပ်ငန်းမှ ရရှိရန်ငွေကျပ်သန်း(၂,၄၀၀)ဖြင့် ယနေ့အထိ အစိုးရအဖွဲ့သို့ ချေးငွေအရင်းနှင့် အတိုးပေးဆပ်ရန်ရှိသည့် ငွေကျပ်သန်း(၅,၈၀၀)တွင် အတိုးငွေကျပ်သန်း(၁,၈၀၀) ပေးဆပ်ပြီး ကျန်ရှိသည့် ချေးငွေ အရင်း ငွေကျပ်သန်း(၄,၀၀၀)ကို အခန်းဝယ်ယူပေးနိုင်ရန် တင်ပြစာအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုတင်ပြထားပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး တွင် အတည်ပြုဆုံးဖြတ်ချက်ရယူပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ တင်ပြပြီး လမ်းညွှန်မှုခံယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ဆက်လက်ဖြေကြားရမယ်ဆိုရင်တော့ ရှမ်းပြည်နယ်စာရင်းစစ် ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် ဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်စာရင်းများ စိစစ်တွေ့ရှိချက် အစီရင်ခံစာပါ အပိုဒ်(၁၇) အိမ်ရာ စီမံကိန်း(၈)ခု၊ လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကာလမှ (၃၀.၉.၂၀၁၈)ရက်နေ့ထိ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ပေးသွင်းရမည့် ငွေစာရင်းခေါင်းစဉ်အလိုက် (၃၁.၃.၂၀၁၇) ရက်နေ့အထိ(၂၃%) အကျိုးအမြတ်ကို ကျပ်(၁၅၁၃.၃၇၀)သန်းသာ ပေးသွင်းထားပြီး ကျန်ငွေများကို ပေးသွင်းမှု ရှိ/ မရှိကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သို့ကြီးကြပ်ဆောင်ရွက်နေသည်ကို အောက်ပါ အတိုင်း သိရှိလိုပါသည်ဆိုပြီးတော့-

(က) အိမ်ရာစီမံကိန်း(၈)ခု တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းအမည်နှင့် တည်နေရာ၊

( ခ) အဆိုပါစီမံကိန်း(၈)ခုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေစာရင်း ခေါင်းစဉ်အလိုက် ပေးသွင်းမှု အခြေအနေ၊

( ဂ) ငွေပေးသွင်းရန် ကျန်ရှိသော စီမံကိန်း/ ကုမ္ပဏီ အရေအတွက်၊

(ဃ) ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ ပေးသွင်းမှုမရှိသော ကုမ္ပဏီများကို မည်သို့ အရေးယူ ဆောင်ရွက်မည်နည်းဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း(က)နှင့် ပတ်သက်ပြီး အိမ်ရာစီမံကိန်း(၈)ခု တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီ အဖွဲ့အစည်းနှင့်တည်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါတယ်–

(၁) စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီ၊ လှိုင်ခမ်းအိမ်ရာစီမံကိန်း၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့၊

(၂) New Star Light Construction Co.,Ltd၊ မူဆယ်မြို့ ခေတ်မီမြို့ပတ်ကမ်းနားလမ်းနှင့် ဗဟိုစီးပွားရေး အချက်အချာနေရာ(မူဆယ်) စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်း ဟိုမွန်၊ တော်ရွက်နှင့် ထောက်ရွက် (ကောင်းမူတုံ)ရပ်ကွက်၊ မူဆယ်မြို့၊

(၃) ဦးဝင်းဝဏ္ဏာဝင်း၊ ရွှေနန်းတော်ဝင်အိမ်ရာစီမံကိန်း၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊

(၄) ထင်းရှူးမြေအိုအေစစ်ဒေသဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ Pine Wood Villa အိမ်ရာစီမံကိန်း၊ ကြေးကုန်းကျောင်းတန်းရွာ၊ လွယ်အံ့ကျေးရွာအုပ်စု၊ ကလောမြို့၊

(၅) ချယ်ရီမြိုင်ကုမ္ပဏီလီမိတက်၊ တောင်ကြီးချယ်ရီမြိုင် အိမ်ရာစီမံကိန်း၊ နယ်မြေ (၁၁)၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊

(၆) Shining Myanmar Co.,Ltd၊ လားရှိုးချယ်ရီမြိုင်အိမ်ရာ စီမံကိန်း၊ ရပ်ကွက်(၁)၊ နားမခေါ်နမ့်ခိုက်တိုးချဲ့ ကွက်သစ်၊ လားရှိုးမြို့၊

(၇) မောရှမ်းဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ တောင်ကြီးမြို့ ပန်းချယ်ရီအိမ်ရာ စီမံကိန်း၊တောင်ကြီးတက္ကသိုလ်တောင်ဘက်၊ တောင်ကြီးမြို့၊

(၈) တော်ဝင်ရဲထွဋ်မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၊ ဂေါက်ကလပ်၊ အများပြည်သူ အပန်းဖြေပန်းခြံ၊ ကလေးကစားကွင်းနှင့် အခြားဖွံ့ဖြိုးရေး စီမံကိန်း၊ ကြူကုတ်(ပန်ဆိုင်း)မြို့၊ အမှတ်(၃)ရပ်ကွက်၊ မူဆယ်မြို့တို့ ဖြစ်ကြပါတယ်။

မေးခွန်း(ခ)ပါ စီမံကိန်း(၈)ခုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းမှုအခြေအနေများကို စာရင်းစစ်ချုပ်ရုံး၏ (၆)လတစ်ကြိမ် စစ်ဆေးမှုများခံယူပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

မေးခွန်း(ဂ)နှင့်ပတ်သက်ပြီး ငွေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ(၈)ခုအနက် New Star Light Construction Co.,Ltd နှင့် မောရှမ်းဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့သည် ပေးသွင်းရမည့်ငွေများ အပြေအကြေ ပေးသွင်းပြီး ဖြစ်ပါတယ်။ ငွေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ (၆)ခု ကတော့–

(၁) စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီ

(၂) ဦးဝင်းဝဏ္ဏဝင်း

(၃) ထင်းရှူးမြေအိုအေစစ်ဒေသဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်

(၄) ချယ်ရီမြိုင်ကုမ္ပဏီလီမိတက်

(၅) Shining Myanmar Co.,Ltd

(၆) တော်ဝင်ရဲထွဋ်မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီတို့ ဖြစ်ပါတယ်။

မေးခွန်း(ဃ)နှင့်ပတ်သက်ပြီး စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှလှိုင်ခမ်းအိမ်ရာစီမံကိန်းလုပ်ငန်းအတွက် (၂၃%)အကျိုးအမြတ် ပေးသွင်းရန်ကျန်ငွေ ကျပ်သန်း(၈၀၀) နှင့်လုပ်ငန်းအာမခံ ငွေကျပ်သန်း(၁၀၀)ကို (၃၀.၁၁.၂၀၁၉)ရက်နေ့တွင် ငွေကျပ်သန်း (၄၅၀) နှင့် (၃၁.၃.၂၀၂၀)ရက်နေ့တွင် ငွေကျပ်သန်း(၄၅၀)အား ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၇.၆.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၀၁၀/ အရ- ၂ (စိန်)/ ၂၀၁၉ဖြင့် တင်ပြထားရှိကတိရရှိပြီး ဖြစ်ပါတယ်။

ဦးဝင်းဝဏ္ဏဝင်းမှ ရွှေနန်းတော်ဝင်အိမ်ရာ စီမံကိန်းလုပ်ငန်းအတွက် ပေးသွင်းရန်ကျန်ရှိသည့် ငွေကျပ်(၂၈၇.၆၈၂)သန်းအား ၆/ ၂၀၁၉လတွင် ငွေကျပ်(၈၇.၆၈၂)သန်းအား လည်းကောင်း၊ ၁၀/ ၂၀၁၉လတွင် ငွေကျပ်သန်း(၅၀)အား လည်းကောင်း၊ ၁/၂၀၂၀လတွင် ငွေကျပ် သန်း(၅၀)အား လည်းကောင်း၊ ၃/ ၂၀၂၀ လတွင် ငွေကျပ်သန်း (၅၀)အား လည်းကောင်း၊ ၆/ ၂၀၂၀လတွင် ငွေကျပ်သန်း (၅၀)အား လည်းကောင်း ပေးသွင်းသွားမည်ဖြစ်ကြောင်း (၆.၆.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၀၀၆/ ရနတဝ/ ၁၉ ဖြင့် တင်ပြထားရှိပါတယ်။

ထင်းရှူးမြေ အိုအေစစ် ဒေသဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်မှ Pinewood Villa အိမ်ရာစီမံကိန်းလုပ်ငန်းအတွက် ပေးသွင်းရန်ကျန်ရှိသည့် (၂၃%)အကျိုးအမြတ်နှင့် လက်မှတ်ရေးထိုးမှု ဆုငွေစုစုပေါင်း ငွေကျပ်(၄၇၅.၆၀၆)သန်းအား (၃၀.၆.၂၀၁၉)ရက်နေ့တွင် ငွေကျပ်သန်း (၅၀)နှင့် ငွေကျပ်(၄၂၅.၆၀၆)သန်းအား (၃၁.၁၂.၂၀၁၉)ရက်နေ့ မတိုင်မီတွင် ပေးသွင်းသွားမည်ဖြစ်ကြောင်း (၇.၅.၂၀၁၉)ရက်စွဲပါတင်ပြစာဖြင့် တင်ပြထားရှိပါတယ်။

ချယ်ရီမြိုင်ကုမ္ပဏီလီမိတက်မှ ချယ်ရီမြိုင်အိမ်ရာ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းတွင် စီမံကိန်းဧရိယာနှင့် တပ်ဧရိယာ နယ်နိမိတ်အကြား မြေယာအငြင်းပွားမှု ဖြစ်နေပါသဖြင့် စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ဝင်ငွေရနည်းလမ်းမရှိသဖြင့် ပေးသွင်းရန် အခက်အခဲရှိ၍ ခေတ္တဆိုင်းငံ့ ထားပေးနိုင်ပါရန်နှင့် စီမံကိန်းကိုဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် သင့်လျော်သော နည်းလမ်းအား လမ်းညွှန်မှုပြုနိုင်ပါရန် (၇.၆.၂၀၁၉)ရက်စွဲပါ တင်ပြစာဖြင့် တင်ပြထားရှိပါတယ်။

Shining Myanmar Co.,Ltd မှ ချယ်ရီမြိုင်အိမ်ရာ စီမံကိန်း အတွက် ၂၃% အကျိုးအမြတ် ပေးသွင်းရန်ကျန်ရှိသည့် ငွေကျပ်(၉၁၈.၀၀၀)သန်းကို (၁၂/၂၀၁၉)လတွင် ငွေကျပ်(၃၁၈.၀၀၀) သန်းနှင့် (၉/၂၀၂၀)လတွင် ငွေကျပ်သန်း (၆၀၀.၀၀၀)အား အပြီးပေးသွင်းမည်ဖြစ်ကြောင်း (၇.၆.၂၀၁၉)ရက်စွဲပါ တင်ပြစာဖြင့် တင်ပြထားရှိပါတယ်။

တော်ဝင်ရဲထွဋ် မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ ဂေါက်ကလပ်၊ အများပြည်သူ အပန်းဖြေပန်းခြံ၊ ကလေးကစားကွင်းနှင့် အခြားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် ပေးသွင်းရန် ကျန်ရှိသည့်ငွေကျပ်(၁၆၁.၇၄၀)သန်းကို နယ်မြေမငြိမ်းချမ်းသဖြင့် ငြိမ်းချမ်းမှုရရှိ၍ လုပ်ငန်း စတင်ဆောင်ရွက်နိုင်သည့် အချိန်မှသာ ပေးသွင်းနိုင်မည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြား အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေ က မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းတင်ပြမယ့် ပထမဦးဆုံးကြယ်ပွင့်ပြမေးခွန်းကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်ရှိ နမ့်စန်မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ့်လတ်ချောင်းမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး အနီးကပ်ဆုံး ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို နမ့်စန် မြို့နေ ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး မတိုင်မီကပင် တင်ပြခဲ့တဲ့ မေးခွန်းဖြစ်ပြီး ယခုလို မေးမြန်းခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နမ့်စန်မြို့ဟာ မြို့ပေါ်ရပ်ကွက်ကြီး (၅)ခုနဲ့ ဖွဲ့စည်းထားပြီး မြို့ပေါ်လူဦးရေစာရင်းအရ အိမ်ခြေ(၄၀၀၈)ခု၊ အိမ်ထောင်စု(၄၄၁၀)စု၊ လူဦးရေ (၂၃၉၆၀)ကျော်ရှိပါတယ်။ နမ့်စန်မြို့ပေါ် (၅) ရပ်ကွက်အပြင်

နမ့်စန်တပ်နယ်ဌာနချုပ်၊ တပ်ရင်း၊ တပ်ဖွဲ့များဟာ မြို့အနီးအနားပတ်ဝန်းကျင်မှာ တည်ရှိနေကြပါတယ်။

နမ့်စန်မြို့ရဲ့ အဓိက အသက်သွေးကြောဖြစ်တဲ့ နမ့်စန်မြို့လယ်က ဖြတ်သန်းစီးဆင်းသွားတဲ့ နမ့်လတ်ချောင်းဟာ ရာသီဥတုပြောင်းလဲမှုပေါ်မှာပဲ အသွင်သဏ္ဍာန်အမျိုးမျိုးဖြစ်ပေါ်ပြီး စီးဆင်းနေတဲ့ချောင်းဖြစ်ပါတယ်။ ဒီနမ့်လတ်ချောင်းကနေ မြို့ရေရရှိရေးအတွက်နဲ့ ချောင်းတစ်လျှောက်ရေတားတမံ ဆောင်ရွက်ပေးဖို့ မြို့ရေပေးရေးအတွက် BOTစနစ်ဆောင်ရွက်မည့် ကုမ္ပဏီတွေ ခွင့်ပြုပေးဖို့စသဖြင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ဒီလွှတ်တော်ကြီးမှာဘဲ ယခင်က(၂)ကြိမ်တိုင်တိုင် နှစ်အလိုက် မေးမြန်းခဲ့ပါတယ်။

သက်ဆိုင်ရာ အစိုးရအနေနဲ့ကလည်း ထိုက်သင့်သလောက် ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့် အခြေအနေနဲ့ လျာထားမှုတွေကို ပြန်လည်ဖြေကြားပေးခဲ့တာကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ယခုမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအရင်းကတော့ ကျွန်တော်တို့ရဲ့ နမ့်စန်မြို့၊ မြို့နေပြည်သူလူထုနဲ့ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွက် များစွာအကျိုးဖြစ်ထွန်းစေမယ့် နမ့်လတ်ချောင်းရေကနေ ရာသီဥတုအလိုက် ဖြစ်ပေါ်နေမှု အခြေအနေအရပ်ရပ်ကို ကာကွယ်နိုင်မယ့် ရေတားတမံနဲ့ မြေထိန်းနံရံတည်ဆောက်ဖို့ လျာထားစီမံဆောင်ရွက်ပေးလိုခြင်းကြောင့် ပြည်သူလူထုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။

နမ့်လတ်ချောင်းရေဟာ ၂၀၀၄ခုနှစ်၊ အောက်တိုဘာလမှာ ရက်(၂၀)ခန့် ၂၀၀၆ခုနှစ်၊ စက်တင်ဘာလမှာ ရက်(၃၀)ခန့် နှင့် ၂၀၁၁ခုနှစ် အောက်တိုဘာလတွေမှာ ရက်(၃၀)ခန့် နမ့်စန်မြို့ အမှတ်(၁)၊ (၃)၊ (၄)ရပ်ကွက် ချောင်းနှင့် ဝန်းကျင်မှာရှိတဲ့ အိမ်ခြေ(၂၀၀)ကျော်ခန့်ဟာ ချောင်းရေမြင့်တက်ပြီး ရေကြီး၊ ရေလျှံတဲ့ ဒဏ်ကို ဖြစ်စဉ်ဖြစ်ပွားချိန်တိုင်း ရက်ရှည်လများ ရေလွှမ်းမိုးဒဏ်ကို ခံခဲ့ရပါတယ်။ နှစ်စဉ်နှစ်တိုင်း မိုးရာသီအစ ဇွန်လမှ ဇူလိုင်လ၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ မိုးရွာသွန်းမှုများတဲ့ ကာလတွေမှာ အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး ချောင်းရေမြင့်တက်လာမှုကြောင့် ပြည်သူလူထုစိုးရိမ်မှုတွေ ဖြစ်ပေါ်နေကြရပါတယ်။

မိုးများလို့ ချောင်းရေတိုက်စားပြီး မြေကမ်းပါးနံရံတွေ ရေတိုက်စားမှုကြောင့် မြေပြိုပြီး ချောင်းရိုးတစ်လျှောက် လူနေအိမ်ခြေအချို့ မြေဆုံးရှုံးမှုတွေ ဖြစ်လာသလို ချောင်းအတွင်း ရေတက်၊ ရေကျဖြစ်ပြီးတိုင်း ကျွန်းသဖွယ် ချောင်းလယ်မှာ တိမ်ကောတဲ့ ကုန်းငယ်လေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီလိုဖြစ်ပေါ်နေတဲ့ နောက်ဆက်တွဲ အခြေအနေတွေကတော့ မိုးရွာသွန်းမှုနည်းပါးတဲ့ ဆောင်းတွင်းနဲ့ ဆောင်းလွန်ကာလ၊ နွေရာသီကာလမှာ ချောင်းရေစီးဆင်းမှု နည်းပါးလာတဲ့အခါမှာ မြို့စွန်ချောင်းများက ချောင်းရေနဲ့ပါလာတဲ့ သစ်ကိုင်းသစ်ရွက်တွေ အချို့နေရာက စည်းကမ်းမဲ့ ချောင်းအတွင်း ပစ်လိုက်တဲ့ အမှိုက်တွေက သောင်ထွန်းပြီး တိမ်ကောလာတဲ့ ကျွန်းမျော၊ ကုန်းငယ်တွေ ချောင်းကွေ့တွေ ကျဉ်းမြောင်းတဲ့ နေရာတွေမှာ ပိတ်ဆို့ပြီး အညစ်အကြေးဖြစ်ပေါ်လာစေတဲ့အတွက် တပ်နယ်၊ မြို့နယ်၊ ဌာနဆိုင်ရာ၊ ပြည်သူလူထုနဲ့ လူမှုရေးအသင်းအဖွဲ့တွေက ချောင်းသန့်ရှင်းရေး၊ ချောင်းအဆုံး ရေငုတ်လျှိုများ၊ ဂူများကို သန့်ရှင်းရေးကို မိုးမကျမီ ဧပြီလကုန်နဲ့ မေလဆန်းတွေမှာ နှစ်တိုင်းဆောင်ရွက်နေကြရပါတယ်။ ချောင်းရေများလာရင် ရေကြီးမယ့်အခြေအနေနဲ့ ချောင်းရေနည်းလာရင် သစ်တုံး၊ သစ်ကိုင်းတွေ အမှိုက်သရိုက်တွေကြောင့် ဒီချောင်းရေကို အမှီပြုသောက်သုံးနေတဲ့ မြို့နေပြည်သူလူထုအတွက် စိန်ခေါ်မှုတစ်ရပ်ကို နှစ်စဉ်ကြုံတွေ့နေရပါတယ်။

ဒီလိုအခြေအနေအရပ်ရပ်ကို ကာကွယ်တားဆီးနိုင်ဖို့ နမ့်လတ်ချောင်းရေကမ်းပါးမြေ မဆုံးရှုံးစေဖို့၊ ချောင်းမြေမတိမ်ကောစေဖို့၊ ရည်ရွယ်ပြီး နမ့်စန်မြို့၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်တဲ့ ဆောက်လုပ်ရေး၊ စီမံကိန်း၊ စိုက်ပျိုးရေး၊ စည်ပင်ဌာနအကြီးအကဲများ၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ၊ လွိုင်လင်ခရိုင် ဆည်မြောင်းဦးစီးဌာန၊ ခရိုင်အင်ဂျင်နီယာအဖွဲ့တို့နဲ့အတူ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့အတူ (၃၀.၇.၂၀၁၈)ရက်နေ့နဲ့ (၂.၈.၂၀၁၈) ရက်နေ့များမှာ မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်ခဲ့ပါတယ်။

Power pointဖြင့် တင်ပြရန်ခွင့်ပြုပေးပါခင်ဗျား။ နမ့်စန်မြို့ရဲ့မြေပုံနဲ့ နမ့်လတ်ချောင်းရဲ့မြေပုံဖြစ်ပါတယ်။ နမ့်လတ်ချောင်းရဲ့ ရေငုတ်လျှိုနားမှာဖြစ်ပေါ်နေတဲ့ အမှိုက်သရိုက်တွေကို မြို့နေပြည်သူလူထုနဲ့ တပ်နယ်မှာရှိတဲ့စစ်သည်တွေနဲ့ စုပေါင်းဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ချောင်းအတွင်းကထွက်ရှိလာတဲ့ အမှိုက်သရိုက်တွေကို စုပုံထားတဲ့ပုံဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ကျွန်တော်အပါအဝင် မြို့နယ်စီမံခန့်ခွဲရေးနှင့်ဌာနဆိုင်ရာ အကြီးအကဲတွေ ကွင်းဆင်းပြီး ချောင်းသန့်ရှင်းသာယာတိုးတက်ရေးအတွက် ကွင်းဆင်းနေတဲ့ပုံဖြစ်ပါတယ်။

သက်ဆိုင်ရာ လွိုင်လင်ခရိုင်ဆည်မြောင်းက ပညာရှင်များနဲ့ မြို့လယ်နမ့်လတ်ချောင်းတံတား၊ ကမ်းနှစ်ဖက်ဝဲယာကို ကွင်းဆင်းတိုင်းတာ စိစစ်တွက်ချက်စဉ်မှာ ကမ်းတစ်ဖက် ပေ(၈၀၀)စီဖြင့် ကမ်းနှစ်ဖက်ပေ(၁၆၀၀)ပေကို မြေထိန်းနံရံတည်ဆောက်ခြင်း၊ ချောင်းပိုင်း သဲနုန်းတူးဖော်ခြင်း၊ ရေတားတမံငယ် Weirငယ်တစ်ခု တည်ဆောက်ခြင်းအတွက်

အကြမ်းဖျင်းတွက်ချက်ကုန်ကျစရိတ်ငွေ ကျပ်သန်း(၂၀၀)ခန့် ကုန်ကျနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများရဲ့ တွက်ချက်မှုအရ သိရှိခဲ့ရပါတယ်။ အခုချိန်မှာ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ကျပ်သိန်း(၁၀၀)ခန့်ထုတ်ယူပြီးမှ ဒီချောင်းရဲ့ အလယ်မှာရှိတဲ့ ကျွန်းမျောတွေကို တူးဖော်ခြင်း၊ ဆယ်ယူခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အထက်တင်ပြပါ မြေထိန်းနံရံတည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ရေတား တမံငယ် Weirငယ်တစ်ခု တည်ဆောက်ခြင်းများကြောင့် မြို့ရေပေးဝေရေးတွင် များစွာ ထိရောက်လာနိုင်ပြီး၊ မြေထိန်းနံရံများအား မြို့လယ်တံတားအနီး မြို့ရေပေးဝေရေး နေရာ ရေစက်အနီးတည်ရှိသဖြင့် ရေစုဆောင်းမှုများ များပြားလာနိုင်သကဲ့သို့ Weir တည်ဆောက် ထားသဖြင့် စနစ်တကျရေထိန်း၊ ရေလွှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ချောင်းသန့်ရှင်း ရေး၊ ရေငုတ်လှျိုများ၊ ရေငုတ်ဂူများ သန့်ရှင်းရေးတွင် ယခင်နှစ်များကဲ့သို့ အင်အားသုံး သန့်ရှင်းရေး ဆောင်ရွက်စရာမလိုဘဲ အလွယ်တကူ ရှင်းလင်းနိုင်ခြင်း၊ မိုးများသည့်ကာလတွင် မြေထိန်းနံရံတည်ဆောက်ထားခြင်းကြောင့် ချောင်းရေတိုက်စားမှု ကာကွယ်နိုင်ပြီး မိုးများ သည့်ကာလတွင် ရေကြီး၊ ရေလျှံမှုမဖြစ်အောင် ကြိုတင်ကာကွယ်ပြီး ဆောင်ရွက်မှုများ ဖြစ်စေခြင်းစသော အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နမ့်စန်မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ့်လတ်ချောင်း မြေထိန်း နံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ချောင်းပိုင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ Weir တည်ဆောက် ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ရေး အနီးကပ်ဆုံးဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအား မြို့နေပြည်သူလူထုများကိုယ်စား ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရသို့ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။

ဒုတိယမေးမယ့်မေးခွန်းကတော့ နမ့်စန်မြို့နယ်နှင့်ထိစပ်လျက်ရှိသော လွိုင်လင် တောင်ကြောပေါ်ရှိ ရေထွက်များတွင် တောခုတ်၊ တောင်ယာချဲ့ထွင်သဖြင့် ရေထွက်များ လျော့နည်းပပျောက်လာသဖြင့် ကျန်ရှိသောရေထွက်နေရာနှင့် အနီးတစ်ဝိုက် တောခုတ်ထွင် ရှင်းလင်းမှု မရှိစေရေး၊ အမြန်ရှင်သန်ဖြစ်ထွန်းစေသည့် နှစ်ရှည်ပင်များပြုစုပျိုးထောင် ပြန်လည် စိုက်ပျိုးစေရေးနှင့် ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကနေတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နမ့်စန်မြို့နယ်မှာ အဓိကကျတဲ့ အသက်သွေးကြောသဖွယ်ဖြစ်တဲ့ နမ့်လတ်ချောင်းရေဟာ မိုးရာသီ မိုးရွာသွန်းချိန်တွင် ရေများချိန်မှလွဲပြီး ဆောင်းရာသီနှင့်

နွေအစမှ စတင်ချောင်းရေနည်းပါးလာပြီး နွေအလယ် မတ်၊ ဧပြီ၊ မေလများမှာတော့ ရေဟာ စိုးရိမ်ဖွယ်ရာ ခြေမျက်စေ့သာသာလောက်သာ စီးဆင်းပြီး နမ့်လတ်ချောင်းရေကို မှီခိုသူ ဒေသခံပြည်သူများအဖို့ ရေအခက်အခဲကို ကြုံတွေ့လာခဲ့ရပြီဖြစ်ပါတယ်။

ဒီအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရပေမဲ့ ၂၀၁၈ခုနှစ်ကထက် ယခု ၂၀၁၉ခုနှစ်မှာ ပိုမိုစိုးရိမ်ဖွယ်ရာဖြစ်ပေါ်ခဲ့လို့ (၂၃.၅.၂၀၁၉)ရက်နေ့မှာ ကျွန်တော်အပါအဝင် မြို့နယ် အုပ်ချုပ်ရေး၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ၊ လှိုင်လင်ခရိုင်ဆည်မြောင်း SAE၊ မြို့နယ်သစ်တောတာဝန်ခံနှင့် အဖွဲ့ဝင်၊ ဒေသခံ ရပ်မိရပ်ဖများ လိုက်ပါလျက် နမ့်စန်မြို့နယ်၊ အနောက်ဘက်နမ့်စန်မြို့မှ (၁၅)မိုင်ခန့်အကွာ နမ့်လတ်ချောင်းထဲသို့ စီးဝင်သည့် ရေထွက်များ ရှိရာ နေရာများသို့ ဝမ်ပိန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် ကွင်းဆင်း ကြည့်ရှုရာမှာ ယခင်က အဆိုပါတောင်ကြောများရှိ ရေထွက်များမှ ရေများသည် ချောင်းငယ်လေးများဖြင့် ချောင်းအတွင်းသို့ စီးဝင်ခြင်း၊ ရေထွက်အားကောင်းသဖြင့် ဝမ်ပိန်းရွာ ရေအားလျှပ်စစ် ၅၀ ကီလိုဝပ် (၂)လုံး လည်ပတ်နိုင်ပြီး ဝမ်ပိန်း၊ ကုန်းညို့ကျေးရွာများသို့ လျှပ်စစ်မီးပေးနိုင် ခြင်းများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါ အဆိုပါတောင်ကြောတစ်လျှောက်တွင် ရေထွက်နှင့် အနီးအနားရှိ ရွာများမှ ဒေသခံပြည်သူများက ရေထွက်အပေါ်အနီးတစ်ဝိုက်တွင် တောင်ယာသစ်ခုတ်ထွင် ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ မြေပြင်ခြင်းများ ဆောင်ရွက်ခြင်း များလာသဖြင့် ရေထွက်များမှ ချောင်းအဖြစ်စီးဆင်းနိုင်မှု ပမာဏနည်းပါးလားပြီး အချို့မှာ ရေများ ပြန်လည်ငုတ်လျှိုးပျောက်ကွယ်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

အဆိုပါရေထွက်နည်းပါးမှု ရေငုတ်လျှိုးမှုတို့ကြောင့် ဝမ်ပိန်းရွာရေအားလျှပ်စစ်မှ ညအချိန် ၅၀ကီလိုဝပ် (၁)လုံးသာ လည်ပတ်နိုင်ပြီး လျှပ်စစ်မီးရရှိမှု နည်းပါးလာသကဲ့သို့ နမ့်စန်မြို့နယ်၊ ဝမ်ပိန်းအုပ်စု၊ အမှတ်(၅)အုပ်စုနှင့် မြို့ပေါ်(၅)ရပ်ကွက်တို့ အားထားရာ နမ့်လတ်ချောင်းရေဟာလည်း စိုးရိမ်ဖွယ်ရာများစွာ လျော့နည်းလာခဲ့ပြီး ဖြစ်ပါတယ်။ တစ်ဘက်ကဒေသခံ တောင်သူတွေကလည်း ဝမ်းရေးအတွက် လစ်လပ်တဲ့ မြေလွတ်မြေရိုင်း တွေ ကြိုးပြင်တောရိုင်းတွေကို တောင်ယာအဖြစ် မသိနားမလည်စွာ ခုတ်ထွင်ရှင်းလင်းပေမဲ့ တစ်ဘက်က ဘေးထွက်ဆိုးကျိုးများစွာ ရှိနေခဲ့တာကြောင့် အခုလိုမိုးရာသီအစမှ ပြန်လည် ကုစားဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။

ဒီတောင်ယာခုတ်ထွင်မှုကို တားမြစ်ဖို့ တောင်ယာသစ်များမှာ ကုန်ဆုံးသွားတဲ့ သစ်ပင်နေရာတွေမှာ အစားထိုးပြန်လည်စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ခရိုင်၊ မြို့နယ်များရဲ့ အုပ်ချုပ်ရေးဆိုင်ရာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများမှ သက်ဆိုင်ရာနယ်မြေသို့ ကွင်းဆင်း၍ သက်ဆိုင်ရာ ဌာနများရဲ့ တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ ညွှန်ကြားချက်များကို

တောင်ယာခုတ်ထွင်သည့် ဒေသခံတောင်သူများကို ပညာပေးရှင်းလင်း ဆွေးနွေး ဟောပြောခြင်းများ ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွိုင်လင်မြို့နယ်၊ တောင်နောက်အုပ်စု၊ လွိုင်လင်တောင်ကြောတစ်လျှောက်ရှိ အဖိုးတန်ရေထွက်များ ရေထွက်လျော့နည်းခြင်း၊ ငုတ်လျှိုးပျောက်ကွယ်ခြင်း မရှိစေရေးအတွက် အောက်ပါအတိုင်း သိရှိလိုပါသည်–

(က) နမ့်စန် မြို့နယ်နှင့်ထိစပ်လျက်ရှိသော လွိုင်လင်တောင်ကြောပေါ်ရှိ ရေထွက်များတွင်တောခုတ် တောင်ယာသစ်ချုံ့ထွင်မှုများ ဆောင်ရွက်နေသည့် ဒေသခံတောင်သူများအား ဥပဒေနှင့်အညီတားမြစ်နိုင်ရေး၊ ပညာပေးရှင်းလင်းဆွေးနွေးဟောပြောခြင်းများအား သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်သွားရန် ညွှန်ကြားထားခြင်း ရှိ/ မရှိ။

(ခ) အဆိုပါ ပြုန်းတီးသွားသည့် တောင်ယာများအား အမြန်ရှင်သန် ဖြစ်ထွန်းစေသည့် နှစ်ရှည်ပင်များ ပြုစုပျိုးထောင်၍ ပြန်လည်စိုက်ပျိုးစေရေး ညွှန်ကြားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ရှိသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် နမ့်စန်မြို့နယ် ဝမ်နောင်ကျေးရွာအုပ်စုနှင့် လွိုင်လကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နမ့်စန်မြို့နှင့် ခိုလမ်မြို့ပေါင်းလျှင် ရပ်ကွက်(၁၁)ခု ကျေးရွာအုပ်စုပေါင်း (၂၀)ခုရှိပြီး ရှမ်းပြည်နယ်ရဲ့ အရှေ့အလယ်ပိုင်းဒေသမှာ အချက်အချာကျတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ လွိုင်လင်ခရိုင်နဲ့ လင်းခေးခရိုင်ထဲ အထူးစည်ပင်ဖွံ့ဖြိုးဆုံး မြို့နယ်လေးတစ်မြို့ ဖြစ်လာပြီဖြစ်ပါတယ်။

သို့ရာတွင်နမ့်စန်မြို့နယ်ထဲက တင်ပြပါဝမ်နောင်ကျေးရွာအုပ်စုနဲ့ လွိုင်လကျေးရွာအုပ်စုများဟာ ယနေ့အချိန်အထိတော့ စည်ပင်ဖွံ့ဖြိုးမှု နောက်ကျစွာ ကျန်ရစ်ခဲ့ပါတယ်။ နမ့်စန်နဲ့ခိုလမ်မြို့ပြများဟာ ၂၀၁၀ခုနှစ် နောက်ပိုင်းမှာ တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးစည်ပင်လာခဲ့ပေမဲ့ အဲ့ဒီအုပ်စု(၂)စုကတော့ အထီးကျန်စွာ ကျန်ရစ်နေဆဲ ဖြစ်ပါတယ်။ အကြောင်း

ကတော့ နယ်မြေဒေသလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကြောင့်ပါပဲ။ နှစ်ပေါင်းများစွာကတည်းက နိမ့်ကျကျန်ရစ်ခဲ့တဲ့ ဝမ်နောင်ကျေးရွာအုပ်စုမှာဆိုရင် ကျေးရွာပေါင်း(၁၆)ရွာ၊ လူဦးရေ (၂၉၀၄)ဦးရှိပြီး လွိုင်လကျေးရွာအုပ်စုမှာဆိုရင် ကျေးရွာပေါင်း (၈)ရွာ၊ လူဦးရေ (၁၄၂၂)ဦး ရှိပါတယ်။

(၂၆.၅.၂၀၁၉)ရက်နေ့မှာ ကျွန်တော်နှင့်အတူ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ၊ ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူးဖြစ်သူ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းခမ်းမြတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူးတို့နှင့် ဒေသခံရပ်ကျေး အုပ်ချုပ်ရေးမှူး၊ ဥက္ကဋ္ဌများဟာ အဆိုပါ ဝမ်နောင်နှင့် လွိုင်လအုပ်စု ဒေသခံတိုင်းရင်းသားများရဲ့ ဖိတ်ခေါ်ပန်ကြားချက်အရ အဲ့ဒီနယ်မြေထဲကို ကွင်းဆင်းဝင်ရောက်ခဲ့ပါတယ်။ ဝမ်နောင်ကျေးရွာဟာ နမ့်စန်မြို့ကနေ မိုင်(၂၀)ခန့်အကွာရှိပြီး လွိုင်လကျေးရွာကတော့ (၂၈)မိုင်ခန့် ကွာဝေးပါတယ်။ အဓိကအုပ်စုရွာများဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနဲ့ သောက်သုံးရေရရှိရေးအတွက် အုပ်စု (၂)ခုစလုံးက ကျေးရွာများမှာ ကြုံတွေ့နေရပါတယ်။ ပညာရေးနှင့် ပတ်သက်လို့ မိဘတွေက ကလေးတွေကို စာတတ်စေချင်လို့ တတ်နိုင်တဲ့လူတွေက မြို့ပေါ်မှာ ငွေကုန်ကြေးကျခံပြီး ပညာသင်စေသလို မတတ်နိုင်တဲ့သူကတော့ ရွာအစီအစဉ်နဲ့ဖွင့်တဲ့ ကျောင်းလေးမှာဘဲ ရွာကခန့်တဲ့ ဆရာ/ ဆရာမနဲ့ စာသင်နေကြရပါတယ်။ အဲ့ဒီကျောင်းတွေက ပညာရေးဌာနအမည် မပေါက်တဲ့ ကျောင်းတွေဖြစ်ပါတယ်။

ကျန်းမာရေးဆိုရာမှာတော့ မိုင်ပေါင်းများစွာဝေးတဲ့ နမ့်စန်မြို့ကိုပဲ ခက်ခက်ခဲခဲ လာရောက် ကုသနေကြရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကတော့ နမ့်စန်-မိုးနဲလမ်းမကနေ ဝမ်နောင်ရွာအထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေ မြို့နယ်တွင်းလမ်းအဖြစ် နမ့်စန်-ဝမ်နောင်လမ်း အမည်ဖြင့် (၁၂)ပေအကျယ် ကတ္တရာလမ်း(၁၀)မိုင်ခန့်နှင့် ကျောက်ချောလမ်း အပိုင်း(၁၀)မိုင်ခန့်ရှိပြီး ကျောက်ချောလမ်းအားလုံးဟာ နှစ်ကာလကြာပြီဖြစ်လို့ အပေါ်ယံလွှာများပျက်စီးပြီး လမ်းကြမ်းလာပြီ ဖြစ်ပါတယ်။ ကျန်တဲ့မြေသားလမ်းအပိုင်းကတော့ မိုးရာသီမှာ သွားလာဖို့ အခက်ခဲဆုံး ဖြစ်ပါတယ်။ ကျေးရွာအားလုံး လျှပ်စစ်မီးကိုတော့ တစ်ပိုင်တစ်နိုင် ဆိုလာမီးစက်ငယ်များနဲ့ ဖန်တီးရယူထားပေမဲ့ ခက်ခဲမှုများစွာ ရှိနေပါတယ်။ သောက်သုံးရေကတော့ လွိုင်လအုပ်စု၊ လွိုင်လရွာက အခက်ခဲဆုံးဖြစ်ပါတယ်။ မိုးရာသီမှာ ရွာကနေ (၂)မိုင်လောက်ဝေးတဲ့ တောနက်ထဲက ရေအိုင်ကို လက်ယက်ကန်အဖြစ် အသုံးပြုပြီး

ရတဲ့ရေကို မိုးပြတ်ချိန်မှာ သောက်သုံးရေအဖြစ် အသုံးပြုနေရသလို မိုးကုန်လို့ ဆောင်းနဲ့ နွေရောက်ရင်တော့ ရေကို မိုင်ပေါင်းများစွာ ဝေးတဲ့နေရာအထိ နည်းမျိုးစုံနဲ့ သွားရောက် သယ်ယူနေကြတာကို ကွင်းဆင်းချိန်မှာ ကိုယ်တိုင်တွေ့ရှိခဲ့ရသလို ဒေသခံတိုင်းရင်းသား များရဲ့ တင်ပြချက်အရ သိရှိခဲ့ရလို့ များစွာကရုဏာသက်မိပါတယ်။

Power Pointဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ နမ့်စန်မြို့နယ်မြေပုံဖြစ်ပါတယ်။ ဝမ်နောင် ကျေးရွာအုပ်စုနဲ့ လွိုင်လကျေးရွာအုပ်စုမြေပုံဖြစ်ပါတယ်။ စောစောကတင်ပြခဲ့တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဌာနဆိုင်ရာများ ပြည်သူများရဲ့ ဖိတ်ကြားချက်အရ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့တာဖြစ်ပါတယ်။ လွှတ်တော်ရန်ပုံငွေဖြင့် ကျွန်တော်တို့မှ ပံ့ပိုးကူညီပေးထားတဲ့ တံတားငယ်ဖြစ်ပါတယ်။ ဒေသခံတောင်သူများ သူတို့အစီအစဉ်ဖြင့် လက်ယက်တွင်းဆောက်လုပ်ထားတာဖြစ်တဲ့အတွက် တောင်ကျရေကျလာလို့ ရေရရှိရင် အဆင်ပြေအောင် လွှတ်တော်ရန်ပုံငွေဖြင့် ကူညီပံ့ပိုးပေးထားပြီး တူးပေးထားတဲ့ ရေကန် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက သောက်သုံးဖို့ အသုံးပြုနေတဲ့ ရေကန်ကို ကျွန်တော်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာကျေးရွာ ဒေသခံတွေနဲ့ သွားရောက် ကြည့်ရှုနေတာ ဖြစ်ပါတယ်။

ဒီလိုအခက်အခဲတွေ ရင်ဆိုင်နေရတဲ့ ဝမ်နောင်နဲ့ လွိုင်လကျေးရွာ ဖေးမကူညီ ဖြည့်ဆည်းပေးလိုစိတ်၊ ၎င်းဒေသ တစ်ဖြည်းဖြည်းအေးချမ်းပြီး အခြားကျေးရွာအုပ်စု၊ မြို့ပြ များလို ဖွံ့ဖြိုးတိုးတက်လာစေလိုတဲ့ ဒေသခံတိုင်းရင်းသားများရဲ့အဖြစ်ကို သိရှိစေဖို့ ရှမ်း ပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၈ခုနှစ်က ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့ဖူးပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နောက်ပိုင်းကနေစပြီး NCA– Nationwide Ceasefire Agreement စာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ငြိမ်းချမ်းမှု အထိုက်အလျောက် ရရှိလာခဲ့သလို JMS– Joint Monitoring Committee နဲ့ State levelမှာ အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်နေကြပြီဖြစ်လို့ နယ်မြေငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ အနာဂတ်ဘဝများစွာအတွက် ရှေးရှုပြီး အဆိုပါနမ့်စန်မြို့နယ်၊ ဝမ်နောင်ကျေးရွာအုပ်စု နှင့် လွိုင်လကျေးရွာအုပ်စုအတွင်း ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအကောင် အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် တာဝန်ရှိသူများက ထိတွေ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်မည့်ကာလနှင့် မရှိပါက မည်သည့် အချက်များကြောင့် ဖြစ်သည်ကို ဖြေကြားပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဒေသခံပြည်သူလူထုကိုယ်စား ကြယ်ပွင့်ပြ

မေးခွန်းအား ရှိသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း**ဝန်ကြီးက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ထပ်ဆင့်နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မေးမြန်းတဲ့ ပထမမေးခွန်းဖြစ်တဲ့ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့ရှိ မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ့်လတ်ချောင်းမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ချောင်းပိုင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ရေတားတမံငယ် Weir တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေး အနီးကပ်ဆုံး ဘဏ္ဍာရေးနှစ်တွင်လျာထားဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး လွိုင်လင်ခရိုင်၊ နမ့်စန်မြို့ရှိ မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ့်လတ်ချောင်း မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ချောင်းပိုင်းသဲနုန်းတူးဖော်ခြင်း လုပ်ငန်း၊ ရေတားတမံနှင့် Weir တည်ဆောက်ခြင်း လုပ်ငန်းများအနက် သောက်သုံးရေ ရရှိရေးလုပ်ငန်းအတွက် ဦးစားပေးဖြစ်သော အကျယ်(၄၅)ပေ၊ အမြင့်(၂)ပေရှိ ရေတားတမံငယ်အား ဆောင်ရွက်ပါက ငွေကျပ်သန်းပေါင်း (၁၈)သန်း ခန့်ကုန်ကျမည်ဖြစ်ပြီး အဆိုပါ ရေတားတမံငယ် တည်ဆောက်ပေးရန်အတွက် နမ့်စန်မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေးဆောင်ရွက်ရန် တင်ပြလာပါက သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားပေးနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်ရှိသည့် လုပ်ငန်းများဖြစ်သော နမ့်စန်မြို့လယ် နမ့်လတ်ချောင်းကူးတံတားအနီးရှိ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် နမ့်လတ်ချောင်းသဲနုန်းတူးဖော်ခြင်း လုပ်ငန်းတို့အား နမ့်လတ်ချောင်း ရေထိန်းသိမ်းရေး ကော်မတီအဖွဲ့မှ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပြီး အသေးစိတ်ကွင်းဆင်းတိုင်းတာ တွက်ချက်ခြင်းများ ဦးစွာဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လွိုင်လင်မြို့နယ်၊ တောင်နောက်အုပ်စု၊ လွိုင်လင်တောင်ကြောတစ်လျှောက်ရှိ အဖိုးတန်ရေထွက်များ ရေထွက်လျော့နည်းခြင်း၊ ငုတ်လျှိုးပျောက်ကွယ်ခြင်း

မရှိစေရေးအတွက်ဆိုပြီး (က)အနေဖြင့် နမ့်စန်မြို့နယ်နှင့်ထိစပ်လျက်ရှိသော လွိုင်လင်တောင်ကြောပေါ်ရှိ ရေထွက်များတွင်တောခုတ်၊ တောင်ယာသစ်ချုံ့ထွင်မှုများ ဆောင်ရွက်နေသည့် ဒေသခံတောင်သူများအား ဥပဒေနှင့် အညီတားမြစ်နိုင်ရေး၊ ပညာပေးရှင်းလင်းဆွေးနွေးဟောပြောခြင်းများအား သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်သွားရန် ညွှန်ကြားထားခြင်း ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး နမ့်စန်မြို့နယ်နှင့် ထိစပ်လျက်ရှိသော လွိုင်လင်တောင်ကြောသည် သစ်တောနယ်မြေ (ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော)အတွင်း ကျရောက်မှုမရှိဘဲ အစိုးရစီမံ ခန့်ခွဲပိုင်ခွင့်ရှိသည့် နယ်မြေအတွင်း ကျရောက်လျက်ရှိပြီး လွိုင်လင်တောင်ကြောပေါ်ရှိ သုဝဏ္ဏသျှန်ရေထွက်သည် ရေထွက်ပေါက်(၂)ခု(ခန့်မှန်းမြေပုံညွှန်း LC-502995၊ LC-501994) ရှိပါတယ်။ လွိုင်လင်တောင်ကြောပေါ်ရှိ ရေထွက်များနှင့် ကျန်ရေထွက် နေရာများသို့ စောစောက လွှတ်တော်ကိုယ်စားလှယ်တင်ပြသလို (၂၃-၅-၂၀၁၉) ရက်နေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ လွိုင်လင်ခရိုင်ဆည်မြောင်း SAE၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်သစ်တော တာဝန်ခံနှင့်အဖွဲ့၊ ဒေသခံရပ်မိရပ်ဖများ လိုက်ပါလျက် နမ့်စန်မြို့နယ် အနောက်ဘက် နမ့်စန်မြို့မှ (၁၅)မိုင်ခန့်အကွာ နမ့်လတ်ချောင်းထဲစီးဝင်သည့် ရေထွက်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ရေထွက်များမှ ရေများသည် ယခင်က ရေထွက်အားကောင်းသဖြင့် ဝမ်ပိန်းရွာရေအားလျှပ်စစ် ၅၀ ကီလိုဝပ် (၂)လုံး လည်ပတ်နိုင်ပြီး ဝမ်ပိန်းအုပ်စု၊ ကုန်းညီရွာသို့ လျှပ်စစ်မီးပေးနိုင်ကြောင်း သိရှိရပါတယ်။ ယခုအခါ ရေထွက်ပတ်ဝန်းကျင် အနီးအနားရွာများမှ ဒေသခံပြည်သူများက ရေဝေရေလဲတောင်ကြော တစ်လျှောက်ရှိ သစ်ပင်များကို တောင်ယာခုတ်ထွင် ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ မြေပြင်ခြင်းများဆောင်ရွက်လာသဖြင့် ရေထွက်ပမာဏနည်းပါးလာကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဧရိယာတွင် တောခုတ်၊ တောင်ယာသစ်များ ဆောင်ရွက်နေသည့် ဒေသခံတောင်သူများအား ဥပဒေနှင့် အညီတားမြစ်နိုင်ရေး၊ ပညာပေး၊ ရှင်းလင်းဆွေးနွေးဟောပြောခြင်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများ ပါဝင်သော ကွင်းဆင်းအဖွဲ့များဖွဲ့စည်း၍ တစ်လလျှင်(၂)ကြိမ် ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာမှုမရှိသည့် တောင်သူများအား ကြေငြာချက်ထုတ်ပြန်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ရေထွက်တောများအား ဒေသခံအစုအဖွဲ့ဖြင့် ဧရိယာသတ်မှတ်၍ သက်ဆိုင်ရာ ကျေးရွာစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့်ကျေးရွာလူထု သဘောထားရယူ၍ လိုအပ်ပါက ဒေသန္တရအမိန့်ထုတ်ပြန်၍ လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော

တည်ဆောက်ခြင်းကိုလည်းကောင်း၊ ကျေးရွာလူထု၏ ထောက်ခံချက်ဖြင့် သစ်တောဦးစီး ဌာနမှ ၂၀၁၈ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် သစ်တောဥပဒေပုဒ်မ ၅ အရ အဆိုပါ နေရာအား ဧရိယာသတ်မှတ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ဖွဲ့စည်း၍လည်းကောင်း ထိန်းသိမ်းကာကွယ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ရေထွက်များထိန်းသိမ်း ခြင်းနှင့် သစ်တောသစ်ပင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းအား ကျေးလက်ပြည်သူ ဒေသခံများ၏ အင်အားရယူ၍ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

လွိုင်လင်တောင်ကြောနှင့် ဆက်စပ်လျက်ရှိသော နမ့်စန်မြို့နယ်၊ မိုင်းဖိတ်၊ ဟိုရမ်း၊ ဝမ်ပိန်းနှင့် ဘန့်တပ်ကျေးရွာအုပ်စုများအတွင်းရှိ ရေထွက်များ လျော့နည်းပပျောက်မှု မရှိစေ ရန်၊ ရေထွက်များထိန်းသိမ်းရာတောင်များသို့ ပြုန်းတီးမှုမရှိစေရန်နှင့် သစ်တောများ ထိန်းသိမ်းရန်အတွက် ရွှေ့ပြောင်းတောင်ယာများပပျောက်စေရန်လည်းကောင်း၊ Sustainable Agriculture ဖြစ်ပေါ်စေရန်အတွက် Agroforestry သီးနှံ သစ်တောရောနှောစိုက်ခင်းများ စိုက်ပျိုးခြင်း၊ Soil conservation မြေဆီလွှာထိန်းသိမ်းခြင်း၊ Green water management စသော အကြောင်းအရာများကို ပညာပေးဆွေးနွေးပွဲများပြုလုပ် ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတောင်သူများအား အသိပညာပေး ဟောပြောပွဲများပြုလုပ်ရန် သက်ဆိုင်ရာဌာန များသို့ ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ဒုတိယမေးခွန်းနှင့် ဆက်စပ်ပြီး မေးခွန်း(ခ)ဖြစ်တဲ့ ပြုန်းတီးသွားသည့် တောင်ယာများအား အမြန်ရှင်သန် ဖြစ်ထွန်းစေသည့် နှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လူမှုရေး အသင်းအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ယခုနှစ် မိုးရာသီမှစ၍ သစ်တောဦးစီးဌာနမှ နှစ်ရှည်ပျိုးပင်များအား ဖြန့်ဝေပေးပြီး ရေတိုရေရှည် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောပြုန်းတီးမှု များကို လျှော့ချနိုင်ရေးအတွက် နမ့်စန်မြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲမှုမရှိဘဲ ထင်းအဓိက ထားသုံးစွဲနေရသော ကျေးရွာများကို စိုက်ပျိုးရေးဦးစီးဌာနမှ စွမ်းအားမြင့် မီးဖိုများဖြန့်ဖြူး နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဒါ့အပြင် ၎င်းအုပ်စုများ စိမ်းလန်းစိုပြေစေရန် ကုက္ကိုပင်များ စိုက်ပျိုးရန်မျိုးစေ့များ စုဆောင်းခြင်း၊ စိုက်ပျိုးရန်အတွက် ဒေသအုပ်ချုပ်ရေးမှူးများဖြင့် ညှိနှိုင်းလျက်ရှိသည့်အပြင် လက်ဖက်ပင်များ စိုက်ပျိုးရန် အတွက်လည်း ပျိုးပင်(၁၀၀၀၀)ပျိုးထောင်ထားပြီး ဖြစ်ပါကြောင်းကို လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး မေးခွန်း(ဂ)ဖြစ်တဲ့ နမ့်စန်မြို့နယ်၊ ဝမ်နောင်ကျေးရွာ အုပ်စုနှင့် လွိုင်လကျေးရွာအုပ်စုအတွင်း ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေး

လုပ်ငန်းများ ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် တာဝန်ရှိသူများက ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်မည့်ကာလနှင့် မရှိပါက မည်သည့်အချက်များကြောင့် ဆောင်ရွက်မပေးနိုင်သည်ကို သိရှိလိုပါသည် မေးခွန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းပြန်လည်ဖြေကြားအပ်ပါတယ်။

နမ့်စန်မြို့နယ်၊ ဝမ်နောင်ကျေးရွာအုပ်စုသည် နမ့်စန်မြို့မှ မိုင်(၂၀)ခန့်အကွာအဝေးတွင်ရှိပြီး အိမ်ခြေ(၅၇၁)၊ အိမ်ထောင်စု(၅၇၁)၊ လူဦးရေ(၂၉၀၅)၊ ကျေးရွာပေါင်း (၁၆)ရွာဖြင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ လွိုင်လကျေးရွာအုပ်စုသည် နမ့်စန်မြို့မှ(၂၈)မိုင်ခန့် အကွာတွင်ရှိပြီး အိမ်ခြေ(၃၂၂)၊ အိမ်ထောင်စု(၃၂၂)၊ လူဦးရေ(၁၄၂၂)၊ ကျေးရွာပေါင်း (၈)ရွာနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း (၁၂၄)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုးကျောင်းများမှ အခြေခံပညာမူလတန်းကျောင်းခွဲအဖြစ် တင်ပြလာသဖြင့် အမကခွဲ(၃)ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သောကြောင့် စုစုပေါင်း(၁၂၇)ကျောင်းဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

ဝမ်နောင်နှင့်လွိုင်လကျေးရွာအုပ်စုများတွင် ကျေးရွာအစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုးကျောင်းများဖွင့်လှစ်ထားရှိသော်လည်း အခြေခံပညာကျောင်းများ ဖွင့်လှစ်ခွင့်ရရှိရေးနှင့် အဆင့်တိုးမြှင့်နိုင်ရေးတို့အတွက် ကျေးရွာမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာကော်မတီများ၊ ကျေးရွာသူ/ ကျေးရွာသားများမှ မြို့နယ်ပညာရေးဌာန၏ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ ကိုယ်အားကိုယ့်ကိုးကျောင်းများနှင့် ကျောင်းဖွင့်လှစ်လိုသော ကျေးရွာများမှ အဆင့်တိုးမြှင့်ခွင့် တင်ပြလာပါက ပညာရေးဌာနမှ ကွင်းဆင်းစိစစ်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး နမ့်စန်မြို့နယ်အတွင်းရှိ ဝမ်နောင်နှင့်လွိုင်လကျေးရွာအုပ်စုများတွင် ဒေသအခြေအနေအရ ကျန်းမာရေးဌာနများ ဖွင့်လှစ်နိုင်ခြင်းမရှိသော်လည်း မြို့နယ် ပြည်သူ့ကျန်းမာရေးဌာန၏ အစီအစဉ်ဖြင့် တစ်နှစ်လျှင်(၃)ကြိမ် ကာကွယ်ဆေးထိုးခြင်းနှင့် ကွင်းဆင်းကုသခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ်အတွင်း မတ်လနှင့်ဧပြီလများတွင် ဝက်သက်ရောဂါ ဖြစ်ပွားမှုအခြေအနေအရ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အသက်(၁၅)နှစ်အောက် ကလေးများအား ကွင်းဆင်းကုသခြင်း (၃)ကြိမ်၊

ငှက်ဖျားနှင့် သွေးလွန်တုတ်ကွေး ရောဂါကာကွယ်ရေးအတွက် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဌာန၏ အစီအစဉ်ဖြင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။

ဝမ်နောင်နှင့် လွိုင်လကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုတိုးတက်စေရန်အတွက် ရွာလူကြီးများ၊ ရွာသူ/ ရွာသားများနှင့် ညှိနှိုင်းပြီး ဝမ်နောင်အုပ်စု၊ ကုန်းကျိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ဝမ်နောင် နှင့်လွိုင်လကျေးရွာအုပ်စုများသည် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ရမည့် ဇရိယာအတွင်း ပါဝင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းလျာထားမှုစာရင်းတွင် ပါဝင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်၊ ဝမ်နောင်ကျေးရွာအုပ်စု၊ ဝမ်နောင်ကျေးရွာသို့ (၆၆)ကေဗွီ နမ့်စန်ဓာတ် အားခွဲရုံမှ (၆၆)ကေဗွီလိုင်း(၂၀)မိုင်၊ ဝမ်နောင်ကျေးရွာတွင် (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ခွဲရုံ(၁)ရုံတည်ဆောက်ခြင်းလုပ်ငန်းအား (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သောက်သုံးရေ ရရှိစေရေးအတွက်လည်း ကွင်းဆင်းစစ်ဆေးစေပြီး ဆောင်ရွက်ပေးနိုင်မယ့်လုပ်ငန်းများကို ဌာနရဲ့ ဘဏ္ဍာရေးနှစ် တွေမှာ လျာထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ သို့ဖြစ်ပါ၍ နမ့်စန်မြို့နယ်၊ ဝမ်နောင်နှင့် လွိုင်လကျေးရွာ အုပ်စုများရှိ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူ များအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်စေရေး ကွင်းဆင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသည့် ရွေးကောက်ခံ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပါဝင်သော အဖွဲ့များဖြင့် (၂)လတစ်ကြိမ်ကွင်းဆင်း နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအိုက်ခမ်းလှိုင်က မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းယောင်း

မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ပထမမေးခွန်းကတော့ မိုင်းယောင်း မြို့နယ်ပါမုန်ကျေးရွာ၊ နားဖန်းကျေးရွာ၊ ယမ်းမွန်းကျေးရွာနှင့် ဟိုရမ်းကျေးရွာသို့ ကျေးလက်လမ်းကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယောင်းမြို့နှင့် ဆက်သွယ်ထားသော မိုင်းယောင်း- ပါမုန်- နားဖန်း- ယမ်းမွန်း- ဟိုရမ်းလမ်းသည် တကယ်အရေးကြီးတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ဒီလမ်းက ၄ မိုင် ၃ ဖာလုံခန့်ရှိပြီး မြေသား လမ်းနှင့် ကျောက်ကြမ်းလမ်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ၄.၃၃၅ ဖာလုံဟာကတ္တရာလမ်းခင်းပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၃မိုင် ၆.၆၅ ဖာလုံဟာ မြေသားလမ်းနှင့် ကျောက်ကြမ်းလမ်းဖြစ်ပါတယ်။ မိုးတွင်းအချိန်မှာ ဒေသခံပြည်သူများ သွားရေးလာရေး အခက်အခဲများ ကြုံတွေ့ရပါတယ်။ ပညာရေးကဏ္ဍမှာပင် အလယ်တန်း၊ အထက်တန်း ကျောင်းသား/ ကျောင်းသူများကလည်း ကျေးရွာများမှ မြို့ပေါ်သို့ လာရောက်၍ ပညာသင်ကြားနေရပါတယ်။ ထို့ပြင် ကျေးလက်ဒေသခံပြည်သူများကလည်း စိုက်ပျိုးထားသော သီးနှံများကို ကျေးရွာမှ မြို့ပေါ်သို့ လာရောက်ရောင်းချနေရတဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် သွားလာမှုအခက်အခဲများ ကြုံတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ဒီလမ်းကို ဒေသခံပြည်သူများ၊ ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမ ဝန်ထမ်းများ အသုံးပြုနေကြရပါတယ်။ ဒေသခံပြည်သူများ ကျောင်းသား/ကျောင်းသူများ၊ ဝန်ထမ်းများ သွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် မြေသားလမ်းနှင့် ကျောက်လမ်းများမှ ကတ္တရာလမ်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကတော့ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးကျေးရွာအုပ်စုနှင့် ဝမ်မန်းကျေးရွာအုပ်စု ကျေးရွာအုပ်စုချင်းဆက်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးကျေးရွာ၊ ဝမ်မန်းကျေးရွာ၊ ဝမ်တုံကျေးရွာ၊ ကော်လုန်းကျေးရွာ၊ ဝိန်းကျိုင်းကျေးရွာနှင့် ဝမ်ခိုးကျေးရွာများ ရွာချင်းဆက်ထားတဲ့ မြေသားလမ်း (၈)မိုင် (၄)ဖာလုံ ရှိပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀၁၇-၂၀၁၈ခုနှစ်၊ ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာရေးရန်ပုံငွေကို ကျေးလက်လမ်း ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ကျောက်ချောလမ်း (၂)မိုင်ရှိပြီး ကျန်ရှိသော (၆)မိုင်

(၄)ဖာလုံမှာ မြေသားလမ်းဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုများမှာ မိုးတွင်းကာလ သီးနှံကိုသာ အဓိကထားပြီးစိုက်ပျိုး လုပ်ကိုင်စားသောက်ကာ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေရသော ဒေသဖြစ်တယ်။ မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိပါက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစများမှာများစွာထိခိုက်နစ်နာကြရပြီး စိုက်ပျိုးထားသော သီးနှံစရိတ်များကိုလည်း နစ်နာဆုံးရှုံးခဲ့ကြရပါတယ်။ စိုက်ပျိုးထားသော သီးနှံများကို ရွာမှမြို့သို့ သယ်ယူစရိတ်ထက် ပိုမိုများပြားကုန်ကျခံရခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် နှစ်ပေါင်းများစွာ ဒေသခံများ မျက်စိပိတ်၊ နားပိတ်နေရသော လမ်းပန်းဆက်သွယ်ရေး အခက်အခဲကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဖြေရှင်းပေးသင့်ပါသည်ဟု ယုံကြည်ရပါတယ်။

ကျောက်ချောလမ်းခင်းပေးမည်ကို လူထုအကျိုးပြုမှုအများအပြားရှိပါတယ်လို့လည်း ယုံကြည်ရပါတယ်။ သို့ဖြစ်ပါ၍ ကျန်ရှိသော မြေသားလမ်း (၆)မိုင် (၄)ဖာလုံကို ကျောက်ချော လမ်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်။ ရှိပါက ဘယ်ခုနှစ်၊ ဘယ် ရန်ပုံငွေဖြင့် ပြုလုပ်ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် မရှိသလဲကို သိရှိလိုပါသဖြင့် ကျွန်တော်လူထုကိုယ်စား ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးအိုက်ခမ်းလှိုင်ရဲ့ မေးခွန်း(၂)ခုကို တစ်ဆက်တည်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းက မိုင်းယောင်းမြို့နယ်၊ မိုင်းယောင်း– ပါမုန်ကျေးရွာ၊ နားဖန်းကျေးရွာ၊ ယမ်းမွန်းကျေးရွာနှင့်ဟိုရမ်းကျေးရွာချင်းဆက် မြေသားလမ်းနှင့် ကျောက်ကြမ်းလမ်း (၄)မိုင် (၃)ဖာလုံ မြေသားလမ်းနှင့် ကျောက်ကြမ်းလမ်းအား ကတ္တရာလမ်းအဖြစ် ဖောက်လုပ် ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုသည့်မေးခွန်းနဲ့ပတ်သက်ပြီး မိုင်းယောင်း မြို့နယ်၊ မိုင်းယောင်း– ပါမုန်– နားဖန်း– ယမ်းမွန်း– ဟိုရမ်းလမ်းသည် လမ်းဦးစီးဌာနပိုင် မိုင်းဖြတ်– မိုင်းယောင်း– မိုင်းယုလမ်း၏ မိုင်းယောင်း– မိုင်းယုလမ်းအပိုင်းမှ အတွင်းပိုင်း နားဖန်း ကျေးရွာသို့လည်းကောင်း၊ ၎င်းမှ မိုင်းယောင်း– မိုင်းယုလမ်းပေါ်ရှိ ဟိုရမ်းရွာသို့ လည်းကောင်း၊ ဆက်သွယ်ချိတ်ဆက်ထားသော Class A ဦးစားပေးအဆင့် ၃ ကျေးလက် လမ်းဖြစ်ပါတယ်။ ကျေးရွာ ၄ ရွာ၊ အိမ်ခြေ ၁၄၁၈ အိမ်နှင့် လူဦးရေ ၇၃၀၇ ဦးတို့ကိုအကျိုးပြုသော စုစုပေါင်း

လမ်းအရှည် ၄ မိုင်၊ ၃ ဖာလုံရှိတဲ့ ကျေးလက်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၀၇.၂၉သန်းဖြင့် ကတ္တရာလမ်း ၄.၃၃၅ ဖာလုံ တည်ဆောက်ပေးလျက်ရှိပါတယ်။ ကျန်ရှိသော ၃ မိုင်၊ ၆.၆၆၅ ဖာလုံအား ကတ္တရာလမ်းအဖြစ် ဆက်လက် ဖောက်လုပ်ပါက ခန့်မှန်း ကျပ် ၇၆၆ သန်းကျော်ခန့် ကုန်ကျနိုင်ပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်များအလိုက် ရန်ပုံငွေခွဲဝေမှုအရ မိုင်းယောင်းမြို့နယ်၏ ပါဝင်မှုအချိုးမှာ ၁.၈၆ % ဖြစ်ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုရရှိမှုများမှာ ယခင်နှစ်များတွင် နှစ်စဉ်စုစုပေါင်း ကျပ် ၂၆၅ သန်းခန့်ရရှိခဲ့ကြောင်းတွေ့ရပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိုင်းယောင်း မြို့နယ်၊ ခတ်လုံစေတီလမ်းကတ္တရာခင်းခြင်း လုပ်ငန်းများအတွက် ပြည်ထောင်စုမှ ကျပ် ၂၃၇ သန်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ် ၂၂၆ သန်း၊ စုစုပေါင်း ကျပ် ၄၆၃ သန်း လျာထား သတ်မှတ်ထားကြောင်း သိရှိရပါတယ်။ မေးခွန်းပါ မိုင်းယောင်း-နားဖန်း-ဟိုရမ်းလမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားတောင်းခံထားခြင်း မရှိသေးသည်ကို တွေ့ရှိရပါကြောင်းနှင့် မိုင်းယောင်းမြို့နယ်မှ ကျေးလက်လမ်းများအတွက် နှစ်စဉ်ရရှိနိုင်သည့် ဘဏ္ဍာရန်ပုံငွေ အခြေအနေအရ လတ်တလော အလိုအပ်ဆုံးလုပ်ငန်းများကို ဦးစားပေး အလိုက် စိစစ်ရွေးချယ်ကာ မြို့နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက လျာထားတောင်းခံလာပါက ဆက်လက်လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကို ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ ဒုတိယ မေးခွန်းကတော့ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုး၊ ဝမ်မန်း ၊ ဝမ်တ၊ ကော်လုန်း၊ ဝိန်းကျိုင်းနှင့် ဝမ်ခိုးကျေးရွာချင်းဆက် ကျန်ရှိနေသော မြေသားလမ်း (၆)မိုင် (၄)ဖာလုံ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါကမည်သည့်ခုနှစ်၊ မည်သည့် ရန်ပုံငွေဖြင့် ဖောက်လုပ်ပေးမည်နည်းနှင့် မရှိပါက အဘယ်ကြောင့် ဖောက်လုပ် မပေးနိုင်သည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုး ကျေးရွာအုပ်စုနှင့် ဝမ်မန်းကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဘိုး- ဝမ်တုံ- ကော်လုန်း- ဝိန်းကျိုင်း- ဝမ်ခိုကျေးရွာချင်းဆက်လမ်းသည် စုစုပေါင်းလမ်းအရှည် ၈/ ၄ မိုင်ရှိပြီး ကျေးရွာ ၆ ရွာ၊ အိမ်ခြေ ၂၇၈ အိမ်၊ လူဦးရေ ၁၄၆၁ ဦး အကျိုးပြုသောလမ်းဖြစ်ပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းအဆင့်အတန်း သတ်မှတ်ချက်အရ Class (B)၊ ဦးစားပေးအဆင့် (၁)လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ကျပ် ၇၈.၄၆ သန်းဖြင့် ကျောက်ချောလမ်း ၀/၄ မိုင်၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်

(ပထမ ဖလ) ရန်ပုံငွေ ကျပ် ၁၇၆ သန်းဖြင့် ကျောက်ချောလမ်း ၁/၀ မိုင် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၈ သန်းဖြင့် ကျောက်ချောလမ်း ၄ ဖာလုံ ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်ရှိသောမြေသားလမ်း ၆ မိုင် ၄ဖာလုံအား ကျောက်ချောလမ်း အဖြစ်ဆောင်ရွက်မည်ဆိုပါက ကျပ် ၇၅၄သန်းခန့် ကုန်ကျမည်ဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ် ကော်မတီက ရေးဆွဲထားသည့် ကျေးလက်လမ်း (၁၃) နှစ်စီမံကိန်းအရ အဆိုပါလမ်းအား ၂၀၂၁ - ၂၀၂၂ ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်များအလိုက် ရန်ပုံငွေခွဲဝေမှုအရ မိုင်းယောင်းမြို့နယ်၏ ပါဝင်မှုအချိုးမှာ ၁.၈၆ % ဖြစ်ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုရရှိမှုများမှာ ယခင်နှစ်များက နှစ်စဉ်စုစုပေါင်း ကျပ် ၂၆၅ သန်း ရရှိခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိုင်းယောင်းမြို့နယ်၊ ခါတ်လုံစေတီလမ်းကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျပ် ၂၃၇.၀ သန်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ် ၂၂၆.၀ သန်း စုစုပေါင်း ၄၆၃.၀ သန်း လျာထားတောင်းခံထားကြောင်း သိရှိရပါတယ်။ လက်ရှိမေးခွန်းမှာပါတဲ့ ဝမ်ဘိုး- ဝမ်တုံ- ကော်လုန်း-ဝိန်းကျိုင်း-ဝမ်ခိုလမ်းအတွက် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတောင်းခံနိုင်ခြင်း မရှိပါကြောင်းနှင့် မိုင်းယောင်းမြို့နယ်မှ ကျေးလက်လမ်းများအတွက် နှစ်စဉ်ရရှိနိုင်သည့် ဘဏ္ဍာရန်ပုံငွေအခြေအနေအရ လတ်တလော အလိုအပ်ဆုံးလုပ်ငန်းများကို ဦးစားပေးအလိုက် စိစစ်ရွေးချယ်ကာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လျာထားတောင်းခံလာပါက ဆက်လက်လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ကျွန်တော်

မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ မိုင်းပန်မြို့နယ် တောင်ဘက်မြို့နှင့် ကပ်လျက်ရှိ နမ့်ဟောင်တိုင်(တောင်ချောင်း) လယ်ရေသွယ်မြောင်းအား ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် ၏ တောင်ဘက်ရှိ မြို့နှင့်ကပ်လျက်ရှိသော နမ့်ဟောင်တိုင်(တောင်ချောင်း) လယ်ရေသွင်း မြောင်းရေပြေးလမ်းသည် နှစ်စဉ်နှင့်အမျှ အလွန်တိမ်ကောလာပြီး ဖြစ်ပါတယ်။ ၎င်းလယ် ရေသွင်းမြောင်းသည် အကျိုးပြုတောင်သူ (၁၇၀)ဦးကျော်ရှိပြီး စိုက်ပျိုးမြေဧက (၆၅၇)ဧက ကျော်ခန့်ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးရေရရှိရန် အခက်အခဲများ ကြုံတွေ့နေရသည့် တောင်သူလယ်သမားများ တင်ပြချက်အရ သိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးတောင်သူများမှာ စိုက်ပျိုးရေကောင်းစွာ မရသည့်အပြင်အသုံးပြုရသည့် ရေမြောင်းမှာလည်း တိမ်ကောပြီး လယ်ရေများ သွင်းရာတွင် လယ်သမားအချင်းချင်း ပွတ်တိုက်မှုများရှိခဲ့သည်ကိုလည်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် တိမ်ကောနေသော နမ့်ဟောင်တိုင်(တောင်ချောင်း) လယ်ရေ သွင်းမြောင်းကို အနက် (၂)ပေနှင့် အရှည်ပေ (၈၈၅၀) တူးထုတ်ရမည့် ရေပြေးလမ်းမှာ မြေကျင်း (၁၇၇၀)ကျင်းရှိပြီး ကုန်ကျစရိတ် (၂၀.၀၀)သန်းခန့် အသုံးပြုရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါသော ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားပေးမည်ဆိုပါက ပြည်သူလူထုများအတွက် အကျိုးခံစားနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မည်သည့်ဘတ်ဂျက်ဖြင့် ထည့်သွင်းလျာထားပေးမည်နှင့် ထည့်သွင်း လျာထားခြင်းမရှိပါက အဘယ်ကြောင့်ဆိုသည်ကို ရှင်းလင်းဖြေကြားပေးရန် ပြည်သူလူထု များသိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းနောင့် မေးမြန်းတဲ့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၏တောင်ဘက် မြို့နှင့်ကပ်လျက်ရှိသော နမ့်ဟောင်တိုင်(တောင်ချောင်း) လယ်ရေသွင်းမြောင်းကို ဆောင်ရွက်ပေးဖို့အတွက် တင်ပြ လာတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မိုင်းပန်မြို့နယ်၏ တောင်ဘက်မြို့နှင့်ကပ်လျက် ရှိသော နမ့်ဟောင်တိုင်(တောင်ချောင်း)သည် လဝရေလွှဲဆည် ရေပေးတူးမြောင်းမကြီး

ဖြစ်ပြီး ရေပြေးလမ်းသည် နှစ်စဉ်နှင့်အမျှ အလွန်တိမ်ကောလာပြီ ဖြစ်ပါတယ်။ ၎င်းလယ်ရေပေးမြောင်းသည် အကျိုးပြုစိုက်ပျိုးမြေ (၆၉၃)ကေကျော်ခန့်ရှိပြီး တောင်သူလယ်သမားများ လယ်ရေသွင်းရာတွင်နှစ်စဉ်လိုလိုစိုက်ပျိုးရေရရှိရန် အခက်အခဲနှင့် ကြုံတွေ့နေရပါတယ်။

သို့ပါ၍တိမ်ကောနေသော နမ့်ဟောင်တိုင်( တောင်ချောင်း ) လယ်ရေပေးမြောင်း ကို မြောင်းကြမ်းခင်းအကျယ် (၁၀)ပေ၊ အနက်(၂)ပေ နှင့် အလျား(၈၈၅၀)ပေခန့် တူးထုတ်ရမည်ဖြစ်ပြီး ခန့်မှန်းခြေကုန်ကျငွေ ကျပ်သန်း(၂၀)ခန့်ကုန်ကျမည်ဖြစ်ပါတယ်။ အဆိုပါ လယ်ရေပေးမြောင်းတူးထုတ်ခြင်းလုပ်ငန်းကို ကျွန်တော်တင်ပြပါအတိုင်း မိုင်းပန်မြို့နယ် စီမံကိန်းတွင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များကနေ ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ (၁၀-၆-၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့တဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းသည့် ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီအနေဖြင့် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ငွေကျပ် ၁၇,၄၅၁.၅၆၇ သန်းဖြင့် အတည်ပြုခဲ့ပါတယ်။ ဒုတိယသမ္မတ စိစစ်ချက်အရ ငွေကျပ် ၉,၁၈၄.၁၈၇ သန်း စိစစ်လျှော့ချခဲ့သည်ကို သိရှိရပါတယ်။ စိစစ်လျှော့ချခဲ့သည့် ဌာနများကတော့ ဗဟိုအဖွဲ့အစည်း (၃)ခု၏ အဆိုပြုငွေကျပ် ၃,၂၂၀.၁၂၉ သန်း၊ စိစစ်လျှော့ချသည့် ငွေကျပ် ၁,၄၄၂.၉၀၃ သန်းဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၇၇၇.၂၂၆ သန်း ဖြစ်ပါတယ်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၄)ခု၏ အဆိုပြု ငွေကျပ် ၅,၆၉၇.၈၂၅ သန်း၊ စိစစ်လျှော့ချသည့် ငွေကျပ် ၂,၈၆၀.၂၃၂ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၂,၈၃၇.၅၉၃ သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခု၏ အဆိုပြု ငွေကျပ် ၆,၂၇၅.၃၆၆ သန်းဖြစ်ပြီး စိစစ်လျှော့ချသည့် ငွေကျပ် ၃,၇၉၇.၉၈၇ သန်းဖြစ်သည့်အတွက် ခွင့်ပြုငွေမှာကျပ် ၂,၄၇၇.၃၇၉ သန်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ (၁)ခု၏ အဆိုပြု ငွေကျပ် ၂,၂၅၈.၂၄၇ သန်း၊ စိစစ်လျှော့ချသည့် ငွေမှာ ကျပ် ၁,၀၈၃.၀၆၅ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၁၇၅.၁၈၂ သန်း ဖြစ်ပါတယ်။

ဒါကြောင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) (၁၀.၆.၂၀၁၉) ရက်နေ့၌ တင်သွင်းခဲ့သည့် ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် သာမန်သုံးငွေကျပ် ၉၀၇.၄၆၄ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၇,၃၅၉.၉၁၆ သန်း၊ စုစုပေါင်း ကျပ်သန်း ၈,၂၆၇.၃၈၀ သန်း လျာထားသည်ကို တွေ့ရှိရ ပါတယ်။ ကျွန်တော်တို့ ဒီနှစ်မှာ ဘတ်ဂျက်ကို နောက်ထပ် ၁၇ ဘီလီယံတင်တဲ့ အချိန်မှာ ပြည်ထောင်စုကနေ ၉ ဘီလီယံဖြတ်ချတဲ့အတွက် ကျွန်တော်တို့ဆီမှာ ၈ ဘီလီယံပဲ ကျန်ပါတယ်။ အဲ့အတွက် ကျွန်တော်တို့ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိတဲ့အတွက် ပြည်ထောင်စုကနေ ပြန်လည်သတ်မှတ်ပေးတဲ့ ၈ ဘီလီယံပေါ်မှာပဲ ကျွန်တော်တို့

အတည်ပြုပေးဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုအနူးအညွတ် တောင်းပန်ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွဏ်း၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ ဂါဝရပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေး ဆိုင်ရာကော်မတီဝင် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြလာသည့် အစီရင်ခံစာအား ကော်မတီကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြု ရေးဆိုင်ရာကော်မတီမှ သုံးသပ်တင်ပြသည့် အစီရင်ခံစာ။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)(၁၀.၆.၂၀၁၉)ရက်နေ့၌ ရှမ်း ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာ ပါသဖြင့် နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီကြားနာပွဲကို (၁၁.၆.၂၀၁၉) ရက်နေ့နှင့် (၁၂.၆.၂၀၁၉)ရက်နေ့များတွင် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်

များ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများအား ခေါ်ယူကြားနာခဲ့ပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၀.၆.၂၀၁၉)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁,၇၄၅၁.၅၆၇ သန်းကို အတည်ပြုခဲ့ပြီး ဒုတိယသမ္မတစိစစ်ချက်အရ ငွေကျပ် ၉,၁၈၄.၁၈၇ သန်း စိစစ် လျှော့ချခဲ့သဖြင့် ဖြည့်စွက်ခွင့်ပြုငွေမှာ ကျပ် ၈,၂၆၇.၃၈၀ သန်းဖြစ်ကြောင်း တွေ့ရှိ ရပါတယ်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၂)ခန်း၊ ပုဒ်မပေါင်း(၃)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ် တွေ့ရှိချက်အရ နောက်ထပ်ခွင့်ပြုသည့် သုံးငွေတွင် ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေ ကျပ် ၂၃၉.၁၃၉ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၄၄၃.၈၈၈ သန်း၊ ပေါင်း ငွေကျပ် ၁,၆၈၃.၀၂၇ သန်း၊ ပြည်နယ်ဥပဒေချုပ် သာမန်သုံးငွေကျပ် ၉၃.၉၈၉ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ် သာမန် သုံးငွေကျပ် ၀.၂၁၀ သန်း၊ စုစုပေါင်းငွေကျပ် ၁,၇၇၇.၂၂၆ သန်း သုံးစွဲခွင့်ပြုရန် လျာထား သည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးငွေတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂) ခု၏ သာမန်သုံးငွေကျပ် ၁၀.၀၅၂ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၉၈.၁၅၁ သန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်ရှိ ဌာန(၁)ခု၏ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၉၇.၈၃၃ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ သာမန်သုံး ငွေကျပ် ၂၁၆.၅၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၇.၈၀၀ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေကျပ် ၂၆.၃၉၂ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေကျပ် ၄၆.၀၀၀ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ ငွေလုံးငွေရင်း သုံးငွေကျပ် ၁၇၁.၂၅၀ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အောက်ရှိ ဌာန(၁)ခု၏ ငွေလုံးငွေရင်း သုံးငွေကျပ် ၅.၀၀၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၀၄၈.၆၁၅ သန်း၊ စုစုပေါင်းပြည်နယ် အဆင့်ဦးစီးဌာနများ၏ သာမန်သုံးငွေကျပ် ၂၉၈.၉၄၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၅၃၈.၆၄၉ သန်း၊ စုစုပေါင်း ကျပ်၂,၈၃၇.၅၉၃ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၄၇၇.၃၇၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်သုံး ငွေကျပ် ၂၇၅.၁၈၂ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၉၀၀.၀၀၀ သန်း၊ စုစုပေါင်း ကျပ် ၁,၁၇၅.၁၈၂ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

**သုံးသပ်အကြံပြုချက်**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အောက်ပါ အတိုင်း သုံးသပ်အကြံပြုအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ စာရင်း တောင်းခံသော ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်း အပိုဒ် ၅၆ အရ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်းအပိုဒ် ၃၁၊ ၃၅၊ ၅၅(ခ) နှင့် ၅၅(င)တို့အရ အစားထိုးဆောင်ရွက်မည့် လုပ်ငန်းများကို မူလစီမံကိန်း လျာထားတောင်းခံစဉ် တင်ပြခဲ့သည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရန် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရန်အတွက် စီမံကိန်း လျာထားရာတွင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှတမှုရှိစေရေး ဆောင်ရွက်ရန်၊ ဖြည့်စွက်ခွင့်ပြုငွေများအား လုပ်ငန်းသစ်များအတွက် လျာထားခြင်းမပြုဘဲ ဆောင်ရွက်ဆဲ လုပ်ငန်းများအပေါ်သာ လျာထားရေးဂရုပြုဆောင်ရွက်ရန်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာတွင် သုံးစွဲမည့်လုပ်ငန်းများအား ကျိုးကြောင်းဖော်ပြချက် ပြည့်စုံစွာ ရှင်းလင်းတင်ပြပေးရန်၊ ဖြည့်စွက်ခွင့်ပြုငွေများကို သုံးစွဲရာတွင် သတ်မှတ်ကာလ အတွင်း လုပ်ငန်းများ ပြီးစီးရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေး၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ညီညွတ်မှု ရှိစေရေး၊ ဘတ်ဂျက်ပိုလျှံမှု မရှိစေရေး ဂရုပြုသုံးစွဲဆောင်ရွက်ရန်။

**တင်ပြချက်**

ဥပဒေကြမ်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၃)ခု၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ(၁၄)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေး ဌာန (၁)ခု တို့၏ သာမန်သုံးငွေကျပ် ၉၀၇.၄၆၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၇,၃၅၉.၉၁၆

သန်း၊ စုစုပေါင်း ကျပ် ၈,၂၆၇.၃၈၀ သန်း လျာထားသည်ကို စိစစ်တွေ့ရှိရပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ သတ်မှတ်ဌာနအလိုက် သုံးစွဲရန်ဖြစ်သော ပြည်နယ်ဘဏ္ဍာငွေအား ကန့်ကွက်ရန် မရှိကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည် ရှင်းလင်းဖို့နဲ့ ၎င်းဥပဒေကြမ်းအား အတည်ပြုပေးနိုင်ရန် လွှတ်တော်ကို တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်တို့ ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် (၁၀.၆.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တင်သွင်းခဲ့သော ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာ ကော်မတီတို့၏အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြ နိုင်စေရေးအတွက် လွှတ်တော် ကော်မတီများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်း နိုင်တယ်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာ သည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ် တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ အတည်ပြုချက် ရယူရမည်ဟု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၃ နှင့် ၂၄ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့် အောက်ဖော်ပြပါ ရေးရာကော်မတီ (၃)ခု၏ ကော်မတီဝင်များကို တိုးချဲ့ဖွဲ့စည်းတာဝန်ပေး အပ်သွားမှာ ဖြစ်ပါတယ်။ **တိုင်ကြားစာများစိစစ်ရေးကော်မတီတွင်** ဒေါ်နန်းမြထွေး လွိုင်လင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အဖွဲ့ဝင်၊ **ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ မှာ(၁)** ဦးစိုင်းလုံ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)၊အဖွဲ့ဝင်၊(၂)ဦးစိုင်းထွန်းအောင် လဲချားမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)၊အဖွဲ့ဝင်၊ **သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာ ကော်မတီတွင်** (၁)

ဦးစိုင်းစံမှိုင်း ကျေးသီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ အဖွဲ့ဝင်၊ (၂)ဦးစိုင်းခမ်းအောင် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်တို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကော်မတီဝင် တိုးချဲ့ဖွဲ့စည်းမည့် အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်မှ သဘောတူတဲ့အတွက် ကော်မတီဝင် တိုးချဲ့ဖွဲ့စည်းတာဝန်ပေးခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့ ကျင်းပနေတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ အစည်းအဝေး(၄)ရက်တာကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း(၆၁)ခုကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် အစည်းအဝေးများကျင်းပရန် လျာထားသည့် လွှတ်တော်လုပ်ငန်းပြ ပြက္ခဒိန်နှင့်အညီ အပြီးသတ် အတည်ပြုပေးရမည့် ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတို့ကို လွှတ်တော်သို့တင်သွင်းခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်တဲ့အခါမှာ ဒီမိုကရေစီကျင့်စဉ်များကို အခြေခံပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီကျင့်စဉ်များကတော့ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်း၊ အဆင့်ဆင့်စစ်ဆေးမှုရှိခြင်းနှင့် ပြည်သူလူထုပါဝင်မှုရှိခြင်းတို့ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၈–၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည့်စုံစွာ စိစစ်နိုင်ရန်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီတို့က သက်ဆိုင်ရာဌာနတို့နှင့် ကြားနာပွဲ ဆောင်ရွက်ခဲ့ရပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးတို့ စုပေါင်းရေးဆွဲထားတဲ့ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)ကို တင်သွင်းခဲ့ပါတယ်။ ဒါဟာစုပေါင်းပြီး ဥပဒေပြုရေးတာဝန်ကို တက်ညီလက်ညီ ထမ်းဆောင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၄(ဂ)နှင့်အညီ လွှတ်တော်သို့ တင်သွင်းခဲ့သည့် ဥပဒေကြမ်းများကို ပြန်ကြည့်မယ်ဆိုရင် (၁) ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)ကို နဝမပုံမှန်အစည်းအဝေး(၃၀.၃.၂၀၁၈)ရက်နေ့မှာလည်းကောင်း၊ (၂) ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)ကို ဒသမပုံမှန်အစည်းအဝေး (၃၀.၅.၂၀၁၈)ရက်နေ့မှာလည်းကောင်း၊ (၃) ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)ကို (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇.၁၂.၂၀၁၈) ရက်နေ့မှာ လည်းကောင်း၊ (၄) အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)ကို (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈.၂.၂၀၁၉) ရက်နေ့မှာလည်းကောင်း၊ (၅) ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃.၂.၂၀၁၉)နှင့် (၆) ရှမ်းပြည်နယ်အခြေခံကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက်ဥပဒေ(မူကြမ်း)ကို (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁.၆.၂၀၁၉) ရက်နေ့မှာလည်းကောင်း အသီးသီးတင်သွင်းခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်ပါတယ်။ ယခုလွှတ်တော်သက်တမ်း (၃)နှစ်ကျော်ကာလအထိ ကိုယ်စားလှယ်များတင်သွင်းတဲ့ ဥပဒေကြမ်းတစ်ခုမျှ လွှတ်တော်မှာ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း မဆောင်ရွက်နိုင်သေးတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဥပဒေကြမ်းအသီးသီးနဲ့ သက်ဆိုင်တဲ့ ပြည်နယ်အဖွဲ့အစည်းဝင်နဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီတို့က အားထည့်ပြီး ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်၏ ၂၀၁၈ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်က မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပပြီးစီးတဲ့အခါမှာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံခြင်းအစည်းအဝေးကို ဆောင်ရွက်ခဲ့ရာ ရေးရာကော်မတီအလိုက် အသီးသီးတင်ပြအကြံပြုဆွေးနွေးခဲ့ကြပါတယ်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ လတ်တလော ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်နှင့် အခြား ပြည်တွင်းပြည်ပ NGO, INGOနှင့် ပူးပေါင်းပြီး ဆောင်ရွက်ချက်များကို တင်ပြလိုပါတယ်။ ဒီ(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး မကျင်းပမီ EMReF၊ ကနေဒါပါလီမန်စင်တာ နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်လွှတ်တော် သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်း စီမံချက်တင်ပြဆွေးနွေးခြင်းကိုလည်းကောင်း၊ UNDP၏ ပံ့ပိုးကူညီမှုဖြင့် အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်သူလူထုကြားနာပွဲကိုလည်းကောင်း ပြုလုပ်နိုင်ခဲ့ပါတယ်။

ယခုအစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီ(၃)ခုအတွက် ကော်မတီဝင် စုစုပေါင်း(၅)ဦး တိုးချဲ့ဖွဲ့စည်း တာဝန်ပေးအပ်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၂၆)မှာ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်ဟု ပြဋ္ဌာန်းထားတာကို ထပ်မံဖော်ပြလိုပါတယ်။ ရေးရာကော်မတီများဟာ လွှတ်တော်ဥက္ကဋ္ဌအတွက် ညာလက်ရုံးသဖွယ်ဖြစ်ပြီး လွှတ်တော်ရုံးဝန်ထမ်းများဟာ လွှတ်တော် ဥက္ကဋ္ဌအတွက် ဘယ်လက်ရုံးသဖွယ်ဖြစ်ကြောင်း မိမိအနေနဲ့ မှတ်ယူပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဖော်ပြပါလေ့လာသူများ တက်ရောက်လေ့လာခဲ့ကြပါတယ်။ (၁) Golden Future Organization (၈)ဦး၊ (၂) Rule Of Law Organization (၆)ဦး၊ (၃) ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း (၃၇)ဦး၊ (၄) မိုင်းပန်လူငယ် အဖွဲ့ (၃)ဦး၊ (၅)ပြင်ပလေ့လာသူ(၂)ဖွဲ့ (၄)ဦး၊ (၆) ပြည်ထောင်စုအင်စတီကျူးရှင်း (၂)ဦး၊ (၇) မူဆယ်မြို့ဌာနေတိုင်းရင်းသားများ (၄၃)ဦး၊ (၈) ရှေ့နေများအသင်း (၁၀)ဦး၊ (၉) ငြိမ်း ဖောင်ဒေးရှင်း (၄)ဦး၊ စုစုပေါင်း(၁၁၇)ဦးဖြစ်ပြီး လွှတ်တော်ကမှတ်တမ်းတင်ထားမှာ ဖြစ်ပါ တယ်။

နိဂုံးချုပ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒအရ ဒီလွှတ်တော် အစည်းအဝေး ကျင်းပပြီးစီးပြီးနောက် လေ့လာရေးခရီးစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်များသို့ သွားရောက်ရန် မိမိအနေနဲ့ သဘောတူခွင့်ပြုပြီးဖြစ်၍ လိုအပ်သည့်အစီအမံများဆောင်ရွက်လျက်ရှိပါတယ်။ လေ့လာရေး အစီအစဉ်နှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပေးထားတဲ့ လေ့လာရေးဦးစီးကော်မတီက လွှတ်တော် ကိုယ်စားလှယ်များကို ဒီအစည်းအဝေးအပြီးမှာ အသေးစိတ်ရှင်းလင်းပြောကြားမှာ ဖြစ်ပါ တယ်။ လေ့လာရေးခရီးစဉ်မှာ ရှမ်းပြည်နယ်လွှတ်တော်၏ ပုံရိပ်ကောင်းမွန်ရေးအတွက် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တွေမှာ စည်းကမ်းကျနစွာရှိပြီး မိမိတို့သွားရောက်သည့် ဒေသရှိ လွှတ်တော်အဖွဲ့များနှင့် အတွေ့အကြုံဖလှယ်ခြင်းကို ခင်မင်ရင်းနှီးစွာ ဆောင်ရွက်

နိုင်ကြပါစေ၊ ခရီးစဉ်တစ်လျှောက်လုံး ဘေးမသီရန်မခပဲ အောင်မြင်သောခရီးစဉ်ဖြစ်ပါစေ၊ ကျွန်တော်တို့ဟာ ပြည်သူတို့၏ကိုယ်စားလှယ်များပီပီ အရာရာမှာ စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ပြည်သူတို့ရဲ့ လိုလားချက်ကို အစဉ်ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြု ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်လွှတ်တော်**

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်မှ**

**နယုန်လဆန်း ၁၁ ရက်ထိ**

**(ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇွန် လ ၁၀ ရက်နေ့မှ ဇွန် လ ၁၃ ရက်နေ့ထိ)**

**တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ချက်များ**

**ပထမနေ့ (၁၀– ၆– ၂၀၁၉) တနင်္လာနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၆)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

**ဒုတိယနေ့ (၁၁– ၆– ၂၀၁၉) အင်္ဂါနေ့**

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်တရားလွှတ်တော်က ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်း ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းအား မှတ်တမ်း တင်ကြောင်း ဆုံးဖြတ်သည်။

**တတိယနေ့(၁၂- ၆- ၂၀၁၉) ဗုဒ္ဓဟူးနေ့**

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၇)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင် သည်။

**စတုတ္ထနေ့ (၁၃- ၆- ၂၀၁၉) ကြာသပတေးနေ့**

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၇)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ကအတည်ပြု မှတ်တမ်းတင်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာ ကော်မတီတို့၏အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းအား အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ **“ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများ”**အား ရှင်းလင်းတင်ပြသည်။